# ရှုး

## ကြိုးကြာငှက်တို့အိမ်ဟာငြိမ့်







# ရှား

## ကြိုးကြာငှက်တို့အိမ်အပြန်

ဝဏ္ဏသစ် (အစ, အဆုံး)

မျက်နှာဖုံးပုံနှိပ်သူ ဒေါ်တင်တင် (မြ ၀၅၂၀၄)
မိုး [illegible]ဆက်
အမှတ်(၃၉)၊ မွှာချဲ့လမ်း၊
မြေနီကုန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊

ထုတ်ဝေသူ မောင်ဟန်(၁၈၇၆)
ကမ္ဘာလုံးစာပေ။
အမှတ် ၂၅၉၊ န[illegible]လမ်း၊
ဒေါပုံ၊ ရန်ကုန်မြို့။

အတွင်းစာပုံနှိပ်သူ ဒေါ်သိန်းအိုင်(မြ [illegible])
မြတ်လေးပုံနှိပ်တိုက်
အမှတ် [illegible]၊ မြတ်လေး[illegible]၊
ပြည်တော်သာရိပ်သာလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

# ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအာ
ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော
တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအာ
ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖ
နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်
အဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

.... .... .... ....

— စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
— စည်းကမ်းရှိမှ တိုးတက်မည်။
— စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

.... .... .... ....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ရှား

# ကြိုးကြာငှက်တို့ အိမ်အပြန်

ကြိုးကြာငှက်တို့ အိမ်အပြန်

# အပိုင်း ( ၁ )

**အခန်း**

ရင်း

မနက်ဖြန်ဆိုတာက ရောက်မလာသေးပါ။ ...း ... ာက်
နာရီကို မကြာခဏမော့ကြည့်ဖြစ်သည်။ ...
တစ်မေ့းလောက် အိပ်ပျော်ဖို့ ကြိုးစား ... ကြည့်၍မမြင်
မရပါ။ အစိုးရိမ်ကြီးရန်ကောဟု အပြစ်ဆို ... ရာလမ်းကို
တော်တော့ အိမ်မှာရှိမနေ၍သာ တော်တော့ ... းမှာရှိ သည်

နေရီရီအချိန် သူငယ်ချင်းတွေ ဆုံဖြစ်သည့် ...
ဆိုင်မှ ဆလာခဲ့သည့် အချိန်ကစပြီး၊ စိတ်ထဲမှာ အလှမ်း
ဝေးနှင့် ထိုင်၍ ထ၍မရတတ်ချင်။

တဖြည်းဖြည်း မှောင်လာတော့ နာရီလက်တံ ... ယ်ဝန်း
စွာ ရွေ့လျားသွားစေလိုသော ဆန္ဒဖြင့် နာရီကိုသ ... သည်း
မော့ ကြည့်နေမိသည်။

တစ်သက်မှာ တစ်ခါ ရင်ခုန်ရမည့် ညတစ်ညသည် ယနေ့ညပဲ ဖြစ်သည်လား။ ဒါမှမဟုတ် တစ်ချိန်ချိန်မှာ တွေ့လာဦးမည်လား။

သည့်ထက် စိတ်ပင်ပန်းစရာ ကောင်းသည့်အချိန် ပျိုးက တော့ မရှိနိုင်တော့ပါ။

စိတ်အပြောင်းအလဲ တစ်ခုခု ဖြစ်စေဖို့အတွက် တစ်စုံ တစ်ယောက် အကြောင်း တွေးနေနိုင်သော်လည်း တစ်စုံ တစ်ယောက်သည်လည်း သူ့လိုပင် စိတ်လှုပ်ရှားခြင်းများဖြင့် မလည်ငြိမ်ဖြစ်နေရလိမ့်မည် ဆိုတာ တွေးမိတော့ စိတ်ဦးတည် ရာက တစ်နေရာတည်းပဲ ရောက်သွားပြန်သည်။

ညသည် တူးတူးခြားခြားပဲ တိတ်ဆိတ်နေ၏။ ပုစဉ်းရင်ကွဲ အော်သံပင် မကြားရပါ။ အဲလျှင်တုန်းကဆိုလျှင်တော့ ရေးနိုးမှာ ကျလစ် ...ကျလစ်နှင့် အဆက်မပြတ် စူးစူး သံကို ကြားရတတ်သည်။

ထဲမှာ ဘယ်လိုအကောင်မျိုးတွေ ကျက်စား ကို သူမသိပါ။

လုံးများ လင်းလက်နေသော လမ်းမကြီး မိသည်။ သည်မြို့ကလေးသည် မကျယ်ဝန်း ည်ပင်ဖွံ့ဖြိုးလှသည်မို့ နေပျော်ပါသည်။

သည်း နှစ်ဆယ့်လေးနာရီ ရှိတတ်၏။ အဝေး လမ်းမကြီးပေါ်မှာ ရှိနေပြီး ငှားသမ်းလည်း ားသည်။ သည်လိုဒေသမျိုးမှာ ဘာကြောင့်များ ဉ်းကို လွမ်းရမည်လဲ။

ကတော့ ရန်ကုန်အကြောင်း မကြာခဏ ပြောတတ် သည်။



ဝရန်တာဆီထွက်ပြီး သူ့အလာကို သည်တဆန့်ဆန့် မျှော် နေမည့် အရိပ်သဏ္ဌာန်တစ်ခုကိုမြင်ယောင်ပြန်သည်။ သို့သော်မယ့် သတိရရုံသာ ဖြစ်မိပြီး ဆွတ်ဆွတ်ကျင်ကျင် ဟမ်းဟဖြစ် သံ ပါ။

ခုချိန်မှာတော့ သိပ်မကြာခင်မှာ ကြားသိရမည့် ဖေါ်း စာရင်းကသာ သူ့စိတ်နှင့် ခန္ဓာတစ်ခုလုံးကို သိမ် ဆုပ်နယ် ထိန်းချုပ်ထားနိုင်သည်။

လမ်းသွယ်ထဲမှာ မာကျူရီ မီး လုံးများ ရှိနေသော် န့်သတ် တချို့ ကျမ်းနေသည်။ မှောင်ရိပ်ကများပြီး လမ်းရှည် ဘား လျှောက် မီးရောင် ကြိုကြားကြိုကြားရှိ၏။

သူတို့အိမ်သည် နှစ်ထပ်အိမ်မြင့်မြင့် ဖြစ်သည်ကြောင့် အိမ် ခေါင်မိုး အတော်များများကို မြင်နိုင်သည်။ ဘားလမ်းမ ကြီးကိုလည်း လှမ်းမြင်နိုင်သည်။

ဝရန်တာမှာရပ်လျက် ဖေးနေရင်းက အောင်ဘာ ရင်း ကပ်မည့်ကျောင်းကြီးပတ်ဝန်းကျင်ဆီလည်း ခြေဖျားထောက် ပြီး မကြာခဏ လှမ်းကြည့်ရသေးသည်။

ကျောင်းကြီးကို သည်အိမ်နေရာကနေ လှမ်းကြည့်၍မမြင် နိုင်ပါ။ ကျောင်းကြီးဆီ ဦးတည်သွားတည့် ကတ္တရာလမ်းကို အစပိုင်း မြင်နိုင်သည်။ သူတို့အိမ်က မြို့လယ်ဈေးမိုင်းမှာရှိ သည်မို့ ဗဟိုချက်မဟုပဲ ဆိုနိုင်သည်။

သို့သော်မယ့် မိဘိုးတို့ ခေါင်ခြေဖုံ နှင့်တော့ အတော် အလှမ်း ဝေး၏။

နှစ်ထပ်အိမ်ဖြစ်သည်ကြောင့် အ တော်အတန် ကျယ်ဝန်း သော်လည်း အောက်ထပ်တစ်ထပ်လုံး ကုန်စုံဆိုင်ဖွင့်ပြီး ပစ္စည်း မျိုးစုံ သိုလှောင်ထားသည်ကြောင့် မိသားစုအကုန်လုံးအပေါ်

ထပ်မှာသာ စုနေကြရသည်။ ကြက်သွန်၊ ငရုတ်သီးနံ့ တွေကို ဈိုးသော်တို့ ညီအစ်ကိုတစ်တွေ ရိုးနေပြီ။ ကုန်သည်မျိုးရိုး မဉ ပေမယ့် မျိုးသော်၏ အစ်ကိုတွေကတော့ ပညာ ထူးချွန်ကြ သည်။

တော့ ထို့ကြောင့်လည်း သူ့အလှည့်ကျတော့ တစ်အိမ်လုံးက စိတ်အ ဒေါက်ထောက်ပြီး စောင့်ကြည့်လာကြသည်မှာ ဆယ် ယောက် စ် အထိပါပဲ။

ယောက် လေပြည် လေညင်းကလေး သုတ်ခနဲ ရခိုက်မှာ....

မလေး 'သိပ်အရသာရှိတာပဲ'

ယာဂ

ဟု တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။ သည်ဘက်က အမှုပိုင်းကျသည်မို့ နွေရာသီကာလမှာနေစရာမရှိအောင်ဖူးအိုက် သည်။

ခုလိုမျိုး ညအချိန်ကျမှသာ နေသာထိုင်သာရှိ၏။

ဟော....

လမ်းမကြီးပေါ်က စာတိုက်တွေ၊ ပလက်ဖောင်းပေါ် မှာလည်း စကားသံတွေ ကြားလာရပြီ။

လူစုစုတွေလာရပြီ။ မျိုးသော်လိုပဲ ဆယ်တန်းအောင် စာ ရင်း ကြည့်ကြမည့် ကျောင်းသားတွေ။

'သား....မသွားသေးဘူးလား'

အိပ်ခန်းထဲမှ စကားသံ။

အားလုံး ငြိမ်သက် အိပ်ရာဝင်နေကြသည်ဟု ထင်ချင် စရာ။ သို့သော်လည်း ဘယ်သူမှ အိပ်မပျော် နိုင်ကြသေးဘူး ထင်သည်။

'နှစ်နာရီမှ ကပ်မှာတဲ့ မေမေ'



'သွားရင် မေမေ့ကို အသံပြုလိုက်ဦး၊ အိမ်တံခါးကြီး ဒီအတိုင်း ဖွင့်ထွက်မသွားနဲ့'

'ဟုတ်ကဲ့ပါမေမေ'

ဘယ်လိုပဲဖြစ်စေ၊ အောင်စာရင်း ကပ်လျှင်သော့ အသံ ဗလံ ဆူဆူညံညံ ကြားရမည်ပင်။ ပြီးတော့ သူငယ်ချင်းတွေ လာကြဦးမည်။

အေးစက်နေသော ဖဝါးနှစ်ဖက်ကို ဖျစ်ညှစ် ဆုပ်နယ် နေရင်း သိပ်ပြီး စိတ်မလှုပ်ရှားနဲ့ဟု ကိုယ့်ကိုကိုယ် ပြန်သတိ ပေးနေမိသည်။

....◎....

'မျိုးသော်....ဟိုမှာ....ဟိုမှာ မင်းနာမည် တွေ့လား'

'ဘယ်မှာလဲ'

'ဟိုမှာလေကွာ၊ ကိုယ့်ခုံနံပါတ်ကို မမြင်ဘူးလား'

'ဟော ...အေး၊ ပိုးဖြူကော တွေ့လား၊ ပိုးဖြူနာမည် တွေ့ လား'

'သိဘူးကွာ၊ ကိုယ့်နာမည်တောင် ကိုယ်မနည်း ရှာနေ ရတာ'

အောင်ကြည်က စိတ်တိုသံဖြင့် ငြူစူသည်။ ပြီးတော့ သည်းရန်ကောဟု ခပ်စွေစွေကြည့်သည်။ သို့ပေမယ့် စက္ကန့်ပိုင်း

အတွင်း ဒေါသစိတ် တစ်မှုန်စာလောက်က စိတ်စောနေသည့် ခံစားမှုတွေအောက်မှာ ပျောက်ကွယ်သွားပြန် လေသည်။ အောင်ပြီဟု သိသိချင်းလည်း စိတ်လွတ်လက်လွတ် ဝမ်းမသာ နိုင်ခဲ့။ နာမည် နောက်မှာ ဘယ်လိုစာလုံးမှမပါ။ ဘာ ဂုဏ်ထူးမှ မတွေ့။ သည်အတိုင်းဆိုလျှင်တော့ နောင်တော်တွေက နှာခေါင်း ရှုံ့လိမ့်ဦးမည်။ ပြီးတော့ ဂုဏ်ထူးလေး တစ်ဘာသာတောင် မပါကောင်းလားဟု ပြစ်တင်ဝေဖန်ကြလိမ့်ဦးမည်။

နောက်ပြီး ပိုးဖြူ....

ပိုးဖြူတစ်ယောက် အောင်မအောင် မသိသေး။

'ဟော.. တွေ့ပြီ'

'ဟုတ်လား၊ ပိုးဖြူအောင်လား၊ ဂုဏ်းထူး ပါသေးလား'

'မင်း အဘကြီး ပိုးဖြူ၊ ငါ့နာမည် တွေ့ဘာကွ၊ မင်း ဘာသာ မင်းရှာပါလား၊ ရှုံးတဲ့မှပဲ'

'ရှာနေတာပဲကွ'

မသားနည်းရုန်းစဲ ငြိမ်နေလိုက်ရသည်။ သည်အချိန်မှာ အားလုံးဆန္ဒဇော ကိုယ်စီနှင့်လေ။ ဘယ်သူဘယ်ဝါ၊ နာမည် အော်သံတွေ ကြားနေရသည်။ စိုးရိမ်တကြီး မေးသံတွေ။ စိတ်လွတ်လက်လွတ် ဟစ်ကြွေးလိုက်သံတွေ၊ ကျိတ်ပြီး ရှိုက်သံတွေ။

ပိုးဖြူ ခုံနံပါတ်ကိုဘတွတ်တွတ်ရွတ်ရင်း မျက်စိဦးတည်ရာ ခုံနံပါတ်တွေ နာမည်တွေအကုန်ကြည့်သည်။ သူ့အနားမှာလည်း သူ့လို တတွတ်တွတ် ရွတ်နေသံတွေ ကြားနေရသဲ၊ ပျောက်လွှာစာရွက် နှစ်မျက်နှာ မပြည့်တတ်သော စာမေးပွဲ



အောင်စာရင်းကို အကြည့် ချွတ်ချော်နေသူတွေလည်းကြည့်' လေရဲ့။

ဩော်....ဟိုဘက်စာရွက်မှာပဲ။

ပိုးဖြူနာမည်ကို တွေ့မှ ဟင်းခနဲ သက်ပြင်း ရှိုက်နိုင် သည်။

....◎....

အေးစိမ့်သောလေ တဟူးဟူး အရှိန်ဖြင့် တိုးနေသည့် ကြားကစက်ဘီးကို အသားကုန်နင်းသည်။ လမ်းမီး မှုန်း အရောင်ကြောင့် ရှေ့ကတ္တရာလမ်းကို ပြတ်ပြတ်သားသား မြင် နိုင်သည်။ သားရှိသက်မဲ့ အားလုံး နှစ်ခြိုက်စွာ အိပ်မောကျ နေဆဲပင်။ အိပ်မောကျနေသူတွေကတော့ သူတို့ကို အပြစ် တင်ကောင်း တင်မည်။ သို့ပေမယ့်သည်းလေ သူတို့လို ညသုံး ပေါက် မအိပ်နိုင်သူတွေလည်း ရှိနေပည်ပေါ့။

အသက်မဲ့ ဟင်းလင်း ဖြစ်နေသော ဆိုင်ခုံတွေ ပိတ်ထား သော အိမ်တံခါးတွေ။ အလင်းရောင် မဲ့နေသော ပြတင်း ပေါက်တွေ။ အဆောက်အအုံများကို ဖြတ်သန်းခဲ့ပြီးသောအခါ အိမ်ရှေ့ဆင်ဝင်မီးအပြင် ဖန်မီးချောင်း ရောင်ကို မြင်နေ ရသည့် အိမ်တစ်အိမ်ရှေ့ ရောက်လာသည်။ သူ လှမ်းခေါ်ဖို့ ကြိုးစားအားယူ ဆဲမှာပဲ....

အတွင်း ငွေ
ခံစားမှုငွေသော်လား'
အောင်မြသိစူးစူးနှင့် အော်ဟစ်မေးလိုက်သံ ကြား၏။
နိုင်ခဲ့ပုံးဖြူ နှင်အောင်တယ်ဟေ့'
ထူး 'ဟယ်....တကယ်လား'

'အောင်တယ်တဲ့၊ အောင်တယ်'

'ဟဲ့ ခုံနံပါတ် သေချာကြည့်ခဲ့ရဲ့လား'

'ဒီနာမည်မျိုး ဒီမြို့မှာ နှစ်ယောက် မရှိပါဘူးဟယ်'

အသံတွေ။ အသံတွေ။ ဆူညံ ပွက်လော ရိုက်သွားလေသည်။

သေချာပြီ။

သူမတို့ တစ်အိမ်လုံးလည်း အောင်စာရင်းကို မျှော်လင့်နေကြသည်ပေါ့။ အိမ်သားတွေ တစ်ယောက်မှ အိပ်ပျော်သေးဟန်မတူ။ ဖွင့်ထားသော ခြံတံခါးမှ စက်ဘီးကို တွန်းယူပြီး ဝင်သွားလိုက်သည်။ အိမ်ရှေ့ ဆင်ဝင်အောက်မှာ သူ့အလာကို လည်တဆန့်ဆန့် မျှော်နေဟန်ရှာသော လူသုံးလေးယောက် တွေ့ရ၏။ အဲသည်အထဲမှာ သူ အမြင်ချင်ဆုံး မျက်နှာတစ်ခု အပါအဝင်....

အရည်ကြည်လဲ့နေသော မျက်လုံးဝိုင်းများနှင့် သူ့ကို ထက်ထက်သန်သန် မျှော်လင့်တကြီး မော်ကြည့်နေသော မျက်နှာတစ်ခု။

'နှင်ကရော သော်သော်'

'အောင်တာပေါ့ဟ'

ပြန်ပြောလိုက်သော စကားသံမှာ စိတ်ချပိုင်နိုင်ခြင်း၊ ဂုဏ်ယူ ကျေနပ်ခြင်းတွေ အပြည့်။

'ငါ့အောင်တာ တကယ်လား'



'တကယ်ပါဆိုဟာ၊ နှင်မယုံရင် နှင့်ဘာသာသွားကြည့်'

'ငါ အံ့သြနေလို့ပါဟဲ့'

'သော်သော် ဂုဏ်ထူးပါသေးလား'

ပိုးဖြူအမေးက အထင်တကြီး လှမ်းမေးသည်။ သူ့မျက်နှာမှာ နည်းနည်းနွေးသွားလျက်....

'မပါဘူး'

ဟု ခပ်ပျော့ပျော့ ပြန်ဖြေဖြစ်သည်။

'ဟယ်....နှင်ဂုဏ်ထူးမပါဘူးလား၊ ငါက နှစ်ခုလောက်တောင် အနည်းဆုံးပါမယ်ထင်တာ'

'အေး၊ အဲဒါ အိမ်ရောက်ရင် အပြောခံရဦးမှာ'

'ဟဲ့.....အိမ်ကိုမပြောရသေးဘူးလား'

'ဟုတ်ကဲ့ဒေါ်လေး၊ ကျွန်တော် အိမ်မရောက်သေးဘူး'

စကားသံတွေအားလုံး ရွှင်ပျသွက်လက်နေကြသည်။ စိတ်ခံစားမှုဆိုတာ ဘယ်လိုမှ ဖုံးဖိမရနိုင်စကောင်းဘူးလေ။

'ဟဲ့....ဒါဆို သွားပြောဦးလေ၊ အိမ်ကလူကြီးတွေ သိချင်နေမှာ'

'ဟုတ်ကဲ့ဒေါ်လေး၊ ကျွန်တော်ပြန်ဦးမယ်'

စက်ဘီးကိုတွန်းပြီး ပြန်ထွက်လာတော့ ပိုးဖြူ အနားမှာ ပါလာသည်။ သူမလည်း တစ်ရေးမှ အိပ်မပျော်နိုင်သေးဘူး ထင်၏။ သူမမျက်ဝန်းတွေ ထက်သန်စွာ အရောင်တောက်ပနေသည်။ မျက်ခွံဆိုးဆေးအရောင်တွေတော့ မြင်နေရဆဲ။

'မနက်ကျရင် ကျောင်းကို သွားကြည့်ဦးမယ်နော်'

'အောင်ပါတယ်ဆိုမှဟာ'

သူ မချင့်မရဲ ပြောဖြစ်သည်။

'မျက်စိနဲ့ မြင်ချင်သေးတာပေါ့ဟဲ့'

'အလကားပါ၊ ရှိုးပြချင်လို့ ကြွားချင်လို့'

'သော်နေဘ်၊ ငါ့ဆို တော်တော်နှိပ်ကွပ်ချင်'

'ပြန်မယ်၊ နှင်းမျက်နှာပေါ်က ပြုံးတူးဖြဲတဲ့တွေ မဖျက် သေးဘူးလား'

'ခွေးစုတ်'

ဘုံးခန်းအသံနှင့်အတူ ကျောရိုးတစ်လျှောက် မျက်ကျဉ် သွားသည်။

'နှင့်လက်တွေ နာနေမှာပေါ့ဟာ'

လှပသော မျက်စောင်းတစ်ခုအောက်မှာ ရယ်မောရင်း ထွက်ယာခဲ့၏။ ဝန်ထုပ်ဝန်ပိုးတစ်ခု ခေါင်းပေါ်က ပြုတ်ကျ သွားသလို ဦးနှောက်ပေါ့ပါးပြီး ကြည်လင်လန်းဆန်းနေ သည်။သိပ်မကြာခင်မှာ ရောင်နီပျို့လာတော့မည်၊ ပြန်ပြီးအိပ် ပျော်နိုင်ပါဦးမည်လား။

....(၆)...

'ဟိုမှာလာပါပြီ ကော်ချပ်'

မေးငေါ့သံလား၊ ကောင်းချီးပေးသံလား၊ မခွဲခြားတတ် နိုင်။ မျက်လုံးအစုံပေါင်းများစွာ ကျောင်းဝင်းတံခါးဝဆီ ရောက်သွား၏။ အောင်စာရင်းစာရွက်တွေရှေ့မှာ လူ သိပ် မရှိတော့။ အစိမ်းရောင် ပန်းကမ္ဘာစက်ဘီးကို အသားတကျ



နှင်းလျက် ခပ်မော့မော့ဝင်လာသော သူမ၏မျက်နှာမှ ကျေနပ်ဝမ်းမြောက်ခြင်းတွေ အပြည့်အသိပ်။ ...ုင

ဘယ်လိုပဲဖြစ်ဖြစ် သူမလည်းမျိုးသော်နှင့်အတူ ...ကလေး အောင်ခဲ့ပြီဆိုတာတော့ အသေအချာ ဝမ်းမြောက် ...ရောင် ပင်။ သည်စာမေးပွဲကို သူမ သိပ်ပြီးမျှော်လင့် သူမအပြင် မျိုးသော်တစ်ယောက်တည်းသ ကြောင့်လည်း အောင်တယ်ဆိုတော့ အံ့ တာ။ တကယ်တော့လည်း ပိုးဖြူက ဉာဏ်ရှိ၊ အိမ်က ငါ ပါ။ သို့ပေမယ့် သူမမှာ စာကျက်ဖို့အချိန်ထက ...ခဲတယ်' အချိန်ပေးရခြင်းက ပိုများနေခဲ့သည်။

ကြည့်ဦး။

နုံနက်စောစော မျက်နှာမှာ ကြေမိတ်ကပ်ရောင်နှ နှုတ်ခမ်းဆိုးဆေးနှင့်။ ပြီးတော့ ခုတလော ခေတ်စားလ သည့် အနားတွန့် ရယ်ဒီမိတ်အင်္ကျီနှင့် ဘီဘဲလ်ပြောင်လုံချ နီ့နှစ်ရောင်။ မျိုးသော်သူငယ်ချင်းတွေ ပေးသည့်နာမည် သူမနှင့် အလိုက်ဖက်ဆုံး။

ကော်ရုပ်....တဲ့။

'ကြည့်ထားစမ်းကွာ၊ စာမေးပွဲအောင်တဲ့ရုပ်ဆိုတာ အဲ ရုပ်မျိုး'

စက်ဘီးပေါ်က ဖျတ်ခနဲခုန်ဆင်းလျက် သူမ ခပ်ဟ ရယ်လေသည်။

'ဘာမှမနာလို မရှိကြနဲ့၊ သူ့ကုသိုလ်နဲ့သူ'

'မနာလိုမရှိပေါင်ဗျာ၊ ကောင်းချီးပေးဖို့ ထိုင်စောင့် ကြတာပါ၊ ကဲ....ငါတို့ကို ဘာကျွေးမှာလဲ၊ မန္တလေးမုန့် စားမယ်'

'ဟယ်.... ဘယ်သူကကျွေးမယ် ပြောသေးလို့လဲ'

ကျုပြန်းရှိအောက်မှာထိုင်ရင်း အရယ်အသောတွေကို ခံနားထောင်နေဖြစ်သည်။ သည်ကာနေ့ကတော့ ဘယ် 'ပြန်ချိုးဖြစ်ဖေ ချိုမြနေမှာပဲ။ ပြီးတော့ ပိုးအိဖြူနှင့် သေးဘူးလောင် နေဖို့လည်း စိတ်ထဲ ဆုံးဖြတ်ထားသည်။

'ခွေးစုတ်မောင်တို့လည်း အရှုံးထွက်ထားသည့်အထဲ ဘုံးခန်အသေဘော့ အစွမ်းကုန်ပျော်နေကြမည်ထင်၍ သွားသည်။ ဘတော့ နင်နဲ့သိမ့်နှစ်ယောက်တည်း အောင်

'နင့်လက်ရိုပ်စုက သုံးယောက်ဆိုတော့ ငါတို့က အင် ...ယ်၊ တက္ကသိုလ်ရောက်ရင် နင်တို့တော့ ကဲဖို့ မစဉ်းစားနဲ့'

'အမယ်မယ်၊ ခုကတည်းက ခြိမ်းခြောက်နေလိုက်တာ'

တက္ကသိုလ်....

ရန်ကုန်တက္ကသိုလ်ဝင်းကြီးကို ဗီဒီယို၊ ရုပ်ရှင်တွေထဲမှာ တော့ မြင်ဖူးသည်။ ရန်ကုန်ရောက်ဖြစ်ပေမယ့် တက္ကသိုလ် ဝန်းကျင်ကိုတော့ တစ်ခေါက်မှ မရောက်ဖြစ်ခဲ့။ ကံ့ကော်၊ သစ်ပုပ်ပင်ပင်၊ ဂျပ်စင်၊ အင်းလျား အဓိပတိလမ်းဆိုသည့် ဝေါဟာရတွေကိုလည်း လေသံမျှသာရင်းနှီးဖူးသည်။ အစ်ကို တွေက အိမ်ပြန်ရောက်သည့်အခါ ပုံပြင်ကို ပြန်ပြောလျှင် မကြာခဏ နားထောင်ဖြစ်သည်။

ပျော်စရာကောင်းမှာပဲ....

ပိုးဖြူလည်း စိတ်ကူးဖြင့် ပျော်နေမည်ထင်၏။ ဝါညက် သော မျက်နှာနုဖန့်ဖန့်လေးမှာ ပီတိရိပ်တွေ လွှမ်းလို့။ ပြီး.... ရယ်သံတွေလည်း စီစီညံလို့။

'သော်သော်'



ရွှေမှာလာရပ်သော ခြေအစုံက ဖောင်းအိဝင်းမွတ်လျက်။ ခြေသည်းရှည်ကို မုံစည်ညီညာသဲ့ညှိထားပြီး ပန်းသွေးရောင် ဆိုးဆေးဆိုးထားသည်။ အဖြူရောင် ခြေညှပ်ဖိနပ်ကလေး ကပ်င် ခြေဖမိုးနှင့် ခြေချောင်းတွေ အလှကြောင့် အရောင် မှိန်သွားသလိုလို။

'ဘလေဟာ'

'ဘာလုပ်ဖို့'

'ရောင်နီသွားမယ်လေ၊ မုန့်သွားစားမှာပေါ့၊ အိမ်က ငါ ဘာမှမစားခဲ့ဘူး၊ သူငယ်ချင်းတွေနဲ့စားမယ် ပြီ ပြောခဲ့တယ်'

ရှပ်အင်္ကျီကော်လာစကိုဆွဲပြီး သူ့ကိုအတင်းထခိုင်းသည်။ သူငယ်ချင်းတွေ့ ကျီစယ်စကားက အတောမသတ်နိုင်သေး။ သူမကို ခပ်စူးစူးကြည့်တော့ မျက်စန်းထဲမှာ ရှက်နီးနီး အရိပ်ထင်သည်။ နှုတ်ခမ်းစူသည်။ ပြီးတော့ ဆံပင်ရှည်တွေ ဆတ်ခနဲ ယမ်းခါလျက် ကျောခိုင်းသွားတော့၏။

ဘယ်လိုပဲကြည့်ကြည့် အရုပ်ကလေးတစ်ရုပ်လို လှရက်နိုင် သည်ပင်။

....◎....

ဟင်းရွက်စိမ်းရောင်သော ဈေးကလေးဆီက အသံတွေ ပုံမှန်ကြားနေရသည်။ ဈေးနှင့်နီးသော်လည်း သည်တက်ပိုင်းအထိတော့ ဈေးတန်းက မရောက်တတ်သဖြင့် တော်သေးသည်။ ဈေးရှေ့လမ်းမို့ ဝယ်သူတွေ ဖြတ်သွား ဖြတ်လာ စည်ကား၏။ ကုန်ကားတွေ မကြာခဏဝင်ထွက်သဖြင့် လမ်းက ပျက်စီးလွယ်သည်။ ကတ္တရာတွေ ပေါက်ပြဲပြီး နွံအိုင် ဗွက်အိုင်တွေ ဖြစ်နေပြီ။ လမ်းပျက်စီးခဲ့ပေမယ့် ကုန်စုံဆိုင်ကတော့ ရောင်းရသည်။ တွင်ကျယ်သည်။ လက်လီလက်ကားဖြန့်နိုင်သည်မို့ အနီးပတ်ဝန်းကျင်ရွာတွေက ဖောက်သည်တွေ ရနိုင်၏။ သည်လိုနံနက်ပိုင်းတွေမှာတော့ အနားရသည်မရှိ။ အိမ်မှာ ငရုတ်သီး၊ ကြက်သွန်၊ အချိုမှုန့်၊ ဆားကအစ တစ်ကျပ်ဖိုး နှစ်ကျပ်ဖိုး စိတ်ရှည်ရှည်ရောင်းရသည်လည်းရှိ၏။ အိမ်မှာ အကူအလုပ်သမား ခေါ်ထားရသော်လည်း မနိုင်နင်းချေ။

'သားခေ၊ ဟိုမှာ ပိုးဖြူလာနေတယ်'

ကြက်သွန်ဖြူကို အိတ်တစ်အိတ်ထဲထည့်ချိန်နေရာမှ လမ်းမဆီ လှမ်းကြည့်ဖြစ်သည်။ အစိမ်းရောင် ပန်းကမ္ဘာစက်ဘီးကို တွန်းယူလျက် သူမဆိုင်ဘက် ကွေ့ဝင်လာ၏။ ပန်းနုရောင်ဇာအင်္ကျီနှင့်ထဘီကို အားနာဖို့ကောင်းစွာ အိမ်ရှေ့လမ်းမှာ အမှိုက်သရိုက်များနှင့် အနံ့ပေါင်းစုံ လှိုင်နေသည်။

'အလုပ်ရှုပ်ချိန်ဆိုလာပြီ'

'ဩြော်....သွားလိုက်ပါသားရယ်၊ မေမေနိုင်ပါတယ်'

ရင်ထဲ ဘာဖြစ်နေသည်ဆိုတာတော့ မေမေမသိနိုင်ပါ။ နှုတ်ဖျားက ပြုံးသလိုလို စကားသံကိုတော့ ကြားနိုင်လေသည်။ ကြက်သွန် ငရုတ်သီးကိုင်ထားသော လက်တွေကို



ဆေးကြောဖို့ အိမ်ဘေးဘက်ရေတွင်းဆီအသွား သူမကလည်း ကို အသာမှုပြီး ရေတွင်းဆီလိုက်လာ၏။

'သော်သော်....ရေပါတစ်ခါတည်းချိုး'

'ဘာလုပ်ဖို့'

'သိမ့်တို့အိမ်က ခေါက်ဆွဲကျွေးတယ်၊ သိမ့်ဂုဏ်ထူးနှစ်မှာ သခနဲ့ အောင်လို့တဲ့'

'စောစောစီးစီးကတော့ မဖိတ်ဘဲ'

ကျွတ်ခနဲ စုတ်သပ်ရင်း....

'ငါ့ ဖိတ်ခိုင်းထားတာဟဲ့'

ဟု စိတ်မရှည်သလို ပြော၏။

'ငါည်နေက လာမပြောနိုင်လို့ ဒီမနက်မှ တစ်ခါတည်းဝင်ခေါ်မယ်ဆိုပြီး..'

'ငါမလိုက်တော့ပါဘူးဟာ၊ အလုပ်တွေက နင်မြင်တဲ့အတိုင်း'

'ခဏပါဟဲ့၊ အန်တီမိကို ငါပြောပေးပါ့မယ်'

'မေမေက ငါပြောရင်ရပါတယ်ဟာ၊ မေမေတစ်ယောက်တည်း မနိုင်မနင်းဖြစ်နေမှာစိုးလို့'

'အဝင်းရှိသားပဲ'

ပိုးဖြူက သိသိသာသာပင် မျက်နှာပျက်သည်။ သူမအိမ်မှာတော့ သူမက ကလေးတစ်ယောက်လို၊င်။ အငယ်ဆုံးသားသမီးချင်းတူပေမယ့် အခွင့်အရေးရပုံချင်းက တခြားစီ။ ဘဝပေး ကံကြမ္မာဆိုတာကလည်း လူတစ်ယောက်နှင့်တစ်ယောက် တန်းတူနိုင်တာမှ မဟုတ်ဘဲ။

'တစ်ရက်တလေ လိုက်သွားပါ သားရယ်၊ တော်ကြာ သူငယ်ချင်းတွေ စိတ်မခကောင်းဖြစ်နေမှာပေါ့'

ဈေးရောင်းရင်းက သည်တက် နားစွင့်နေဟန်တူသော ပိုမှုက လှမ်းအော်တော့ သူမက မျိုးသော်ကို မျက်စောင်း အထိ အခွင့်အရေး အပြည့်အဝရရှိသွားတော့သည်။

သည်။

စည်ကာ

က ပ

ဖွက်

ကဓ

....◎....

နှစ်ဘာသာဆိုတော့ နှင်အနည်းဆုံး အိုကိုတော့ဝင်မှာပဲ သိမ့်၊ ကျန်တဲ့ဘာသာတွေ အမှတ်များရင် ဂုဏ်ထူးတောင်ဝင် နိုင်သေးတယ်'

'မထင်ပါဘူးဟာ၊ ငါက သင်္ချာညံ့တာပဲ'

'အင်္ဂလိပ်စာတို့ကျူးသမားတွေကတော့ ပြောအား ရှိပါတယ် ဟာ၊ တို့ကတော့ ရိုးရိုးမေဂျာပဲ သွားမှာဆိုတော့ သိပ်မထူး ပါဘူး'

'မေဂျာလဲ ထူးချွန်ရင် ဂုဏ်ထူးတန်း ဝင်နိုင်တာပဲ'

သူငယ်ချင်းတွေ စကားလက်ဆုံကျနေချိန်မှာ သူမက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လှန်လှောနေခဲ့သည်။ လှမ်းကြည့် လိုက်တော့ ဆေးရောင်စုံ ဒီဇိုင်းလှလှနှင့် ကောင်မလေး တစ်ယောက်။ ဖက်ရှင်....တဲ့။

'နှင်ရော ဘာလျှောက်မှာလဲ မိပိုး'



သိမ့်က သူမလည်ကုပ်ကို လက်ချောင်းများဖြင့် ညှပ်လျက် ဆွဲထူလိုက်ရင်းမေးသည်။ ပိုးဖြူမျက်လုံးတွေကတော့ မဂ္ဂဇင်း စာအုပ်မျက်နှာပေါ်က မခွာ။

'ဘယ်သိမလဲဟာ၊ ကမှတ်ကိုကြည့်ပြီး လျှောက်ရမှာ'

'ဘာပဲရရ၊ တက္ကသိုလ်ကို ခြေတိုးပေါက်ကပဲ ဝင်ရဝင်ရ၊ မိပိုးတို့ကတော့ ဝင်ရဖို့ကအဓိကပဲ၊ ဒါမှ သူဖအခွင့်ကုန်အလှ ပြင်ရမှာပေါ'

'ခြေသူခိုး ဝင်းမော်နော်'

အားလုံးရယ်ဖြစ်သည်။ ဝင်းမော်စကားကို ထောက်ခံ သော အရယ်။ ငြူစူသော ရန်လိုသော မျက်နှာသည်ပင် လှသထက်လှနေသည်ကိုတော့ ဘယ်သူမှ မငြင်းနိုင်ကြပါ။

'မျိုးသော်တော့ ကျောင်းမတက်ဘူးတဲ့မိပိုး'

'ဘာရယ်'

'တက္ကသိုလ်မတက်ဘူးတဲ့'

သိမ့်စကားအဆုံးမှာ အုံ့ဩရိပ်စွန်းသော မျက်ဝန်းတစ်စုံ သူ့ထံ တန်းဘန်းမတ်မတ်ရောက်လာသည်။ နားမလည်နိုင် သော ဝေခွဲရခက်သော၊ ပုစ္ဆာပေါင်းများစွာ အဲ့သည် အကြည့်တွေထဲမှာ ပျော်ဝင်၏။

'ဘာစတန့်ထွင်ပြန်ပြီလဲ'

အဲဒါက သိသိသာသာ အပြစ်တင်သော စကားသံ။

သူငယ်ချင်းတွေမျက်နှာ ပြုံးယောင်ယောင် ဖြစ်သွားကြ သည်ကို မမြင်ယောင်ဆောင်၍မရ။ ပိုးဖြူသည် မျိုးသော်ကို တစ်သက်လုံးများ အနိုင်ရဖို့ ကြိုးစားနေလေမလား မသိ။

ဘယ်သူမှ မသိဘဲ ကိုယ်တစ်ယောက်တည်းသာ နားလည် ခံစားနိုင်သော သောကကို ပိုးဖြူက အတွမျဝေယူတတ်ပါ

မည်လား။ ကိုယ်ချင်းစာနိုင်ပါမည်လား။ ကိုယ့်ဘက်ကတော့ ခံစားရကောင်းစေဟု မရည်ရွယ်သော်လည်း၊ ကောင်းတူ ဆိုးဖက် တစ်သက်တာ အဖော်အဖြစ် ရည်ရွယ်သတ်မှတ်ခဲ့ပြီးပြီ။ ကံကောင်းခြင်း ကံဆိုးခြင်းဆိုတာကို မျှဝေခံစားပေးမယ့် သူမက ခံနိုင်ရည်ရှိပါမည်လား။

ကိုယ့်ဘက်က အလွန်မှားဖြစ်လေမည်လား....

ဒုက္ခ၊ သောက ဆိုသည့် ဝေါဟာရ သူမနားမှာမကြားရစေချင်သည့် ရင်ထဲက စေတနာတော့ အမှန်ပင်။

....◎....

'အဓိပ္ပာယ်မရှိတာဟာ'

တောင်မရှေးပွင့်တွေ ဝေ့ဝဲကျလာသည်ကို ရည်ရွယ်ချက်မဲ့ ငေးမောနေစဉ်မှာပင် သူမထံက စကားကိုကြားရသည်။ အလိုမကျမှုတွေ သိသိသာသာ ပြည့်သိပ်နေသော အဲသည်စကားသံ၏ နောက်ကွယ်က နက်နဲသော အဓိပ္ပာယ်ကို မျိုးသော် နားလည်နိုင်ပါသည်။ သို့ပေမယ့် မိုးဖြူကတော့ နားမလည်တတ်ခဲ့။

'ဘဝဆိုတာ အိပ်မက်မဟုတ်ဘူး ကော်ရှပ်၊ တကယ် လက်တွေ့ ရင်ဆိုင်ရမယ့် နယ်ပယ်တစ်ခု၊ ငါအချိန်တွေ အလဟဿမဖြုန်းပစ်ချင်ဘူး'



'ဒါဆို နင့်အစ်ကိုတွေကရော အချိန်သွားဖြုန်းနေတာပေါ့ ဟုတ်လား'

'မဟုတ်ဘူးလေ၊ သူတို့က ဆေးတို့ စက်မှုတို့ သူတို့ဘဝအတွက် အာမခံချက်ခိုင်ခိုင်မာမာရှိနေတဲ့ နေရာတွေ၊ ပြီးတော့ သူတို့က အိမ်စီးပွားရေးကို စိတ်ဝင်စားကြတာ မဟုတ်ဘူး၊ ပညာရေးကိုပဲ အားသန်ကြတာ'

ကျောက်ပြားအစွန်းတစ်ခုမှာ သူမ ထိုင်ချလိုက်သည်။ ကုက္ကိုရိပ်သည် အေးမြလှပေမယ့် စူးစူးရှရှကျလာသော နေရောင်၏ အပူဒဏ်ကိုတော့ အလုံးစုံမကာကွယ်နိုင်။ ရှေ့တူရူမှာရှိသော လေးမျက်နှာစေတီတော်၏ ဆည်းလည်းသံကို စိတ်ကြည်နူးဖွယ် ကြားနေရသည်။ သူမနားမှ ရွှေရောင်နားဆွဲကလေး နေအရောင်မှာ တဖျပ်ဖျပ်တောက်ပနေ၏။

'အဲဒီလိုဖြစ်အောင်လဲ ဦးလေးတို့အန်တီမိတို့က အားပေးခဲ့သားပဲ မဟုတ်လား၊ နင်ကျမှ ဘယ်လိုဖြစ်ရတာလဲ'

'ဖေဖေနဲ့မေမေက ငါ့ကို ခွင့်ပြုပါတယ်'

'နင်ကိုက အကဲပိုနေတာ'

'ဩော်....မိုးဖြူရယ်၊ နင်မှ နားမလည်တတ်ရင် ဘယ်သူနားလည်မှာလဲ၊ ငါလဲ နင်နဲ့အတူ ကက္ကသိုလ် တက်ချင်တာပေါ့ဟာ'

မှန်စီရွှေချ တန်ဆောင်းမုခ်ဦးဆီမှ တံလျှပ်လို အရောင်တောက်ပနေသည်ကို မျက်လုံးမှေးစင်းကြည့်ရင်းပြောဖြစ်၏။ ရင်ထဲမှာ ပွစာကျဲနေသော ဝေဒနာအပိုင်းအစတွေကို သူမ မမြင်နိုင်စေရော့သလား။ တကယ်ဆို မျိုးသော်နှင့်မိုးဖြူဆိုသော လူသားနှစ်ဦး၏ ရင်းနှီးငြိတွယ်ခဲ့မှု အတိုင်းအတာကာလသည် တစ်လမဟုတ် တစ်နှစ်မဟုတ်....

အနှစ်နှစ်အလလ။ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

'တက်လို့ရတဲ့ အခွင့်အရေးတွေလဲ ရှိနေသားပဲသော်ရဲ့'

'ငါမရှိရင် ဆိုင်မှာ အမေတစ်ယောက်တည်း၊ ဖေဖေက လမ်းမလျှောက်နိုင်တဲ့ ဝေဒနာသည်၊ မေမေ့မှာ ဖေဖေ့ကိုလဲ ပြုစုရ ဆိုင်ကိုလဲ ဦးစီးရ၊ ဘယ်လောက် ပင်ပန်းမလဲ၊ နောက်ပြီး ကုန်ဝယ်တာ၊ သယ်တာ၊ ဖြန့်တာ ယောကျ်ားတွေနဲ့မှ သင့်တော်မယ့် အလုပ်၊ အလျှင်ကလို ဖေဖေက သန်သန် စွမ်းစွမ်းနဲ့ စီးပွားရေးကို ဦးဆောင်နိုင်တယ် ဆိုရင်တော့ ငါလဲ ကျောင်းတက်မှာပေါ့၊ ခုတော့ ဖေဖေ့ အခြေအနေက လဲ နင့်အမြင်ပဲ၊ အိမ်ပေါ်ကနေ အောက်ထပ်တောင် ဆင်းနိုင်တာ မဟုတ်ဘူး၊ ကိုဇော်တို့ ကိုကျော်တို့ ဆိုတာလဲ ဘွဲ့ရပြီး သူတို့ ပညာနဲ့သူတို့ လုပ်စားမယ့် သူတွေ၊ မိသားစု စီးပွားရေးဆိုတာကို ထည့်တွက်မှာ မဟုတ်ဘူး'

'အဲတော့ နင်က ဈေးရောင်းပြီး အစ်ကိုတွေကို ကျွေးထားမယ်ဆိုပါတော့၊ အစဉ်အလာမရှိတဲ့ ကိစ္စတွေ'

နှုတ်ခမ်းလှလှလေး မဲ့ရွဲ့သွားတာမြင်တော့ နှလုံးအိမ်ထဲမှာ ကျဉ်ခနဲ နာသည်။

အင်းလေ...

ပိုးဖြူဆိုတာက ပိုးကောင်လေးလို ပယ်ယုယ မွေးမြူ စောင့်ရှောင့်ခဲ့ရသူ မဟုတ်လား။ မောင်နှမအားလုံးထဲမှာ ဦးစားပေးအလိုလိုက်ခံခဲ့ရသူ မဟုတ်လား။ သူမနားမလည်နိုင်ဘူးဆိုတာသိတော့လည်း အပြစ်တင်ဖို့ ဝန်လေးမိပြန်သည်။



'ငါ့အမှတ်ကလဲ ဝိဇ္ဇာလောက်ပဲ ရမှာပါဟာ၊ တက်လဲ မထူးပါဘူး၊ ရန်ကုန်မှာ လေးနှစ်အချိန်ဖြုန်း ပိုက်ဆံဖြုန်း ပြီး အိုင်မက်တွေမက်နေမယ့် အစား၊ စောစောစီးပွားရှာ ထားတော့လဲ စုမိဆောင်းမိရှိတာပေါ့၊ မြန်မြန်မိန်းမယူလို့ ရတာပေါ့'

'သော်နော်၊ ရည်ရွယ်ချက်ကတော့ သိပ်ကောင်း'

'ဟုတ်တယ်လေ၊ ပိုက်ဆံများများ စုနိုင်မှ ပိုက်ဆံများများ ဖြုန်းချင်တဲ့မိန်းမနဲ့ အတော်နေဖြစ်မှာပေါ့၊ တော်ကြာ နင်က ငါ့ထက်သာတဲ့ကောင်တွေ့ပြီး ယူသွားရင် ငါပက်လက် လန် ကျန်ခဲ့မှာ'

'သော်သော်နော်၊ နင်ဟာ ငါ့ဆို အတော်အပြော ပက် စက်ပါလား'

'မဟုတ်လို့လား'

နှုတ်ခမ်းမဲ့လိုက်ပြီး သူမ ခနိုးခနဲ့ရယ်လျက်၊ ဟုတ်... လည်း ဟု အသံမာမာ ပြော၏။ စိတ်ကောက်လွယ်ပြီး စိတ်... းသော်က တတ်သော မိန်းကလေးတစ်ယောက်အကြောင်း... တာ ကြာပြီမို့ ပိုးဖြူ စိတ်ဆိုးမှာများတော့ နို... စိတ်မပူမိချေ။

'ပိုက်ဆံဆိုတာ သည်းခြေကြိုက်ပဲဟဲ့၊ လူတိုင်းမက်... င်ဘူး၊ လူတိုင်း ဖြုန်းချင်သုံးချင်ကြတာ ဆန်းသလား'

'ဆန်းတယ်၊ ဆန်းတယ်၊ နင်က သူများထက်ပိုလွန်းလို့ တော်ရုံသဖြင့်မှမဟုတ်ဘဲ၊ နောက်ပြီး အကျိုးရှိတဲ့ အသုံးမျိုးလဲ မဟုတ်ဘူး၊ အလှအပတွေအတွက်ချည်းပဲ၊ ဝယ်လိုက်ရတဲ့ အဝတ်အစား၊ ဝယ်လိုက်ရတဲ့ နှုတ်ခမ်းနီမိတ်ကပ်'

သူမထံမှ စကားတစ်စုံတစ်ရာ မကြားရ။ သည်ပြဿနာ မျိုးသည် သူတို့နှစ်ဦးကြားမှာ သိပ်ပြီး ဂရုစိုက်လောက်စရာ မဟုတ်တော့ဘူးလို့များ ပိုးဖြူက ယူဆသွားသည်လား မသိချေ။ မိတ်ကပ်ရောင်ဖြင့် နူညက်ဝင်းမွတ်ပြီး ကြွေရောင်တောက်နေသော ပါးပြင်ကို အမှတ်မထင် ငေးမောမိသည်။

လယ်ကွင်းများဘက်ဆီမှ ဖြတ်သန်းလာသော နွေလေပူသည် မျက်နှာပြင်ကို ပူနွေးကြမ်းရှစွာ တိုးဝင်ဖြတ်သန်းသွား၏။ အဝေးပြေးကားလမ်းမဆီမှ ကုန်တင်ကားကြီးများ၏ အင်ဂျင်စက်သံ ကြားရသည်။

'နှင် ငါလုပ်နေတာကို မကြိုက်ဘူးပေါ့လေ'

'မဟုတ်ဘူး ပိုး၊ နှင်လုပ်နေတာကို ငါကျေနပ်တယ်၊ ဒါပေမယ့် နှင်ကလုပ်ပြီးသားပဲ၊ တန်ဖိုးကြီးတဲ့နှုတ်ခမ်းနီတွေ မလိမ်းလဲ နှင်က လှတာပဲ၊ အဝတ်အစားအဆန်းတွေ မဝတ်လဲ နှင်က လှတာပဲ'

'လှသထက် ပိုလှချင်တာပေါ့'

ဒါး...နှင်'အဲလိုလှချင်လေ ငါစိတ်ပူရလေပဲ'

ထားမယ်...ဖြစ်လို့'

နှုတ်ခမ်း

ထဲမှာ ကျုံးထားသော လက်သည်းရှည်တွေကို ဖြန့်ကြည့်နေ

ရင်...မက မေးသည်။

အဲဒါ အင်ကာ လှချင်သလောက် နှင့်အဝတ်အစားဝယ်ဖို့ ငါ

ကို မ ရှာနိုင်ပါ့မလားလို့ စိတ်ပူရတာပေါ့ဟ'

ပိုးဖြူ ပြောင်

မျက်နှာညိုပြီး နှုတ်ခမ်းစူသွားသော ကောင်မလေး တစ်ယောက်ကို ကြည့်ရင်း စိတ်လက်ပေါ့ပါးစွာ ရယ်ဖြစ်သည်။ ဘယ်လိုအခြေအနေတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ မျိုးသော်မှာ



အနာဂတ်တစ်ခုရှိနေမည်။ အဲသည်အနာဂတ်မှာ ပိုးဖြူ ရှိနေမည်။ ဒါဆိုလျှင် ပြည့်စုံပြီပေါ့။ သံယောဇဉ်ဆိုသော ကြိုးထက် ခိုင်မာသည့်အရာ၊ ငွေတွယ်သည့်အရာ ဘာများရှိနိုင်မည်လဲ။ သည်နှစ်ယောက်ကြား သွယ်ဆက်ထားကြိုးက ဘယ်လိုခက်ခဲ နွှောက်ယှက်ခြင်းမျိုးကိုမှ ဂရုစိုက်မလိုပါ။

'သိပါဘူး၊ နှင်များ သဝန်တိုတတ်သလားလို့'

သူမ အလိုမကျမှုကို မျိုးသော် ခံကာင်းစွာ နားလည်နိုင်ပါသည်။

'ဘာဝန်တိုဖို့ လိုအပ်လို့လား'

'ဒါပဲ ပြောလိုက်ရင်'

နှုတ်ခမ်းစူရုံမက သူမ၏ မျက်ခုံးတန်းတွေ ကုပ်ကျသွားပြီး မျိုးသော်ကို မျက်စောင်း ထိုးတော့သည်။ ဒါသည်း မိန်းကလေးတွေရဲ့ ချစ်စရာအမူအကျင့်တစ်ခုဟု မျိုးသော်က လက်ခံသည်။

'နှင်ပြန်စဉ်းစားဦးသော်'

'ဘာကိုလဲ'

'ကျောင်းတက်ဖို့၊ ငါတစ်ယောက်တည်း မသွားချင်ဘူး၊ ငါက နှင့်နဲ့အတူ တက္ကသိုလ်တက်ချင်တာ'

'ဟာ....ဒါဆို နှင်လာဘ်ပိတ်မှာပေါ့၊ ငါရှိနေတော့ နှင့်ကို ဘယ်သူမှ ရည်းစားစကား လိုက်ပြောမှာမဟုတ်တော့ဘူး'

'အေး....ပြီးရောနော်၊ နောက်မ'

ပိုးဖြူ သတ်ခန့် ထထွက်သွားတော့သည်။ သတ်တောက် သတ်တောက် လမ်းလျှောက်ဟန်ကလေးကို ချစ်မြတ်နိုးစွာ ငေးမောရင်း သူ ကျန်ရစ်၏။

တော ရင်ထဲမှာ ချမ်းမြေ့ခြင်းသာ ရှိ၏။

လဲ

သည်

....⦿....

အခန်း [ ၂ ]

အချိုမှုန့်ထုပ်သေးသေးတွေကို ဖယောင်းတိုင်မီးဖြင့်ပိတ် ေသာ မေမေ့အနား ထိုင်ချသည်။ ပက်လက်ကုလားထိုင် ကျောမှီထိုင်ရင်း သတင်းစာဖတ်နေသည့် ဖေဖေက တင်းစာကိုခေါက်ပြီး စက္ကူပုံးခွံ ဒေပါ ပစ်တင်လိုက်၏။ ပ်စစ်မီးရောင်က မှိန်ဖျော့လွန်းသည်။ သည်ရက်ပိုင်းတွေမှာ းအားက ပြည့်လိုက် လျော့လိုက်။ နောက်ပြီး မိုးဦးကျစမို့ ကြိုးတွေ မကြာခဏပြတ်တောက်လေသည်ထင်၏။ မီးပျက် က်လည်း များနေသည်။

'ကျွန်တော်လုပ်မယ် မေမေ'

'ရပါတယ် သားရယ်'

'မဟုတ်ဘူး၊ မေမေက အထုပ်ထဲ ခြင်ထည့်ပေး၊ မီးအား သိပ်မကောင်းဘူး၊ မျက်စိကို အားရုံမစိုက်နဲ့'

'သွားငယ်'

ဖေဖေ့ခေါ်သံကြောင့် မော့အကြည့်မှာ....

'မင်းက ကျောင်းမတက်တော့ဘူးဆို'

ဟု မျက်မှောင်ကြုတ်ပြီး ဖေဖေကမေး၏။

'ဟုတ်တယ်ဖေဖေ၊ ဒစ်စတင့်[န်]ပဲ လျှောက်တော့မယ်'

'ဘာဖြစ်လို့လဲကွ'

'မတက်ချင်တော့လို့ပါ၊ အလကား အချိန်ကုန်လူပန်း၊ ဘွဲ့တစ်ဘွဲ့ရဖို့တော့ အဲလောက် အချိန်မဖြုန်းချင်တော့ဘူး'

မေမေက အချိုမှုန့်ဇွန်း ကိုင်ထားရင်းက မျက်လွှာပင့် ကြည့်သည်။ မေမေ့မျက်ဝန်းတွေ အားနည်းဖျော့တော့နေ ကြောင်း သူကောင်းကောင်းသိသည်။

သည်အိမ် သည်မိသားစု စီးပွားရေးအခြေ ခိုင်ခိုင်ရ တည်ဖို့ မေမေတစ်ယောက်တည်း သုံးနှစ်ကျော် ဦးဆော ရှုန်းကန်ခဲ့ပြီးပြီမို့ ခြေမကုန်လျှင်တောင် လက်ပန်းတော့ လောက်ပြီ။ အဲ့သည်အချိန်ကာလအတွင်းမှာ မေမေသိ သာသာပင် ရင့်ရော် အိုစာသွားခဲ့ပြီ။ ပွဲထိုင်အဝတ်အစား တင့်တင့်တယ်တယ်နှင့် သဇင်ပန်းခက်ဝေဝေနှင့် မေမေ့ မမြင်ရသည်ပင် အတော်ကြာခဲ့ပြီပဲ။ ဒါကို မျိုးသော်တ ယောက်တည်းမဟုတ်။ ဖေဖေလည်း သိနိုင်သည်ပင်။

ပြီးတော့ ကိုဇော်တို့ ကိုကျော်တို့လည်း....

'အင်း....အစ်ကို့တွေတုန်းကတော့ တက္ကသိုလ်တက်ဖို့တွ အားပေးခဲ့ပြီး မင်းကျမှ တက္ကသိုလ်မတက်ဘူးဆိုတော့မဟု သေးဘူးကွ၊ တို့လူငှားထပ်ခေါ်မှာပေါ့၊ ဒီမှာ အလုပ် ချင်တဲ့အလုပ်သမားတွေ ပေါပါတယ်'



'ဟုတ်သားပဲ သားရယ်၊ သားကို ဒီအသက်အရွယ်လေးနဲ့ အိမ်စီးပွားရေးထဲ ခြေစုံပစ်မဝင်ခိုင်းချင်သေးပါဘူး၊ မေမေ လဲ လုပ်နိုင်သေးတာပဲ'

မီးညွန့်လေးအနား ပလတ်စတစ်အိတ်ကို ကပ်ပြီး လက်မ လက်ညှိုးဖြင့် ဖိလိုက်သည်။ အပူဒဏ်ဆိုတာလည်း ခံရနေကျ သူအဖို့တော့ ပူတယ်မထင်ရပါ။

'လူငှားခေါ်တယ်ဆိုတာကလဲ စိတ်ချရဦးမှ၊ ကိုယ်ပိုင် စီးပွားရေးလို့တော့ ဘယ်သူကမှ အားတက်သရော လုပ်မှာ မဟုတ်ဘူးလေ၊ နောက်ပြီး မေမေ လုပ်နိုင်တယ်ဆိုပေမယ့် ကုန်ဆင်းဝယ်တာတို့၊ ကုန်ခြွေး သိမ်း တာ တို့ ဆို ဘာက ယောက်ျားလေးနဲ့မှ သင့်တော်တာမေမေရ၊ လိုရင် လိုသလို ထမ်းဟယ် ပိုးဟယ်လုပ်ရတာ၊ ကျွန်တော် ကျောင်းမတက် တော့ပါဘူး၊ ရှိးရိုးအောင်ရုံနဲ့တော့ လိုင်းကောင်းလဲရမှာ မဟုတ်ဘူး၊ ဘွဲ့တစ်ခုတော့ အချိန်တန်ရမှာပါပဲအဖေရာ'

'အေးကွာ'

စကားမဆက်ပေမယ့် အဖေဘာပြောချင်သည်ဆိုကာကို သူနားလည်နိုင်ပါသည်။ အဖေ့ရင်ထဲကိုလည်း ထွင်းဖောက် သိမြင်နိုင်ပါသည်။ အဖေ့စေတနာတွေကိုလည်း ခံစားနိုင်ပါ သည်။ အမိအဖတွေက ကိုယ့်အတွက် တောက်လျှောက်ပေး လာခဲ့တာ နှစ်တွေကြာခဲ့ပြီ။ ကိုယ့်ဘက်ကပြန်ပေးဖို့ အခွင့်ရ ချင်သည်။ ဒါ....ရင်ထဲမှာ အချိန်အတော်ကြာကြာကတည်းက ကိန်းအောင်းနေခဲ့သည့် ဆန္ဒတစ်ခု။ အဲ့သည့်ဆန္ဒပြည့်ဖို့အခွင့် အရေးကြုံကြိုက်သည်ဟုပဲ ရင်ထဲ ဝမ်းမြောက်မိသည်။

'ဖေဖေကလဲ ကျွန်တော်တို့ ဒီအရွယ် ရောက်လာတဲ့အထိ ဆန်စက် အလုပ်သမားဘဝကနေကြိုးစားရှုန်းကန် ထူထောင်

ခဲ့ပြီပဲ ဖေဖေ၊ခုလဲ ကျန်းမာရေးကြောင့်သာ အလုပ်မလုပ်ရတာပဲ၊ဖေဖေ စိတ်အေးလက်အေးသာ နေပါ၊ ဒီအလုပ်တွေအကုန်လုံး ကျွန်တော် ကျွမ်းကျင်နေပြီ၊ကိုဇော်တို့ ကျောင်းစရိတ်ကလဲ နည်းတာမဟုတ်ပါဘူးလေ၊ အိမ်စရိတ် ကျောင်းစရိတ်တွေနဲ့ အရာရာ ဈေးကြီးနေတဲ့အချိန်မှာ ကျွန်တော်ဘာမဟုတ်တဲ့ ပညာရေးအတွက်တော့ အချိန်မဖြုန်းချင်တော့ဘူး၊ ကျွန်တော့်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ အဖေ၊ ဒီခေတ်ကြီးထဲမှာ ကြံရည်ဖန်ရည်ရှိရင် ဈေးရောင်းတဲ့ အလုပ်နဲ့လဲ ကြီးပွားနိုင်တာပါပဲ'

မီးတောက်မှ တဖျစ်ဖျစ်မြည်သံ ကိုသာ ကြားရတော့သည်။ ဖေမေက ခေါင်းငုံ့ပြီး အချို့မှုန့်တွေ ပလတ်စတစ်ထဲ ဇွန်းစ်ချောင်းဖြင့် ခြင်ထည့်နေသည်။ အမေ ငိုနေလိမ့်မည်မထင်ပါ။ အကောင်းဆုံး အဖြစ်သင့်ဆုံး ရွေးချယ်ခဲ့သည့် ဆုံးဖြတ်ချက် တစ်ခုအတွက် တွေဝေမနေချင်ပါ။ မှန်ပြတင်းအပြင်ဘက်မှာ မြင်နေရသော ကောင်းကင်ပြင်နှင့် ကြယ်များကို အဖေငေးမောနေသည်။

'ယောကျ်ားကောင်းဆိုတာ အချိန်အခါနဲ့ အခြေအနေကို အသုံးချတတ်ရဘယ်ကွ၊ထောင်မြင်ရာစွန့်ဆိုသလို စွန့်သင့်ရင်လဲ စွန့်ရတာပဲ၊ ဆန်စက် အလုပ်သမားဘဝကနေ ခု ကုန်စုံဆိုင်ပိုင်ရှင်ဘဝအထိ ရောက်အောင် အဖေ ကြိုးစားခဲ့ရသလောက်မင်းတို့မပင်ပန်းတော့ပါဘူးကွ၊မင်းတို့လူငယ်တွေဦးနှောက်နဲ့ အတွေးအခေါ်နဲ့ဆို ခု အခြေအနေထက် အများကြီးတိုးချဲ့နိုင်တာပဲ၊ ဒီအလုပ်ကို ဇောက်ချလုပ်တော့မယ်လို့ ဆုံးဖြတ်ထားရင် ဒီ့ထက် တိုးတက်အောင် ကြိုးစား၊ အမြင်ကျယ်အောင် ကြိုးစား၊ခြေတစ်လှမ်းချင်း မှန်မှန်တက်။



'အဖေ စိတ်မကောင်းတာတစ်ခုက လူငယ် ဘာသာဘာဝလွတ်လပ်တဲ့ အပျော် ဆိုတာကိုတော့ မင်း မရနိုင်တော့ဘူးပေါ့ကွာ၊ စိတ်ရောကိုယ်ပါ လုပ်ငန်းထဲမှာ မြှုပ်နှံရတော့မှာကိုး'

သူ့အပြုံးကို အဖေ မြင်နိုင်ပါလိမ့်မည်။

အဲသည် အပြုံးမှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ ရှိမနေတဲ့ ကြည်လင်နေကြောင်း အမေနှင့်အဖေ မြင်ကြည့်တတ်ပါစေ။ သာယာမှုအတွက် ဘဝကို စတေးမခံရချင်။ တစ်သက်တာပျော်ရွှင်ချမ်းမြေ့ ရဖို့ကိုသာ ပေးဆပ်ရချင်သည်။

အနာဂတ်ကို ယုံကြည်သလို ကိုယ့်ကိုကိုယ်လည်း ယုံကြည်။ ဘယ်သူမှ နားမလည်ချင် နေပါစေ။

နောက်ဆုံး တစ်ချိန်ချိန်မှာတော့ ချစ်သူက နားလည်လာပါလိမ့်မည်။

...⓪...

စက်ဘီးဘဲလ်ကို နှိပ်လိုက်တော့ ဘရှပ်ရှပ် ပြေးလာသောခြေသံကို ကြားရသည်။ သံဘာဂျာတံခါးရှေ့မှ လာရပ်သောအရိပ်ကို မြင်ရတော့ သူ နည်းနည်းစိတ်ဇောစွာ မေးဖြစ်သည်။

'ပိုးဖြူရော မမကြီး'

သူ့အမေးကို မဖြေဘဲ တာဂျာတံခါးကိုအလျင်ဆွဲဖွင့်သည်။ သနပ်ခါး အဖွေးသားနှင့် မမကြီးမျက်နှာမှာ စိတ်ရှုပ်ထွေးနေသည့် အရိပ်အယောင်မျိုး။

'အင်္ဂလိပ်ချုပ်ဆိုင်သွားမယ်တဲ့'

'ဩော်'

'တက္ကသိုလ်ဖြင့် မတက်ရသေးဘူး၊ ချုပ်လိုက်တဲ့ အဝတ်အစားဖိုးရှိနဲ့ မဆံ့တော့ဘူး မျိုးသော်၊ နှင့်သူငယ်ချင်းလဲ ပြည့်ပြောဦး၊အိမ်မှာလဲ ဘာမှ ကူဖော်လောင်ဖက် မရဘူး၊ တစ်နေကုန် မှန်ရှေ့ထိုင်ပြီး အလှပြင်နေတော့တာပဲ'

အိမ်အတွင်းဘက်သည် အနည်းငယ် မှောင်ရိပ်ကျပြီး အေးစိမ့်နေ၏။ ညှို့ခန်းနံရံ အထက်မှာ မှန်ပေါင်သွင်း ဓာတ်ပုံတွေ အစီအရီရှိနေသည်။ စစ်ယူနီဖောင်းနှင့် ပိုးဖြူတို့ ဖခင်၏ ဓာတ်ပုံကတော့ အတင့်ရှားဆုံးပင်။ပြီးတော့ အစိမ်းရောင်လိုင်း တွဲဝတ်စုံနှင့်မမကြီးဓာတ်ပုံ။ဆေးရောင်စုံဓာတ်ပုံတွေ ခေတ်စားကာစကတည်းကမို့ ဆေးသားပင် အတော်မှိန်ဖျော့နေပြီ။

'မမကြီးကတော့ သူ့ကို ကျောင်းမတက်ဘဲအလုပ်ကလေးဘာလေး လုပ်စေချင်တာ၊အောင်ရှံဆိုတော့ ဝိဇ္ဇာလိုင်းပဲရမှာပဲ....'

'သူ ကြိုးစားရင် မာစတာဆက်တက်ပြီး ဆရာမဖြစ်နိုင်သေးတာပဲ မမကြီးရဲ့'

'အမယ်လေး၊ ဆယ်တန်းတောင် ကံစွပ်ပြီး အောင်လာတာ၊ မင်းသိတဲ့အတိုင်းပဲလေ၊စာမှ မကျက်ဘဲ၊ ခက်တာက မေမေကအစ သူ့ကိုဆို တအားအလိုလိုက်ကြတာ၊ သူ့စိတ်



တိုင်းကျချည်းပဲ၊ မမကြီးက နေရာတကာ လိုက်ပြောတော့ မမကြီးဆို မုန်းတယ်လေ'

သည်အိမ်လာတိုင်း ကြားနေကျ စကားတွေမို့ ထူးဆန်းသည် မထင်မိတော့။ သည်အိမ်မှာ မမကြီးတစ်ယောက်ပဲ ပိုးဖြူကို နိုင်နင်းသူ။မမကြီးတစ်ယောက်ပဲ ပိုးဖြူကို အလိုမကျသူ။

မမကြီးတစ်ယောက်ပဲ ဖိုဖြူးကို ဆုံးမသူ။ ပိုးဖြူ၏အစ်မတွေ၊ အဒေါ်တွေ၊ အစ်ကိုတွေကတော့ မမကြီး၏ အမြဲတမ်းအတိုက်အခံတွေ။

'ငါလဲ တက္ကသိုလ်တက်လာတာပါပဲ မျိုးသော်၊ အဲလောက်အဝတ်အစား မကုန်ရပါဘူးဟယ်၊ အဝတ်အစား ငါးစုံလောက်နဲ့ပြီးတာပါပဲ၊ အဲတော့ သူက ငါ့ကျ တက္ကသိုလ်တက်ပြီး၊ သူ့ကျ မတက်ခိုင်းဘူးဆိုပြီး ငါ့ကို မလိုတမာပြောပြန်ရော၊ အခြေအနေချင်းက မတူဘူးဟဲ့၊ ဟိုတုန်းက ဖေဖေရှိသေးတယ်၊ဖေဖေ့အရှိန်အဝါနဲ့ ငါတို့ တစ်မြို့လုံး တင့်တောင့်တင့်တယ်နေနိုင်တယ်၊ ခုဟာက ဟန်သာရှိပြီး အဆန်ရှိတာမဟုတ်တော့....'

'အဲလောက်လဲ မဟုတ်သေးပါဘူးအေ၊ ပိုးဖြူ တက္ကသိုလ်မတက်ရလောက်အောင်လဲ အခြေအနေကမဆိုးသေးပါဘူး၊ သူက အပျို့အရွယ်လေး လှချင်ရှာမှာပေါ့'

အိမ်အတွင်းဘက်ဆီက အသံထွက်လာတော့ မမကြီးက မျက်စချီပြီး မေးဆတ်ပြသည်။ မမကြီး စိတ်သက်သာရအောင် ရယ်စရာစကား ရှာကြံပြောချင်သော်လည်း ရုတ်တရက်မို့ ဘာပြောရမှန်း မသိပါ။ ပိုးဖြူဆိုတာကလည်း မျိုးသော်၏ စကားကို ဘယ်တုန်းကများ နားခံဖူးလို့လဲ။

'မျိုးသော် ကျောင်းမတက်ဘူးဆိုလို့တောင် မိပိုးက မကေ
မနုပ် ဖြစ်နေလေရဲ့'

'ဘူကတော့ ကျောင်းတက်ရဖို့တစ်ခုပဲ သိတာကိုး မမကြီး
ရဲ့၊ ဒီမှာ ကျွန်တော်မရှိဘဲ မေမေတစ်ယောက်တည်း ဘယ်ဖြစ်
မလဲ၊ အစ်ကိုတွေကလဲ ဆရာဝန် အင်ဂျင်နီယာဖြစ်ချင်ကြတဲ့
သူတွေ၊ စီးပွားရေးလုပ်ချင်ကြတာမဟုတ်ဘူး၊ အချိန်တန်ရင်
တော့ ကျောင်းလာလှမ်းတောင်းမှာ၊ မေမေ ပင်ပင်ပန်းပန်း
ရှာထားတဲ့ပိုက်ဆံနဲ့ ကျွန်တော် အိပ်မက်တွေ မက်မနေချင်
တော့ပါဘူး မမကြီးရာ'

'အဲတာပြောတာပေါ့'

စကားက အဆုံးသတ်ဆီမရောက်။ မမကြီးက သူ့ဘာသာ
ဘာရိတ်အုပ်ပြီး ထိန်းချုပ်ရရှာသည် ထင်၏။ သူတစ်ခွန်း ငါ
တစ်ခွန်း စကားအချေအတင် ပြောနေလျှင် ကြားထဲက စိတ်
ညစ်ရမည်။

'ကျွန်တော်ပြန်တော့မယ် မမကြီး'

'အေး....အေး....ဘာပြောလိုက်ရမလဲ ပြန်လာရင်'

'ကျွန်တော် ရန်ကုန်ရောက်မှာမို့ သူ ဘာမှာမလဲ လာမေး
တာပါ၊ အမှတ်စာရင်းတွေလဲ ထွက်တော့မှာတဲ့၊ အဲဒါ သူ
ကြားပြီးပြီလား မသိဘူး'

'အေး....ပြောသံတော့ ကြားတာပဲ'

စက်ဘီးသော့ကိုင်ပြီး တံခါးဝမှာရပ်လျက် အိမ်ရှိလူကုန်
နာမည်ခေါ် နှုတ်ဆက်သည်။ အင်္ကျီချုပ်ဆိုင်သွားသည့် ပိုးဖြူ
နှင့် လမ်းမှာတော့ ဆုံနိုင်ကောင်းရဲ့။ နေရာဘာကာ ဆရာလုပ်
ချင်လှသည်ဟု ငြူစူလျှင်လည်း ငြူစူပါစေ။

'ဘာကြောင့်များ ဒီလောက်တောင် လချင်နေရတာလဲ'



ဟု မေးဖြစ်အောင် မေးဦးမည်။
အကျည်းတန်သူတွေ ငိုနေပါလိမ့်မယ် နတ်မိမယ်ရယ်။
နည်းနည်းတော့ လျှော့ပါဦး....လို့။

....◎....

## အခန်း (၃)

ကုလားပဲအိတ်ကို ကျောပေါ် ခုန်းခနဲပစ်ချလိုက်ပြီး၊ ခေါင်းပေါ်ကဖုန်တွေကို လက်နှစ်ဖက်ဖြင့် ခါသပ်လိုက်သည်။ နားထင်စပ်ဆီမှ ချွေးတွေ ပေါက်ခနဲ ပေါက်ခနဲ ကျလာ၏။ မျက်နှာသုတ်ပဝါ အသေးတစ်ထည် ပခုံးပေါ်တင်ပြီး ဆိုင်ရှေ့ဘက်တွင် ကလင်ကလင် မြည်သော ဓက်ဘီးဘဲလ်သံ ကြားရသည်။ လျှပ်စစ်အပူဖြင့် ကောက်ထားသော ဆံပင်တွေကို လည်တိုင်နောက်မှာ ဖဲပြားကြီးကြီးဖြင့် စုချည်ထားပြီး ကော်လာအပြားကြီးကြီး ရယ်ဒီမိတ်၊ ပန်းနုရောင် ပါတိတ် လုံချည် ဆင်ယင်ထားသော မိန်းကလေးသည် မျိုးသော်ကို



အလိုမကျဟန် မျက်မှောင်ကြုတ်လျက် ခါး ထောက်လျက် ရပ်ကြည့်နေ၏။

'လာလေ ပိုးဖြူ'

'မလာတော့ဘူး'

'ဟာ....ဘယ်လိုဖြစ်တာလဲ'

'ဝင်ခွင့်စာရင်းတွေ ထွက်နေပြီလေ၊ နင်မသိဘူးလား'

'ဩော်....အေး၊ ကြားတော့ ကြားတယ်၊ နင် ဘာမေဂျာရလဲ'

မျိုးသော်အမေးကို သူမက အရေးစိုက်မဖြေ မဖြေပါ။ ဓက်ဘီးကို အိမ်နောက်ဖေးဘက်အထိ တွန်းယူထားလိုက်ပြီး အိမ်အပေါ်ထပ်ဆီ ခြေသံပြင်းပြင်း နင်းတက်သွားတော့သည်။

....®....

အကြည့်တွေက ခါးသက်စရာ ကောင်းသည်။ သူမ ကျေနပ်အောင် ဘယ်လိုရှင်းပြရမည်လဲ မသိတော့။ ထိကရုံးပင်တွေကို လက်ညှိုးထိပ်ဖြင့် ထိလျက်ကစားနေရင်း မကျေနပ်ခြင်းဟု သိသာစေသော အမူအရာဖြင့် သူမ နှုတ်ဆိတ်နေလေသည်။

'နင်က ငါ့ကို ဘာကြောင့် မကျေမနပ် ဖြစ်နေရတာလဲ'

'ဖြစ်မှာပေါ့၊ ကျေနပ်စရာလား၊ နင်က ငါ့ကို လုံးဝ အရေးမစိုက် တော့ဘူး သော်၊ အောင်စာရင်း ထွက်ပြီးကတည်းက နင်တစ်မျိုး ဖြစ်နေတယ်'

ယှဉ်ရပ်ထားသော စက်ဘီးနှစ်စီးဆီ အကြည့်ရောက်သည်။ တစ်စီးက ကြံ့ကြံ့ခိုင်ခိုင်နှင့် သဏ္ဌာန်ကြည့်ရဆိုးလှသော မောင်ဗမာ စက်ဘီးဟောင်းကြီး။ တစ်စီးက, အဖြူရောင် ပန်းခြင်းတောင်းနှင့် လက်ကိုင် ခပ်ကွေးကွေးနှင့် ပန်းကမ္ဘာ စက်ဘီးကလေး။ မြင်ရကြည့်ရတာ ရသတစ်မျိုး ရင်ထဲမှာ ငြိသည်။ လက်ပံပင်အောက်၊ ရေအိုင်စပ်စပ်မှာ အသံဆူညံစွာ မြူးပျော်နေကြသော စာကလေးအုပ်က သူတို့နှစ်ဦး ရှိနေသည်ကို အသိအမှတ်ပြုဖော် မရပါ။

'ငါက ပြောရမယ့်စကား'

'အခု ဝင်ခွင့် စာရင်းတွေ ထွက်တာလဲ တကယ်ဆို နင်စိတ်ဝင်တစား ရှိသင့်တာပေါ့၊ ငါ့အတွက် နင်စိတ်ဝင်စားသင့်တာပေါ့'

'ငါစိတ်ဝင်စားပါတယ်၊ နင် ဘာမေ့ချာရလဲ လာမေးဖို့လဲ သတိရပါတယ်၊ ဒါ့ပေမယ့် ငါမှ မအားတာဟာ၊ ခု မနက်ပိုင်း မှာထားတဲ့ကုန်တွေ ရောက်လာလို့ ကုန်တွေချ စာရင်းတွေညှိ လုပ်နေရတယ်လေ နင်မြင်တဲ့အတိုင်းပဲ'

'တော်စမ်းပါ'

'နင်ကသာ နင်ဘာသာ တက္ကသိုလ် တက်ရတော့မယ်ဆိုပြီး ပြင်ရဆင်ရနဲ့ အလုပ်တွေရှုပ်နေတာ မဟုတ်ဘူးလား'

အစိမ်းရောင် ခပ်ရင့်ရင့် မျက်စောင်းတစ်ခု ဖျတ်ခနဲ ရောက်လာသည်။ နက်သော ရှည်ကော့သော မျက်တောင်တွေ ခပ်စိပ်စိပ် ဝန်းရံထားသော သမင်ပျိုတစ်ကောင်၏ မျက်လုံးဆို



ကြည့်လင် ရှိန်းလဲ့နေသော၊ အဲ့သည် မျက်ဝန်းတွေအတွက် အပြာအဝါ ဆိုးဆေးတွေ မလိုအပ်ဘူး ထင်သည်။ ပန်းဖူးငုံ တစ်ငုံလို နှုတ်ခမ်းလွှာသည်လည်း နောက်ထပ်ဆေးရေးခြယ် စရာမလိုတော့ လောက်အောင် ကဗျာဆန် လှပပြီးသား။

သူ မြတ်နိုးလှသော ဆံနွယ်ရှည်ရှည် ပျော့ပျော့တွေကို လည်း ကြေးနီရောင်လို ဆံပင်ခွေခွေ လိပ်လိပ်တွေ ဖြစ်သွား အောင် ပြောင်းလဲပစ်လိုက်ပြီ။ တမင် အရွဲ့တိုက်သည်လား မသိနိုင်။

'ပိုး'

'ဘာတုံး'

နှုတ်ခမ်းလှလှနှစ်လွှာ စူပြီး ချွန်သွားသည်။

'စိတ်ကောက် မနေပါနဲ့တော့ဟာ၊ နင် အဝတ်အစား အသစ်တွေ ဝယ်လာတာ ငါ့ကို မကြွား သေးဘူးလား၊ နောက်ပြီး တက္ကသိုလ်သွားဖို့ နင်ဘာတွေ ပြင်ဆင်ထားလဲ၊ ပြောစမ်း'

ပိုးဖြူ ခေါင်းခါသည်။ နှုတ်ခမ်းတွေက နှုးညံ့သွားပြန်၏။ ငယ်စဉ်တုန်းကတော့ ပိုးဖြူမျက်လုံးတွေက ဝိုင်းဝိုင်းစက်စက်။ နှုတ်ခမ်းလွှာတွေက ထွေးထွေးအိအိ။ ပါးပြင် လေးတွေက ဖောင်းဖောင်းပြည့်ပြည့်။ အဲသည်တုန်းကတော့ အရိုးရ အပြစ်ကင်းစင်သော အလှနှင့်။

သည်လိုဆိုပြန်တော့ ခုအခါမှာ အပြစ်မကင်းတော့ဘူး လားဟု သူမ နှုတ်ခမ်းစူ၊ မျက်စောင်းထိုးပြီး မေးလျှင် ဟုတ် တယ်ဟု ခေါင်းညိတ် ဝန်ခံရမည်ပင်။ သူမဘာသာ အသိနိုင် ဆုံးပဲလေ။ အနည်းဆုံးတော့ လူအကြည့်ခံရဖို့ ကိုယ့်ကိုကိုယ် ပြင်ဆင်ခြယ်သတတ်ပြီ မဟုတ်လား။

'နင်လဲ မမကြီးလိုပဲ ငါ့ကိုဆို အပြစ်ရှာတဲ့မျက်လုံးနဲ့'

'အဲ့လိုမပြောပါနဲ့ ပိုးဖြူရယ်'

သူမဟာ တကယ့်ကလေးတစ်ယောက်လို မသိနားမလည် တတ်မှုတွေနဲ့ပါလား။ အဲ့သည်လို အမြင်ကျဉ်းမြောင်း နားလည်မှု လွဲတတ်ခြင်းတွေကို စိတ်ပျက်လက်ပျက် ရှိရသည်က တခြား။ သူမ အပေါ် ခိုင်ခိုင်မာမာ ရစ်နှောင်ထားသည့် တွယ်တာခြင်းကတခြား။

'နင် ငါ့စေတနာနဲ့ သံယောဇဉ်ကို သဘောပေါက်သင့်ပါတယ်၊ နင်အလှဆုံး အကောင်းဆုံး ဖြစ်နေတာကိုပဲ ငါ မြင်ချင်ခဲ့တာ၊ အခုမှမဟုတ်ဘူး၊ ဟိုး ငယ်ငယ်ကတည်းကပဲ၊ နင့်ကိုပြောသမျှ စကားတွေအားလုံးလဲ ရင်ထဲက စေတနာနဲ့ပဲ၊ နင်က အဲ့ဒါကို သဘောမပေါက်ဘူး၊ အခုလဲ နင့်ကိုပြောရဦးမှာပဲ၊ ရန်ကုန်ဆိုတာက လိုချင်စရာတွေ စုနေတဲ့မြို့ကြီး ပြကြီး၊ နောက်ပြီး တက္ကသိုလ်ဆိုတာလဲ အနယ်နယ် အရပ်ရပ်က သုံးနိုင်ဖြုန်းနိုင်တဲ့ သူတွေ၊ မသုံးနိုင် မဖြုန်းနိုင်တဲ့ သူတွေ လူတန်းစားအမျိုးမျိုး စုနေတာ၊ အဲ့တော့ ရည်ရွယ်ချက်တော့ မပျက်စေနဲ့၊ ပန်းတိုင်ကို မျက်ခြည်မပျက်စေနဲ့၊ ဒီမိက ကတော့ အလှအပကို ဦးစားမပေးနဲ့'

'အဲ့ဒီတစ်ခွန်းတည်း ပြောရင်လဲ လုံလောက်ပါတယ် သော်ရယ်'

သူမ မျက်နှာပြုံးစစနှင့် အရည်လဲ့သော မျက်ဝန်းများဖြင့် ကြည့်ရင်းပြောသည်။ အလှတရားကို နားလည်ခံစားလာတတ်သည့် အရွယ်မို့ သူမထံမှာရှိသည့် အလှအပတွေကို ယစ်မူး စွဲငြိနေမိတာ သက်သက်မဟုတ်မှန်းတော့ ကိုယ့်ကိုကိုယ် သိသည်။ သူမလည်း သိနိုင်လိမ့်မည် ထင်ပါသည်။



အဲသည်အလှတရားကြောင့်ပဲ ဂုဏ်ယူကျေနပ်ခဲ့ရသလို အဲသည် အလှတရားကြောင့်ပဲ သူမနှင့် ဝေးကွာ သွားစေမည်လားဟု တွေးပြီး စိုးရိမ်နေတတ်တာကိုတော့ ပိုးဖြူ သိနိုင်လိမ့်မည် မဟုတ်ပါ။

'သော်'

'ဗျာ'

ဟော....။

ကျေနပ်သွားသည့် အပြုံးရိပ် တစ်စွန်းတစ်စက လွှမ လွှန်းလိုက်တာ။

ဆက်ရက်ကလေးနှစ်ကောင်မြက်ခင်းစိမ်းစိမ်းပေါ် ဖျတ်ခနဲ လာနားသည်။ ပြီးတော့ ပျံထွက်သွားကြပြန်သည်။ အုတ်ပုံ အကျိုးအပဲ့တွေနှင့် အဟောင်းအတိုင်း ရှိသေးသော တံတိုင်း အပြင်ဘက် မဟော်ဂနီပင်အုပ်သည် ကျေးငှက်များ အုပ်ဖွဲ့ ပျော်မြူးရာနေရာ။ ပြီးတော့ မျိုးသော်တို့ပိုးဖြူတို့ သူငယ် ချင်းတွေ ပျော်ပွဲစား ထွက်နေကျ နေရာ။

'နင် ငါ့ကို နည်းနည်းမှ စိတ်မချမဖြစ်ဘူးလား'

'ငါ စိတ်မချဖြစ်တော့ရော နင်တက္ကသိုလ်မသွားတဲ့ နေမှာ မို့လို့လား'

'ဟာ'

မချင့်မရဲအမူအရာဖြင့်....

'ငါ မေးတာသာ ဖြေစမ်းပါ'

ဟု သူမက ခပ်ငေါက်ငေါက် ပြောလေသည်။ ဘယ်တုန်း ကမှ ကြိုတင်မတွေးခဲ့သော အတွေးတစ်ခုကို တွေးကြည့်ရ တော့မည်။ မမျှော်လင့်ခဲ့သော အခြေ ပြောင်းလဲမှုတစ်ခုကို ရင်ဆိုင်ရဖို့လည်း ကြိုတင် ပြင်ဆင်ထားရတော့မည်။ ဘယ်

အရာကိုမှ ကိုယ်ကစိုးပိုင်သည်ဟု တထစ်ချ မှတ်ယူမရနိုင်တော့လည်း၊ အကောင်းတွေကိုချည်းမျှော်လင့်ထား၍ မရနိုင်မှန်းကိုတော့ သိနေပါသည်။

'စိတ်မချဘူးလို့ ပြောရမလား၊ စိုးရိမ်တယ်လို့ ပြောရမလား၊ ဒါမှမဟုတ် နင်နဲ့မခွဲချင်တာလား ဘယ်လိုမှန်းပြောလို့မတတ်ဘူး၊ ရင်ထဲမှာ တစ်ခုခုရှိနေတယ် ပိုးဖြူ၊ ကံကြမ္မာဆိုတာကို ငါ ထည့်မတွက်ဘူး၊ နင့်အပေါ်မှာပဲ လုံးဝဥဿုံယုံကြည်ထားတယ်၊ နင်ဖြူရင်ဖြူမယ်၊ နင်ညိုရင် ညိုမယ်၊ နင်ငါ့အပေါ် သံယောဇဉ် လျော့မသွားဘဲ ပြန်ရောက်လာနိုင်မယ်ဆိုရင် ငါ သိပ်ဝမ်းသာမှာ၊ ဒါမှမဟုတ်လို့နင်ကငါ့ကိုမေ့သွားမယ် ဒါမှမဟုတ်ဟိုရောက်မှတစ်ခုခုသောအကြောင်းနဲ့ နောက်ထပ်ချစ်ရမယ့်သူ တစ်ယောက် တွေ့သွားပြီဆိုရင်တော့ ငါဆွေးနေပြီ၊ အဲဒီလို မမျှော်လင့်ချင်ဘူး၊ အဲလိုအတွေးမျိုး မတွေးချင်ဘူး၊ နင့်ကိုခွဲရမှာ ကြောက်တယ်၊ ဆုံးရှုံးရမှာကြောက်တယ်၊ ဒါပေမယ့်လေ နင့်ရဲ့စိတ်ကိုမှငါ မပိုင်တာ'

'နင် အဲ့လို မပြောနဲ့ဟာ'

ရှည်ကော့ကော့ မျက်တောင်တွေကို ပုတ်ခတ်ရင်း သူမက အုတ်တံတိုင်းအပြင်ဘက် မျက်စိတစ်ဆုံးဆီ ငေးကြည့်လျက် ပြော၏။ သူမ မျက်ဝန်းတွေ စိုလဲ့နေသည်လား။ မကြည့်ရဲပါ။ ပိုးဖြူကို စိတ်အနှောင့်အယှက် ဖြစ်စေတော့ရယ်လို့ မရည်ရွယ်မိတာ အမှန်ပင်။

'နင် မေးလို့ ငါ့ရင်ထဲမှာရှိတာကို ပြောတာပါ'

'နင့်စကားတွေက ငါ့ကို မယုံသလိုဘဲ'



'စိတ်ဆိုတာက အစိုးမရဘူးလေ၊ နောက်ပြီးတော့ဘဝ၊ နင့်မှာ နင့်ဘဝအတွက် ရွေးချယ်ပိုင်ခွင့်တွေ အများကြီးရှိနေပြီ၊ ငါ့ဘက်က သံယောဇဉ်ဆိုတဲ့ အားကိုး တစ်ခုတည်း'

'အပြောကောင်း၊ နင်ဟာလေ တော်တော် စကားကြီးကောကျယ် ပြောတတ်တယ်၊ ဘုန်းကြီးကျောင်းသား'

'အေးပါ၊ ငါ ဘုန်းကြီးကျောင်းသားဆိုတာ နင်ခဏခဏသတိရပါစေလို့ပဲ ဆုတောင်းပါတယ်၊ ဒါမှ တက္ကသိုလ်ကျောင်းသား ကိုကို မောင်မောင်တွေနဲ့....'

'သွားစမ်းပါ'

ပခုံးစွန်းချင်း တွန်းတိုက်လျက် သူမရယ်လေသည်။ ကျေးငှက် သံများနှင့် စေတီ၏ဆည်းလည်းသံကြားမှာ ခပ်သာသာရယ်သံ ပျံ့လွင့်လေ၏။

သူမ ပျော်နေမှန်း သိသာပါသည်။ သိပ်မကြာခင်မှာ ရောက်လာမည့် ကာလ အပိုင်းအခြားတစ်ခုအတွက် ရင်ခုန်တက်ကြွနေမှန်းလည်း သိသာပါသည်။ သို့ပေမယ့် မျိုးသော်အတွက်တော့ နှလုံးသားက အပြောင်းအလဲမရှိနိုင်သေးဘူးဟု မျှော်လင့်ချင်သည်။ တကယ်တော့ ပိုးဖြူဆိုသော မိန်းကလေး တစ်ယောက်၏ မသိနားမလည်တတ်မှုသည် ကလေးတစ်ယောက်၏မရင့်ကျက်နိုင်မှုမျိုးသက်သက်ပဲ ဖြစ်ပါသည်။

'ဒီမှာသော်၊ နင်နဲ့ငါက မနေ့တစ်နေ့ကမှ တွေ့တဲ့သူတွေမဟုတ်ပါဘူးဟာ၊ နင်နဲ့ငါ တွယ်တာခဲ့ကြတယ် ဆိုတာလည်း အချိန်အပိုင်းအခြားတိုတိုကလေးတည်းက ခပ်တိမ်တိမ်ငြိခဲ့ကြတဲ့ ကြိုးမျိုး မဟုတ်ပါဘူး၊ နင်ကလွဲပြီး တခြား ဘယ်

ယောကျ်ားလေးကိုမှ ငါ့အရောတဝင် မနေခဲ့ဘူး၊ နင်အသိသားပဲ'

'ကြော်...

သည်လိုကြားရပြန်တော့လည်း ကြည်နူးချမ်းမြေ့ရပြန်သည်။ ကိုယ့်ဘက်က ဘယ်လောက် နက်ရှိုင်းနင့်သီးခဲ့သည် ဆိုတာ သူမ သေချာမသိနိုင်သလို သူမရင်ထဲ ဘာတွေရှိနေသည် ဆိုတာလည်း ကိုယ်က မြင်ကြည့်နိုင်သည်မှ မဟုတ်ဘဲလေ။ အပြုအမူ အပြောအဆိုကြားထဲက ခန့်မှန်းသိနိုင်ရုံသည်ပဲ။

'ငါ့ဘက်ကတော့ တစ်ဘဝလုံးစာပဲ မိုးဖြူ'

သူမ ဖျတ်ခနဲလှည့်ကြည့်သည်။ သူမမျက်ဝန်းထဲက ပြောချင်သည့်, စကားအဓိပ္ပာယ်ကို အလွယ်တကူ ရှာဖွေသိရှိနိုင်သည်။

'အဲဒါကြောင့်လဲ ငါကျောင်းမတက်ဘဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့၊ ငါနင့်ကို ပျော်စေချင်တယ်လေ၊ နင့်ကို စိတ်ချမ်းသာစေချင်တယ်၊ အိမ်ထောင်တစ်ခုမှာ ငွေကြေးဆိုတာလဲ အဓိကကျတဲ့အခန်းက ဏ္ဍမှာ ပါနေတာပဲ၊ နောက်ပြီး နင်က အမြဲလိုတရပြည့်စုံနေခဲ့တဲ့သူ၊ နင့်ဆန္ဒတွေ ပြည့်အောင် ဖြည့်ပေးနိုင်ဖို့ဆိုတာက....'

'တော်ပါတော့ မောင်ကာဠုရယ်'

လက်မောင်းကို ဖျတ်ခနဲရိုက်ပြီး ရယ်ပြောပြောသည်၊ ရယ်စရာစကား မဟုတ်ပါဘဲ စိတ်ကြည်နူးစွာ ရယ်ဖြစ်၏၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသောမသတ် ရယ်ကြသည်။ ခုလိုအချိန်မျိုးမှာ ဘာကိုမှ သတိမရချင်။ ဘာအကြောင်းကိုမှ မတွေးချင်။ အိပ်မက်တစ်ခုသာ ဖြစ်ပါစေ။ ဘဝဆိုတာကိုမေ့ပြီး အိပ်မက်တွေ ဆက်တိုက်မက်ချင်သည်။



'ငါ့ကို မမေ့ရဘူးနော်'

'အင်း....ပြောစမ်းပါ အဲလို၊ ဘာဆိုက်ရဲ့ အကြောင်းတွေချည်း နင့်ဆီက ကြားရတာရိုးအီနေပြီ သိလား'

'ကြော်....ခုကတည်းက ရိုးအီချင်ပြီလား'

ခေါင်းမော့ပြီးအရယ်မှာ ဖွေးဖြူညီညာသော ပုလဲသွယ်တန်းလေးတွေ ပေါ်လာသည်။ ဘယ်ယောကျ်ားပျိုမဆို သူမကို ချစ်ချင်မှာပါလား။ လူတိုင်းချစ်ချင်ဖွယ် ဖြစ်အောင်လည်း သူမအလှက ချစ်စဖွယ် ဆွဲဆောင်နိုင်သည်။

'နင်က အမြဲတမ်း အသက်လေးဆယ်ကျော် လူကြီးလို ဘဝအကြောင်းတွေချည်းပဲ ပြောနေတာကိုး၊ လူကလဲ ငရုတ်သီး ကြက်သွန်စော်နံပါ'

'ငရုတ်သီးကြက်သွန် ရှောင်းတဲ့သူကိုး၊ ဘဝအကြောင်းနားလည်မှ ဘဝတစ်လျှောက်လုံး သက်သာသင့်သက်သာ နေနိုင်ဖို့ အခုကတည်းက ပြင်ဆင်တတ်မှပေါ့၊ စိတ်ကူးချည်းယဉ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ နူနူရွရွလေးတွေရွေးပြီး ပြောတတ်တဲ့ အချစ်ဇာတ်ကားတွေကြည့်ပြီး ကိုယ့်ကိုကိုယ် ဇာတ်လိုက် မင်းသမီးနေရာက စိတ်ကူးယဉ်မနေနဲ့'

'ကြည့်စမ်း....ခွေးစုတ်'

ညိုနုနုလက်သီးဆုပ်တွေ ကျောပြင်ပေါ် ကျလာသည်။ မျက်ရောင်အသွေးမြင့် နီမြန်းမြန်းမျက်နှာသည် အသက်ဝင်လာသော ပန်းပုရုပ်တုတစ်ခုနှယ်ပင် ချောမွေ့နေ၏။ လက်သီးဆုပ်တွေကို ရှောင်တိမ်းဟန်ပြုရင်း သူမ လက်ချောင်းသွယ်တွေကို ဖမ်းဆုပ်ယူထားလိုက်သည်။

ထန်မည် မလင်ပါ။ အစားထိုးစရာတွေ တစ်ပုံကြီး။ အသစ်အဆန်းတွေ တစ်ခလုံကြီး။

တကယ်တမ်းခွဲရမည်ဆိုတော့ အလျင်ကအငွေ့မျှရှိခဲ့သော စိုးရိမ်စိတ်က အထုအထည်နှင့် ကျယ်ပြန့်ကြီးမား လာလေသည်။

'နက်ဖြန်အစောကြီး ငါလာမယ်'

'နှင် ရန်ကုန်ရောက်တိုင်း ငါ့ဆီ ဝင်ခဲ့နော်'

နှင့်သီးသော ရှိုက်သံ စွက်နေသည်ထင်၏။ စိတ်အထင်ပဲလား၊ လရောင်အလင်းဖျော့ဖျော့အောက်မှာ သူမမျက်ဝန်းတွေ ငွေမှုန်ကြောင့် တလက်လက် တောက်ပနေတာကို မြင်ရသည်။ လွမ်းဆွတ်ဖွယ် မဟုတ်ပါဘဲကွယ်။

တို့မှာ အခွင့်အရေးတွေ အများကြီး ရှိနေသားပဲ။

'လာမှာပေါ့ဟာ၊ ငါကမလာဘဲ နေနိုင်မှာတဲ့လား'

'တကယ့်တကယ်ကျတော့ နှင့်ကို ခွဲသွားရမှာ စိတ်ထဲ တစ်မျိုးကြီးပဲ၊ နင်မပါဘဲ ငါ ယ်မှ မသွားတတ်အောင် ဖြစ်နေတယ်'

'နောက်တော့ ကျင့်သားရသွားမှာပေါ့'

ပေါ့လျှော့လျှ အပြောသည်ပင် ရင်ထဲ မချိတရိနိုင်လှသည်။ အမြဲတတွဲတွဲ သွားခဲ့လာခဲ့သည့် ကာလတွေ ဖြတ်သန်းခဲ့တာ ခုတော့လည်း မြန်လွန်းသလိုပင်။

...နီးနီးကလေး အတူနေနိုင်ဖို့
...ဝေးဝေးကနေ လွမ်းရင်း ကြိုးစားမယ်
...အရေးအကြီးဆုံးဟာ တို့နှစ်ယောက်ရဲ့ ရင်ထဲမှာ
...သစ္စာရှိနေကြဖို့ပါပဲ....



အလျင်ကလို သူမက မပျော်င်ပါ။ မျက်တောင် မွေးစင်းလျက် သီချင်းသံကို နားစွင့်နေသည်။ ပြီးတော့ အချိန်အကြာကြီး နှုတ်ဆိတ်နေသည်။

အကြာကြီး။ အချိန်တွေက အကြာကြီး။

သည်တစ်ကြိမ်ဟာ ပထမဆုံးအကြိမ် ခွဲခွာခြင်းပါပဲ၊

နောက်ဆုံးလည်း ဖြစ်ပါစေတော့။

သူမ ကျင်လည်ရမည့် ပတ်ဝန်းကျင်က ခုထက်အပုံကြီး အများကြီး ကျယ်ပြောသည်၊ ဆန်းသစ်သည်။ ပြီးတော့ ပျော်မွေ့ဖွယ်လည်း ဖြစ်သည်။ ဘဝနှင့်ရင်းရသည့် ဆုံးဖြတ်ချက် တစ်ခု၏ ရလဒ်က အသည်းထိတ်ဖွယ် ကောင်းလှသည်။

သို့ပေမယ့် သံယောဇဉ်ဆိုသည်ကိုတော့လျှော့မတွက်ပါ။ ခိုင်မြဲသည့် အရာတွေထဲက အခိုင်မြဲဆုံး ကြိုးတစ်ချောင်း။ ယင်က ချစ်သူကို သူမ နားလည် ငဲ့ညာလိမ့်မည် ထင်ပါသည်။

'အင်း....အသစ်အဆန်းတွေ ကြားထဲမှာ နင်ငါ့ကို မေ့နေမှာပေါ့'

'နင်ကလဲဟာ၊ တခြားစီပဲ၊ သစ်တာဆန်းတာကို မက်မောတာက တခြား၊ နှင့်ကို သတိရတာက တခြားပဲ'

ပြောရလျှင်လည်း အပ်ကြောင်းရာထပ်နေသည့်ဓာတ်ပြား တစ်ချပ်လို ဖြစ်မည်။ သည့်ပြင်ပြောစရာ စကားကလည်း မရှိ။ သည်လိုနှင့်ပဲ မိုးလင်းတော့မည်။

မိုးလင်းသွားလျှင်....

‘နင့်ကို ငါ အလေးအနက်မှာချင်တာ ရှိတယ် ပိုးဖြူ၊ မိန်းကလေးဆိုတာ အလှမက်တာပဲ၊ ငါသိတယ်၊ ဒါပေမယ့် အလွန်အကျွံ မဖြစ်စေနဲ့’

သက်ပြင်းရှိုက်သံ ကြားသည်။ သည်စကားတွေကို သူမ မျှော်လင့်ထားပြီးသား ဖြစ်ဟန်တူသည်။

‘ကိုယ့်မိသားစုကို ငဲ့ညှာပါဟာ၊ နင့်အဖေ ဆုံးပြီးကတည်းက နင်တို့မိသားစု ခဲခဲယဉ်းယဉ်း စီးပွားရှာနေရတာ နင်အသိပဲ၊ ပြီးတော့ အစိုးရဝန်ထမ်းတွေဆိုတာလဲ ငွေကြေးကို အတိုင်းအတာနဲ့ သုံးနေကြရတာ၊ နင် နားလည်မှာပါ၊ ငါက ပြောနေရတာက နင့်အကြောင်းသိလွန်းလို့၊ ပိုက်ဆံလိုရင် ငါ့ဆီကိုမှာ....ငါပို့ပေးမယ်’

‘အမယ်....နင်က ငါ့ကိုကြွေးနဲ့သိမ်းမလို့ပေါ့လေ’

‘ဟာ....မိပိုး၊ နင်ဟာလေ’

ခပ်ငေါက်ငေါက်ဆိုလိုက်သောစကားကြောင့် ရယ်ကျဲကျဲ မျက်နှာလေး ချက်ချင်းတည်သွားသည်။ မျက်ဝန်းတွေ ညို့မှိုင်းသွားလျက်....

‘ငါက နောက်တာပါ’

ဟု တိုးတိုးပြော၏။

‘ငါ ပြန်တော့မယ်’

‘ဟယ်’

အထိတ်တလန့် မော့ကြည့်ရင်းမှ....

‘နင်က စိတ်ဆိုးတယ်ပေါ့လေ’

ဟု ကယုကယင်မေးလေသည်။

လက်ဖဝါး နွေးနွေးတွေကို ဖျစ်ညှစ် ဆုပ်ကိုင်ထားချင် [illegible]။



‘မဟုတ်ပါဘူးဟာ၊ နက်ဖြန်လဲ အစောကြီး ကားဂိတ်ဆင်းရမှာ၊ နင်လဲ အိပ်တော့လေ၊ ငါလဲ ပြန်အိပ်တော့မယ်’

‘တကယ် စိတ်မဆိုးဘူးနော်’

‘အင်းပါ၊ ငါ နင့်ကို ဘယ်တုန်းကများ စိတ်ဆိုးဖူးလို့လဲ....’

ခြံတံခါးဝအထိ သူမ လိုက်လာသည်။ အပြန်အလှန်နှုတ်ဆက်စကားဆိုပြီးစက်ဘီးပေါ်တက်တော့ သူမက အလျင်အိမ်ဝင်းထဲ ဝင်နှင့်၏။

ကဗျာဆန်တတ်သည့် မဟုတ်လည်း ရင်ထဲက လှိုက်လှဲလာသည့် ခံစားမှုကိုတော့ ညာမရပါ။

ဝန်ခံရချင်သည်။

ခွဲရမှာကို ကြောက်သည်လို့။

....⊛....

ကားမှန်ပြတင်း အတွင်းဘက်ဆီက မျက်ရည်စို့သော မျက်နှာကို ဝေးသွားသော်လည်း မြင်နေရသည်။ ကားဂိတ် နောက်ဘက် လက်ဖက်ရည်ဆိုင်ထဲက မျက်လုံး အစုံပေါင်း များစွာ မျိုးသော်ကို ကျီစယ်ချင်သလို စူးစမ်း ကြည့်နေကြ၏။

ရှက်စရာကောင်းသည်ဟုတော့ မထင်ပါ။ ဒါဟာ ချစ်သူနှစ်ဦးကြားမှာ သိပ်ပြီး မဆန်းပြားသည့် သမားရိုးကျ ခွဲခွာခြင်း တစ်ရပ်ပဲ။

ပြီးတော့ သူမ တစ်နေ့နေ့ပြန်လာမည်။ သူမ ပြန်ရောက်မည့်နေ့ တစ်နေ့က သိပ်ကို ပျော်စရာကောင်းမှာပဲ။ ကုက္ကိုပင်အောက် ကွမ်းယာဆိုင်နံဘေးမှာ ခဏရပ်သည်။

အပ်ထားသော စက်ဘီးကိုယူပြီး တွန်းလျှောက်ခဲ့လေသည်။

တသ်သူတွေ ဘယ်လိုဘင်ထင်။ သည်တစ်ခဏကိုတော့ဖြင့် ပြည့်ပြည့်ဝဝ လွမ်းချင်သေးသည်။

လျှောက်နေကျ လမ်းကလေး....

စိမ်းစိမ်းစိုစို လယ်ကွင်းများအစပ်က မှန်စီရွှေချ သင်္ကန်းရောင်ဖြင့် တလက်လက် သပ္ပာယ်လှသည့် စေတီတော်။ ပျက်စီးကျိုးပဲ့နေသည့် အုတ်တံတိုင်းနှင့် အောက်ဘက် အနိမ့်ပိုင်းမှာ မဟော်ဂနီပင်အုပ်အုပ်။ အချင်းချင်း ကျီစယ် ကလူနေကြသည့် ဆက်ရက်ကလေးတွေ။

ပိုးဖြူ မရှိတော့သည့် ဝန်းကျင်က လွမ်းစရာပင် ဖြစ်လာသည်။



ဟိုးအလျင်ကတော့ ကြည်နူးခဲ့ဖူးသည်ပေါ့။ စက်ဘီးရပ်နေကျ တံတိုင်းအစပ် အုတ်လှေကားရှေ့မှာ ခုတော့ စက်ဘီးဟောင်းကြီး တစ်စီးတည်း။

ပိုးဖြူရယ်။

ရင်ထဲက အလွမ်းကို ကိုယ့်ဘာသာ သိတာပေါ့။

ဒါပေမယ့် ကာရန်လှလှနဲ့ စာဖွဲ့မပြတတ်ဘူး။ ခိုင်မာတဲ့ သာယာတဲ့ အနာဂတ်တစ်ခုဖြစ်လာဖို့ ငါတစ်ယောက်တည်း တာဝန်လို့ စိတ်ထဲက မှတ်ထားပါတယ်။

အင်အားနဲ့ အထောက်အပံ့ကတော့ နင့်ရဲ့ သစ္စာတရားပေါ့။

ကြိုးကြာငှက်တို့ အိမ်အပြန်

# အပိုင်း ( ၂ )

အခန်း [ ၁ ]

သော်ရေ....

နှင်ပြောခဲ့သလို အတွေ့အကြုံ အသစ်အဆန်းတွေနဲ့ စိတ်ကြည်နူးစရာတွေ ကြားမှာ ငါကတော့ နှင့်ကို သတိရနေတုန်းပါပဲ။ ပင်မတက္ကသိုလ်ကြီးက သိပ်ကို စိတ်ကူးယဉ်စရာ ကောင်းတာပဲ သိလား။ ဗီဒီယိုတွေ ရုပ်ရှင်တွေထဲမှာ ကြည့်ပြီး စိတ်ကူးယဉ်ခဲ့ရတဲ့ နေရာ တစ်ခုကို အခုရောက်လိုက်တော့လေ၊ ဘယ်လို စိတ်ထဲ ကျေနပ်မှန်း မသိဘူး။ နှင်သာ ငါ့အနားမှာ ရှိခဲ့ ရင်....။

'ဟဲ....ဟဲ....မီပြီဟေ့'

ခြေသံရှပ်ရှပ်နှင့် တွဲလျက်ရယ်သံတစ်ခုက အခန်းထဲ လွင့်ပျံ့ လာခဲ့သည်။ လက်ချောင်းတွေက စာအုပ်ကို ဖျတ်ခနဲ ပိတ်မိလျက်သား။

'ရည်းစားစာ ခိုးရေးနေတယ်ဟေ့....ကောင်မလေး'

ရှက်အမ်းအမ်းနှင့်ပင်....

'ဒီလိုပေါ့'

ဟု ရည်ရွယ်ရာမဲ့ ဦးတည်ရာမဲ့ စွတ်ပြောလိုက်မိသည်။

'ဘယ်လိုလဲ၊ ငယ်ချစ်ကို လွမ်းလှုပြီလား'

သူမ ပြန်မဖြေဖြစ်ပါ။ ဘောလ်ပင်ကို ပိတ် လိုက် ပြီးသောက ခုတင်ပေါ် စိတ်ပျက်လက်ပျက် လှဲချလိုက်မိတော့သည်။

အိမ်မှာ အိပ်ခန်းတစ်ခန်းတည်း တစ်ယောက်တည်းသာ နေခဲ့သည်မို့ စိတ်ကျဉ်းကျပ်သလိုရှိသည်။ တစ်ခု စိတ်ချမ်းသာစရာက သူမ၏ အခန်းဖော်သည် ဖော်ရွေတတ်ပြီး ရက်ရောတတ်သည့် [illegible]ကြား ချောင်လည်သူတစ်ယောက် ဖြစ်နေခြင်းပင်။

ပိုးဖြူလို အလှကြိုက်သည့် မိန်းကလေးက မျက်မှောင်ကြုတ်ပြီး စာအုပ်တွေချည်း ဖတ်နေသည့် အခန်းဖော်ချိုသော့ မရချင်ပါ။

ခုတော့ သဥ္ဇာက ရှပ်ရှင်ဇာတ်လမ်းတွေအကြောင်း၊ မင်းသားတွေ အကြောင်း၊ ဗိုလ်ချုပ်ဈေးအကြောင်း၊ တန်ဖိုးကြီး ရေမွှေး အကြောင်း စသည့်သတင်း တိုထွာတွေစုဆောင်းလာပြီး ပိုးဖြူကို ဖောက်သည်ချတတ်သည်။

နောက်ပြီး သဥ္ဇာက ဥပဒေဒုတိယနှစ်ကျောင်းသူဆိုတော့ ပိုးဖြူထက် အတွေ့အကြုံတွေက သာလွန်နေပြီ။ ဖက်ရှင်ကျကျ



ဝတ်စားတတ်သည်ကြောင့်လည်း အဆောင်နေ ကျောင်းသူအများစုထဲမှာထင်ရှားသည်။ ရုပ်ရည်ကတော့ ချောမွေ့သည်ဟု ပိုးဖြူက မထောက်ခံချင်ပါ။

သဥ္ဇာ့မှာ ပိုးဖြူလို စင်ရော်သောင်မျက်ခုံးမျိုးမရှိ။ ရှည်ကော့သော မျက်တောင်မရှိ။ ပန်းဖူးငုံလို ပြည့်တင်းဖောင်းအိသော နှုတ်ခမ်းလွှာတွေ မရှိ။ သဥ္ဇာက မျက်ရစ်မပါသော မျက်အိမ်ရှည်မျှောမျှောနှင့် နှာတံမပေါ် တပေါ်၊ နှုတ်ခမ်းစုစုထူထူ၊ မျက်နှာကျကတော့ ခပ်သွယ်သွယ်နှင့် ကြည့်ရှုပျော်ရုံပါပဲ။ သို့ပေမယ့် ဒီဇိုင်းဆန်းဆန်းနှင့် တန်ဖိုးကြီးအဝတ်အစားကြောင့် သဥ္ဇာ့ဂုဏ်သတင်းက တစ်မျိုးကြီးလှသည်။

'ဟော...မေးလိုက်တာနဲ့ ငေါင်သွားပြီ၊ ပြဿနာပဲ'

'မဟုတ်ပါဘူးဟာ'

'တိုဝင်လာတာ အနှောင့်အယှက်ဖြစ်သွားလား'

'မဖြစ်ပါဘူး၊ ဘာဆိုင်လို့လဲ'

'မင်းလူကြီးဆီစာရေးရင် သဥ္ဇာ့အကြောင်းလဲ ထည့်ရေးလိုက်ဦးနော်၊ သိလား၊ ဒါ...မင်းလူကြီးက ချောရဲ့လား၊ သန့်ရဲ့လား၊ ဓာတ်ပုံလေးဘာလေး မရှိဘူးလား၊ ကြည့်ရအောင်လေ'

သည်လိုစပ်စုခြင်းမျိုးကို တကယ်တော့ ပိုးဖြူမကြိုက်ပါ၊ သို့ပေမယ့်လည်း သဥ္ဇာက အပြစ်လွတ်အောင် သုံးနှုန်းတတ်သည်။ မျက်နှာအရိပ်အကဲ ကြည့်တတ်သည်။

'မရှိဘူး'

'ဟင်....ဓာတ်ပုံလေးဘာလေးတောင် ဘောင်းမသလားဘူးလားကွာ'

စိတ်ပျက်လက်ပျက်ညည်းညူလိုက်သံက တကယ်ပဲ ရင်ထဲ
က လှိုက်လှိုက်လှဲလှဲ မြည်တွေချင်နေသလိုလို။

'ဒီနေ့ ကလပ်စ်(Class)ပြီးရင် အတိုးတွေ လျှောက်ကြည့်
ဦးမယ်ကွာ၊ အပျင်းပြေပေါ့၊ ဗိုးဖြူ လိုက်မယ်မဟုတ်လား'

'မလိုက်ချင်တော့ဘူး'

'ဟင်....ဘာဖြစ်လို့'

'ကြည့်လိုက်ရင် လိုချင်စရာတွေချည်းပဲ၊ လိုချင်ပြီး မဝယ်
နိုင်တော့ ရောဂါရတယ်၊ ဈေးတွေကလဲကြီး'

'ဘာဖြစ်လဲကွ၊ ငမ်းရိုငမ်းတာ၊ မိုက်ဆံ ပေးရတာမှ
မဟုတ်ဘဲ၊ ကိုယ်တတ်နိုင်တာတွေတော့လဲ ဝယ်တာပေါ့'

ရေးလက်စ စာတစ်ပိုင်းတစ်စကိုမျက်နှာပူမိသည်။ အဘတ်
နိုင်ဆုံးတော့ ကိုယ့်ကိုကိုယ် ကြိုးစားထိန်းချုပ်ပြီး နေပါ
သည်။ သို့ပေမယ့်လည်း ဈေးလည်သည့်ဝါသနာ၊ အဝတ်
အစား အဆန်းအပြားတွေ မက်မောသည့်ဝါသနာကိုတော့
တားဆီးမရချေ။

'လှည်းတန်းဈေးထဲမှာ ဆံညှပ်အသစ်ကလေးတွေတွေ့တယ်
ကွ၊ရယ်ဇီမိတ်တွေလဲ ပုံဆန်းတွေချည်းပဲ၊မင်းလို အရပ်မြင့်မြင့်
ဖြူဖြူနဲ့ဆိုရင်တော့ သိပ်စမတ်ကျမှာ၊ သဥ္စာက အရပ်ပု
တယ်ကွာ၊ မင်းလိုအရပ်မြင့်မြင့်သာဆို ဘယ်လောက်ကောင်း
မလဲ၊ မယ်တွေဘာတွေ ဝင်အရွေးခံလိုက်ဦးမယ်'

သဥ္စာဆိုသည့်အမျိုးသမီးကတော့ ပါးစပ်နှင့်စကား ပြတ်
သည်ဟူ၍ မရှိချေ။ နှုလည်း ခုတင်ပေါ် တင်ပါးလဲ ထိုင်
လျက် ရွှေခြေချင်းအပျော့ ဝတ်ထားသော ညာဘက် ခြေ
ထောက်ကို တလှုပ်လှုပ်နှင့် အဆက်မပြတ် ကစားနေပြန်
သည်။



'မင်း ဘော်ဒီဖြူတီ ကစားပါလား၊ တကယ်ဆိုတော့
မင်းက သိပ်မလိုပါဘူး၊ နကိုလှပြီးသားပဲ၊ ဒါပေမယ့် အဆီ
တွေ ချုပ်ချုပ်ရပ်ရပ် ဖြစ်သွားတာပေါ့၊ ပြီးရင် မယ်ရွေးပွဲ
တွေဝင်၊ မင်းပုံစံနဲ့ဆို ဆုတစ်ခုခုတော့ ချိတ်မှာပဲ၊ ပြီးရင်
တီဗီမှာ ကြော်ငြာမယ်လ်ဝင်လုပ်၊ ပိုက်ဆံရတာပေါ့ကွ၊ နာမည်လဲ
ကြီးဦးမယ်၊ ကံကောင်းရင် ဗီဒီယိုမင်းသမီးတောင် ဖြစ်နိုင်
တယ်'

'အင်း....စိတ်ကူးယဉ်လို့တော့ ကောင်းသားပဲ'

ပြောပြီး ရယ်မိသည်။ သူမပြောသလို လွယ်လွယ်ကူကူ
မဖြစ်နိုင်မှန်း သိသားပဲ။ ဟောသည် ဘက္ကသိုင် အဝန်း
အဝိုင်းထဲမှာပင် ဗိုးဖြူထက်သာသည့် အချောအလှတွေ တစ်
ပုံကြီး။ ခေတ်စားနေသည့် ဒယ်မီမိုးဆံပင်ပုံစံနှင့် ပတ္တမြား
ခြယ် နားကပ်ကြီးအထက်မှာ နားပေါက်တစ်ပေါက် ဖောက်
ပြီး စိန်ပွင့်သေးသေး ပန်းထားသည့် သဥ္စာ့ကို ငေးမော
ကြည့်နေမိသည်။ သူမနောက်ကျောက သုံးထပ်သား နံရံမှာ
တော့ အမေရိကန်မင်းသားချော တွမ်ခရူဇ် လေယာဉ်မှောင်း
ဝတ်စုံနှင့် ညို့ငင်သလိုလို ပြုံးရယ်လို့။

'မဖြစ်နိုင်ဘူးလို့ပြောတာလား၊ ခု မဂ္ဂဇင်းတွေထဲက မယ်
တွေ မင်းတွေမှာပေါ့၊ မင်းလောက်မလှဘူးလို့ သဥ္စာ ပြော
ရဲတယ် သိလား'

'တော်ပါတော့ သဥ္စာရယ်'

ဇော်ဝင်းထွဋ်သီချင်းတစ်ပုဒ် ကောက်ကာငင်ကာ ညည်း
ညူရင်း သဥ္စာ ခုတင်ပေါ် ပက်လက်လန် ကျသွားသည်။
သည်လိုဆိုတော့လည်း ဘက္ကသိုလ်ဆိုတာ ပျော်စရာကြီးပဲ
နော်။

'ဟော့....ဝတ္ထုမြင်းဖတ်ပြီးပြီလား၊ ပြန်အပ်လိုက်ရတော့မလား'

အတွေးစရှည်ရှည် မျှော်လင့်နေရာမှ ကမန်းကတန်း....

'ဟင့်အင်း'

ဟု ဖြေလိုက်ရသည်။

'မဖတ်ရသေးဘူး'

'မဆိုးပါဘူး၊ ဝတ္ထုထဲကအခင်းသမီးက ရေလည်လှတယ်၊ တိုက်ခန်းတစ်ခန်းဝယ်ပြီး တစ်ယောက်တည်းနေတာ၊ တိုရှိတာ တီဗီနဲ့ ဒက်ခ်နဲ့ ကွန်ပက်ဒစ်ခ်နဲ့ အဲကွန်းနဲ့ ကားတစ်စီးနဲ့၊ ကိုယ်တို့လဲ အဲဒီလိုနေနိုင်ရင် ဘယ်လောက်ကောင်းမလဲ'

'အင်းနော်....ဒါပေမယ့် ပျင်းစရာကြီး'

'ဟယ်....ဒီအကြောင်းတော ဘာရှိဦးမလဲ'

အခုမှ အပျိုသင်စ ငှက်ငယ်ကလေးလို သဥ္စာ့ကားတွေကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ငိုးဖြူ နားထောင်နေရသည်။ သည်မိန်းမ နောက်ထပ် အချိန်ဘယ်လောက်ကြာကြာ စကားတွေ အဆက်မပြတ်ပြောနေမှာပါလိမ့်။

'ငါ ရေသွားချိုးလိုက်ဦးမယ်'

သူမက ဟက်ဟက်ပက်ပက် ရယ်လေသည်။

'ဟေး....ကောင်မလေးတစ်ယောက် နားငြီးသွားပြီ' တဲ့လေ။

....ဝ....

အခန်း [ ၂ ]

ကျောင်းတက်စရက်များကတော့ ခြောက်ကပ်ကပ်နိုင်လှသည်။ အပေါင်းအဖော် သတ်သတ်မှတ်မှတ်မရှိ။ ရင်းရင်းနှီးနှီး တိုင်ပင်ဖော်မရှိ။ တစ်ယောက်တည်း သွားလာကျင့်မရှိသည်မို့လည်း အတန်းထဲမှာသာ ငြိမ်ကုပ်နေရသည်။ စိတ်ပညာမှာ ကျောင်းသား ကျောင်းသူများ များများစားစားမရှိသော်လည်း အတန်းအပြင်ဘက် ကော်ရစ်ဒါကို ထွက်လိုက်သည်နှင့် တသီတတန်း ရပ်နေ ထိုင်နေကြသည့် ကျောင်းသားတွေ ရှေ့မှာ ခြေလှမ်းတွေ ခဏခဏမှားရသည်။

တက္ကသိုလ်ကတော့ အစွန်းကုန်လှပသည့်အချိန်။

ရွက်သစ် ရွက်ဖူးသည့် ပင်ပျိုတွေ၊ ပန်းမန်တွေနှင့် သစ်လွင် တောက်ပနေသည့်အချိန်။ နွေစဉ်လို စိတ်ကူးယဉ် အိပ်မက်ခဲ့ရသည့် တက္ကသိုလ်။ ကံ့ကော်မြေ အင်းယျားကမ်းစပ်၊ သစ်ပုပ်ပင်၊ စာကြည့်တိုက်၊ တွဲနှင်းသဘင် အဓိပတိလမ်း စသည့် အထင်ကရတွေကို မြင်တော့ သော်ကို သတိရဖြစ်သည်။

တကယ်တော့ သူနှင့်အတူ သည်လမ်းကို လျှောက်ချင်ခဲ့တာပါသေး။

---

## အခန်း [ ၂၃ ]

အပြာရောင်ခန်းဆီးစ ကာထားသည့်အခန်းထဲ ဝင်လိုက်သည်နှင့် ဘဦးက အကြည့်ဖြင့် နှုတ်ဆက်လိုက်သည်။ နားမှာ [Ear Phone] တပ်ထားသည့် လမ်းလျှောက် ကက်ဆက်နှင့် ခုတင်ပေါ်မှာ ခြေထောက်နှစ်ချောင်းချိတ်လျက်။

'သိပ်ကို ဇိမ်ကျနေတယ်ပေါ့လေ'

'ဟင်'

ဘဦးက အကျယ်ကြီးအော်ကြည့်လိုက်ရင်းမှ နားကြပ်ကို ဖြုတ်သည်။

'ဘာလဲ'

'ဩော်....သိပ်ဇိမ်ကျနေသလားလို့'

'အင်း....ဒီလိုပေါ့၊ ကဲ....ပြောစမ်းပါဦး၊ ရှင်တို့ဖရက်ရှာ ဝဲလ်ကမ်းအကြောင်း ရှင်တို့ ကွင်းနှံ့တွေ ဘာတွေ မရွေးဘူးလား'

'မရွေးပါဘူး'

သဥ္စာ့မျက်နှာ ရှုံ့မဲ့သွားသည်။

'ညံ့ပါ့'

'ဥပဒေကတော့ ရွေးတယ်'

'ရှင့်လောက် မလှဘူးမဟုတ်လား'

'လှပါတယ်၊ နာမည်က ခပ်ဆန်းဆန်းပဲ၊ သျှန့်ဒီဆိုသား စန္ဒီဆိုလား'

'အို သိတာပေါ့၊ ယူ့လောက်မလှပါဘူးကွာ၊ သူ့ဖားသားကြီးက ဟိုက်ဘောစ်လေ၊ ချမ်းသာတယ်၊ သစ်လုပ်ငန်းလုပ်တာ၊ အဝတ်အစားကတော့ တအားဝတ်နိုင်တာ၊ ယူတွေ့ခဲ့တယ် မဟုတ်လား၊ ကျောင်းလာရင် သူ့အိမ်က ဆူပါဆလွန်းနဲ့ လိုက်ပို့တာ၊ သူနဲ့စေ့စပ်ထားတဲ့လူက ကုမ္ပဏီတွေ ဘာတွေ ပိုင်တယ်'

'ဟာ....သိလှချည်လား'

သဥ္စာက ဝံ့ဝံ့စားစားပြုံးလျက်....

သဥ္စာတို့က မိန်းမထဲမှာ အပ်ကျတာက အစသိတယ်'

ဟု ဂုဏ်ယူစွာ ပြောသည်။

'သဥ္စာ....ယူ့နာရီကြိုးကလေးက သိပ်လှတာပဲနော်'

စားပွဲပေါ် တင်ထားသော ရွှေရောင်လက်ပတ်နာရီကလေးကို သဥ္စာက စောင်းငဲ့ကြည့်သည်။ လက်မှ သားရေကြိုး အနက်ရောင် လက်ပတ်နာရီကို ချွတ်ပြီး ခုတင်ခေါင်းရင်း



ဘက်မှာ တင်ထားလိုက်၏။ ခေါင်းရင်းနံရံမှာ သံချက်ဖြင့် ချိတ်ထားသော ကြည့်မှန်ထဲမှ ချေးစဖြင့်အနည်းငယ်နွမ်းချင်သော မျက်နှာတစ်ခုကို မြင်ရသည်။ ဆေးဖြင့်ကောက်ထားသဖြင့် ကြေးညိုရောင်ပေါက်ပြီး ဖွာဆန့်ကြဲနေသော ဆံပင်များကို သိုးမွေးကွင်းအပျော့ဖြင့် စုချည်လိုက်သည်။

'အဲ့ဒါ....ရွှေအစစ်လေ၊ သဥ္စာ့မွေးနေ့တုန်းက ကိုကိုလတ် လက်ဆောင်ပေးထားတာ'

'သဥ္စာ့မှာ အစ်ကိုရှိလား'

'ရှိတာပေါ့၊ ယောက်မတော်ချင်ရင် ကြိုပြောထားနော် တို့ကိုကိုက နံပါတ်ဝဉ်မျှားတယ်'

'အံမယ်....မဟုတ်ရပေါင်'

စကားတပြောပြောဖြင့် အဝတ်လဲရင်း အာရုံထဲမှာလည်း ရွှေရောင်- လက်ပတ်နာရီကြိုးကလေးကို မြင်ယောင်သည်။ ရွှေအစစ်နှင့် နာရီကြိုးမျိုး မေမေ့ထံမှာ ဟိုစဉ်ကတော့ရှိဖူးသည်။ သဥ္စာ့ထံမှ ပိုးဖြူလိုချင်သည့် ပစ္စည်းတွေ အကုန်ရှိနေတာတော့ သူမကုသိုလ်ကံ အကျိုးပေးကိုက ကောင်းလွန်းသည် ထင်၏။ ကိုယ့်မှာတော့ လိုအပ်ချက်တွေ အများကြီး။

သော်သော်သာ ကြားနိုင်လျှင်တော့ ပိုးဖြူ၏ မဆုံးနိုင်သော လိုအင်တွေအတွက် စိတ်ညစ်ညူးလိမ့်ဦးမည်။

'မြို့ထဲရုံမှာ အာနိုးလ်ကား ဝင်နေတယ်၊ ဒီစနေ တနင်္ဂနွေ သွားကြည့်ဦးမယ်၊ ကိုယ်တော့ အာနိုးလ်ကို သိပ်သဘောကျတာပဲ၊ သူ့ဖီးချာနဲ့ စထရပ်ချာကို ရေရေလည်လည်သဘောကျတယ်၊ ရင်အုပ်ကျယ်ကြီးနဲ့ သိပ်ရင်ခုန် ချစ်စရာကောင်းတာပဲ'

ခေါင်းအုံးပေါ်မှာ သတင်းစာကိုဖြန့်ရင်း သူမဘာသာ တစ်ယောက်တည်း ရေရွတ်ပြောနေသည့် သဥ္ဇာ့ကို ပိုးဖြူ မျက်တောင်မခတ် ငေးမော ကြည့်မိသည်။ သည်မိန်းကလေး မှာ ဘာအတွက်မှ ဘယ်လိုအနှောင့်အယှက်မျိုးမှ ရှိအံ့မထင်။ ပြီးတော့ စိတ်ဝင်စားတတ်သည့် အရာတွေကလည်း စုံလင်လှ သည်။ ဘယ်လိုအတွေ့အကြုံမျိုးကိုမှ သဥ္ဇာ မသိဖူးတာမရှိ။ ပိုက်ဆံ အဖြုန်းကလည်း သူတစ်ပါး မျက်လုံးပြူးလောက် စရာ။

'နောက်ပြီး စတေးလ်လုန်းကိုလည်း သဥ္ဇာဘာအားကြိုက် ာ၊ သူ့နှုတ်ခမ်းတွေက ဘာစ်မျိုးကြီးပဲ၊ သူ့မျက်လုံး ည်း သိပ်ညှို့နိုင်တာ။ သဥ္ဇာများ သူနဲ့မျက်လုံးချင်းသာ ဆုံရရင် 'ဒူးတွေညွတ်ပြီး ခွေလဲသွားမလားမသိဘူး'

'ဘာဖြစ်လို့လဲ'

ခေါင်းကို မျက်နှာကြက်ဆီ မော့ပစ်လိုက်ပြီး သဥ္ဇာက တအား ရယ်လေသည်။ ရယ်လိုက်သည့်အရှိန်ကြောင့် သူမ ခန္ဓာကိုယ်နှင့် ဆံပင်တွေက လှုပ်လှုပ်ခါနေသည်က ကြည့်လို့ ကောင်းလှသည်။

'ပိုးဖြူတစ်ခါမှ ရင်မခုန်ဖူးဘူးလား'

'ဟင့်အင်း'

'ဟော့....မညာနဲ့နော်၊ ရည်းစားထားပြီး ချင်မခုန်ဘူး ဆိုတာဘော့ အဓိပ္ပာယ်မရှိဘူး'

'အဘင်းကြီးပဲ'

ရှက်အမ်းအမ်း ပြုံးမိသည်။ သဥ္ဇာ ပြောသည့် ရင်ခုန်ခြင်း အဓိပ္ပာယ်ကို နားလည်လို့တော့ မဟုတ်ပါ။ သိပ်ရှိုးသား



လွန်းသော ချစ်သူကို သတိရစိတ်ဖြင့် ရင်ထဲနွေးပြီး ရှက်မိ သည်။

သော်ကတော့လေ....

ပိုးဖြူလက်ကလေးကိုသာ မဝံ့မရဲ ဆုပ်ကိုင် တတ်သူ ဟုတ်လား။ သည့်ထက်ပိုပြီး အခွင့်တောင်းဖို့ သူကိုယ်တိုင်က ည်းစားမိဟန်မတူပါ။ ပြီးတော့ ပိုးဖြူတို့ မျိုးသော်တို့ အချစ်က ကလေးချစ်။ သံယောဇဉ်ကတစ်ဆင့် ဖြစ်ရသည့် တွယ်တာချစ်။

ဘယ်လို အရူးအမူး ရင်ခုန်တတ်မှာလဲ။

'ပိုးဖြူရေ၊ ညှော်သည့်လာတယ်'

'ဟော'

သဥ္ဇာက ပိုးဖြူထံ ဖျတ်ခနဲ လှမ်းကြည့်သည်။ စပ်စုလိုသည့် မျက်ဝန်းများကို လျှောင်ရယ် ရယ်မိရင်း အခန်းထဲကထွက်လာ ခဲ့၏။

....◉....

## အခန်း ၄၂

အတန်းတွေ ပြီးချိန်မို့ စားသောက်ဆိုင်တန်းမှာ လူသူ ကျိုးတိုးကျဲတဲသာ ရှိသည်။ ယုဒသန်မျှော်စင်သည် တိမ်လိပ် တိမ်စိုင်တွေထဲ မို့မောက်ထိုးထွက်နေသလိုင် မြင်ရ၏။ ဝါး ရုံပင် အရွက်တွေ လေတိုးသံသည် စန္ဒရား ခလုတ်ဖော့ထဲက ထွက်လာသော သံစဉ်တစ်ခုလို မနူးညံ့ပေမယ့် နှစ်သက်ဖွယ် ဖြစ်သည်။ အဆောင်နေ ကျောင်းသူတွေ အုပ်စုဖွဲ့ပြီး လမ်း လျှောက်တတ်သည့်အချိန်။

သော်သော်က ယုဒသန်မျှော်စင်ကြီးကို ငေးငေးမောမော ကြီး ကြည့်နေသည်။ အဲသည် အကြည့်တွေက ပိုဖြူနှလုံးကို



တိုက်ခိုက်စေပါသည်။ သူနှင့်အတူဆိုလျှင် ပိုပျော်မည်ပေါ့ နော်။

'ဆိုင် အခြေအနေ ကောင်းရဲ့လားသော်'

'ကောင်းပါတယ်'

လက်ဖက်ရည်ခွက်ဆီ လက်လှမ်းရင်း သူ ဖြေသည်။

'အခု....ကုန်ဝယ်လာတာပဲလား'

'ဟုတ်တယ်၊ ခု တလော တို့ဆီမှာလဲ စားသောက်ဆိုင် တွေ ပိုခေတ်စားလာတော့ တော်တော် ရောင်းရတယ်၊ လူ တော့ ပိုပင်ပန်းတာပေါ့ဟာ'

'ဟုတ်တယ်၊ နင့်မျက်နှာ နည်းနည်းချောင်ကျ သွား တယ်'

'အဲ့ဒါက နင့်ကိုလွမ်းလို့ပါ'

'အံမယ်'

အံကြိတ်ရင်း မျက်စောင်းတစ်ခု တုံ့ပြန်ဖြစ်သည်။ အဲသည် စကားမျိုး ပြောတတ်သည့် သော်သော် မျက်နှာက ရှက်အမ်း အမ်းနှင့် ချစ်စရာ ကောင်းလှသော်လည်း အဲသည် မျက်နှာ ထားမျိုးကို မြင်ရခဲလှသည်။ သမားရိုးကျ စုံတွဲရည်းစားတွေ ပြောဖြစ်သည့် စကားမျိုးကိုပင် သူ့ထံက မကြားရတတ်ပါ၊ သူဟာ အတော့်ကို ရိုးစင်းပြီး တည်ကြည်လွန်းသည့် လူငယ် တစ်ယောက်ပါပဲ။ သူ့ကို ပိုးဖြူ၏ သူငယ်ချင်းမ အချို့က သဘောကျပြီး၊ အချို့ကတော့ နှာခေါင်း ရှုံ့ကြသည်။

ပိုးဖြူအဖို့တော့ မျိုးသော်သည် ဘယ်လို လူမျိုးစားပဲ ဖြစ်ပစေ။ သူမ၏ နှလုံးသားက သူ့ကိုမှ ငြိတွယ်မိခဲ့ပြီးပြီ။ အဲ့ဒါကိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ဝန်ခံရတော့မည်။

'နင်တောင်စကားတွေ တတ်နေပြီ'

'အင်း'

သူ့မျက်နှာ အနည်းငယ်ငုံ့သွားရင်းမှ....

'ကျင့်ထားရတာလေ'

ဟု လေသံတိုးတိုးဖြင့် ဖြေသည်။

'ဘယ်လို'

'အဲလိုမှ မပြောတတ်ရင် အမှတ်လျော့ခံရမှာစိုးလို့၊ ဒီမှာက ငါ့ထက် နေရာတကာသာတဲ့ကောင်တွေ နင်တွေ့ဦးမှာ မဟုတ်လား'

'ကြံကြံဖန်ဖန်ဟယ်၊ တွေ့တော့လဲ ငါ့မှာ နင်ရှိသားပဲ'

ကျေနပ်ရိပ်ဖြင့် သူ့မျက်နှာ ဝင်းပလာသည်။ ရင်ထဲက စိုးရိပ်စိတ်တွေကို ဖုံးကွယ်ထားတတ်တဲ့ သူ့ကို ကျေးဇူးတင်ရမည်လား။ မချင့်မရဲ ဖြစ်ရမည်လား မသိနိုင်တော့။ သူ့ရည်ရွယ်ဦးတည်ချက်တွေက ပိုးဖြူ တစ်ယောက်တည်း အတွက်သာဖြစ်ကြောင်း သိနေရပြန်တော့ သူ့ကို ကရုဏာ သက်မိပြန်သည်။ ပြီးတော့ လေးစား အားကိုးချင်စိတ်သည် တစ်ခါတရံမှာတော့ ဆရာလုပ်ချင်တတ်သည့် သူ့ကို အမြင်ကတ်ဒိပါရဲ့'

'နင် ပိုလုပ်လာတယ် ကော်ရှပ်'

'တကယ်လား'

'အင်းပေါ့၊ ဒီရောက်မှ အဲသားတွေလဲ ဖြူလာတယ်၊ ဘယ်လိုလဲ အတန်းထဲမှာ စကားလိုက်ပြောတဲ့သူတွေ ရှိမလာသေးဘူးလား'

'နင်က ရှိစေချင်လို့လား'

'အခြေအနေကို ကြိုတွက်ထားတော့ ခံသာတာပေါ့ဟာ'

'တော်စမ်းပါ'



'ဟုတ်တယ်လေ၊ ဟိုက်စကူးတုန်းကလဲ နာမည်ကြီးပြီး ကွင်းနှံတွေဘာတွေ အရွေးခံနေရပြီလား မသိ'

'အမယ်လေး ဝေးသေး၊ ဒီမှာက လူများမျက်စိထဲမှာ ထင်းခနဲနေအောင် ဝတ်နိုင်စားနိုင်မှ၊ ပြင်ဆင်နိုင်မှ၊ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နိုင်တဲ့သူ၊ ထောင်ကျော်တန်ရယ်ဒီမိတ်တွေ ဝတ်နိုင်တဲ့သူမှ'

'ဟာ....ဘာဆိုင်လဲ'

သူသိသိသာသာ မျက်မှောင်ကြုတ်သည်။ မိန်းမများ အားလုံး တစ်တန်းစားတည်း မရှိနိုင်သလို ယောကျ်ားတွေ ကြားထဲမှာလည်း စိတ်ဓာတ်၊ အရည်အချင်း၊ အတွေးအခေါ် ဆိုတာတွေက တညီတည်း မဖြစ်နိုင်ပါ။

ထို့ကြောင့်လည်း သူက ပိုးဖြူစကားတွေကို နားမလည်နိုင်ပါ။ ဆိုင်ခန်း၏ သစ်သားတိုင်မှာ ကပ်ထားသော ဒီမှာခိမိတ်ကပ် ကြော်ငြာထဲကကောင်မလေးကို သူစိုက်ကြည့်ရင်း ပြုံးနေသည်။

'နောက်ပြီး ဒီခေတ်ကြီးထဲမှာ မျက်နှာထက် ကိုယ်လုံးကိုယ်ပေါက်လှတာကိုမှ ပိုပြီး သဘောကျကြတာ၊ ပိုပြီး ဂုဏ်ယူကြတာ'

'ဟာ့'

သူဆိုင်အပြင်ဘက် မျက်နှာလွှဲသွားပြီး နှုတ်ဆိတ်နေတော့သည်။

'ငါ့အတွက် မေမေပိုက်ဆံပေးလိုက်သေးလား'

ထောပတ်သီးဖျော်ရည်ခွက်ကို ဇွန်းဖြင့်မွှေရင်း သူ့ထံ မော့မကြည့်ဘဲ မေးဖြစ်သည်။ သူကလည်း ပိုးဖြူကို မျက်နှာ ချင်းဆိုင်မကြည့်ပါ။

'ဟင့်အင်း၊ နင်လာတုန်းက ငါထောင်ပေးလိုက်တယ်ဆို'

'အမယ်လေး၊ အဲဒီငါးထောင်က တစ်သက်စာ သုံးမကုန်တော့ဘူးတဲ့လား၊ မေမေတို့ကလဲ ငါ့မှာ စျေးတောင်မသွားရဲဘူး'

'ကဲပါ၊ ငါ့မှာ ပါပါတယ်၊ ပိုက်ဆံလိုရင် ငါ့ကိုပြောလို့မှာထားလျက်သားနဲ့'

ကြိုးရှုံ့ကျောပိုးအိတ်ထဲမှ သားရေ ပိုက်ဆံအိတ်ငယ်ကို သူထုတ်သည်။

'ဘယ်လောက်ယူမလဲ'

သူမေးတော့ မျက်နှာအနည်းငယ် နွေးမိသည်၊ ပိုက်ဆံဆိုတာကတော့ အမြဲတစေလိုအပ်နေသည့် အရာတစ်ခုပင်။ သို့ပေမယ့် သူ့လိုကိုယ်က စီးပွားမရှာတတ်။ ထောင့်တင်းသည့် ကျောထောက်နောက်ခံမရှိ။ မြင်သမျှတွေ့သမျှ လိုချင်[illegible]ချည်းမို့လည်း ငွေကို ချွေတာသုံးစွဲဖို့ ဘယ်လောက်သ[illegible]တွေ ချထားပေမယ့် အလွယ်တကူ ပျက်ပြယ်တတ်စမြဲပင်။

'သိဘူး၊ နင်ပေးချင်သလောက်ပေးခဲ့'

'ငါးထောင်ထပ်ယူထားလေ၊ လောက်မယ်မို့လား'

'အင်း....လောက်ပါတယ်'

နှစ်ရာတန်တွေ သူ ရေတွက်ပေးသည်။ လက်ထဲကိုင်ရတာ ပေါ့ပါးသလောက် အားရစရာ မရှိလိုက်ကာဟု စိတ်ထဲ တွေးမိသည်။ ငါးထောင်ဆိုသော တန်ကြေးသည် မနည်းလှသော်လည်း မိန်းကလေးတစ်ယောက်အတွက် စတ်စုံနှစ်စုံဖိုးပင် ကောင်းကောင်းမရချေ။ ပိုးဖြူအတွက် မိတ်ကပ်နှုတ်ခမ်းဆိုးဆေးဆိုတာက မကြာခဏ ကုန်တတ်သည်။ အဝတ်အစား



ဆိုတာကတော့ နေ့စဉ်နှင့်အမျှ အသစ်အဆန်းတွေချည်း။ ကျောင်းတက်ဖို့ဝယ်ထားသည့် ဒီဇိုင်းတွေက ရန်ကုန်ရောက်တော့ မှေးမှေးမှိန်မှိန် ဖြစ်နေပြီ။ နေ့စဉ်နှင့်အမျှ ဆန်းသစ်မှုတွေကြားမှာ နောက်ကျကျန်ရစ်ပြီ။

ကျောင်းကလည်း နေ့စဉ်တက်နေရသည်မို့ မှတ်မိလွယ်သည်။ လူတစ်ယောက်မှာ အဝတ်ဘယ်နှစ်စုံ ရှိသည်ဆိုတာ အလွယ်တကူ သိနိုင်သည်။

'လှချင်တဲ့ စိတ်ကလေးလဲ နည်းနည်းလျှော့၊ အဝတ်အစားတွေချည်း နင်းကန်ဝယ်မနေနဲ့'

'မှားပါဘယ်၊ ပိုက်ဆံပေးရဘာနဲ့တန်အောင် ဆဆုလုပ်တော့မယ်'

'မိပိုး'

နှုတ်ခမ်းကို လက်ဖဝါးဖြင့် ယောင်ယမ်း ပိတ်လိုက်မိသည်။

သေစမ်း....

ဒါဟာ ကျိစယ်သင့်တဲ့ စကားတစ်ခွန်းလား။

'စေတနာကို မစော်ကားနဲ့'

'မပြောရဲအောင်ပါလား၊ နောက်သာပါတဲ့'

'စကားနောက်တာရှားပါ၊ အဲဒါမျိုးမနောက်ကောင်း ဘူးနောက်သို့ မှတ်ထား'

'ဟုတ်ကဲ့ပါ ဆရာ'

တမင် ပြောင်စပ်စပ်မျက်နှာမျိုးဖြစ်အောင် ပြောရသည်။ သည်တော့မှ သူ့မျက်နှာထား အနည်းငယ်လျော့သွားပြီး ပြုံးဖော်ရလာ၏။ သူ့ကိုချော့ရတာ အင်မတန်မှ လွယ်ကူ ရိုးစင်းလှသည့်အတွက် ပျင်းစရာပင် ကောင်းသည်။ သူက တော်

ရုံဖြင့် စိတ်မကောက်တတ်ပါ။ ပိုးဖြူ စိတ်ကောက်နေလျှင် လည်း သူက ချော့ဖို့သိပ်စိတ်မရှည်တတ်ပါ။ ဒါမှမဟုတ် ဘယ်လိုချော့ရမှန်းမသိတာလည်း ဖြစ်မည်။

'စာတွေလိုက်နိုင်ရဲ့လား'

'အိုးဇီးပါ'

'အင်း....လွယ်တယ်ဆိုပြီး အတန်းချည်းလစ်မနေနဲ့'

'အံမယ်၊ အတန်းလစ်ပြီး ငါက ဘာလုပ်ရမှာလဲ'

'ရုပ်ရှင်ကြည့်၊ ဈေးလည်၊ တက္ကသိုလ်ကျောင်းသူတွေ လုပ်နေကျ အလုပ်မျိုးတွေပေါ့'

'နင်က ဘယ်လိုသိ'

သူ မဖြေပါ။ နှုတ်ခမ်းကိုစေ့ထားပြီး အသည်းယားချင်စရာ ကောင်းအောင် ပြုံးနေလေသည်။ သူ့အစ်ကိုတွေက တက္ကသိုလ်ကျောင်းသားတွေမှန်း မကြာခဏ မေ့လျော့နေတတ်၏။

'ပြန်ရအောင်လေ၊ နင့်အဆောင် ပိတ်တော့မယ်'

ဟု လက်ပတ်နာရီကိုကြည့်ရင်း သူပြောသည်။

....⓪....

အခန်း [ ၅ ]

'ဟော...ပြန်လာကြပြီ'

အဆောင်ရှေ့ကံ့ကော်ပင်ပျိုအောက် ခုံတန်းလျားမှာ သဥ္ဇာ့ကိုမြင်လိုက်ရတော့ စိတ်အတော်ညစ်သွားသည်။ သိချင်သော၊ စပ်စုသော မျက်လုံးများကို သူမက ဖုံးကွယ်မထားပါ။ ပွင့်လင်းလွတ်လပ်သည့် စရိုက်နှင့် နေရာယကာသိချင်တတ်သော စပ်စပ်စုစုအကျင့်မျိုး ရောယှက်နေသောသဥ္ဇာကို ပိုးဖြူဘယ်လိုများ မှတ်ချက်ချရမည်မသိ။ စိတ်ထဲမှာ ခင်မင်နေသော်လည်း သူမ၏စရိုက် တချို့တလေကိုတော့ကြောက်ရွံ့မိတာ အမှန်ပင်။

'သဥ္စာလဲ ပျင်းလှန်းလို့ ပိုးဖြူကိုထိုင်စောင့်နေတာ'

'ဟုတ်လား၊ တို့လဲ စကားပြောရင်း နည်းနည်းကြာသွားတယ်'

လူမှုရေးအရ၊ သူတို့နှစ်ဦး မိတ်ဆက်ပေးရမည်ဖြစ်ကြောင်း သိနေလျက် ဘမင် မသိဟန် ဆောင်ထားလိုက်သည်။ သို့ပေမယ့်လည်း သဥ္စာ၏ပါးနပ်ခြင်း၊ အလိုက်မသိခြင်းတို့ကို ပိုးဖြူ မလွန်ဆန်နိုင်ပါ။ သဥ္စာက မျိုးသော်ကို သိဟောင်း ကျွမ်းဟောင်းတစ်ယောက်လို ဟက်ဟက်ပက်ပက် ပြုံးလျက်....

'သဥ္စာက ပိုးဖြူရဲ့အခန်းဖော်ပါ'

ဟု သူမကိုယ်သူမ မိတ်ဆက်နေတော့သည်။ မျိုးသော်က နဂိုနေ အေးဆေးသူပဲ၊ ပြုံးပြီးခေါင်းညိတ်ရုံက လွဲလျှင် စကားတစ်ခွန်းပင် တုံ့ပြန်ဖော်မရပါ။

'ဟုတ်တယ်သော်ရဲ့၊ သဥ္စာက မော်လမြိုင်က ဒီမှာဥပဒေ လာတက်တာ၊သဥ္စာတို့မိဘတွေက ပွဲရုံတွေ ဆီစက်တွေပိုင်တယ်တဲ့၊ ဇာတိကန္နယ်ဝင်တွေပေါ့ကွာ'

'ဟာ....ပိုးဖြူတို့ကတော့ ထည့်လိုက်ပြန်ပြီ၊ မဟုတ်တာတွေ'

အည်အပြောတွေကို သူမ နှစ်ခြိုက်ကျေနပ်မှန်း ပိုးဖြူ သိပါသည်။

'သူကတော့ တို့မြို့က မျိုးသော်တဲ့၊ ပိုးဖြူငယ်ငယ်တည်းက သူငယ်ချင်း၊သူက ဓာတုဗေဒနဲ့ အဝေးသင်လျှောက်ထားတယ်'

'ဟုတ်လား၊ ဘာလို့ ဒေးမတက်လဲ'

သူမဖြေခင်....

'သူက အိမ်မှာ စီးပွားရေးအခြေကျနေပြီ'



ဟု ပိုးဖြူက ၎ဝင်ဖြေရသည်။လူကြီးသူမ ဆရာသမားတွေ အလယ်မှာ ရည်မွန်ယဉ်ကျေးသူအဖြစ် နာမည်ရသော်လည်း မျိုးသော်က ရှယ်ဘူမိန်းကလေးများနှင့်ဆို သိပ်ပြီး စကားမရှင်တတ်ချေ။ ပိုးဖြူကိုယ်တိုင်ကလည်း သူတို့နှစ်ယောက် စကားလက်ဆုံကျသွားမည့်အဖြစ်ကို မလိုလားနိုင်ပါ။ သဝန်ကြောင်သည်ပဲ ဆိုဆို။

'ဟာ....ဘာစ်စနက်စ်မင်း[န်]ဆို ကောင်းတာပေါ့၊ ဒီအရွယ်ကတည်းက ္စီးပွားရေး အခြေခိုင်ပြီဆိုရင် နောက် ကုမ္ပဏီပိုင်ရှင်တွေဘာတွေ ဖြစ်လာတော့မှာ'

'ကျွန်တော်ပြန်ပါဦးမယ်၊ကားမရမှာစိုးလို့'

မျိုးသော်ကတော့ ခပ်ရိုးရိုး၊ခပ်ရှင်းရှင်းပဲ။ အကြောင်းပြချက်မှာလည်း ပကာသန အဆင်းတန်ဆာတွေမပါ။ သို့ပေမယ့် သူမက မျက်နှာပျက်မသွားပါ။ ရယ်ရယ်မောမောနှင့်ပင်....

'ဟုတ်ကဲ့....ဟုတ်ကဲ့'

ဟု ခေါင်းတဆတ်ဆတ်ညိတ်သည်။အဆောင်ရှေ့ခြံဝင်းဝဆီ ပြန်လိုက်ပို့တော့....

'အပေါင်းအသင်းလဲ ကြည့်ပေါင်းဦးနော်'

ဟု မျိုးသော်က မှာသည်။သူ မပြောခင်ကတည်းက သူ့သဘောကို နားလည်ပြီးသားပါ။ သူက အဆင်တန်ဆာတွေကို နှစ်သက်လေ့မရှိတက်သူလေ။

'အင်းပါ၊သူကတော့ ဒီလိုပဲ စကားများတယ်'

'စကားများတာက ကိစ္စမရှိဘူး၊သူများ ဝတ်စားတာတွေ အားကျပြီး အပြိုင်အဆိုင်လုပ်ချင်တဲ့ကိစ္စမျိုး ဖြစ်လာမှာ

စိုးလို၊ သူများဝတ်တာကို မမက်မောနဲ့၊ အားမကျနဲ့၊ ကိုယ်လဲ ကိုယ့်အလှနဲ့ကိုယ်ပဲ'

'အိမ်ငါးငါများ ကလေးကျနေတာပဲ'

'စိုးရိမ်လို့'

နားသယ်ပေပ်ဆံစတွေကို ယေပူတစ်ရှိုက် တိုးဝှေ့သွား၏။ သွားမယ်ဟု တိုတိုတောင်းတောင်း နှုတ်ဆက်ပြီး သူ ထွက်သွား၏။ ခပ်သွက်သွက်လှမ်းသွားသော ခြေလှမ်းများ လျင်မြန်စွာ ဝေးသွားတော့ ရင်ထဲ လပ်ဟာကျန်ရစ်သည်။

သူဟာ ပိုးဖြူရင်ထဲ အေးမြခြင်းတွေကိုသာ ဆောင်နှင်းပေးအပ်နိုင်ခဲ့သူပါပဲ။

⦾

အခန်း [ ၆ ]

'ပိုးဖြူကတော့ သိပ်ကံကောင်းတာပဲ'

သဉ္ဇာ့စကားတွေကိုအထောက်အခံမပြုမိစေဖို့ ကိုယ့်ကိုကိုယ် သတိပေးနေရသည်။ ကျောင်းဆင်းချိန်ကနေ၊ မအိပ်ခင်အချိန် အထိအထိ သဉ္ဇာ့နှုတ်က တတွတ်တွတ်ရေရွတ်နေသောစကား တွေကို အံတောသည်းညည်းခံရ၏။

'ဒါကြောင့် မရှေချောက ကိုယ့်ကို ခေတ်ပုံလားဘောင် မပြချင်တာကိုး၊ ပိုးဖြူရဲ့ ချစ်သူက မဆိုးဘူး၊ ဒီဇိုင်းက သည် တည်ကြည်ကြည်နဲ့၊ လှမ်းမိုးနိုင်မယ့် ပုံစံမျိုး၊ ကိုယ်တို့ကတော့

ယောကျ်ားဆို အသားဖြူဖြူနဲ့ မင်းသားလို ချောမွေ့နေတာမျိုး မကြိုက်ပေါင်၊အသားညိုညိုနဲ့မျက်လုံးအရောင် မှိုင်းမှိုင်းတွေ၊ မျိုးသော်ကို မင်း စိတ်ချမထားနဲ့နော် ပိုးဖြူ၊ အကြိုက်တူတဲ့သူနဲ့ တွေ့သွားမှ'

'တွေ့ပစေပေါ့'

ဂွမ်းဘဖြင့် လက်သည်းရှည်တွေကို ခပ်ဖိဖိ ပွတ်တိုက်လိုက်သည်။တင်ဒါရနံ့သည် ခရေပန်းနံ့နှင့်ရောထွေးလျက်အခန်းတွင်းမှာ ခပ်ဖျော့ဖျော့ မွှေးနေ၏။သဥ္ဇာ့နားမှ စိန်နားကပ်အရောင်သည် မီးချောင်းရောင်ကြောင့် မှန်ထဲကတစ်ဆင့်တဖျိုးဖျိုးတဖျပ်ဖျပ် လက်နေသည်။

'မနှမြောဘူးပေါ့'

'မနှမြောပါဘူး၊ သူက ဆရာလုပ်လွန်းလို့၊ နေရာတကာအဆုံးမတွေများလွန်းတော့ စိတ်ကျဉ်းကျပ်တယ်'

'ဟယ်....အဲဒီဖီလင်က ဘယ်လောက်ကောင်းလဲ'

'ဘာကောင်းတာလဲ'

'သူ့စကားတွေကို နားဝင်ချိုတာ၊သူ့အမိန့်တွေကို နာခံရတာ၊ သူ့စိတ်တိုင်းကျ ဝတ်စား ပြင်ဆင်ရတာ'

'အမယ်လေး....သူ့စိတ်တိုင်းကျသာနေရရင်အဘွားကြီးအိုဒီဇိုင်းဖြစ်သွားမယ်၊ ဆံပင်ရှည်ထား အင်္ကျီရင်ဖုံးနဲ့ ပြည်တွင်းဖြစ် ချိတ်ဆင်နဲ့ မနေနိုင်ပေါင်၊တို့ကတော့ကိုယ့်ကိုနိုင်မယ့်ယောကျ်ားမျိုး မလိုချင်ဘူး၊ကိုယ်ကပဲ နိုင်ချင်တာ'

'အဲဒီနေရာမှာတော့ ပိုးဖြူနဲ့သဥ္ဇာ အကြိုက်ချင်း မတူဘူး'

ပုလဲရည်အ-ရောင် လက်နေသော လက်သည်းဆိုးဆေးကို လက်သည်းရှည်တွေပေါ်သို့ ညီညီညာညာဖြစ်အောင် ဆိုးရ



သည်မှာ တကယ်တော့ သိပ်မလွယ်လှဘူး ထင်သည်။အတော့်ကိုစိတ်ရှည်ရှည်ထားနိုင်ပါမှညီညာလှပသောလက်သည်းလေးတွေကို ရ၏။မှန်ထဲ၊ ကိုယ့်ကိုကိုယ်ကြည့်ရင်း ကျေနပ်ရသောပီတိသည် ဘယ်လိုကြည်နူးမှုမျိုးနှင့်မှ မတူဘူးထင်၏။

'ဟေး....သဥ္ဇာ'

အသံအုပ်အုပ်နှင့် ခေါ်သံကြားလိုက်သည့်အခန်းဝက်ဒနယောက်စလုံး ပြိုင်တူ လှည့်ကြည့်မိကြသည်။ပို ယူပါသား၊ ကျော်က ကျောင်းသူ ခင်အေးကြည်က အိုယ်ပေါက်နဲ့ လက်ထဲမှာ ပွေ့လာရင်း သဥ္ဇာ့ခုတင်ပေါ် စွေ့ သည်။

'ကြည့်ဦးမလား ပိုးဖြူရော'

ခင်အေးကြည်က အထုပ်ကိုဖွင့်ရင်း ပိုးဖြူဘက် မေးဆတ်မေးသည်။ခင်အေးကြည်က အလုပ်တစ်ဖက်နှင့် ကျောင်းတက်နေသူ။အဆောင်မှာ အထည်စတွေကို လပေးရောင်းရင်း တစ်ဖက်တစ်လမ်းက ကျောင်းစရိတ် ရှာပြန်သည်။ပိုက်ဆံကိုသာ မက်မောတတ်သည့် ပိုးဖြူက ခင်အေးကြည်လိုတော့ စီးပွားမရှာတတ်ချေ။

'ဒီတစ်ခါတော့ သဥ္ဇာတို့အကြိုက်ပဲ'

'ဆိုစမ်းပါဦး၊ဘာတွေလဲ'

'ကိုယ်တို့ ကုမ္ပဏီက ကောင်မလေးတစ်ယောက်ရဲ့ အစ်ကို သီကပါလာတာ၊ အင်ဒိုနီးရှား ပါတိတ်တွေ၊ သူ့အစ်ကိုက မလေးမှာ အလုပ်သွားလုပ်ပြီး အပြန်ကျယူလာတာတဲ့'

'ပြပါဦး၊ဘယ်ဈေးတဲ့လဲ'

'ဟယ်...လပေးတော့ မရဘူးတဲ့၊ သူက ပိုက်ဆံချက်ချင်းလို ချင်တာတဲ့၊ ကိုယ်က ရောင်းပေးတဲ့အတွက် နည်းနည်းပါးပါး ပဲ ရမှာ'

မှုံ့..သဥ္ဇာက သွားကျစ်သံဖြင့်....

အကြိုသဥ္ဇာ ဘယ်ဟာနှုန်းက လပေးယူလို့သဲ မအေးကြည်ကလဲ'

ဟု မကြည်မလင်ပြော၏။

ဂွမ်းချုပ်မှာယ်၊ သဥ္ဇာက အမြဲအားပေးနေကျ ဆိုတော့ သည်။တင်ဒါရန်တော့ တန်ဖိုးကလဲ များတယ်လေ၊ထောင့်ကိုး တွင်းမှာ ခပ်ပေ

အရောင်သည်...၊ပိုက်ဆံသေး နှစ်ထောင်သောက်ကို

တဖျို့ဖျို့မွှမ်းသွက ' သဥ္ဇာ့ခုတင်နားကို ဘယ်လိုရောက်သွား ... မသိချေ။ပလတ်စတစ် အိတ်ဖြူထဲမှထွက်လာသော အရောင်နှ အပွင့်အခက်များနှင့် လှပသော အထည်စတွေကို မက်မောစိုးချင်စိတ်ဖြင့် သတိလက်လွှတ်ငေးမော နေသည်မှာ လည်း အချိန်ဘွေ ဘယ်လောက်ကြာသည် မသိချေ။

သဥ္ဇာကတော့ တစ်ထည်ပြီး တစ်ထည် ဖြန့်ကြည့်ရင်း အဆင်တွေ အရောင်တွေ ကြေး ကျိုး၊များ နေလေသည်။ အာရုံထဲမှာ ထောင့်ကိုးရာဆိုသော စကားသံကိုလည်း အပြန်ပြန် အထပ်ထပ် ကြားသည်။

'ပိုးဖြူရေ...ကြည့်ပေးစမ်းပါဦးကွာ၊ ဒီသစ်ခွရောင်လေး ရော၊ သဥ္ဇာနဲ့လိုက်ပါ့မလား'

သဥ္ဇာက ပိုးဖြူကို မော့မကြည့်ပါ။ မျက်လုံးအစုံတွေ အားလုံးက အဆင်ရောင်စုံ ပါတိတ်တွေဆီမှာပဲ ကချစ်ဝဲ၏။

'အမယ်လေးဟယ်၊ သဥ္ဇာတို့ ပိုးဖြူတို့ ကိုယ်ပေါ်မှာဆို ဘယ်လို အရောင်လေးပဲဝတ်ဝတ် လှမှာပါပဲ၊ ကိုယ်တို့သာ



...ကလဲ မလှ၊ ဒါမျိုးတွေကို ဝယ်ဝတ်ဖို့ ပိုက်ဆံကလဲမရှိ ပါဘူး'

'တော်တော် အပြောကောင်းနေ' မခင်အေးကြည်က၊ ...လောက် လုပ်ငန်းတွေအများကြီး ပိုက်ဆံတွေ ဘယ်သွား ...သားမလဲ၊ သဥ္ဇာတို့သာ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတာ'

'ဟဲ့...ဒါနည်းတဲ့ကုသိုလ်လား၊ တို့သာ မိဘကမထောက် ...နိုင်လို့ ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာပြီး ကျောင်းတက်နေ ...သာ၊ ပိုးဖြူ ဟောဒီ ချယ်ရီရောင်လေး ယူပါလား၊ အဆင်လေးကလဲ ယဉ်တယ်၊ ပိုးဖြူ ကိုယ်လုံးကိုယ်ပေါက်နဲ့ ...ို ခါးတိုကလေးချုပ်'

စကားလည်းပြောရင်း ရောင်းကုန်ကိုလည်း အလျှင်းသင့် သလို အစ ထုတ်ရင်း၊ မဆွတ်ခင်က ညွှတ်ခနပြီးသည့် သဥ္ဇာတို့ ပိုးဖြူတို့ကတော့ တွေ့သမျှ အရောင်အသွေး အားလုံးကို ခါးပေါ် တင်ကြည့်ရင်း သဘောကျနေတော့သည်။

'သဥ္ဇာကတော့ ဒီဗေဒါရောင်လေးယူမယ်'

'ပိုးဖြူရော'

ဟု မခင်အေးကြည်က အမေး....

'အေး....ပိုးဖြူနဲ့ သဥ္ဇာ ပုံစံအတူ ချုပ်ရအောင်နော်'

ဟု သဥ္ဇာက အပင့်။

'ပိုးဖြူ ချယ်ရီရောင်လေးယူမယ်'

ထောင့်ကိုးရာ ဟူသော ငွေကြေးပမာဏကို နည်းသည် များသည် တွက်ဆမနေတော့။ စိတ်ကူးထဲမှာ အဆင်အသွေး နှင့် လိုက်ဖက်မည့် ဒီဇိုင်းကိုပါ စဉ်းစားမိပြီးသား ဖြစ်နေ သည်။သိပ်လှမှာပဲဟု ကိုယ့်ကိုကိုယ်ယုံကြည်ထားတော့ စိတ် ချမ်းသာသည်။

'ကျောင်းသူဘဝမှာ ကိုယ့်ကိုကိုယ် လှအောင် ဆင်ပြီး
ကြော့ကြော့လေးနေ၊ ကျောင်းပြီးလို့ လက်တွေ့ဘဝထဲ
ရောက်သွားရင် ဒီအခွင့်အရေးတွေ ရတော့မှာ မဟုတ်ဘူး'

'မခင်အေးကြည့် ကတော့လေ တကယ့်ကို အပြော
ကောင်း'

စျေးရောင်သူ အထုပ်ပိုက်ပြီး အခန်းထဲကထွက်သွားတော့
နှစ်ယောက်သား တစ်ယောက်အဆင် တစ်ယောက် ဝေဖန်ကြ
ရင်း ဘယ်လိုဒီဇိုင်းမျိုး လှမည် ကောင်းမည် ဆိုတာ ဆွေး
နွေး တိုင်ပင်ကြရင်း နောက်ဆုံးတော့ စကားတွေ ဟိုရောက်
သည်ရောက်နှင့် တစ်မိုးချုပ်သွားရပြန်သည်။

[သူများဝတ်စားတာတွေ အားကျပြီး အပြိုင်အဆိုင်လုပ်
ချင်တဲ့ စိတ်မျိုး ဖြစ်လာမှာစိုးလို့]

ဆိုသည့် မျိုးသော်စကားကိုတော့ အရေးမပါလှဘူးဟု
အမေ့မေ့ အလျော့လျော့ ထားခဲ့မိတာ အမှန်ပင်။

....◎....

အခန်း [ ၇ ]

'ပိုးဖြူ အဆောင် ထမင်းစားပြန်မှာလား'

'ဟင့်အင်း....ကင်န် တင်းမှာပဲ စားလိုက်တော့မယ်၊ နေပူ
တယ်၊ မပြန်ချင်တော့ဘူး'

ညနေပိုင်း ကျူတိုရီယယ်ဝင်ရသော အချိန်များသည်
အဆောင်ကျောင်းသူများ အတွက် ကသိကအောက်နိုင်လှ၏။
နေ့ချိုး ထမင်းစားဖို့လည်း လုံလုံလောက်လောက် အချိန်မရ။
ကျောင်းဆောင်တွေမှာဆို ပိုဆိုးသည်။

ထမင်းစားချိန် ကန့်သတ်ထားသည်မို့ တချို့လည်း မနက်
ာကို ဖြစ်သလိုစားကြသည်။ ပိုးဖြူတို့လို အပြင်ဆောင်

သမားတွေကတော့ အကုန်အကျပိုများသည် မှန်သော်လည်း အနည်းငယ် စိတ်လက်ပေါ့ပါးရသည်။

'အဲဒါဆို တို့နဲ့လိုက်စားလေ'

'နေပါစေ မှန်ရယ်'

ထမင်းစားချိန်မို့ အခန်းထဲမှာ လူသူရှင်းသည်။ စိတ် ပညာ အဓိကကျောင်းသူ ကျောင်းသားတိုတာကသည်း လက် ချီး ရနိုင်သည်မို့ ပိုးဖြူအတွက် ခုချိန်မှာ အပေါင်းအသင်း မရှားပါးလှတော့။

သို့ပေမယ့်လည်း မှန်တို့၊ ဇင်မာတို့နှင့် ပိုးဖြူသည် အပေါ်ယံ အရောခြင်းသာ တူနိုင်ပြီး အတွင်းအနှစ်သာ ကတော့ တခြားစီပင်ဖြစ်သည်။

'လာပါဟာ၊ နင်ကလဲ နင်တစ်ယောက်တည်း ကင်န် တင်း ထဲ သွားထိုင်မလို့လား'

'မဟုတ်ပါဘူးဟာ၊ ငါက တရုတ်ခေါက်ဆွဲ ဟာအကြိုက်ဘူး'

ဇင်မာက ပိုးဖြူလက်ကို ဆွဲခေါ်သည်။ မှန်က ပိုးဖြူ လွယ်အိတ်ကို ဆွဲယူသည်။ အခန်းထဲမှာ မိန်းကလေးတွေ နည်းပါးသည်မို့လည်း စည်းစည်းလုံးလုံးနှင့် ခင်မင်မိကြ သည်ထင်၏။

ပိုးဖြူကတော့ ဇင်မာနှင့် မှန်မှန်တို့ နှစ်ယောက်ကြား မှာ ဟသာတွေအလယ်က ဗျိုင်းငှက်တစ်ကောင်လိုပင် ခပ်ရွံ့ ရွံ့ ရှိလှသည်။

'အမယ်....ဒီနေ့တရုတ်စာမဟုတ်ဘူးဟ၊ ဘိုစာ၊ DREAM မှာလေ၊ ကိုမင်း ကျွေးမယ်တဲ့၊ လာစမ်းပါဟာ'

ငြင်းမယ့်သာငြင်းရသည်။ ကိုယ့်ဘက်ကလည်း ခပ်ပ ပါမို့ နောက်ထပ်တစ်ခါ မငြင်းဖြစ်တော့။ ခဲသားရော



အလင်းရောင် ကာကွယ်ထားသော ကားတွေကလည်း တခမ်း တနား။ နောက်ပြီး နာမည်ကြီး စားသောက်ဆိုင်တွေမှာ စားအစာတွေကလည်း ဆန်းဆန်းပြားပြား။

'ကျူတိုရီယယ်သာ မရှိရင် ဗိုလ်ချုပ်ဈေး ဝင်ကြည့်ချင် တာ'

'ဟေ့အားကွာ၊ အခု စိန်မိုက်ကယ်လ် အဆင်သစ်တွေ လှမှ လှပဲ'

ပိုးဖြူလက်မောင်းကိုချိတ်ထားသောဇင်မာ့လက်ကောက် ဝတ်မှာ ဒီဇိုင်းလှလှနှင့် ဟင်းနီချိန်း အပျော့ကလေးက တလှုပ်လှုပ် ဟယမ်းယမ်း။

ခြေချောင်းလေးတွေမှာ စွပ်ထားသော ရွှေကွင်းသေး သေးလေးတွေကလည်း ချစ်စရာ။ ပြီးတော့ ကြိုးတွေအများ ကြီး ပါသည့် ခွာမြင့်ကွင်းထိုးဖိနပ်။

မှန်မှန့်လည်တိုင်က အသည်းပုံ စိန်လော့ကတ်ကလည်း တဖျပ်ဖျပ် တလက်လက် အရောင်တွေထွက်လို့။

'ပိုးရေ၊ မြန်မာစာကကောင်တွေ မင်းကို ကြည့်နေတယ်၊ တွေ့လား'

စကားသံနှင့် တစ်ဆက်တည်း ရယ်သံကို ကြားရသည်။ မှန်မှန့်အသံက ခပ်အက်အက်။ ဇင်မာ့ အသံကတော့ ရူးရူး ရှရှ။

'နားစမ်းပါ၊ ဘိုးတော်ဘုရား ဒီဇိုင်းနဲ့ မလှပါဘူး၊ ပိုးကို ကိုးပင်းဘော်ဒါတွေနဲ့ မိတ်ဆက် ပေးခိုင်းရမယ်၊ သိန်းပင်းနီတော့၊ ဘစ်စ်နက်စ်မင်းနီတွေ သိလား'

'ဟော့ မိမှန်၊ အရမ်းကြီးစွတ်တင်မနေနဲ့၊ ပိုးချစ်ချစ်ကြီး မင်းကို လက်သီးနဲ့ ထိုးနေဦးမယ်'

'ကိစ္စမရှိပါဘူး၊ သူက သဘောထား ကြီးပါတယ်'

သုံးယောက်သား မျက်နှာချင်းဆိုပြီး ရယ်ဖြစ်ပြန်သည်။

လှေကားထစ်တွေကို ရင်ပေါင်တန်းပြီးဆင်းသည်။ သူမတို့ကြောင့် လမ်းပိတ်ပြီး ကသီကအောက် ဖြစ်ရသည့် ကျောင်းသားတွေကို ရယ်ပွဲဖွဲ့သည်။

ကျောင်းဆောင် ပေါ်တီကိုအောက်မှာရပ်စောင့်နေသည့် မွန်မွန့် အချစ်တော်ကြီးကို လှောင်သလိုလို ရယ်စရာလိုလို မြှောက်ပင့်ပြီး နှုတ်ဆက်ကြသည်။ ပြီးတော့....

'ကိုမင်း ဆလာမီကျွေးမယ်ဆိုလို့ သူငယ်ချင်း တွေပါ ခေါ်လာတယ်'

ဟု မွန်မွန့်အပြောမှာ ဇင်မာက ကိုမင်းမမြင်နိုင်အောင် ပိုဖြူးကို လက်ကုတ်ပြီး မျက်စပစ်သည်။

'ရှုပ်ရှင်ပါပြမယ်'

ဆိုတော့....

'အကြံအဖန်'

ဟု ဇင်မာက မိုးဖြူကို တိုးတိုးကပ်ပြောပြီး နှစ်ယောက်သား ကျိတ်ရယ်ကြ၏။

ရေတမာပင်တန်းတွေကို ခဏထားရစ်ခဲ့ပြန်သည်။ မွေးရပ်ဇာတိဆိုတာကို သတိရဖို့တော့ ဝေးသေး၏။

ငယ်ကချစ်သူကို မေ့လျော့နေသည်ဆိုလျှင် သူ့ စိတ်ဆိုးမည်လား။

ခွင့်လွှတ်နိုင်ပါ့မလား မသိတတ်နိုင်။

....ⓞ....

အခန်း [ ၈ ]

ဘွန်ဂျိုဗီ၏ တေးသွား တိုးတိုးပျံ့လွင့်နေသည်။ ခပ်နိမ့်နိမ့် အမိုးအောက်မှာ အသက်ရှူ ကျပ်ချင်စရာပေမယ့် ပိုးဖြူက ...ပြီး ဘယ်သူမှ စိတ်အနှောင့်အယှက် ဖြစ်ဟန်မရှိချေ။

ပေါင်မုန့်မီးကင်၊ ကြက်ဥကြော်၊ အသားလိပ်နှင့် အသီး ...နှံတချို့ကို ရောနှောစားရသည်မှာ အာသာပြေလောက် ...ရာ မရှိ။

စိတ်ထဲ နှစ်နှစ်ခြိုက်ခြိုက်လည်း မရှိလှချေ။ ပကာသန ...ဆိုတာကို ဘယ်လောက်ကြီးပဲ ခံမင်သော်လည်း ငယ်စဉ် ...တည်းက အရိုးစွဲနေခဲ့သည့် ဓလေ့နှင့် အကြိုက်ကိုတော့ ဖျောက်ဖျက်မရနိုင်။

မွန်မွန်နှင့်ဇင်မာက ဇွန်း၊ ခက်ရင်းကို လှပစွာ ကိုင်တ
သုံးတတ်သည်။ နှုတ်ခမ်းဆိုးဆေး မပျက်အောင် အသ
ငင်ကို လှီးဖြတ် စားတတ်သည်။ သူတို့ လက်ချောင်း
မှာသည်း အရောင်တွေက တဖိတ်ဖိတ် ဘာလက်လက်။

ဘယ်ဘက်လက်ခလယ်မှာ ဝတ်ထားသော စိန်ခြယ်ပ
လက်စွပ်ကလေးကို ဘယ်သူမှမသိအောင် မကြာခဏ ငုံကြ
မိသည်။ မိုးဖြူတို့မိသားစုအတွက် နောက်ဆုံး ကြွင်းကျ
ရစ်သော အဖိုးတန်ဆုံး လက်ဝတ်ရတနာ။

အသည် ရတနာကပဲ အများကြားထဲမှာ အတန်အသ
တော့ တင့်တင့်တယ်တယ် ဖြစ်စေနိုင်သည်ဟု မိုးဖြူက ထ
သည်။

မိုးဖြူနှင့်အနီးဆုံးစားပွဲမှ အုပ်စုကတော့ ကျယ်ကျ
လောင်သောင်းရယ်မောလျက် ဘာတွေများ မနောခွေ့
ကြသည်မသိ။

မွန်မွန် အနားကပ်ပြီး တတွတ်တွတ် စကား တွတ်ထို
နေသည့် သဘော်သားကြီးကို ဇင်မာက မိုးဖြူဘက် လှည့်ပြီ
တိုးတိုးကျိတ်ကျိတ် ဝေဖန်နေသည်။

ဝင်ငွေကတော့ မက်လောက်စရာပေါ့ကွာ၊ ဒါပေမယ်
ရုပ်ကတော့ သိပ်မလှပါဘူးနော်၊ ရှင်ဘယ်လိုထင်လဲ၊ မာ
ကတော့ နိုင်ငံခြားကားတွေထဲကလို စိတ်ကူးကြည့်ချင်မျ
လေးမှ သဘောကျချင်တာ'

'ဒါကတော့ အကြိုက်ချင်း ဘယ်တူပါ့မလဲ ဇင်မာရယ်
ပိုက်ဆံဆိုတာကလဲ အရာရာကို လွှမ်းမိုးနိုင်တာပဲ မဟု
ဘူးလား'

'ဟင့်အင်း၊ ပိုက်ဆံဘာလုပ်မှာလဲ'



'ဪ....ဒါကတော့ ရှင်က အမြဲရေလျှံနေတဲ့ သူကိုး'
'မွန်တို့က ပိုတောင်လျှံသေး'
'ဒါတော့မပြောတတ်ဘူးကွာ၊ မြကိုစိန်နဲ့ရံချင်တဲ့ သဘော
ဖြစ်မှာပေါ့၊ ဒါပေမယ့် ရှင်ထင်လား၊ မိမွန်ကတော့ ပုံပြော
နေတာ ဖြစ်ချင်ဖြစ်မှာပေါ့'

'အင်း၊ ဖြစ်နိုင်တယ်နော်'

နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တခိခိကျိတ်ရယ်
စဉ်မှာ ...

'ကိုမင်းအောင်'

ဟူသော နှုတ်ဆက်လိုက်သံကို ကြားရသည်။

... ...

## အခန်း [ ၅ ]

'ဟာ ...ကိုအောင်ကျော်ဦး'

သည့်အက်ပိုင်းကို ရိုပ်ခနဲဝင်လာသော သဏ္ဍာန်တစ်ခုကြောင့် ပိုးဖြူတို့ စကားစပြတ်တောက်သွားသည်။ သက္ကလတ်ဘောင်းဘီမျှည်နှင့် သရီးရိုင်စပို့ရှပ် လက်ရှည်နှင့် သန့်ပြန့်ပြီး မွန်ရည်ပုံရသော ပုဂ္ဂိုလ်တစ်ဦးက ပိုးဖြူတို့ မိန်းကလေးတွေဘက် မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ကိုမင်းအောင်နှင့် ဝမ်းသာအားရ စကားတွေ ဆိုနေလေသည်။

သည့်တော့ ပိုးဖြူတို့ မိန်းကလေးသုံးဦးလည်း ကျိတ်ပိုင်းကလေး ပြန်စကြပြန်သည်။ ခဏနေတော့ ကိုမင်းအောင်က မွန်မွန်နှင့်ညွှသည်ကြီးကို မိတ်ဆက်ပေးသည်။



'သူတို့ကတော့ မွန်မွန့်သူငယ်ချင်းတွေ ပိုးဖြူတဲ့၊ ဇင်မာတဲ့၊ ဆိုက်ကိုကပဲ၊ ပိုးတို့လဲမှတ်ထားပေါ့၊ ကိုအောင်ကျော်ဦးတဲ့၊ ဆေးလိပ်ဗားအိမ်ဆောက်ပစ္စည်း ကုမ္ပဏီက'

'ဟုတ်ကဲ့၊ အကူအညီလိုရင်လဲ ပြောကြ'

အသိအမှတ်ပြု စကားတစ်ခွန်းသာ ဆိုပြီး နောက်ထပ် စကားမဆက်စပ်ဖြစ်တော့။ မြို့ပြယဉ်ကျေးမှုနှင့် တဖြည်းဖြည်း ကျွမ်းဝင်လာပြီဖြစ်သော ပိုးဖြူအတွက် လူတစ်ဦးတစ်ယောက်နှင့် ရင်းနှီးရဖို့ သိပ်ပြီး ခဲခဲယဉ်းယဉ်း ဖြစ်မနေတော့။

လူကြားထဲမှာ စကားပြောဖို့ ရှိန်နေတတ်သည့် အကျင့်မျိုးတွေလည်း ခုတော့ ပျောက်ကွယ်သလောက် ဖြစ်နေပြီ။ သို့ပေမယ့် လည်း မွန်တို့၊ ဇင်မာတို့လို နှုတ်သွက် လျှာသွက် အရောတဝင် မပြုတတ်သေး။

'ကိုကိုကြီးက ဒီဇိုင်းသန့်တယ်နော်၊ စိတ်ဝင်စားစရာလေး'

ဇင်မာက ပိုးကိုလက်ကုတ်သည်။ သည်စကားမျိုးတွေကို ခုတော့လည်း အဆန်းတကြယ် ဖြစ်မနေတော့။

'လုပ်ရှားလိုက်လေ'

'ပိုးရှင်ရှိသည်ဆိုရင် ဘယ်လိုလုပ်မလဲ'

'အဲဒီတော့လဲ အနိုကတ်ပြလိုက်ပေါ့ကွာ'

'ဟေ့ ....ဘာတွေတိုင်ပင်နေကြတာလဲ'

နိုင်ငံခြားတေးသွားတွေ ခပ်မှိန်မှိန် လွင့်မျောနေသော အခန်းကလေး တစ်ခုအတွင်းမှာ သူ့အစုအဖွဲ့နှင့်သူ စကားသံ၊ ရယ်သံ၊ လှုပ်ရှားသံများဖြင့် အသက်ဝင်နေသည်။

လူတွေအားလုံးလည်း ကိုယ်စီပျော်ရွှင်စရာတွေ ရှိနေသည်ထင်၏။ ဇွန်းခက်ရင်းကို ကြွကြွရွရွကလေး ကိုင်ရတာကိုက အရသာတစ်မျိုး။ သည်အိပ်မက်တွေ ဘယ်တော့များ လွင့်ပြယ်လေမည်လဲ။

'ဩော်....ကိုညွှန့်ကြီးကို ချီးမွမ်းနေတာပါ၊ အသံနဲ့စားပဲနော်'

'နင်စိတ်ဝင်စားလို့လား မာ၊ ငါ ကိုမင်းကိုမေးလိုက်မယ်လေ'

မာက လှပဲစွာ နှာခေါင်းရှုံ့သည်။

'အဲလောက်သတ္တိမရှိပါဘူး၊ ရန်နိုင်က ငါ့ကို လည်ပင်းလာညှစ်မှာပေါ့'

'နောက်ဆုံးတော့လဲ မလွန်ဆန်ရဲဘူး မဟုတ်လား'

'အဲဒါ အချစ်ကွ'

'သွားစမ်းပါ ဘာကိုချစ်တာလဲ၊ ခရေပွင့်တွေကိုလား'

တက္ကသိုလ်ကျောင်းသူ အသစ်စက်စက်ကလေးတွေမှာ ရင်ခုန်စရာဇာတ်လမ်းကိုယ်စီနှင့် ဖြစ်ကြောင်း အမြင်လူတွေ အသိမခံချင်ကြပါ။

အံ့ဩစရာလား။ ရယ်စရာလားတော့ မသိ။ ကျောင်းစတက်မှသာ အသိအကျွမ်း ဖြစ်ခဲ့ကြပေမယ့် သိပ်မကြာခင်မှာ သက်ဆိုင်သူတွေနှင့်ပါ တရင်းတနှီး သိကျွမ်းခဲ့ကြပြီး၊ ကွယ်ရာမှာတော့ ရည်ရွယ်ထားသူတွေကို ခဏမေ့လျော့ ထားလျက် နောက်ထပ်ရင်ခုန်စရာအသစ်အဆန်းတွေကြားမှာ ပျော်ချင်ကြပြန်သည်။

ငယ်သူတွေမို့ မရင့်ကျက်နိုင်ကြသည်လား။

ပြန်ခါနီး နှုတ်ဆက်ကြတော့....



'ကျောင်းဘက်လာလည်ပါဦး'

ဟု ညွှန့်သည်ကြီးကို မွန်မွန်က ဖိတ်ခေါ်နေသေးသည်။ ညွှန့်သည်ကြီးက သူ့ကုမ္ပဏီ လိပ်စာကတ်ပြားနှင့် ငွေရောင်သော့ချိတ်ကလေးတစ်ခုဆီ လက်ဆောင်ပေးသည်။

'ကိုအောင်ကျော်ဦးက သူတစ်ယောက်တည်း ကိုရီးယားတွေနဲ့ ဖက်စပ်လုပ်တာ၊ သူတို့မျိုးရိုးစဉ်ဆက်က တော်တော်ချမ်းသာတာ၊ ခရေပင်လမ်းထိပ်မှာ သူပိုင်တဲ့ခြံကွက် ခုဆိုသိန်းတစ်ရာကျော်တန်နေပြီ'

ဟု ကိုမင်းက ကားပေါ်မှာပြောတော့....

'လူပျိုလား'

ဟု ဇင်မာက ပခုံးတွန့်မေးသေးသည်။ ကိုမင်းက မဖြေပါ။

## အခန်း ၁၀

'...ဇဗ္ဗာဂဲလ် နှုတ်ခမ်းဆိုးဆေးရှိလား'

'သုံးရာ့ငါးဆယ်'

'ဟော့....ဒီကာလာလေးက အဆန်းလေး၊ ဒါလေး ဝယ်မယ်ကွာ'

စနေနေ့ ဗိုလ်ချုပ်ဈေး၏ အခဲ့အလာအမှ လူတွေ ကြိတ်ကြိတ်တိုး စည်ကားခြေ၊ မြင်သမျှ အဝတ်အထည်။ အလှ ...န်။ လက်ဆောင်ပစ္စည်းကအစ လက်မှာကိုင်မိလျှင် ပြန်မချ ...။



အိတ်ကြီးအိတ်ငယ်တွေ လက်မှာဆွဲပြီး ဈေးဝယ်သူတွေကို အသားကျရင်း အဝတ်အထည် အဆန်းတွေကို မက်မောလိုချင်ရင်း ဈေးလည်ရသည့်အရသာကို ပိုးဖြူ မက်မောတတ်နေပြီ။

'ဟော...တို့ သုံးယောက်လုံး နှုတ်ခမ်းဆိုးဆေး အရောင်တူ ဆိုးကြမယ်ကွာ၊ ဆံပင်လဲ တညီတည်း ညှပ်ကြမယ်'

'ဒါဆို ငါရွေးထားတဲ့ အရောင်ကလေးနော်'

'ပိုး နှုတ်ခမ်းဆိုးဆေး မဝယ်ဘူးလား'

ဇင်မာက တစ်ခါတစ်ရံမှာ အလိုက်မသိတတ်ပါ။

'ငါ့မှာ ပိုက်ဆံအပို မပါဘော့ဘူး'

'ဟယ်....မပါလဲ နောက်မှပြန်ပေးပေါ့၊ ငါစိုက်ထားမှာပေါ့၊ ပိုး ဝယ်ချင်တာဝယ်၊ မှန်စိုက်ထားမယ်၊ အခုမရှိလဲ အိမ်ကပိုက်ဆံပို့လိုက်မှ ပြန်ပေးပေါ့'

ဟုတ်သားပဲနော်။

အိမ်ကပိုက်ဆံမပို့နိုင်ခတောင် သော်ကြာကုန်လျှင် ရန်ကုန်ဆင်းလာမှာပဲ။ သို့သော်လည်း သည်တစ်လ အသုံးစရိတ်က အဘော်ကို များနေပြီ။ ခုလည်း ကောင့်နှစ်ရာဘန်အကျီတစ်ထည် ဝယ်ဖြစ်သေးသည်။

အခောင်မှာလည်း လပေးအထည်တွေ ဝယ်ထားဖြစ်သေးသည်။ နောက်ထပ်လိုချင်တာတွေ ရှိမလာဘူးဟုလည်း မပြောနိုင်ပါ။

'အင်း....ဝင်ငွေကောင်းကောင်းနဲ့ အလုပ် တစ်ခုခုရရင်တော့ ကောင်းသား'

'ဘယ်လိုစိတ်ကူးတွေ ရနေပြန်ပြီလဲ ပိုး'

မာက ရတနာဆိုင်တန်းတွေဘက် ငေးရင်းမောရင်း မေးသည်။

'ဩော်....ကျောင်းစရိတ်ရော့ အဝတ်အစားဖိုးရောဆိုတော့ မိဘကို အားနာရတယ်လေ၊ ကိုယ့်ဝင်ငွေနဲ့ ကိုယ်ဆိုတော့ အားနာစရာ မလိုတော့ဘူးပေါ့'

'ဟာ....တို့က ပညာသင်ချိန်တုန်းအခါချိန်ပဲကွ၊ ဘွဲ့ရပြီးလို့ ကိုယ်ပိုင်အလုပ်အကိုင်နဲ့ ဖြစ်လာရင်တော့ အမိအဘကို ပြန်ပြီး ကြည့်ရမှာပေါ့'

'တော်စမ်းပါ မိမာရယ်၊ သူများ သာမှ ခေါ်ရအောင် အပိုတွေ ပြောမနေစမ်းပါနဲ့၊ နင် ကျောင်းပြီးအောင်တောင် ခံပါ့မလား'

ဇင်မာ ပခုံးတွန့်ပြီး ရယ်လေသည်။ ဈေးအလယ် လမ်းမကြီးပေါ်မှာ ခြေချင်းထပ်မျှ ခြေအစုံတွေ ရှုပ်ထွေးလျက် တွန်းတွန်းတိုက်တိုက် သွားလာနေကြရသည်။ အထည်ဆိုင်၊ ကလေးအဝတ်၊ အလှကုန်၊ လက်ဝတ်ရတနာ၊ နောက်ဆုံး လမ်းဘေး ဗယာကြော်သုပ်ဆိုင်ကအစ လူတွေ ကျပ်ကျပ်ခဲခဲ ဘယ်လိုများ ပိုက်ဆံတွေ ပေါများနေကြပါလိမ့်။

ပိုးဖြူနှင့် အနီးကပ်ဆုံးမှာ ရှိနေသည့် ဇင်နှင့် မွန်မွန်ပင် ကျောင်းသူတွေဘဝမှာ ငါးရာတန်စက္ကူထပ်တွေ ကိုင်သုံးနိုင်ကြသည်။ ကြားဖူးသလို ရွှေဘဝကုသိုလ် အကျိုးပေးသက်သက်တော့ ဟုတ်မည်မထင်ပါ။

ငိုးဖြူတို့ မိသားစုကတော့ အစိုးရ အမှုထမ်းများပီပီ ကို စစ်စစ်စီစီ စုဆောင်းသုံးစွဲတတ်သည်။ ဖေဖေရှိစဉ်က ဖ ရာထူး အရှိန်အဝါကြောင့် ပိုးဖြူတို့ မိသားစု



တော်ကြီးကို ချောင်ချောင်လည်လည် နေနိုင် စားနိုင်ခဲ့လသည်။

ပတ်ဝန်းကျင် အသိုက်အဝန်းတစ်ခုမှာ ဩဇာညောင်းခဲ့သည်။ လူသူလေးစားခံခဲ့ရသည်။ ဖေဖေဆုံးပါးစကလည်း မမေ၏ ကျစ်လျစ်စွာ စုဆောင်းတတ်သည့် အလေ့ကြောင့် ိုးဖြူတို့ အနေအစား မပျက်ခဲ့။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာစွာ ဇနီး ကောင်း တစ်ယောက် ပီသခဲ့သော မေမေက စီးပွားရေး တစ်ခုခုကို တော့ ဦးဆောင် ဦးရွက်မပြုနိုင်ခဲ့။ မမကြီး ဘွဲ့ရတော့မှ တစ်စစီ ပြိုကွဲပြီး အခြေက လဲတော့မည့် စီးပွားရေးကို မမ ကြီးက ဦးစီးကြိုးကိုင်ခဲ့သည်။

ခုထိတော့ အကောင်းချည်း မဆိုနိုင်သေး။ မိန်းမသား အများစုဆိုတော့လည်း ထင်သလောက်ခရီးမပေါက်နိုင်သေး။ ိုးဖြူကိုယ်တိုင်လည်း မမကြီးလို အခြေအနေ တစ်ခုကို တွန်းလှန်ပြီး စွန့်စားထူထောင်ရဲသည့် သတ္တိထူးမျိုး ရချင်လှသည်။

သို့သော်လည်း ပိုးဖြူက မမကြီး ဝေဖန်သလို ကောက်ရိုးမီး....။

'ဟာ....မိန်းမ၊ မေးနေတာ မကြားဘူးလား'
'အင်....ဘာလဲ'
'ဘဲပေါင်းဆီချက် စားမလားဆို'
'ဩော်....အင်း၊ စားလေ'
'မိပိုးတို့များ သိပ်ပေသီးတွက်တာပဲ'

ပြောပြီး မှန်က နှာခေါင်းရှုံ့ ရယ်သည်။ သူမစကားကို ပြန်လှန် ငြင်းဆန်ဖို့ အင်အားမရှိ။ အကြောင်းပြချက်မရှိ။

'ပိုက်ဆံတွေ အများကြီး ရချင်တယ်ဟာ'

## အခန်း [ ၁၁ ]

လယ်ကွက်များ အားလုံး ရိုးပြတ်များဖြင့် ပြည့်လျက်ခြောက်သယောင်း ကွဲအက်နေသည်။ အရာအားလုံးသည် ဖုန်လိမ်းလိမ်း ကပ်လျက် ညစ်နွမ်းလှသည် ထင်၏။ ဆေးဆိုးထားသော နွတ်ခမ်းမှာပင် ဖုန်မှုန့်တွေ လာပြီး ကပ်နေသလိုပင်။

ဥဩငှက်၏ တေးသံသည် ကံ့ကော်တောမှာလို ဆွတ်ပျံ့ယ် မကောင်း။ မြင်းလှည်းများ၊ ဆိုက္ကား၊ စက်ဘီးများဖြင့်သာ စည်ကားသော မြို့ငယ်ကလေးသည် ရန်ကုန်ဆိုသော မြို့တော်ကြီး အလယ်က တက္ကသိုလ်ဝင်း တစ်ခုစာမျှပင် မကျယ်ပြောဟု ထင်ချင်လာသည်။

ကြည့်လိုက်စမ်းပါဦး။

နေရာတကာတိုင်း ခြောက်သွေ့လို့။ နွားချေးနံ့ ကြောက်ကပ်သံ ခြေသံ၊ မြင်းခွာသံ၊ စက်ဘီးဘဲလ်သံ။ ပြီးတော့ ခပ်ခွတ်စုတ် ကက်ဆက်တစ်လုံးမှ ထွက်လာသော အက်ကွဲကွဲ တေးဂီတသံ။ ၃၈-နှစ်မျှ နေခဲ့ရသော ဇာတိမြို့မှာ ဘာကြောင့်များ နေချင်ဖွယ်မရှိ ဖြစ်ရသည်ဆိုတာ ပိုးဖြူကိုယ်တိုင် အံ့ဩတကြီး ဖြစ်မိသည်။

မြို့ပြက သည်မျှဖမ်းစားနိုင်သတဲ့လား။ မြို့ပြယဉ်ကျေးမှုဆိုတာ သည်မျှ ရူးသွပ်စေသည်တဲ့လား။

ရောင်စုံ ကားကြီးကားငယ်များ ဝင်ထွက်ရာ ခြံသော့တံခါးဝသည် မြို့ငယ်ကလေး၏ ခံ့ညားမှုနှင့် တသီးတခြားပင် ဖြစ်သည်။ ကံ့ကော်စိန်ပန်းအရိပ်၏ အေးမြခြင်းကိုပဲ စက္ကန့်မလပ် သတိရနေလျက် ကုက္ကိုပင်အုပ်အုပ်၏ အရိပ်အောက်မှာ မမေ့ပျော်နိုင်အောင် ဖြစ်ရပြန်သည်။

သို့ပေမယ့်လည်း တက္ကသိုလ် ကျောင်းသူတစ်ဦး၏ ဂုဏ်ကျက်သရေနှင့် လျော်ညီစွာ အသိုက်အဝန်း အလယ်မှာခေါင်းမော် ပျံလွှားနိုင်ခဲ့သည် ကတော့ ခံစား ပျော်ပါသည်။

အဲသည်အသိုက်အဝန်းထဲမှာ ပိုးဖြူ၏ ချစ်သူတစ်ယောက်တော့ဖြင့် မပါဝင်ပါ။



အခန်း [ ၁၂ ]

'နှင် သိပ်ပိန်သွားတာပဲ သော်ရယ်'

သူက လျော့ရဲရဲအပြုံးတစ်ခုဖြင့်....

'နှင်ကတော့ သိပ်လှလာတယ်'

ဟုဆိုသည်။ မျိုးသော်နှင့် ပိုးဖြူတို့၏ ပြန်လည်တွေ့ဆုံခန်းသည် မျှော်လင့်ထားသလို ကြည်နူးဆွတ်ပျံ့ဖွယ် မကောင်းလှပါ။ သို့သော်လည်း စိမ်းကား အေးစက်ခြင်းမျိုးလည်းမဟုတ်ပြန်ပါ။ ဇာတိမြို့နှင့် သဟဇာတဖြစ်အောင် ပြန်ပြီး လေ့ကျက်နေရသောပိုးဖြူအဖြစ်ကို မျိုးသော်က ကြိုတင် သိနားလည်

နှင့်ခြင်းကသာ သူမတို့နှစ်ဦးကြားမှာ တစ်မျိုးတစ်မျ
ဆန်းဖြစ်နေ၏။

တောင်မရွေးပွင့်တွေက တဝဲဝဲကာ ဝေ လွင့်ကျလ
၏။ သဲမှုန်များကို သယ်ဆောင်လာသော လေပွေတစ်ချက်
ဖြတ်သွားတိုင်း ပိုးဖြူ အသက်အောင့်ထားရတတ်၏။

'မြို့မှာနေတော့လဲ မြို့သူပေါ့၊ မြို့ကြီးမှာနေတော့လဲမြို့ကြီ
သူပေါ့၊ နောက်ပြီး တက္ကသိုလ်ကျောင်းကြီးကို ပြန်ရောက်
တော့ ကျောင်းတော်သူကြီးပေါ့'

ပိုးဖြူမျက်စောင်းဝင့်တော့ မျိုးသော် ဟက်ဟက်ပက်ပက်
ရယ်လေ၏။

'နှင့်ကိုငါ ဒီစကားတွေ အဓိပ္ပာယ်မဲ့ ပြောနေတာမဟုတ်
ဘူး မိပိုး၊ နှင့်ရဲ့ အပြင်အဆင်အခြယ်အသတွေက တက္ကသို
ကျောင်းသော်သူတစ်ဦးထိုက်ထိုက်တန်တန် ဖြစ်လာလို့ ငါ
ကျေနပ်မိတာပါ၊ နှင့်ရဲ့ အတွေးအခေါ်တွေရော တက္ကသို
ကျောင်းသူတစ်ယောက်ဂုဏ်ပုဒ်နဲ့ လိုက်လျောညီထွေရင့်ကျ
လာရဲ့သား၊ အလျှင်လို ကလေးဆန်နေတုန်းပဲလား'

'တွေ့တာနဲ့ ရန်စကား စပြော...နော်'

'ကျောင်းက ဘယ်နှစ်လပိတ်တာလဲ'

'အေပရယ်တစ်လပေါ့ဟဲ့'

သူ့မျက်နှာ ရှုံ့မဲ့သွားရင်း....

'တစ်လတည်း'

ဟု ညည်းညူရေရွတ်သည်။

'ခုဟာကနွေရာသီခဏပိတ်တာပဲ၊ စာမေးပွဲပြီးတော့အကြာ
ကြီး ပိတ်မှာပေါ့'



'တော်သေးတယ်၊ နှင့်တို့စာသင်နှစ်တွေ နည်းသွားတာ၊
တုတ်ရင် အကြာကြီးခွဲရမှာနော်'

ကျောင်းဖွင့်ရက်တွေ ကြာရှည်စေချင်သည့် ပိုးဖြူရင်ထဲက
ဆန္ဒကိုသာ သော်သိလျှင် ဝမ်းနည်းမည်လား၊ စိတ်ဆိုးမည်
လား မသိဘတ်နိုင်ချေ။

'နှင့်တို့ဆိုင်လဲ အဖတော်ကြီး အခြေအနေ ကောင်းလာပြီ
နော်'

'ဆိုပါတော့'

သူက ဝန်မခံချင်သလိုလို စိတ်မပါသလိုလိုဖြေသည်။

'အဲဒါ နှင့်ကြောင့်ပေါ့၊ နှင့်အစွမ်းအစကြောင့်ပေါ့၊ အဲဒါ
ကို နှင့်ရဲ့နောင်တော်တွေက အသိအမှတ်ပြုရဲ့သား သော်၊ သူ
တို့အတွက် နှင့် ဘယ်လောက် အနစ်နာခံထားရတယ် ဆိုတာ
လေ၊ သူတို့ သဘောပေါက်ရဲ့လား'

'မသိဘူးလေ၊ သူတို့ရင်ထဲမှာရှိတာ ငါဘယ်လိုလုပ် သိမှာ
လဲ၊ သူတို့နားလည်လည် မလည်လည် ငါ ဂရုမစိုက်ပါဘူး၊
အရေးကြီးတာက နှင့် နားလည်ဖို့ပဲ'

'ဟင်'

ကားလမ်းမပေါ် ကုန်ကားတစ်စီး ဖြတ်မောင်းသွားသံ
ကြားရ၏။ လေးမျက်နှာ စေတီတော်၏ ဝရိဝုဏ်အပြင်ဘက်
ဟော်ဂနီပင် ခြေရင်းမှာ ထိုင်ဖြစ်ကြ၏။ ညသြငှက်ကလေး
တွန်သံသည် ရင်ထဲ သေ့ခြောက်ခြောက်ရှိသော နွေသရုပ်ကို
ပိုမိုပြင်းစေနိုင်၏။

'အခု...ငါ ပိုက်ဆံသက်ဘက်စုထားတယ်၊ ငါ့ရဲ့ အရင်း
အနှီးအတွက် သီးခြားစုထားတာ၊ နှင့်နဲ့ငါ လက်ထပ်ပြီးရင်
စီးပွားရေးသီးသန့် လုပ်ဖို့ပဲ'

'ဘာစီးပွားရေးလုပ်မှာလဲ'

'မသိသေးဘူးလေ၊ဆိုင်ခွဲတစ်ခုလုပ်ရင်လုပ်မှာပေါ့၊ ဒါ
မဟုတ် တခြားလိုင်းပြောင်းမှာပေါ့၊ လိုင်းကားထောင်
ကောင်းမလား စဉ်းစားနေတယ်'

'နင် ရန်ကုန်မှာ မနေချင်ဘူးလားသော်'

ခပ်သွက်သွက်ခေါင်းယမ်းလျက်....

'မနေချင်ပါဘူး'

ဟု သူချက်ချင်းဖြေသည်။

'ရန်ကုန်မှာနေပြီး တစ်ခုခု စီးပွားရေးလုပ်ပါလားဟ
ပွဲရုံလုပ်ငန်းမျိုးတို့၊ ကုမ္ပဏီ လုပ်ငန်းမျိုးတို့'

'အမယ်လေး မိပိုးရာ'

ရယ်မောလျက် သူက ပိုးဖြူကိုကြည့်သည်။ ကလေး
ယောက်လို ကျီစယ်လိုသောအကြည့်။ ကရုဏာသက်သေ
အကြည့်။

'အဲဒါက အရင်းအနှီးတွေ အများကြီးလိုမှာ၊ ငါ့မှာ
ပိုက်ဆံလေးနဲ့ ဘယ်လိုလုပ်လို့ရမှာလဲ၊ နောက်ပြီး ရန်ကုန်
နေရာမျိုးမှာလဲ မနေချင်ပါဘူး၊ ကျွားကြီးခြေရာကြီး၊ ရွာ
ရသမျှ စရိတ်ကြီးတော့ စုမိ ဆောင်းမိ ရှိမှာမဟုတ်
ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ပဲ ကောင်းပါတယ်၊ အလှမ်းက
ရင် အလယ်လတ်တယ်တဲ့ ပိုးဖြူရဲ့၊ဘာလဲ နင်က ရန်ကု
ဖြစ်ချင်နေတာလား'

'အင်း...ဖြစ်ချင်တယ်'

ဆောင့်ဆောင့်အောင့်အောင့် အဖြေကို သူက သ
ကျပြီး တဟား ဟား ရယ်နေပြန်သေးတော့သည်၊ ဘ
များ ပြောရပါ့မလဲ။ ရင်ထဲက ဆန္ဒအမှန်ကို မပြောဘဲ



လျှင်လည်း ကောင်းမည်။ သူ့ထံက ပြစ်တင်စကားတွေကို
တော့ မျှော်လင့်ထားပြီးသား....။

'အဲဒါဆို နင် ရန်ကုန်သားကိုယူပေါ့ဟ'

စိတ်တိုတောင်းစွာ ခပ်တိုးတိုးကျိန်ဆဲလိုက်မိသည်။ သူက
နာဟန်မရှိပါ။ သည်လိုစကားမျိုး သည်လိုဒေါသမျိုးကို သူ
နှစ်ပေါင်းများစွာ သည်းခံနေကျလေ။

'အေး....ယူမှာ၊ ရန်ကုန်သား မကဘူး၊ ငါက နိုင်ငံခြား
သင်္ဘောသားယူပြီး နိုင်ငံခြားလိုက်နေမလို့'

'ဟ....ရည်ရွယ်ချက် တယ်ကောင်းပါလား၊ နင့်ကိုယူမိတဲ့
လူတော့ မွဲအေးဖော်မိတာနဲ့ အတူတူပဲ၊ တော်တော်ကံဆိုး
မယ်'

'အံမယ်မယ်၊ ကောင်စုတ်'

သူက ပိုးဖြူကို အနည်းအကျဉ်းမျှပင် နှမြော တွန့်တိုဟန်
မပြပါ။ သူကပဲ ပန်ဆောင်ကောင်းသည်လား၊ ပိုးဖြူကို
ယုံကြည်စိတ်ချထားသည်လား သူ့ရင်ထဲကို ဝင်ကြည့်တတ်ချင်
သည်။ တကယ့်ကို အရွယ်နှင့် မလိုက်အောင် တည်ငြိမ် ရင့်
ကျက်ခဲ့ပြီဆိုတာကို အံ့ဩတကြီး ရှိရသည်။သူ့ပုံစံက စီးပွား
ရေးသမားပုံစံလို ပြောင်းလဲမသွားတာကိုပဲ ကျေးဇူးတင်ရ
မည်။ တစ်ချိန်ချိန်မှာ ပြောင်းလဲမသွားဘူးဟုတော့ မပြော
နိုင်သေးပါ။ ခုတော့ အလုပ်ပင်ပန်းသည့်ဒဏ်တွေက သူ့ကို
အတော်ဖိစီး နှိပ်စက်ခဲ့ပြီထင်၏။

သူ...ယခင်ကထက်ပိန်သွားတာတော့ အသေအချာ။ သူ့
မျက်ဝန်း ရှည်မျောမျောတွေကတော့ ပိုပြီး အရောင်မှိုင်းလာ
သည်။ လက်တွေကျပြီး ဆံုးဖြတ်ချက် ခိုင်မာသူတစ်ဦးအဖြစ်
ထင်ရှားသိသာစေသည့် မေးရိုးတွေက ပိုပြီးစိမ်းရင့်ပေါ်လွင်

လာ၏။ ဆံပင်တိုကြောင့် ထောင့်ကျသောမျက်နှာ ပေါ်လွင်ပြီး နားရွက်ကားကားနှင့် သော့်ကို ရှဥ့်အို ကလေးနှင့် တူသည်ဆိုလျှင် သူ့စိတ်ဆိုးဦးမည်လား၊ ရယ်မောလေမည်လား မပြောတတ်။

.....

## အခန်း [ ၁၃ ]

ဝတ်စားဆင်ယင်ပုံကတော့ မပြောင်းမလဲပင်။

မိခိုးရောလဲလို အရောင်မှိုင်းမှိုင်းတွေကိုမှ သူက [illegible]ကြိုက်တတ်သည်။ ပုဆိုးဆိုလျှင်လည်း ပလေကပ်လို ပေါ့ပါးသည့် ချည်ချောပုဆိုးတွေကိုသာ သူကကြိုက်သည်။ မျိုးသော်မှာ ချစ်စရာအကောင်းဆုံးက ဆေးလိပ်သောက်ကျင့် မရှိသည့်အတွက် ပန်းသွေးရောင်လွှမ်းနေသော နှုတ်ခမ်းနှစ်လွှာပင်။

သူ့နှုတ်ခမ်းလွှာတွေက မထူမပါးနှင့် ပြည့်ပြည့်တင်းတင်း ရှိသည်။ နောက်ပြီး အဲသည်နှုတ်ခမ်းလွှာတွေကို သင်ချွား[illegible]ခေါင် အနားသတ်ပေးထားသော မည်းပြာပြာ အနားရစ်

လိုင်းတစ်လိုင်းကလည်း ရှိနေသေးသည်။ အဲသည်နှုတ်ခမ်းတွေက ရယ်လိုက်သည့်အခါ အလွန်တစ်ရာကို ချစ်ဖို့ကောင်းသွားတတ်တာ။ ပြီး....ရှည်မြင့်လှသော သူ့အရပ်ကလည်း မိန်းကလေးတွေ သဘောကျချင်စရာ အချက်တစ်ခုပင်။

ငယ်ကချစ်တော့ အနှစ်တစ်ရာတဲ့။ သည်စကား မှန် မမှန်တော့ သူမ အမှန်တကယ်ပင် မသိချေ။

စားစား သွားသွား သတိရနေသည်ဆိုလျှင်တော့ အနည်းအကျဉ်းမှုသား ပါကောင်းပါနိုင်သည်။ သို့ပေမယ့်လည်း ပိုးဖြူ၏ဘဝအတွက်တော့ မျိုးသော်သည် အရေးပါသော အစိတ်အပိုင်းတစ်ခု။

'နင်သာ ငါနဲ့အတူ ကျောင်းတက်ရချင် သိပ်ပျော်စရာကောင်းမှာ သော်ရယ်'

'အခုလဲ နင်ပျော်နေတယ် မဟုတ်လား'

သူ့အမေးစကားက ထိရောက်လှသည်။ သူ့ကိုတော့ ပိုးဖြူ ဘယ်လိုမှ ညာ၍မရနိုင်ပါ။ မျိုးသော်က ပိုးဖြူ မျက်ဝန်းတွေကို ဖတ်နိုင်သူလေ။

'ပျော်တော့ ပျော်တာပေါ့'

'ဘာဖြစ်လဲ'

'မပြည့်စုံသလိုဘဲ'

သူမကိုယ်သူမ မယုံကြည်နိုင်သလိုပင် သူကလည်း သူမစကားကို နှုတ်ခန်းတွန့်ရုံပြုံးလျက် လှောင်လေသည်။

မယုံပါဘူး ဆိုသည့်သဘောပေါ့။

'ငါကတော့ နင်နဲ့အတူ ကျောင်းမတက်ချင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'စိတ်မောပြီး လုံးပါးပါးမယ်'



'အံမယ် နင်ကဖြင့် ငါ့ကို သဝန်မတိုဘဲနဲ့များ'

'ဒါက နင့်အထင်ကိုး'

တဲ့။ ပိုးဖြူက သူ့ကို လျှော့တွက် မထားကြောင်း သူမသိဘူးထင်ပါရဲ့။

အဲဝေးပြေး ကားလမ်းမဆီမှာ တံလျှပ်ရောင် တလက်လက်ထနေသည်။ နွေနေ့ခင်း၏အပူရှိန်က မခံမရပ်နိုင် ရှိလှပါဘိတော့။ ကျောင်းသဲမှာလို အမိုးအောက်မှာထိုင်ပြီး ပက်ပြ စိကိုလာ ဖျော်ရည်တစ်ပုလင်းနှင့် အပူဒဏ်ကို စိန်ခေါ်ဖို့ အခွင့်အရေးမရှိ။ လေးမျက်နှာစေတီတော်က ပိုးဖြူတို့ငယ်ရွယ်စဉ်ကတည်းက ခုချိန်ထိ သိပ်ပြီးအပြောင်းအလဲမရှိသေး။ မဟော်ဂနီပင် အရွက်အုပ်တွေကြားမှ ကောင်းကင် ပြာလဲ့လဲ့ကို လှမ်းမျှော်ကြည့်မိသည်။

'ပိုးဖြူ'

သူ့ခေါ်သံက အိပ်ပျော်နေရင်း ကယောင်ကတမ်းနှင့် မြည်တမ်းနေသလိုလို....

'နင့်ကို ငါတစ်ခုတောင်းပန်ချင်တယ်'

'အင်း'

'နင့်အတွက် အတတ်နိုင်ဆုံးပြည့်စုံရအောင် ငါ ကြိုးစားနေပါတယ်၊ ဒါပေမယ့်ဟာ နင့်ကို ငါ့ရဲ့ ဆိုးတူကောင်းဘက်အဖော်တစ်ယောက် ဖြစ်စေချင်တာ၊ ငါ့ရင်ထဲကဆန္ဒ၊ ငါကြိုးစားသမျှကို အသိအမှတ်ပြုစေချင်တာတော့ ငါ့ရဲ့အတ္တပဲဆိုပါတော့။

'အရေးအကြီးဆုံးကတော့ တို့နှစ်ယောက်ရဲ့ဘဝမှာ ပကာသနဆိုတာကို ရှေ့တန်းမတင်ဖို့ဘဲ၊ နင်အလှမက်တာကို ငါအပြစ်မတင်ဘူး၊ ဒါပေမယ့် အဲဒီလိုမျိုး ဘာမဟုတ်တဲ့ကိစ္စနဲ့

နင်နဲ့ငါ ကြားမှာ အဖုအသစ်မဖြစ်စေချင်ဘူး၊ ငါဖြစ်စေချင်တာကို နင်သဘောပေါက်မှာပါ၊ ကိုယ့်အိုးနဲ့ ကိုယ့်အန်ဆိုတာလို'

'သော်'

သက်ပြင်းရှိုက်သံကို မသိဟန်ဆောင်နေရသည်။

'တော်လောက်ပြီထင်တယ်'

'ဒါ...ဒါမပြောသင့်ဘူးလား'

'ဟုတ်ပါပြီခလေ၊ သေချာတဲ့အချိန်ကျမှပြော'

'အခု မသေချာဘူးလား၊ နင့်ဘက်က မသေချာဘူးလို့ပြောချင်တာလား'

'သော်ရာ'

မချင့်မရဲနှင့် သူ့ကျောပြင်ကို တဘုံးဘုံး ထုရိုက်။ သူ့လက်မောင်းကို ဆွဲဆိတ်။ ဆံပင်တိုတွေကို ဆောင့်ဆွဲနှင့် အမျိုးမျိုး နှိပ်စက်သည်း သူကတော့ ဟဟားဟားနှင့် အရယ်မပျက်၊

'ခွေးစုတ်၊ နင် ငါ့ကို စကားနဲ့ နှိပ်စက်နေတာ သိရဲ့လား'

'မဟုတ်ပါဘူး'

'မုန်းဖို့ကောင်းတယ်'

သည်အချိန်ကလေး တဒင်္ဂက အရာအားလုံးကို မေ့လျော့စေခဲ့သည်။



အခန်း [ ၁၄ ]

'အဆောင်ရှေ့မှာ ပစ္စည်းတွေချပေးပြီးတာနဲ့ ငါပြန်မှာနော်'

'ဘယ်လိုများ ဖြစ်နေတာလဲ'

'ဩော်....နင်လာဘ်ပီတ်မှာစိုးလို့ပါ'

'တော်တော်စွဲ့ချင်တယ်ပေါ့လေ'

သူ့အရယ်က အသက်မဝင်လှပါ။ အပြန်ခရီးမှာ အဖော်ပါလာသည့်အတွက် ပျင်းရိ ညည်းငွေ့စရာပင် မကောင်းတော့။

အဲသည် အဖော်က မျိုးသော် ဖြစ်နေသည့်အတွက်လည်း ပိုပြီး ကြည်နူးဖွယ်ကောင်းနေသည်။ ကားလမ်းတစ်လျှောက်မှာတော့ ရိုးပြတ်တောတွေ ကောက်ရိုးပုံတွေ။ ထန်းတောညိုညိုတွေ။

သည်ခရီးကို မကြာခဏသွားလာနေကျမို့ သည်မြင်ကွင်းတွေက ရိုးအိပြီး ငြီးငွေ့စရာ ကောင်းနေပြီ။ စကားပြောဖော် တစ်ယောက်သာ ရှိမနေလျှင် ပိုးဖြူ အိပ်ပျော်သွားဖို့သာ ရှိသည်။

တစ်ခါတစ်ရံမှာတော့ စိတ်အစဉ်က ဇာတိမြို့၏ လမ်းမြောင်ကလေးထဲမှာရှိနေသည့် ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးဆီ ပြန့်ပြေးလေသည်။

အဲသည်အခါတော့ အစဉ်လွတ်လပ် ပေါ့ပါးနေသည့် စိတ်အစဉ်က ရောဂါတစ်ခု ဖိစီးနှိပ်စက်ခံရသလို ညစ်နွမ်းချင်သည်။

[ပိုးဖြူရေ....တို့က ပိုက်ဆံတွေပိုလျှံနေလို့ မဟုယ်ဘူးနော်၊ ရှာဖွေရခက်တဲ့ကြားထဲကညည်းကိုရောက်စေချင်လို့ တက္ကသိုလ်ကျောင်းသူ တစ်ယောက်ရဲ့ရသကို ဗိုဗိုပြင်ပြင် ခံစားစေချင်လို့သာ တက္ကသိုလ်ပို့ရတာ။ သူဌေးသမီးဂိုက်နဲ့တော့ ဖြုန်းချင်တိုင်း ဖြုန်းပြီး ပိုက်ဆံလိုတိုင်း လှမ်းတောင်းမနေနဲ့။ တို့အိမ်မှာ ငွေတွင်းရှိတာ မဟုတ်ဘူး]

ဆိုတာမျိုး မမကြီးရဲ့လေသံကိုတော့ ခံရအခက်ဆုံး။

မောင်နှမတွေ အားလုံးထဲမှာ မမကြီးက စီးပွားရေးကို ဦးဆောင်သူမို့ သူ့ဩဇာကို သိပ်ပြီး မလွန်ဆန်ရဲကြသည်က ပိုးဖြူအတွက် အကြီးအကျယ် အခွင့်အရေးကို ဆုံးရှုံးခြင်းပင်။



ငယ်စဉ်ကတော့ ပိုးဖြူသည် မိသားစုအတွင်းမှာ အခ ... ပေး ခံရဆုံးဖြစ်သည်။ အလိုလိုက်ခံရဆုံး ဖြစ်သည်။ ... ကလည်း ပိုးဖြူကို သမီးအငယ်ဆုံးမို့ အစ်မတွေ ... အချစ်ကြီးသည်။ ... အဆင့်

မေမေကတော့ ပိုးဖြူချွဲနွဲ့သမျှ ခေါင်းငြိမ့်သ ... နပ်ကြီး ကျေနပ်ပြီး အရာရာတိုင်းကို ပိုးဖြူ ဆန္ဒ ... ဖြစ်ခဲ့သူ။ ... ပြေးလမ်းမ

ခုတော့ အခြေအနေတွေက ပြောင်းလဲခဲ့ပြီ။ ... နှစ်ဦး ... ချစ်သူ
'မမကြီးဟာ တစ်မျိုးပဲ သော်'

သူမ မအောင့်အည်းနိုင်တော့ဘဲ လွတ်ခနဲ ပြောမိသည်။ သော်က ဘယ်လိုမှမတုံ့ပြန်ပါ။ သော်တို့ မိသားစုနှင့် ပိုးဖြူတို့ မိသားစုသဏ္ဌာန်ချင်းကတော့ တခြားစီပင် ဖြစ်လေသည်။

'ငါ ကျောင်းတက်တာကို သူသဘောမကျဘူး'

'မဟုတ်ပါဘူး ပိုးဖြူရဲ့'

'ငါ့မှာ ပိုက်ဆံတစ်ခါတောင်းဖို့အရေး သူ့မျက်နှာဘဲကြည့်နေရတာ၊ ကျန်တဲ့အစ်ကို အစ်မတွေက ဘာမှမပြောဘူး၊ သူတစ်ယောက်ပဲ အမျိုးမျိုး ဩဝါဒပေးနေတာ၊ ငါပိုက်ဆံရှာနိုင်လို့ကတော့ သူ့မျက်နှာ လုံးဝကို လှည့်မကြည့်ဘူး'

'အဲဒါ နင်အမြင်စောင်းနေတာ ပိုးဖြူ'

အဲသည်အချက်က ပိုးဖြူကို ဒေါသ ဖြစ်စေနိုင်ဆုံးပင်။ မျိုးသော် ဘယ်တုန်းကမှ ပိုးဖြူဘက်က မရှိပါ။ ပိုးဖြူကို ဩဝါဒပေးဖို့၊ ပိုးဖြူ၏ အခွင့်အရေး မှန်သမျှကို ကန့်သတ်ချုပ်ချယ်ဖို့ဆိုလျှင် မျိုးသော်သည် မမကြီးလိုပင် အားတက်သရော ရှိလှသည်။

အဲ့မကြီးက နင်ကျောင်းတက်တာကို သဘောမကျတာ ပိုပြီး ပြောဘူး၊ နင် ပိုက်ဆံအသုံးကြမ်းတာကို မကြိုက်တာ၊ မှာတော့ ဘာတာ သုံးစွဲစေချင်တာ၊ ပိုက်ဆံရဲ့တန်ဖိုးကိုနားလည် ညိုညိုတွေ့။

သည်ခရီးလိုနေရာမျိုးမှာ သူများတကာနဲ့ တန်းတူ တွေက ချီးအိပ်ပြီးရှိရမှာပေါ့၊ တကယ်ဆို ကိုယ့်ညီမလေးမျက်နှာ ဖော် တစ်ယော် သူက ပိုပြီးတော့တောင် ဖန်တီးပေးသင့်တာ၊ သာ ရှိသည်။ ကောလိပ် တက်ဖို့ အခွင့်အရေးဆိုတာလဲ ငါ တစ်ချက်တည်းပဲ ရှိဖော့တာ’

‘ဘာဖြစ်လို့ မျက်နှာငယ်ရမှာလဲ’

သူက အုံ့သြတကြီးမေးလေသည်။ အရှိန်ဖြင့် ပြေးလွှားနေ သော အဝေးပြေး ဘတ်စ်ကားကြီး၏ အင်ဂျင်သံအောက်မှာ သူ့စကားသံက တိုးမှိန်လှသည်။

‘ကျောင်းတက်ဖို့သွားတာ ဂုဏ်ချင်းပြိုင်ဖို့မှ မဟုတ်ဘဲ၊ အဝတ်အစားပြိုင်ဖို့မှ မဟုတ်ဘဲ၊ ဈေးရောင်းရင်း၊ သတင်းစာ ပို့ရင်း အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေတဲ့သူတွေ အများ ကြီးပဲ၊ သူများတန်းတူ မဝတ်နိုင်ရင် ကျောင်းမတက်ရတော့ ဘူးလား၊ အဓိပ္ပာယ်မရှိလိုက်တာဟာ။

ကောလိပ်ဆိုတာ ပညာသင်ပေးတဲ့နေရာ၊ အပျော်အပါး သင်ပေးတဲ့နေရာ မဟုတ်ဘူး၊ ဘယ်လိုအခြေအနေနဲ့ဖြစ်ဖြစ် ပညာကိုရအောင်ယူဖို့ပဲ’

‘သော်....နင်သိပ်ကြီးကျယ်တာပဲ’

‘ငါကြီးကျယ်တာ မဟုတ်ဘူး၊ နင်က အောက်ခြေလွတ် နေတာ’



‘ဘာဖြစ်လဲ၊ ဘာဖြစ်လဲ၊ လူဖြစ်လာမှတော့ လူတန်းစေ့ အောင် နေချင်ကြတာပဲ၊ မြင့်သထက် မြင့်ချင်ကြတာပဲ၊ ကောင်းသထက်ကောင်းအောင် နေချင်ကြတာပဲ၊ လှသထက် လှအောင် ပြင်ချင်ကြတာပဲ၊ နင်ပိုက်ဆံရှာနေတာ အဆင့် အတန်း မြင့်မြင့်နေချင်လို့ မဟုတ်ဘူးလား’

‘မဟုတ်ဘူး’

ငယ်စရာကောင်းသည်လား မသိပါ။ အဝေးပြေးလမ်းမ ပေါ်က ဘတ်စ်ကားကြီးပေါ်မှာ အတူယှဉ်ထိုင်ရင်း နှစ်ဦး သား တစ်ယောက်တစ်ခွန်းနှင့် ရန်စောင်နေကြသည့် ချစ်သူ နှစ်ဦးကို သိကြကြားကြသူတွေကဖြင့် ရယ်ချင်မှာပဲ

တကယ်တော့လည်း ဒါဟာအဆန်းတကြယ်တော့ မဟုတ် လှပါ။

‘ငါပိုက်ဆံရှာနေတာက မိန်းမတစ်ယောက်အတွက်၊ ငွေ မက်တဲ့ အလှမက်တဲ့ မိန်းမတစ်ယောက်အတွက်’

ရင်ထဲမှာ နင့်ခနဲလှိုက်လှဲရင်ခုန်သွားမိသည်။ ညိုမှောင် သော သူ့မျက်ဝန်းတွေ အတွင်းထဲမှာ ပိုးဖြူဆိုသော မိန်းကလေးအတွက် ကြင်နာ ငဲ့ညှာခြင်းတွေ၊ ခွင့်လွှတ် နားလည်ထားခြင်းတွေ အပြည့်အသိပ်ရှိနေကြောင်း ပိုးဖြူ ခံစားသိနိုင်ပါသည်။

ကိုယ့်ဘက်က ထိုက်တန်သော တုံ့ပြန်မှုတစ်ခုခု သူ့အတွက် ပေးနိုင်ချင်သည်။

...@....

ယ်ကို ရတတ်သရွေ့ အချိန်ဆွဲရင်းပင် အိမ်မက်ထဲက ပြန်နိုးချင်သူများ ဖြစ်ကြသည်။

ပထမနှစ် တစ်နှစ် ကုန်ဆုံးသွားပြီး ဒုတိယနှစ်အတွက် ကျောင်းဖွင့်ရက် မျှော်ရင်း ကံ့ကော်တောမှာသာ မွေ့လျော်နေချင်သည်။

အိမ်မက်မှ လန့်နိုးလျှင် ကျယ်ပြောလှသော ဟင်းလင်းပြင်တစ်ခုက သူမတို့အတွက် အေးစက်စက် ဆီးကြိုလိမ့်မည်ပင်သည်။

အခန်း [ ၁၅ ]

အချိန်တွေ အကုန်မြန်လှသည်။ ကျောင်းတက်ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်သွားပြီး စာမေးပွဲတွေ အနားကပ်လာပြန်သည်။

သည်တော့လည်း ဈေးလည်ဖို့ ရုပ်ရှင်ကြည့်ဖို့ စသည့် အပျော်အပါးတွေကို ခဏထားပြီး အသည်းအသန် စာကြည့်ရပြန်သည်။

အချိန်တန်လျှင် စာမေးပွဲတော့ အောင်ချင်ကြသူတွေ ချည်း မဟုတ်လား။

ကျောင်းပိတ်ရက်ရှည်ကို မျှော်သူတွေရှိသလို ကျောင်းကို မခွဲချင်သူတွေလည်း ရှိသည်။ မိုးဖြူတို့အဖို့ကတော့ အိပ်မက်

## အခန်း ၂၆

'လွမ်းတတ်သူတွေကတော့ လွမ်းနေကြပြီနေ၁်'

'ကျောင်းတံခါးပိတ် အိမ်မပြန်ချင်ဘူးဆိုတဲ့ သီချင်း လိုပေါ့ ဟုတ်လား'

'ပိုးတို့ကတော့ အိမ်ပြန်ချင်လွန်းလို့ ခြေထောက်တော ကားပေါ် ရောက်နေပြီ'

မွန်တို့ ဇင်မာတို့ကတော့ ရန်ကုန်သူတွေ၊ နေ့ကျောင်း သမားတွေမို့ ကျောင်းပိတ်ရက်ရှည်အတွက် သိပ်ပြီး မထူး ခြားလှပါ။



တယ်လီဖုန်း တစ်လုံးနှင့် ဈေးလည်ဖို့ ချိန်းနိုင်သည်။ တစ်ပတ်တစ်ခါ အသစ်ဝင်သည့် ရုပ်ရှင်ကားတွေ ကြည့်နိုင် သည်။

ကျောင်းကို လွမ်းလျှင်ခဏတစ်ဖြုတ် လာလည်နိုင်သည်။ ပိုးဖြူတို့ နယ်ကျောင်းသူတွေအဖို့သာ။ ကျောင်းပိတ် ရက်သည် ခံစားချက် အမျိုးမျိုး ပေးနိုင်စွမ်းသည်။

'ဒီလောက်လဲ မဟုတ်ပါဘူးကွာ'

'ဟိုက မျှော်တဲ့သူလဲ လည်ပင်းရှည်ရောပေါ့'

'မျိုးသော် လာမကြိုဘူးလား ပိုး'

ကုန်ဝယ်ရင်း ကျောင်းကို မကြာခဏ ဝင်ထွက်တတ်သည့် မျိုးသော်ကို သူငယ်ချင်းတွေက ရင်းနှီးနေကြပြီ။

ယောကျ်ားတစ်ယောက်၏ တည်ကြည်ခြင်း၊ ရိုးသားခြင်း တွေ အထင်းသားရှိနေသည့်သူ့မျက်နှာသွင်ပြင်ကြောင့်လည်း သော်သော့်ကို အားလုံးက အမှတ်ပြည့်ပေးပြီး ခင်ခင်မင်မင် ရှိကြသည်။

ပိုးဖြူကိုယ်တိုင်လည်း သော်သော်ရောက်လာသည့်နေ့တိုင်း မှာ ဝမ်းသာမြူးရွှင်နေတတ်သည်။ ကိုယ့်ကိုကိုယ် သိသာ နိုင်ပါသည်။

သို့ ... မယ့် လွမ်းသည်လား မေးလျှင် မဖြေတတ်။

အမှန်အတိုင်း ဖြေရဲသည်လားမသိ။ သူ့ကို သတိရစိတ်က တခြား ကျောင်းသူတစ်ယောက်၏ ကာလယော်ကစ်ခုမှာ ယစ်မူး မွေ့လျော်မိသည်က တခြားပင်။

'လာမကြိုနိုင်ပါဘူးကွယ်၊ သူက သူ့အလုပ်နဲ့သူ၊ ဒီကို လာတာတောင် ကုန်ဝယ်ရင်း ကြုံမှ ဝင်လာတာမျိုး'

'မျိုးသော်က အတော် အလုပ်ကြိုးစားပုံရတယ်၊ သူ့ ကိုယ်ပိုင်စီးပွားရေးလား'

'ဟုတ်တယ်'

မာက သူမအကျင့်အတိုင်း ပခုံးတွန့်ရယ်လျက်....

'ဒါဆို နင် ထော်တာပေါ့'

ဟု တစ်ဖက်သတ်အတွေးဖြင့် ပြောသည်။စားသောက်ဆိုင် တန်းမှာ လူရှင်းနေပြီ။စာမေးပွဲ စောစောပြီးသူတွေက စော စောပြန်ကြသည်။

မပြီးသေးသူတွေ အဖို့လည်း စားသောက်ဆိုင် တန်းမှာ ကျောင်းတက်ရက်တွေလို စိတ်အေးလက်အေး ထိုင်မနေနိုင် ကြတော့။

အမိပတီလမ်းမလည်း ရယ်သံတွေအနည်းငယ် ဆိတ်ငြိမ်သွား ပြီ။ယောကျ်ားလေးဆောင်ဒုတ္မှာ အလျင်ကလိုဘော်လီဘော ပွဲတွေ အသံဆူဆူညံညံ မကြားရတော့။

'ဘာထော်တာလဲ'

'စီးပွားရေးသမားဆိုတော့ ပိုက်ဆံမရှားဘူးပေါ့ကွ'

ပိုးမြူ နှုတ်ခမ်းမဲ့သွားတာကို မွန်က သေချာစိုက်ကြည့် ရင်း....

'ဘာမဲ့တာလဲ'

ဟု မျက်မှောင်ကြုတ်လျက် မေးသည်။မွန့်နားထဲက တစ် လုံးတည်း စိန်နားကပ် ဖျပ်ခနဲလက်သွားတာကို ငေးကြည့် မိသေး၏။

'သူက စာအုပ်ကြီးပါကွာ'



'ဒါပေမယ့် နင့်ကိုတော့ အတော်ချစ်ရှာပါတယ်ဟယ်၊ ရောက်တိုင်းလဲ နင်လိုချင်တာ ဝယ်ပေးသွားတာ ကိုအမြင်ပဲ ဥစ္စာ'

ဇင်မာက သော်သော့်ရှေ့နေအဖြစ် ခိုင်ခိုင်မာမာဆို သည်။

'အမယ်လေး.... သူ့ရဲ့ဩဝါဒပေး နာခံရတာက စိတ် ပျက်စရာကောင်းတယ်၊ အတိုးကြီးလိုပဲ၊ငါက သူ့ပိုက်ဆံ သုံးကို မသုံးချင်ဘူး'

'အံမယ်.... အပြောကောင်း၊ ပြီးရင် လေဘက်တောင် မလောက်ဘူး မဟုတ်လား'

မွန့်အပြုံးက သရော်ပြုံး။အကြောင်းသိတွေမို့ ပိုးမြူ မငြင်းနိုင်ပါ။တောင်ပိန္နဲပင် ရွက်ခြောက်တွေ ကြွေကျလာသည် ကို ငေးရင်း....

'အလုပ်တစ်ခုခု ရချင်တယ်'

ဟု တစ်ယောက်တည်း ရေရွတ်သလို ပြောဖြစ်၏။

'ဖြစ်ရပြန်ပြီ'

'ဝင်ငွေကောင်းကောင်းရမယ့် အလုပ်မျိုး'

'နင်က ဘာဖြစ်လို့ဒီလောက် ပိုက်ဆံရှာချင်နေရတာလဲ'

ဇင်မာမျက်လုံးတွေထဲ မေးခွန်းတွေကို နားလည်နေသည်။ ပုံစံမတူသည့် မိသားစုဘဝတွေထဲမှာ နက်ရှိုင်းသည့်ပုစ္ဆာတွေ တစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်သည်ပဲ။သူတို့ကတော့ နား လည်နိုင်မည် မထင်ပါ။

'အိမ်က ပိုက်ဆံမကောင်းချင်လို့ပေါ့၊ အိမ်က ပိုက်ဆံ ကောင်းရတာ တအားစိတ်ပျက်ဖို့ ကောင်းတာပဲ၊ ငါ့အစ်မ အကြီးဆုံးက သိပ်ကကြီးကကြောင်ကျတယ်'

ဈေးလည်ပြီး အင်္ကျီ၊ ပါတိတ်၊ မိတ်ကပ်ဘူးတွေ ဝယ်ဖို့လောက်သာ စိတ်ဝင်စားသော ပိုးဖြူတို့ သူငယ်ချင်းတွေကြားမှာ မိသားစုအကြောင်းရေးဆိုတာမျိုးကို မပြောဖြစ်ခဲ့ကြတာ သူမတို့ကိုယ်တိုင်က စိတ်ဝင်စားမှု နည်းပါးသည်လည်းဖြစ်မည်။အားနည်းချက်ဆိုတာမျိုးကိုဖွင့်မပြောချင်တာလည်းဖြစ်မည်။

သို့သော်လည်း ပိုးဖြူ၏ သူငယ်ချင်းမတွေက ဝေဖန်ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်း စသည်တို့ကို သိပ်ပြီးဝါသနာမကြီးလှပါ။

'အိမ်မှာ သူက ငွေကိုင်လေ၊သူတစ်ယောက်တည်းပဲပိုက်ဆံတိုးပွားအောင် ရှာတတ်ဖွေတတ်တာကိုး၊ အိမ်မှာ မေမေက ထမင်းဟင်းချက်၊မီးဖိုချောင်ကိစ္စပဲ နားလည်တယ်၊ ကျွန်တို့အစ်မလတ် နှစ်ယောက်က ဆယ်တန်းတောင် မအောင်ဘူး၊ အိမ်မှာ အထည်လေးဘာလေး ချုပ်တယ်၊ အစ်ကိုကတော့ အစိုးရဝန်ထမ်း၊မမကြီးကလည်းတော့ စပါးပေးစနစ်နဲ့ပိုက်ဆံလေး ငွေတိုးချေးတယ်၊စပါးကောက် ကြိတ်ပြီး ပြန်ရောင်းတယ်၊ဖေဖေဆုံးတော့ တို့မိသားစု အတော် အခြေအနေပျက်ဖြစ်ခဲ့တာ၊ မမကြီးကြောင့် ပြန်ပြီး ထူထောင်လာတယ်ဆိုပါတော့။

'ပိုက်ဆံရှာတဲ့သူဆိုတော့ ငါ မိုက်ဆံသုံးတာကို နေရာတကာ ပြောချင်တယ်၊ငါ အလှပြင်တာကိုလဲ နည်းနည်းမှ မကြိုက်ဘူး၊ အိမ်မှာနေရတာ တော်တော် စိတ်ညစ်ဖို့ကောင်းပါတယ်၊အဲဒါကြောင့် ငါ အလုပ်လုပ်ချင်တာ၊ကိုယ်ပိုင်ဝင်ငွေနဲ့ဆိုတော့ ဘယ်သူ့ မျက်နှာမှကြည့်စရာမလိုတော့ဘူး'



မွန်တို့ ဇင်မာတို့က ပိုးဖြူစကားတွေကို ဘယ်လိုမှထင်မြင်ချက် မပေးပါ။ သူတို့ထံမှာလည်း ပိုးဖြူစိတ်ကူးမျိုး၊ ခံစားချက်မျိုး မရှိလေတော့ ကိုယ်ချင်းစာတတ်မည် မထင်ပါ။ သို့သော် ရင်ထဲမှာ တင်းကျပ်နေသည့် အစိုင်အခဲတွေကို ဖွင့်ထုတ် ဖောက်ခွဲပစ်လိုက်ရသည့်အတွက် ကျေနပ်သည်။ပေါ့ပါးသည်။

'အခု ကုမ္ပဏီတွေကတော့ ခေါ်နေတာပဲ'

'ကွန်ပျူတာတတ်မှတဲ့၊စပီကင် တတ်မှတဲ့'

'ဟဲ့ …နင်တကယ်လုပ်ချင်တာလား'

မွန်က မယုံကြည်နိုင်သလို မေးသည်။

'ဟာ….တကယ်ပါ ဆိုမှဟာ'

'ငါ ပြောကြည့်ပေးမယ်လေ'

'အံမယ်….ဘယ်သူ့ကို ပြောမှာလဲ'

ဇင်မာကမျက်မှောင်ကြုတ်လျက်မေး၏။ အဲသည်မေးခွန်းက အမှန်တကယ် စိတ်ဝင်စားရောကောင်းလှသည်။

'ဟိုတစ်ခါ Dream မှာတွေ့တဲ့ ကိုအောင်ကျော်ဦးလေ၊ အဲဒီလူကြီးက ဟိုက်ဘော့စ်၊လုပ်ငန်းရှယ်ယာတွေအများကြီး၊ တစ်ခုမဟုတ်တစ်ခုတော့ ဝင်လို့ရမှာပဲ'

'ဟုတ်လား၊အဲဒါဆို မေးပေးစမ်းပါဟယ်'

'မိပိုးရာ၊နည်းနည်းပါးပါး ဣန္ဒြေဆည်စမ်း၊အမှန်အကန်လား၊ အကြံအဖန်လား၊သေချာလဲ စုံစမ်းဦး'

ဇင်မာ့စကားကြောင့် မွန်လည်း နောက်ထပ်စကားမဆက်နိုင်ဘဲ သုံးယောက်သား တွေဝေသွားကြသည်။သတင်းစာကျွေထဲက ခေါ်သည့် အလုပ်တွေကိုင်းကိုလည်း လိုက်ပြီးစုံစမ်းမနေနိုင်

ကိုယ့်ဘက်မှာ ထိုက်ထိုက်တန်တန် အရည်အချင်းရှိသည် ကိုယ့်ကိုကိုယ် မယုံကြည်နိုင်ဘာလည်း ပါသည်။

'အေးပေါ့ဟာ၊မေးမြန်းကြည့်ရတာပေါ့၊ ကိုမင်းကတော့ အပါအပြော်ကို ပြောနေတာပဲ၊ ဒီလူကြီး ချမ်းသာတာတော့ အမှန်ပဲဟ'

'အဲဒါဆိုရင်လဲ လူပျိုကြီးသွားမေးပြီး ပိုးနဲ့စပ်ပေးလို ဟာ၊အလုပ်လုပ်စရာ မလိုတော့ဘူး၊ဆိုက်ဆံပုံပေါ် ဖင်ခုထိုင် လိုက်'

'ဒါပဲ...ဒါတို့ကတော့ ခွင်ကိုမိနေဘာပဲ'

ရယ်စရာဘဝ်ခွဲရှာတွေတော့ သုံးယောက်သား ပေါ ထွာကြမြန်သည်။နောက်မြန် သင်္ဘာက်ခါဒို ပိုးဖြူလည်း အိမ် ပြန်ရမည်။

သူမတို့ သုံးယောက်လုံး ကျောင်းကို ခဏတော့ ခွဲရဦး မည်။ရေဘမာပင်တန်း၊စိန်ပန်းပင်အရိပ်က တကယ့်ကို လှမ်း စရာ ကောင်းလှပါသည်။

ထိုသော်လည်း သည်အရိပ်အောက် ခေတ္တခဏ ခိုလှုံကြရ ချည်းပင်။ မိခင်ကျောင်းတော်ကြီး၏ ရင်ခွင်က မနွေးထွေး မည် ယုံကြည်သော်လည်း ထာဝရအတွက်တော့ဖြင့် မဖြစ်နိုင် ပါ။

'ကျောင်းပိတ်ရက်မှာ အိမ်ထောင်တွေဘာတွေ ကျသွား ရင်လဲ စာရေးဦးနော် ပိုး'

ပု မာက ရယ်စရာလိုလို အကြည်လိုလို ပြောသည်။

'ဟုတ်သားပဲ၊ နှင် မျိုးသော်ကိုသာ လက်ထပ်ပါတော ဟာ၊ခုလို စိတ်ညစ်မနေရတော့ဘူးပေါ့၊ မျိုးသော်က နင့် ဘယ်သာက် သည်းခံလဲ'



မှန်က အချိန်နှင့် မနေပြန်ပါရော။

'ဟာ...ယောကျ်ားမယူချင်သေးပါဘူး၊ဒီအတိုင်းပဲ လွတ် လွတ် လပ်လပ် နေချင်သေးတယ်၊လောကကြီးထဲ အနှောင် အဖွဲ့မရှိ၊အချုပ်အချယ်မရှိ ခြေဆန့်ကြည့်ဦးမယ်၊ အကောင်း ဆုံး အဖြေတစ်ခုခုတော့ ထွက်လာဦးမှာပေါ့'

'အေးပါ... အေးပါ၊ ပုံပြောကောင်းတဲ့ ကောင်မလေး၊ ကြည့်ကြသေးတာပေါ့'

ကျောင်းပိတ်ရက် တက္ကသိုလ်သည် ပိုပြီး လှပနေသလိုပင်။ မြို့ပြ၏ ချိုရှသောရသကို ခဏမေ့ထားရလေဦးမည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဇာတိမြို့ကလေးနှင့်အတူ ပိုးဖြူကို မျှော်နေကြမည့်သူ တွေ ရှိရာကို ပြန်ရဦးမည်။

အိမ်ပြန်ဖို့ အချိန်တန်ခဲ့ပြီမို့လေ။

....●....

ကြိုးကြာငှက်တို့ အိမ်အပြန်

# အပိုင်း ( ၃ )

အခန်း [ ၁ ]

လောကကြီး၏ အပြောင်းအလဲဆိုသည်မှာ အမြဲတစေမို့ ပြရော မကောင်းလှပါ။

ဘည့်နေ့ နက်ဖြန်ဆိုသလိုပင် ပြောင်းလဲသွားသောအရာ တွေထဲ မယုံကြည်နိုင်လောက်စရာ အကောင်းဆုံးကတော့ ျိုးသော်နှင့် ပိုးဖြူတို့ကို စည်းခြားလိုက်သလို ဝေးကွာ ွားစေသော ကံကြမ္မာ၏ အပြောင်းအလဲပင်။

ကံကြမ္မာဆိုတာလည်း မသေချာပါဘူးလေ။

တကယ်တော့ စီရင်ဖန်တီးသူကိုယ်တိုင် နားလည်သင့်ပါ ည်။ နာကြည်းစရာတစ်ခု ဖြစ်နိုင်ပေမယ့် သူကတော့ မနာ ည်း နိုင်ခဲ့။ နှလုံးသားကတော့ နာကျင်နေခဲ့သည်။

အပြစ်တင်ရမည်ဆိုလျှင်တောင် အပြစ်မတင်ခဲ့ပါ။ ပိုးဖြ
ဆိုသော မိန်းကလေးကို နားအလည်နိုင်ဆုံးသူ ဟူသေ
ဂုဏ်ပုဒ်ကိုလည်း မလိုချင်ပါ။

သူမကိုယ်တိုင် အကြောင်းပြချက် မပေးနိုင်သော်လည်
မျိုးသော်ကတော့ သိနေနှင့်သည်။ ကြိုတင်မှန်းဆမိလျက
ပင် ယုံကြည်စိတ်ချခဲ့မိသည်လေ။

နှစ်ပေါင်းများစွာ စူးနစ် ငြိတွယ်ခဲ့သည့် သံယောဇ
ဆိုတာကို အားကိုးတကြီး ပြုမိသည်လေ။

ဪ....

ကိုယ့်ဘက်က အစုအပုံ အထုအထည်နှင့် နှစ်မြှုပ် ရင်း
ခဲ့သမျှ၊ နားလည်မှု၊ သံယောဇဉ်၊ ချစ်ခြင်း စသည့် စ
အရာအားလုံးအတွက် သူမ့ဘက်က တစ်မှုန် တစ်စက်မျှ
ပြန်လည်ငဲ့ညှာရကောင်းသည်ဟု မမှတ်ယူခဲ့ဘူး ဆိုလျှင်လည
ရှိပါစေလေ။

မေးခွန်းတွေကိုတော့ ရင်ထဲမှာသိမ်းထားသည်။ မျက်နှ
ချင်း ဆုံခွင့် ရှိလာသည့်အခါမှာတော့ မေးဖြစ်ဦးမည် ထ
သည်။

သူမကလည်း ဖြေဖို့ အသင့်ပြင်ဆင်ထားလိမ့်မည် ထ
သည်။

ရင်ထဲမှာ ပြင်းပြင်းပြပြ နာကျင်ရသည့် နေ့တစ်နေ့
အာရုံထဲမှာ ပြန်အမှတ်ရဆဲပင်။ အဲသည်နေ့က ကံဆိုးခြင်းေ
အားလုံး တိုက်ဆိုင်ခဲ့သည် ထင်၏။

ပိုးဖြူတို့ ဒုတိယနှစ် ကျောင်းတွေပြန်ဖွင့်ပြီး လအနည
ငယ် အကြာမှာ ဖြစ်သည်။



အဲသည် ကာလအထိတော့ မျိုးသော်နှင့် ပိုးဖြူသည်
သိပ်ပြီး အလှမ်းကွာနေပြီဟု မထင်မိသေးတာ အမှန်ပင်။
မအားလပ်ရသည့် နှစ်ဆယ့်လေးနာရီထဲမှာ သူမကို သတိရ
နေတတ်သည့် မိနစ်က သုံးလေးခြောက်ဆယ်။

ဘကယ်ပါ။

မျိုးသော်ရင်ထဲမှာတော့ ချစ်သူက စက္ကန့်မလပ် ရှိနေခဲ့
သည်ပင်။

## အခန်း [ ၂ ]

'ဒေါ်လေး ဘယ်သွားမလို့လဲ'

မြို့ဘယ်ည ဈေးတန်း ဆိုင်ခန်းတွေရှေ့ဘက်မှာ သမီးလတ် မမနီ၏ လက်မောင်းကို အားပြုပြီး တရွေ့ရွေ့ တလှုပ်လှုပ် လျှောက်လာသော ပိုးဖြူတို့ မေမေနှင့်ဆုံသည်။

'ဟယ်....သော်သော်'

'ဆေးခန်းသွားမလို့ကွယ်'

မမနီက မျိုးသော်ကိုမြင်တော့ ဝမ်းသာအားယ်လဲ နှုတ်ဆက်သည်။ ပိုးဖြူ၏မိခင်ကတော့ မျက်နှာသပ်နွမ်းနွမ်းနှင့် အားယူပြုံးရသည့် အပြုံးမျိုးဖြင့် သူ့အမေးကို လေသံတိမ်တိမ်ဖြေသည်။



'သော်သော်လဲ အိမ်ဘက်မလာတာ ကြာဖြီ'

'ဟုတ်ကဲ့၊ ကျွန်တော်လဲ တအား အလုပ်တွေရှုပ်နေလို့'

'အလကား မေမေ၊ မိပိုးမရှိလို့ မလာတာ'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်မအားလို့ပါ'

တစ်ချိန်တုန်းကတော့ မျိုးသော်နှင့် မျက်နှာတူရှုမှာ ရှိနေသော အမျိုးသမီးကြီးသည် မြို့ငယ်ကလေးတစ်ခု၏ ဂုဏ်သရေရှိ မျက်နှာဖုံးကြေးရတတ်အလွှာထဲက တစ်ယောက် ဖြစ်သည်။

သူမ၏သားသမီးများသည်လည်း ဟိုဘုန်းက မိဘအရှိန်အဝါအောက်မှာ မောက်မာပလွှားခဲ့ကြသူများ ဆိုးတေလေလွင့်ခဲ့ကြသူများ ဖြစ်ခဲ့ကြဖူးသည်။

မျိုးသော်တို့ ခပ်ငယ်ငယ်အချိန်ကာလက သူတို့ပုံရိပ်တွေကို ခပ်ရေးရေး သတိရ မြင်ယောင်နေသည်၊

'ဒေါ်လေး....နေမကောင်းလို့လား'

'ဟုတ်တယ်သား၊ စိတ်ပင်ပန်း လူပင်ပန်းနဲ့ ရောဂါတွေက တစ်မျိုးပြီးတစ်မျိုး ဝင်နေတော့တာပဲကွယ်'

'နှင့်သူငယ်ချင်း နှိပ်ဂက်ဘာတွေလဲ ပါဘာပေါ့ သော်သော်ရယ်'

'ဗျာ'

မမနီပါးခပ်က သည်စကားကြားရသည်ကတော့ အနေဘာ်အံ့သြစရာကောင်းသည်။ မမနီသည် ပိုးဖြူကို အစဉ်အမြဲ အလိုလိုက်ခဲ့သော အစ်မတစ်ယောက်ဖြစ်၏။

ပိုးဖြူကြောင့်လည်း မမကြီးနှင့် မမနီ မကြာခဏရန်ဖြစ်ရတတ်သည်။

အမှန်တကယ်ပင် ပိုးဖြူမရှိတော့လည်း သူမတို့အိမ်ဘက် မရောက်တတ်ပြန်ချေ။

သူတို့ဦးတည်ရာအတိုင်း ဆေးခန်းဘက်ဆီ ကရွေ့ရွေ့ အတူတူလိုက်ပြီး လျှောက်ဖြစ်သည်။ မြို့လယ်မှာ လမ်းမီးရောင် ဆိုင်ခန်းများက မီးရောင်များဖြင့် လင်းလက်နေ၏။

ရန်ကုန်လို မြို့ကြီးပြကြီးကို သူတစ်ခါမှ လွမ်းဆွတ်ဖူးသည် မရှိ။ ကိုယ့်မြို့ကိုယ့်ဇာတိသည် ရှိုးသားသောအလှနှင့် နေချင့်စဖွယ်ဖြစ်သည်ဟုသာ စိတ်ထဲခံယူထားသည်။

ပိုးဖြူဆိုသည့် မိန်းကလေးကတော့ မျိုးသော်နှင့် ဆန့်ကျင်ဘက်။

'မိပိုးကလေး၊ နည်းနည်းမှကို အလိုက်ကန်းဆိုးမသိဘူး သော်သော်၊ မိသားစုရဲ့ အခြေအနေဆိုတာကို ထည့်မတွက်ဘူး၊ ပိုက်ဆံကလဲတောင်းလိုက်တာ ခဏခဏ၊ လောက်နိုင်တယ်ပဲ မရှိဘူး။

'နင့်မို့ ပြောရဦးမယ်၊ ကျောင်းပိတ်ရက် ခဏပြန်လာ တုန်းကလေ စိန်နားကပ်ပန်ချင်တယ်ဆိုလို့ မေမေ့နားထဲက နားကပ် ချွတ်ပေးလိုက်ရတယ်။

'အဲဒါလဲ ရင်တဘိတ်ထိတ်နဲ့ အိမ်ကသင်ထားတဲ့ ရွှေတိုရွှေစလေးတွေ ပိုက်ဆံလိုလို့ဆိုပြီး ရောင်းစားပစ်သတဲ့၊ ခုလဲ အလုပ်လုပ်မယ်တဲ့၊ မမကြီးအပြောကို မခံချင်လို့ဆိုပဲ'

'တော်ပါ မိနီရယ်၊ သော်သော် စိတ်ညစ်နေပါ့မယ်'

ပိုးဖြူနှင့် ပတ်သက်လျှင် မျိုးသော်လည်း တစ်စိတ်တစ်ပိုင်း တာဝန်ရှိသူဟု အားလုံးက ရိပ်စားမိနေပြီမို့ မမနီလည်း ရင်ထဲရှိသမျှ ပြောဖြစ်ဟန်တူသည်။



ဒေါ်လေးကတော့ အားနာချင်သလိုလို ကိုယ့်ဘက်က အားနည်းချက်ကို ဖွင့်ပြဖို့ ရှက်သည်လား၊ သမီးတွေးကို ပြစ်တင်ဖို့ ဝန်လေးသည်လား။

'စိတ်ညစ်ခိုင်းတာတော့ မဟုတ်ပါဘူး၊ သော်သော်နဲ့က သူငယ်ချင်းတွေပဲ၊ ညီအစ်မလိုနေနေတာပဲ၊ ရန်ကုန်ရောက်တုန်း တွေ့ဖြစ်ရင်လဲ အိမ်အခြေအနေလေး ပြောပြပြီး ဖျောင်းဖျဖို့ ဆိုးမပါဦး၊ သူက သော်သော့်စကားဆိုရင်တော့ နားထောင်မှာပါ'

'သူက ဘာအလုပ်လုပ်မှာတဲ့လဲ မမနီ'

'မသိပါဘူးဟယ်'

မမနီက စိတ်ပျက်လက်ပျက် ဖြေသည်။ သည်လို ပြဿနာ တွေ့ တစ်နေ့ကြုံလာမယ်ဆိုတာလည်း မျှော်လင့်ထားပြီးသား ပင်။

ညီမအတွေးဆိုးမို့ မျက်နှာမညိုးရအောင် လိုသမျှ ဖြည့်ဆည်း ပေးခဲ့ကြတာလည်း တကယ်တော့ အမှားအယွင်း တစ်ခုပင်။

ခုချိန်မှာမှ ဘယ်သူကြောင့်ဟု လက်ညှိုးထိုး အပြစ်ပုံချချင် မရသော့။

'ကုမ္ပဏီမှာဆိုလား၊ စတိုးဆိုင်မှာဆိုလား'

'သူကဘွဲ့မရသေးဘဲ ဘာအလုပ်ရမှာလဲ၊ အရောင်းစာရေး ဆိုရင်တောင် ဘွဲ့ရတွေမှ ခေါ်တာ၊ နောက်ပြီး ကွန်ပျူတာတို့ ဘာတို့ တတ်သားမှ နေရာကောင်းရတာ'

'တို့တော့ ဘာမှနားမလည်ဘူး၊ သူ့သဘောနဲ့သူ လုပ်နေတာပဲ၊ အိမ်ကို တိုင်ပင်တာမဟုတ်ဘူး၊ အဲဒါ မမကြီးက အလုပ်လုပ်မယ်ဆိုလဲ သူနဲ့အတူ ဒီပြန်လာပြီး လက်ရှိ စီးပွား

ရေးကိုပဲ လုပ်ဆိုတော့လဲ ပြန်မလာဘူး၊ သူက ကြော့ကြေ
မော့မော့လေးဝတ်ပြီး စတိုင်လ်နဲ့ လုပ်ရတဲ့ အလုပ်မျိုးကို
လုပ်ချင်တာ'

မီးအနီလေး သင်းလက်နေသော ဆေးခန်းရှေ့ ရောက်
လာသည်။ အပြာနုနု အပွင့်စိပ်ကလေးတွေ ကာရံထား
သော ခန်းဆီးစ သည်ဘက်မှာ ခုံတန်းလျားပေါ် လူသုံးလေး
ယောက် ထိုင်စောင့်နေ၏။

ပြောစရာစကားကတော့ ဆုံးမည်မထင်။ နောက်တပ
နာရီအတော်ကြာကြာအတွက် ပြောစရာစကားတွေ စုပြ
ရှိနေပုံရသည်။

မောရသည့်အမောက ရင်ကို ဆို့ကျပ်ခဲ့၏။ စိတ်သောက
ဆိုတာကို မရင်းနှီးချင်လည်း သူမနှင့်ပတ်သက်သမျှ ကျေ
ကျေ နပ်နပ် ယူရပြန်၏။

'အဲဒါ နင်လဲ ကူပြီးမေးမြန်းပေးပါဦး၊ ရန်ကုန်ဆိုတာ
ကလဲ ကျယ်ဝန်းရှုပ်ထွေးပါတိသနဲ့'

'ဟုတ်တယ်၊ သွားရေ၊ တော်တော်ကြာ မတော်မတဲ့တွေ
ဖြစ်မှာ စိုးရတယ်၊ အရောင်းစာရေးလိုအလုပ်မျိုး သူလုပ်နိုင်
မှာတဲ့လား၊ ကိုယ့်မိသားစုထဲမှာတော့ ရွှေပေါ်မြတ်
ဖူးဖူးမှုတ် အရေးပေးလိုက်ရတာ၊ မီးဖိုချောင်အလုပ်တော
သူ့ကိုခိုင်းတာမဟုတ်ဘူး၊ ဘယ်လိုစိတ်ကူးမျိုးလဲမသိ'

'သူ့အာသာသူ ဖြစ်ချင်တာပြောတာ ဖြစ်မှာပါ ဒေါ်
လေးရယ်၊ အလုပ်ဆိုတာလဲ လိုချင်တိုင်းရတာမဟုတ်ပါဘူး
သိပ်စိတ်ပူမနေပါနဲ့'

အားပေးစကားက ကရော်ကမည်နိုင်လှသည်ဟု ကိုယ့်
ကိုယ် ထင်သည်။ ဘယ်လိုအားပေးရမှန်း မသိတော့တာပ



လေ။ ကိုယ်တိုင်လည်း မီးဘောက်မီးလျှံတခု ရင်ထဲမှာ
ပျိုးထားသလို လောင်မြိုက်နေသည်။ မီးငြိမ်းချိမ်မသွားသလို
လှတ်သပ်သည့်ကောင်းကင်ပြင်ထဲ သူမစိတ်တိုင်းကျမွေ့လျော်
နေရပြီ ထင်သည်။ ကောင်းကင် ပြင်ကျယ်မှာလည်း
အန္တရာယ်တွေ မြွှန်းတီးနေသည်ဆိုတာ မသိရှာသလား ငှက်
ငယ်လေးရယ်။

'လူကြီးမိဘမျက်စိအောက်မှာ မဟုတ်တော့ သူလုပ်ချင်ရာ
လုပ်နေမှာ'

'သော်သော် ရန်ကုန်ရောက်ဦးမယ်မဟုတ်လား'

ဟု မမနီက မျှော်လင့်တကြီး မေးသည်။

'ဟုတ်ကဲ့ ရောက်မှာပါ မမနီ'

'သူ့ဆီဝင်ခဲ့ဦးနော်'

'ဟုတ်ကဲ့'

'တိုးတိုးကျိတ်ကျိတ် ဆုံးမခဲ့ဦး၊ သူက သော်သော့
စကားဆိုရင်တော့ နားထောင်မှာပါ'

ဟန်ဆောင်မရဘဲ ပြုံးမိသည်။

ဘယ်တုန်းကများ နားခံဖူးလို့လဲ။ သူမစကားကိုသာ
မျိုးသော်က အစဉ်တစိုက်နားခံခဲ့ရတာ။ တဇွတ်ထိုး ခေါင်း
မာလှသော မိန်းကလေးကို အလျှော့ပေးခဲ့ရသည့် အကြိမ်
တွေ များလှပြီဆိုတာ ဘယ်သူမှ မသိနိုင်ပါ။

'ကျွန်တော်မေးမြန်းကြည့်ပါဦးမယ်၊ သင့်တော်တဲ့အလုပ်
ဆိုရင်တော့လဲ လုပ်ပစေပေါ့၊ သူကျောင်းတက်ရင်း ကျောင်း
စရိတ် အဝတ်အစားဖိုးရတာပေါ့'

ဆေးခန်းထဲက လူနာတချို့ထွက်လာတော့ နှုတ်ဆက်ပြီး
ပြန်ခဲ့သည်။ ဘာအတွက် မြို့ထဲကိုလာခဲ့မှန်း သတိမရတော့။

ဦးနှောက်ထဲမှာ နှလုံးသားထဲမှာ စိုးရိမ်စိတ်၊ သောကစိတ်တွေ ပြည့်နှက်နေသည့် ကိုယ့်ကို မငွဲညှာလျှင်တောင် သူမကိုယ် သူမတော့ ငဲ့ညှာတတ်စေချင်သည်။ အသိုက်အမြုံကို စွန့်ချင် ခွာချင်သည့် ငှက်ကလေးကို ကောင်းကင်ကြီးတွေ အန္တရာယ်ကဲ ရှောင်တိမ်းတတ်စေချင်သည်။

သူမကို အစဉ်သဖြင့် စိတ်ချမ်းမြေ့စေချင်တာ။ ရင်ထဲက စေတနာ။

အေးအတူ ပူမခွဲ ကိုယ့်အပါးမှာ ရှိနေစေချင်သည်က ငယ်ကတည်းက ငြိတွယ်သည့်သံယောဇဉ်။

နားလည်လိုက်စမ်းပါ ငှက်ငယ်မလေးရယ်။

....◎....

အခန်း [ ၃ ]

လူစည်ကားရာ လက်ဖက်ရည်ဆိုင် မုန့်ဆိုင်တွေကို ခြေလှမ်းလေးလေးကန်ကန် ဖြတ်ကျော်ခဲ့သည်။

သီချင်းသံ စကားသံများဖြင့် ဆူညံစည်းကားနေတတ်သော မြို့လယ်ခေါင်ဆိုသည်ကို အမှတ်သညာ မထားမိဘဲရှိ၏။

စိတ်အစဉ်က ပိုးဖြူရှိရာ ရန်ကုန်မြို့ကြီးနှင့် တက္ကသိုလ်နှင်းကျင်သို့သာ တရစ်ဝဲဝဲ ရောက်သည်။ မြန်မာစာအဆိုင်ရှေ့အဖြတ်မှာ....

'မျိုးသော်'

ဟု သိမ့် လှမ်းခေါ်သကြားသည်။ မြို့ထဲရောက်တိုင်း သိမ့်တို့ ဆေးဆိုင်တန်းရှေ့က ဖြတ်မိရတတ်စမြဲပင်။ သို့ပေမယ့် သိမ့်က မရှိလေတော့ အမှတ်မထားဖြစ်။ ဝင်၍ နှုတ်မဆက်ဖြစ်။

မီးချောင်းရောင် အလင်း အောက်မှာ လိမ္မော်ရောင် ဘလောက်စ် အင်္ကျီပွပွနှင့် သိမ့်ကို လှမ်းမြင်ရသည်။ သိမ့်ပင် ဆံပင်အတိုဖြတ်လို့။ အဝတ်အဆင် အနည်းငယ် ခေတ်ဆန်လာသည်။ လုံးလုံးလျားလျား အပြောင်းအလဲကြီးတော့ မဟုတ်။

မှန်ကူနဲ ဘက္ကသိုလ် ကျောင်းသူပေမယ့် သိမ့်က စက်မှု တက္ကသိုလ်ဆိုတော့ ပိုးဖြူနှင့် တသီးတခြား ဝေးကွာသွားရသည်။

'နင်....ဘယ်တုန်းက ပြန်ရောက်နေလဲ'

'မနေ့ကမှ အိမ်က မှာတာနဲ့ စနေ တနင်္ဂနွေ ခဏပြန်လာတာပါဟ၊ နက်ဖြန်ခါဆိုပြန်မှာ၊ ငါတောင် နင့်ဆီကို လာမလို့'

အုတ်လှေကား သုံးထစ်ကို ခပ်သွက်သွက် ဆင်းလာရင်း ပြောသည်။

သိမ့်မျက်လုံးတွေထဲမှာ နွားလည်ရခက်သော အရိပ်တစ်မျိုး ရှိနေမှန်းတော့ သတိထားမိ၏။

'ဟုတ်လား၊ ငါကတော့ အားတယ်မရှိပါဘူးဟာ၊ ခု တောင် မြို့ထဲပစ္စည်း ဝယ်စရာရှိလို့ ခဏလာတာ၊ ပိုးဖြူတို့ အမေနဲ့တောင် ဒေါက်တာကျော်သောင်း ဆေးခန်းမှာတွေ့ သေးတယ် ခုပဲ'

'အေး....ငါလဲ နင့်ကို ပိုးဖြူအကြောင်း ပြောမလို့'



ဝမ်းသာအားရ မဖြစ်တတ်တော့။ ဘယ်လို သတင်း ထူးမျိုး ကြားနေရမည်ဆိုတာသာ ရင်တထိတ်ထိတ်ရှိပေ သည်။

တမင် စကားစ လာသည် ဆိုကတည်းကတော့ ပေးစရာ ပြောစရာ သတင်းကောင်းတစ်ခုခု၊ ထူးခြားသည့် ဒါမှမဟုတ် ဆန်းရွှားသည့်....။

'လာလေဟာ ဆိုင်ထဲကို'

'ဘယ်သူရှိလဲ'

'မေမေရှိတယ်၊ နှင်းပုလဲသွားမလား၊ အအေးသောက် ရင်းလေ'

'အေး....ကောင်းတာပေါ့၊ အေးအေးဆေးဆေး ပြော ရတယ်'

သိမ့် ဖျတ်ခနဲ ဆိုင်ပေါ် ပြန်တက်သွားသည်။ ရှည်လျား လှမ်းတမ်းသည့် ညတစ်ညကို ဖြတ်သန်းရတော့မည် ဆိုတာကို ကြိုတင်ရိပ်မိနေသလိုပင်။

....◎....

အခန်း [ ၄ ]

'ပြော'

သိမ့်က မျိုးဇော်မျက်နှာကိုကွက်ခနဲကြည့်သည်။ နှုတ်ခမ်း
ကို လျှာဖြင့်သပ်သည်။ မည်းနက်သော မျက်ခုံး နှစ်
ကျုံ့ဝင်နေ၏။

ခဏ သိမ့်ထံမှ စကား တစ်စုံတစ်ရာ မကြားရသေး။

'နင် ငါ့ကို ပြောရမှာအားနာနေလား၊ ပြောသာပြော
တာမှအားမနာနဲ့၊ ငါလဲ တစ်စွန်းတစ်စ ကြားတာတွေ ကြာ
နေတာပဲ'

'အေးဟယ်'



သက်ပြင်းရှိုက်သံ ကြားသည်။ နာရီလက်တံတွေ ခပ်မြန်မြန် ရွေ့လျားသွားချင်စမ်းပေါ့။

'မိပိုးတစ်ယောက် ဘယ်လိုဖြစ်နေမှန်း မသိဘူး'

'နင်နဲ့တွေ့သေးလား'

'အေး....တွေ့တယ်'

နှင်းပုလဲ၏ အဖြူရောင်နံရံမှာ၊ တေးစီးရီးအသစ် ကြော်ငြာ တွေ့မြင်သည်။ ဒီဇိုင်းလှလှ မိန်းကလေးရုပ်ပုံတွေ။ ဆိုင်ကောင်တာပေါ်မှာ တင်ထားသော ဇာဗီဖန်သားပြင်ပေါ် လှုပ်ရှားနေသည့် ပုံရိပ်တွေထဲလည်း စိတ်အာရုံ မဝင်စားနိုင်ပေ။

နီညိုညို ပက်ပျစ် ဖျော်ရည်တွေ ရင်ထဲထိုးခွဲစီးဆင်းသွား၏။ ချိုရှသောအရသာမှာ ဖန်ခါးခါး အငွေ့အသက်တွေ စိမ့်ဝင်နေသလိုပင်။

'အမျိုးသားတစ်ယောက်နဲ့'

'ဘာ'

သတိထားနေသည့် ကြားက ရှတ်တရက် စိတ်တွေ လှုပ်ထွက်သည်။ သည်လို မျှော်လင့်မထားခဲ့ဘူးလေ၊ ကိုယ့်စိတ်အကင်က တစ်မျိုး။

'သူငယ်ချင်းလား'

ခေတ်နှင့်အမီ လိုက်ချင်သည့် မိန်းကလေးမို့ ယောကျ်ားလေး အပေါင်းအသင်းရှိမှ အရောတဝင်နေမှုဟု ယူဆတာ တစ်မျိုးလည်း ဖြစ်ချင်ဖြစ်မည်။

'သူ့ထက် အသက်ကြီးတယ်၊ ကျောင်းသားလဲ မဟုတ်ဘူး၊ ကြည့်ရတာ စီးပွားရေးသမားလို့ ထင်တာပဲ'

'ဘယ်လိုတွေ့တာလဲ'

'ကားထဲမှာ၊ အဲဒီလူကြီးအားနဲ့'

'သိမ့်'

သိမ့် မျက်နှာ ခပ်ကွယ်ကွယ် ပြုနေသည်ဟု ထင်သည်။ မျက်လုံးချင်း ဆုံမိလျှင်တော့ သိမ့် မျက်ဝန်းတော့ထဲက မျိုးသော်အတွက် အဖြေတစ်ခုခု ခန့်မှန်းရနိုင်ကောင်း၏။

သို့ပေမယ့် သိမ့်က မျက်နှာချင်းမဆိုင်ဘဲ ဆိုင်အတွင်း ဘက် ဆီက ဖွင့်ထားသော တယ်လီဗီးရှင်းကို လှမ်းကြည့်နေသည်။

'နင်မြင်တာ ကြားတာ အကုန်ပြောဟာ၊ ဘာတစ်ခုမှ မချန်နဲ့၊ ပွင့်ပွင့်လင်းလင်းသိမှ....'

'နင် ဘာလုပ်မှာလဲ'

ရယ်စရာကောင်းလှသည်။ ဘာလုပ်ပေးနိုင်မလဲ။ အကောင်းဆုံး ဖြစ်အောင် ကြိုးစားနိုင်လိမ့်မည်ဟုတော့ ကိုယ့်ကိုကိုယ် ယုံကြည်။

ရင်ထဲမှာတော့ တနုံ့နုံ့ တစစ်စစ် နာကျင်နေ၏။ ခံရ ခက်သည် ဆိုသည့် ဝေဒနာမျိုး ခုမှ ကြုံဖူးသည်။ သူမရဲ့နှလုံး သားကို ကိုယ်က ယုံကြည်စွာ တလေ တစား ကန်ဖိုးထားခဲ့ မိတာက ခံပြင်းစရာ ကောင်းလှသည် မဟုတ်လား။

သစ္စာပျက်ယွင်းသည်ဆိုတာကို လက်မခံနိုင်အောင် ရှိရ သည်။ ပေါ့ပျက်ပျက်ဆိုသည့် စကားမျိုး သူမနှင့် မျိုးသော် ကြားမှာ သုံးစရာ နေရာမရှိဟု စိတ်ထဲက မှတ်ထင်ထား ခဲ့တာ။

'တစ်ခုခု ဆုံးဖြတ်ရမှာပေါ့'

'အဲဒါဆိုလဲ နင်တို့ လက်ထပ်ကြတော့ဟာ'

'ဟာ....ဘာလဲ'



စိတ်ကိုတောင်းသည့် အရိပ်အယောင်တွေ သိသိသာသာ ပေါ်လွင်သွားသည်။ သိမ့်ကိုတော့ အားနာစရာဖြစ်ကောင်း ဖြစ်မည်။

သို့ပေမယ့် လည်း ဟန်မဆောင်ချင်ပါ။

'ဘာဖြစ်လို့ လက်ထပ်ရမှာလဲ'

'ဒီအတိုင်းလွှတ်ထားဖို့ မကောင်းလို့ပေါ့ဟဲ့၊ အထိန်း အကွပ် တစ်ခုခုတော့ရှိမှ'

'သူ့သဘောနဲ့သူ ဆုံးဖြတ်တာပဲ၊ ငါ့ စောင့်နေရဲ့ပေါ့၊ ဘာလုပ်ရမှာလဲ၊ ခုနေ လက်ထပ်ကြရအောင်ဆိုရင် သူက ငါ့ကို ဟားမှာပေါ့'

'မဟုတ်ဘူး မျိုးသော်၊ ဒီကောင့်အကြောင်းလဲ နင် သိသားပဲ၊ ဒီကောင်က လှချင်တယ်၊ အသုံးအစွဲကြီးတယ်၊ အဲတော့ ပိုက်ဆံပေါပေါသုံးနိုင်တဲ့ သူတွေက သူ့ကို ကစား သွားမှာ၊ အဲဒါကို သူက နားလည်မှာမဟုတ်ဘူး။

'ဒီလူကြီးကိုလဲ သူသာယာနေတာ ပိုက်ဆံပေါပေါသုံးနိုင် လို့၊ သူ့ကိုပေးနိုင်ကမ်းနိုင်လို့ ဖြစ်မှာ၊ နာမည်ပျက်မယ်'

'အင်း....နာမည်က ပျက်ပြီးနေလောက်ပါပြီ'

'အေး....နင်ထင်တဲ့အတိုင်းပဲ၊ ချူစားသလိုလို မိုင်းလိုး ဖိုလို မိန်းကလေးတွေထဲမှာလဲ မနာလိုတတ်တဲ့ကောင်တွေက ရှိတယ်'

'နင်နဲ့တွေ့တဲ့ အခြေအနေကို မြင်သာအောင် ပြော စမ်းပါ'

သိမ့် အပြောခက်နေသည် ထင်၏။ ငယ်စဉ်ကတည်းက သိမ့်သည် လူတစ်ဖက်သားကို အားနာတတ်၏။ စကား အပြောအဆို ညင်သာ အေးဆေးသည်။

ပိုးဖြူနှင့် သိမ့်သည် တကယ်တော့ ဆန့်ကျင်ဘက် ဖြစ်သည်။ အကြိုက်ချင်း၊ စရိုက်ချင်း မညီသော်လည်း သူတို့နှစ်ဦး ခင်မင်ရင်းနှီးကြသည်။

တစ်ဦးအကျိုးကိုတစ်ဦး လိုလားကြသည်။ သိမ့်နှင့်ပိုးဖြူ အကြားမှာ မနာလို၊ ဝန်တိုသည့်စိတ်ထားမရှိ။

'ငါနဲ့တွေ့တာကတော့ ဗိုလ်ချုပ်ဈေးမှာပဲ၊ ငါတို့ ဈေးက အထွက်မှာ သူတို့ ကားဝင်လာတာ၊ သူက ငါ့ကိုမြင်တော့ ဝမ်းသာအားရ ကားပေါ်က ဆင်းပြီး နှုတ်ဆက်တယ်၊ သူ့လူကြီးနဲ့လဲ မိတ်ဆက်ပေးတယ်။

'ငါအံ့ဩလိုက်တာ တကယ်ဆို အကြောင်းမသိတဲ့လူတွေဆို ထားတော့၊ ငယ်သူငယ်ချင်းတစ်ယောက်ရှေ့မှာ သူမို့ လုပ်ရက်တယ်။

'သူကတော့ ခပ်တည်တည်ပဲ၊ ငါ့ရှေ့မှာ ဂုဏ်ယူလို့ ဝင့်ကြွားတဲ့ ဒီဇိုင်းနဲ့၊ ဆင်ယင်ထားတာတော့ အပျံစားပဲ၊ ကားကလဲ အကောင်းစားကြီး။

'ငါလဲ အဲဒီနေ့ကတော့ ဘာမှမပြောလိုက်ပါဘူး၊ နောက်တစ်နေ့ကျတော့ သူ့ဆီ ငါသွားတာပေါ့'

စကားကို ခဏနားပြီး သိမ့် ပက်[ပ]ါစီကို ပိုက်နှင့် စုပ်ယူသည်။ မေးမိပြီးမှ နောင်တရချင်၏။ အာရုံထဲ ပြက်ပြက် ထင်ထင် မြင်လာရသည့် သဏ္ဍာန်တွေက နှလုံးသားကို နာကျင်စေအောင် ရိုက်ပုတ် နှိပ်စက်နေသလို ရှိ၏။

'သူကပြောတော့ အဲဒီလူကြီးက လုပ်ငန်းတွေ အများကြီး ပိုင်တယ်တဲ့၊ သူ့ရဲ့အလုပ်ရှင်တဲ့၊ အဲဒီလူကြီးရဲ့ ကုမ္ပဏီမှာ သူ အလုပ်လုပ်နေတာတဲ့။



'အဲဒါ သူ့ကို ဟိုလူကြီးက သဘောကျနေတာတဲ့၊ သူက တော့ ရှင်းပါတယ်၊ သူလိုချင်တာရလို့ တွဲနေတဲ့သဘောပဲ၊ ချစ်လို့မဟုတ်ဘူးပေါ့၊ သူတကယ်ချစ်တာကတော့....'

'တော်ပါတော့ သိမ့်ရာ၊ မေးမိတာ မှားပါတယ်'

'အေး....မေးလို့သာဖြေရတာ၊ ငါလဲ မပြောချင်ဘူး၊ သူ့ဒီဇိုင်းကလဲ တော်တော့်ကို ဘယ်လိုပြောရမလဲ'

သိမ့်ခေါင်းငုံ့သွားသည်။

'သိသာနေတယ်၊ ပိုက်ဆံကို အသည်းအသန် လိုချင်နေမှန်း၊ ဟိုလူကြီးလဲ ရိပ်မိမှာပေါ့၊ ငါကတော့ မလုပ်သင့်ဘူးလို့ ပြောလိုက်တယ်၊ တကယ်ဆိုရင် သူ့မှာ မပြည့်မစုံ ချို့ချို့ငဲ့ငဲ့နေရတာမျိုးလဲ မဟုတ်၊ ဘာဖြစ်လို့ ပိုက်ဆံ ဒီလောက် မက်နေရတာလဲလို့၊ နင် အဲဒီလူကို လက်ထပ်မှာလားဆိုတော့ သူက ရယ်နေတယ်၊ ပြီးတော့ ဘာပြောတယ် ထင်သလဲ'

ပင့်သက်လေပူတစ်ချက် လက်ခုံပေါ် ဖြတ်သွားသည်။

'စဉ်းစားစရာမလိုသေးဘူးတဲ့'

ဟုတ်ပါတယ်လေ

ပိုးဖြူဘာကိုမှ စဉ်းစားချင်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး။

'နင် ကြည့်ပြောဦး တော်'

'ဘာလို့ ပြောရမလဲ'

'ငါကတော့ လက်ထပ်လိုက်စေချင်တယ်'

'သူက လက်ထပ်ချင်ဦးမှကိုး'

'ရန်ကုန်အကြောင်း နင်လဲသိသားပဲ၊ ဇာတ်လမ်းတွေ တအားရှုပ်တာ၊ မအူမလည်နဲ့ သူငြိသွားမယ့် ဒီကောင်က

မလည်ရှုပ်၊ ရှုပ်လည်းရှုပ်ချင်တယ်၊ လည့်လဲမလည်ဘူး၊ ခံသွားရမှာစိုးတယ်သော်၊ ငါလဲ မကြာမကြာ သွားကြည့်မယ်၊ နင်လဲ နည်းနည်းကျပ်ပေးဦး၊ ခုပုံစံအတိုင်းကတော့ မလွယ်ဘူး၊ တော်တော်ကို မလွယ်ဘူး'

သိမ့်ရင်ထဲက စေတနာကို ထင်ထင်ရှားရှား မြင်နိုင်၏။ ခက်သည်က မျိုးသော်ဘက်က ဆုပ်လည်းဖူး၊ စားလည်းရူးအဖြစ်။ ပြောဖို့ အခွင့်ပိုင်သည်လည်းမဟုတ်။ စေတနာကို သူမက လက်သင့်ခံ နားလည်ပါမှ။ ပြတ်ပြတ်သားသား ငြင်းပယ်လိုက်လျှင်ရော။ငြင်းပယ်ဖို့ အထောက်အခံအင်အားတွေ သူမဘက်မှာ ရှိနေခဲ့ပြီလေ။

'သူ့ကို အမှန်တကယ် မြတ်နိုးတဲ့သူနဲ့ တွေ့ရင်တော့လဲ ကောင်းတာပေါ့'

'ဟင်'

သိမ့် မျက်ခုံးတွေ ကျုံ့ဝင်သွားပြီး မျိုးသော်ကို ခပ်စိုက်စိုက် ကြည့်သည်။ ဝေခွဲခက်သော နားမလည်နိုင်သော အကြည့်....

'ဝေဃာန္တရာလက်သစ်ပေါ့လေ'

'စေတနာပါ၊ သူ့အတွက် သူဖြစ်ချင်သလို အစစ အရာရာ ပြည့်စုံမယ်ဆိုရင် ငါ့ဘက်က ဘယ်လောက်ပဲ ခံစားရ ခံစားရ ခံစားပျော်ပါတယ်၊ သူ့ကို ချစ်တယ်ဆိုတာက ဟို....ကိုယ်ပိုင်ဖို့ချည်းမဟုတ်ဘူးလေ၊ သူငယ်ချင်းတစ်ယောက်လို၊ ညီမလေး တစ်ယောက်လို'

'အေးပါလေ၊ ဒါပေမယ့်ဒီလိုချည်း လွှတ်ထားလို့ကတော့ မဖြစ်ဘူး၊ သူလဲ သူ့ဘာသာ ဝေခွဲမရနိုင်ဘူးနဲ့တူပါတယ်၊ သူ့



အတွက် ဖျောင်းဖျောင်းဖျဖျနဲ့ လမ်းမှန်ကို ပြပေးဖို့ လူတစ်ယောက်တော့ လိုတယ်လေ'

'အဲဒီလူက ငါဖြစ်ဖို့မကောင်းပါဘူး'

'သိပ်ကောင်းတာပေါ့၊ ဘာလို့မကောင်းရမှာလဲ'

'ငါက ပြောရင် ငါ့စေတနာတွေ အရာမထင် ဖြစ်မယ်လေ၊ ငါကဲ သူ့ဆီက တစ်ခုခုမျှော်လင့်လို့၊ ရှင်းရှင်းပြောရရင် သူ့ကို ဆုံးရှုံးရမှာစိုးလို့ ပြောတယ် ထင်မှာပေါ့'

'စေတနာမှန်ဖို့ အရေးကြီးတာပါ၊ငါကတော့ နင့်စကား နားထောင်မယ်လို့ ထင်တာပဲ၊ သူ နင့်ကိုချစ်သားပဲ'

မရည်ရွယ်ဘဲ ပြုံးလိုက်မိသည်။နှလုံးအိမ်တစ်ခုလုံး စူးခနဲ အောင့်သွားသည်။ ယုံကြည်ခဲ့သည့် အရာတွေလည်း မှေးမှိန်ကုန်ပါပြီလေ။ တခြားယောကျ်ားတွေလိုပဲ ကိုယ့်ကို ရယ်စရာသဘောထားခဲ့လျှင် မျိုးသော် သည်းခံနိုင်လိမ့်မည်မထင်။

'အဲဒီလူအဲကြောင်း ငါစုံစမ်းထားမယ်၊ နင်လဲ ရန်ကုန် လာခဲ့ပါဦး၊ ငါ့ဆီ ဝင်ခဲ့။

'ဂျူဟောဆီကိုလား'

'အေးပေါ့ဟ'

'ငါမလာရဲဘူး'

'အမယ်မယ်၊ စံရိပ်ငြိမ်ထဲက မိန်းကလေးဆောင်တွေတော့ သွားနေပြီးတော့'

'မိုက်တိုင်စန်ရဲ့ လက်သီးနဲ့ မိနေမှာ စိုးလို့'

'ခွေးစုတ်'

သိမ့်က လှပစွာ မျက်စောင်းဝင့်လေသည်။ ရန်ကုန်မှာ သိမ့်ကို ရွေးချယ်ထားပြီးသော သူမ၏ချစ်သူ လူထွားကြီးနှင့် တွေ့ယှဉ်တွဲလျက် ဆုံဖူးပြီ။

ရယ်သံတွေက ဖိပီပြင်ပြင် ဖြစ်မလာပါ။ ညသည် တဖြည်းဖြည်း မှောင်သထက်မှောင်လာလေပြီ။ ရင်ထဲမှာတော့ အမှောင်ဆုံးညတစ်ည ရှိနေသည်။

....◉....

အခန်း [ ၅ ]

အပြစ်ရှိသူတစ်ယောက်၏ ညစ်နွမ်းနွမ်းအပြုံးမျိုး၊ အရိပ်း သူမမျက်နှာမှာ လုံးဝမမြင်ရပါ။

ပိုးဖြူသည် ရှင်လန်းတက်ကြွနေသော အတောင့်အလက် ည့်ငှက်ငယ်တစ်ကောင်၏ ဝံ့ထည်မှုမျိုးဖြင့် ခပ်တေ့တေ့ းတတ်နေပြီ။

ကံ့ကော်တောသည် မျိုးသော်အတွက် အတန်ငယ် ဒိမ်း ယော်ရှိ၏။

အင်းလျားကမ်းစပ်သည် စာတွေကဗျာတွေထဲမှာ ကြည်နူး ် ဖြစ်သော်လည်း တကယ့် လက်တွေ့မှာတော့ မှိုင်ယ်

ကလေး၏ လယ်ကွင်းပြင်မှာထက် ပိုပြီးတော့ ကြည်မွေ့ဖွယ် မရှိလှပါ။

ရေပြင်နှင့် ကန်ပေါင်။

ပြီးတော့ စိန်ပန်းပင်၊ တောင်ပိန္နဲပင်၊ ကုက္ကိုပင်များ၏ အရိပ်။

အမိုးအကာနှင့် သပ်ရပ်သော အခြောက်ဆိုင်၊ မုန့်တီဆို စသည်များ။

တက္ကသိုလ်၏ အမှတ်သညာ၊ အထင်ကရတွေထဲမှ တစ် အပါအဝင်ဆိုသည်ကလဲ့ပြီး အင်းလျားကို မျိုးသော် ခံစာ မရပါ။

ဝန်းကျင်ကို သတိမမူ အလေးမထားနိုင်လောက်အော ရင်ထဲက ဝေဒနာအစိုင်အခဲက ကြီးမားစွာ လွှမ်းမိုးလာ နိုင်၍လည်းဖြစ်သည်။

လူ၏ ဇန်တီးပြုလုပ်ထားချက်များသည် တစ်ခါတစ် မှာ သဘာဝနှင့် ဆက်စပ်ယှဉ်၍ မရဘဲ ရသကို ပျက်စီး သည်ဟု ထင်သည်။

အေးစက်စက် သံခုံတန်းပေါ် ထိုင်ရင်း ကန်ရေပြင်အ သို့ လုပ်လီလုပ်လဲ့ မျောပါလာသော ဒိုက်သရောနှင့် ဗေ ပင်များဆီ ငေးမောနေဖြစ်သည်။

နံဘေးမှာ အသက်ရှိသော အရုပ်တစ်ရုပ် ရှိနေသည်ဟု သဘောထားကြည့်ချင်၏။

ရင်ထဲမှာ တန်းစီနေသော စကားလုံးများစွာ စုပြုံ တို့ ဝေ့နေကြသည်။

တကယ်တမ်းကျတော့ ပြောရခက်သည်လေ။



'ဖုံးကွယ်ထားတာ မဟုတ်ပါဘူး ပြောဖို့ မလိုအပ်လို့ ပါ'

'ဘာ'

သွေးလည်ပတ်မှုတွေ ရုတ်ခြည်း မြန်ဆန်လာသည်။

ဘယ်လိုမှ မယုံနိုင်စရာပါပဲ။

'ငါ့ကိုပြောဖို့ မလိုအပ်ဘူးပေါ့၊ နင်နဲ့ပတ်သက်သမျှ ငါ ဘာမှ သိဖို့မလိုအပ်တော့ဘူးပေါ့၊ ဟုတ်လား ပိုးဖြူ'

'အသိပေးရင်လဲ နင်သဘောတူမှာမှ မဟုတ်ဘဲ'

'ငါသဘောမတူတဲ့ အလုပ်တစ်ခုကို နင့်သဘောနဲ့နင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုကတည်းက နင့်အတွက် ငါဟာ အရေး မပါတဲ့ကောင်လို့ သတ်မှတ်ပြီးသား ဖြစ်နေပြီပေါ့'

'နင်ကလဲဟာ'

သူမ စိတ်ရှုပ်ထွေးစွာ ရေရွတ်လေသည်။

အဲသည်စကား အဓိပ္ပာယ်ကို မျိုးသော် နားမလည် နိုင်ပါ။

ရင်ထဲက ကြေကွဲ ဆူကျုံးမရခြင်းတွေက အတိုင်းအဆ မရှိ။

တစ်ယောက်အကြောင်း တစ်ယောက်သိ တစ်ယောက် သဘော တစ်ယောက်နားလည်နိုင်ကြပြီး နက်နက်ရှိုင်းရှိုင်း သံယောဇဉ်တွေ ကာလအရှည်ကြီး တွယ်ငြိ လာခဲ့ကြပြီးမှ မရေရာသော အကြောင်းပြချက် တစ်ခုဖြင့် သူမဘက်က သစ္စာပျက် ဖဲ့ထွက်ချင်ပြီ ဆိုတာကိုတော့ အလိုလို သိနားလည် နိုင်သည်။

ပြောဖို့ ကြားဖို့ မလိုအပ်တော့ပါဘူးလေ။

'ငါ့အတွက် ကျောင်းစရိတ်ကို ငါ့အစွမ်းအစနဲ့ ငါရှာချင်တယ်'

ပြုံးတော့ ပြုံးလိုက်မိသေးသည်။

ဟက်ဟက်ပက်ပက် ရယ်ပစ်ဖို့ အင်အားတွေ မရှိတော့ပါပေ။

အခန်း ၁၆၂

ဗိုးဖြူသည် မသိနားမလည်တတ်သော ကလေး တစ်ယောက်ထက် ပို၍ဖြီးဆိုးမိုက်လှသည်ဟု စွပ်စွဲဝေဖန်ချင်၏။

သူ့မှာကတော့ လက်ခံမည်မထင်ပါ။

'ငါ့ရှေ့မှာ မပြောနဲ့'

'ဟင်'

ဇဝေဇဝါဖြင့် သူမ၏ရှုတ်ချင်း မျိုးသော်ကို မျက်လွှာပင့်ကြည့်သည်။

'အဲဒီအကြောင်းပြချက်မျိုးငါ့ရှေ့မှာမပြောနဲ့၊ အကြောင်းမသိတဲ့ လူတွေရှေ့မှာပြော၊ သိမ်ရယ်ဂရု ကောင်းသည်

သိလား၊ ဝန်ခံစမ်းပါ၊ နင့်ဘာသာနင် မိုက်ဆံရချင်လို့ သုံးချင်စွဲချင် ဝတ်ချင်စားချင်လို့ အဲလို'

'အေး....သိရင်လဲ ပြီးတာပဲ'

စက္ကန့်ပိုင်းအတွင်း ပြောင်းလဲ ဘင်းမသွားသော သူမ၏ မျက်ဝန်းတွေထဲက နာကျင်ရိပ်တွေကို ကိုယ်ချင်းစာမရပါ။

တကယ်တော့ ဒေါသတွေ ပြည့်သိပ်နေခဲ့တာ ပေါက်ကွဲထွက်ချင်ခဲ့တာ။

သူမ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲခါဆောင့်တွန်းပစ်ချင်တာ။

သို့ပေမယ်....

'ပိုးဖြူ၊ နင့်ကို ငါနားမလည်နိုင်တော့ဘူး'

နှုတ်ခမ်းမဲ့လျက် သူမပြုံးသည်။

'ငါကရော နားလည်ပါလို့ ပြောနေလို့လား၊ နားလည်ဖို့လဲ မကြိုးစားနဲ့၊ ငါက ကိုယ့်ကိုယ်ကိုတောင် နားလည်ဖို့ ကြိုးစားခဲ့တာ မဟုတ်ဘူး'

'နင် ဘာအလုပ် လုပ်နေသလဲ၊ အဲဒါ ငါသိချင်တယ်'

'ကုမ္ပဏီ တစ်ခုမှာ'

'ဘာကုမ္ပဏီလဲ၊ နင်က ဘယ်လိုအဆင့်မျိုးလဲ'

'သိလဲအကြောင်းမထူးပါဘူး သော်သော်'

'နင့်အိမ်ကရော သိပြီးပြီလား၊ နင့်အစ်မတွေကို သေသေချာချာ အကျိုးအကြောင်း ပြောပြထားရဲ့လား'

'ငါ အလုပ်လုပ်နေပြီလို့၊ တစ်လကို ငါးထောင်ရတယ်လို့ အသိပေးထားပြီးပြီ'

'နင့်ဆီကို ငါလိုက်မလာပါဘူး၊ နင့်ကုမ္ပဏီလိပ်စာ ငါ့ကို ပေးထား'



ဒါ အောက်အကျဆုံး အခွင့်အရေး တောင်းခံခြင်းပဲ။ ပိုးဖြူနှင့် ပတ်သက်ပြီး မျိုးသော်၏ အစွမ်းကုန်စိတ်ရှည်သည်းခံခြင်းလည်း ဖြစ်သည်။

ဒါကို သူမဘက်က နားလည်နိုင်မည်လား။

ရင်ထဲ ဗလောင်ဆူနေပြီး မျက်နှာပြင် တင်းတင်း ပူနွေးလာသည်။

'သော်သော်ရယ် ငါ့ကိုမချုပ်နှောင်ချင်ပါနဲ့'

မိုးကြိုးသွားတစ်ခုလို နှလုံးသားကို ကျဉ်ခနဲ ထိုးနှက်လိုက်သော စကားလုံးမြားတစ်စင်း။

နှုတ်ခမ်းတွေ တင်းတင်းပိတ်သွားပြီး စကားသံ ပျောက်သွားသည်။

ချက်ချင်းပင် ကြည်လင်နေသော ကောင်းကင် အုံ့မှိုင်းသွားပြီး မိုးတွေပြိုကျလာသလိုထင်၏။

ကိုယ့်ဘက်ကပေးဆပ်ခဲ့သမျှ ဒါအထိုက်တန်ဆုံးဆုလာဘ်တစ်ခုလား။

မျက်လွှာတွေ ပိတ်ထားလိုက်သည်။

မမြင်ချင်ဆုံး အရာတွေထဲမှာ နံဘေးက ကိုယ်ရနံ့တစ်ခုလည်း အပါအဝင်ဖြစ်၏။

'ငါလဲ ငါ့ဘ၀ အတွက် အတတ်နိုင်ဆုံး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားနေတာပါ၊ ငါ့အတွက် ဘယ်သူမှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘူး၊ ငါ့မိသားစုအတွက် ဝန်လေးနေတယ်ဆိုတာ ငါသိတယ်၊ သူတို့ကိုလဲ တာဝန်ပေါ့စေချင်တယ်၊ ငါ့ရဲ့လိုသမျှတွေကိုလဲ ကိုယ့်ဘာသာဖြည့်ဆည်းချင်တယ်၊ အဲဒါကြောင့် ငါ အလုပ်လုပ်ဖို့ဆုံးဖြတ်လိုက်တာ'

နှုတ်ခမ်းဆိုးသဆေးရောင် နှုတ်ခမ်းတော့ကိုပြီ ဖျတ်ခနဲလှည့်ကြည့်ပြီးသည်။

တတ်လည်းလောက်နိုင်တဲ့မိန်းမ။ သူမအတွက်တော့ ဘယ်လိုအရာမျိုးက ဘာလေးအနက် ရှိချင်စရာ မကောင်းလှဘူးထင်သည်။

— ဘာ…သူတွေကို ငဲ့ညှာရမည်ဆိုတာလည်း နားလည်မှုကောင်းသည်မထင်။

'နင်လုပ်တဲ့အလုပ်ကမှ နင့်မိသားစုပေါ် သောကအတုံးကြီး ဟုပ်ထုပ် ပစ်တင်လိုက်သလို ဖြစ်နေတာ နင်သိရဲ့လား၊ နင့်ကို လိုလေသေးမရှိအောင် အားလုံးက ပံ့ပိုးပေးနေတာ မဟုတ်ဘူးလား၊ နင့်ဟာ မရောင့်ရဲနိုင်တဲ့ မိန်းမ၊ လောဘကြီးတဲ့ မိန်းမ၊ မရိုးသားတဲ့မိန်းမ'

'ဘာ…မရိုးသားရမှာလဲ'

မျိုးသော်ကို မကျေချမ်းနိုင်သော မီးတောက်မျက်ဝန်းများဖြင့် ခပ်စူးစူးကြည့်ချက် သူမက ဒေါသတကြီး တုံ့ပြန်လေသည်။

'နင့်ရဲ့အလုပ်နေရာကို မပြောနိုင်တာ မရိုးသားတာပေါ့၊ နင်ဘာလုပ်တယ်ဆိုတာ မပြောပြနိုင်တာ နင်မရိုးသားတာပေါ့၊ နင်သာ ရိုးရိုးသားသား အလုပ်တစ်ခု လုပ်သားတယ်ဆိုရင် ဖုံးကွယ်ထားစရာ မလိုဘူး၊ ဘယ်သူ့ကိုမှ မပြောရဲစရာ မရှိဘူး။

'ပိုးဖြူ…နင်မျက်စိနေပြီလား ပြောစမ်း၊ ငွေနောက်လိုက်ရင်း မလုပ်ကောင်းတဲ့ အလုပ်တွေ လုပ်နေပြီလား'

'သော်သော်နော်'



သူမ ဝုန်းခနဲထရပ်သည်။ မျက်နှာတွေ မျက်ဝန်းတွေ အပျက်ပျက်အယွင်းယွင်း။

'နင် ကြေးစားဖြစ်နေပြီလား'

'နင် ငါ့ကို မဟုတ်တာတွေ လာမစွပ်စွဲနဲ့'

'အောင်ကျော်ဦးဆိုတဲ့လူက ဘယ်သူလဲ'

လွှတ်ခနဲအရှိန်ဖြင့် ထွက်သွားသော စကားတစ်ခွန်းအဆုံးမှာ သူမ အံ့ဩမှင်တက်မိသွားပြီး မျိုးသော်ကို စ… တွေ အကြာကြီး စိုက်ကြည့်နေသည်။

သူမ ဖုံးကွယ်ထားလိမ့်မည် မထင်ပါ။

နောက်ပြီး သူမ၏သစ္စာမဲ့မှုအတွက် သူမက နည်းနည်းမျှပင် ဂရုစိုက်လိမ့်မည် မထင်ပါ။

နောင်တရဖို့ဆိုတာကတော့ မမျှော်လင့်နိုင်သော အရာတစ်ခုပင်။

'အဲဒါ ငါ့အလုပ်ရှင်'

'ပြန်ထိုင်စမ်းပါဦး ပိုးဖြူ'

သည်နေ့အဖို့တော့ သည်းခံနိုင်သည့် နောက်ဆုံး အတိုင်းအတာ အထိ သည်းခံစိတ်ရှည်ဖို့ ဆုံးဖြတ်ထားသည်။

နက်ဖြန်ဆိုတာက မသေချာဘူးလေ။

မျိုးသော်နှင့် ပိုးဖြူတို့၏ အနာဂတ်သည်လည်း တစ်နေ့ထက် တစ်နေ့ ပိုပြီးသေချာမှုတွေ လျော့နည်းလာနေပြီ။

သူမလက်ဖဝါးကို ဆွဲယူဆုပ်ကိုင်ပြီး ခုံတန်းလျားမှာ ပြန်ထိုင်စေလိုက်သည်။

'နင် ဘာဖြေဆုံးဖြတ်ထားတယ်ဆိုတာ ငါ့ကို ပြောစမ်းပါဦး'

သူမ နှုတ်ဆိတ် ခေါင်းငုံ့လျက် ထိုင်နေသည်။ အင်္ကျီကော်လာ၏ ဇာအနားသည် လေအနေ့မှာ တဖျပ်ဖျပ် ရိုက်ခါနေ၏။

မျက်ခွံမို့ပေါ်က အပြာရောင် အစိမ်းရောင်တွေကို စိတ်ညစ်ညူးစွာ မြင်မိသည်။

မျက်တောင်ရှည်ကော့ကော့တွေ အနားသတ်ထားသော ာန်းတွေ နက်မှောင်ရွှန်းလဲ့နေသည်ကို နှစ်သိမ့် ကျေနပ် ါရဲ့။

လုံးဝန်း ပေါ်လွင်သော နှာတံနှင့် နှင်းဆီဖူးနှုတ်ခမ်းလှလှတွေကို အားရ ကျေနပ်သင့်ပါရဲ့။

ဝင်းမွတ်ပြီး ဖွေးဥနေသော မျက်နှာပြင်၊ နို့နှစ်ရောင် အသား၊ အရပ်အမောင်းနှင့် လိုက်ဖက်သော ကိုယ်ခန္ဓာ အချိုးအစား။

အများစုထဲမှာ ပြည့်စုံနေနှင့်ပြီးသော အလှအတွက် သူမ ဂုဏ်ယူ ကျေနပ်ဖို့ ကောင်းသည်ပဲလေ။

'နင့်ရဲ့အကျိုးကို လိုလားတဲ့ လူတစ်ယောက်အနေနဲ့ ပြောချင်တယ် ပိုးဖြူ၊ နင့်ရဲ့အနာဂတ်ကို နင်ပြန်မျှော်ကြည့်ဦး၊ သေချာတယ်၊ ရေရာတယ်၊ အကောင်းဆုံး ဖြစ်မယ်ဆိုရင် ငါကျေနပ်တယ်၊ နင်ကြိုက်သလိုဆုံးဖြတ်၊ ငါထက်ပိုပြီး နင့်အပေါ် ကောင်းနိုင်မယ် ဖြည့်ဆည်းပေးနိုင်မယ့်လူ တွေ့ပြီလား'

ဘာကြောင့် နှုတ်ဆိတ်နေသလဲ။
ဖြေပါ ပိုးဖြူရယ်၊ မကြားရဲဘူး နင်ထင်သလား။



မချင့်မရဲစိတ်ဖြင့် သူမနားရွက်ဖျားကို ခပ်ဖိဖိ ဆွဲခါလိုက် ့ မျက်ရည်စိုလဲ့သော မျက်ဝန်းအစုံဖြင့် သူမ မော်ကြည့် သည်။

ထိခိုက်ကြေကွဲခြင်းဖြင့် ဘယ်ဘက်ရင်အုံက စူးစူးရှရှ ကျင်လာ၏။ သူမမျက်ရည်တွေကိုတော့ မမြင်ချင်ပါ။ င်ရဲပါ။ မမြင်ရက်ပါ။ အဲသည်လို နူးညံ့တတ်လွန်းသည့် းသားသားကြောင့်ပဲ ပိုးဖြူက သူ့ကို အမြဲလိုလို နိုင်ရခဲ့ ယ်လား မသိ။

'ဖြေလေ'
'ဟင့်အင်း'
'ဘာကို ဟင့်အင်းတာလဲ'
'မသိဘူး'
'ပိုးဖြူရယ်'

ခေါင်းငုံ့ထားသော ပိုးဖြူ၏ အစိမ်းနုရောင် ဖြူခောင် ပေါ် လွင့်ကျ စွန်းထင်းသွားသည့် မျက်ရည်စက်တွေကို ရလျှင်တော့ ကျယ်ပြောလှသော ရေအပြင်ကြီးအောက် းဖောက် ထွက်ပြေးသွားချင်လှသည်။

ဒေါသတရားတွေက ကရုဏာကြောင့် ဖြစ်ရသည့် ကရုဏာ ါသတွေဆိုတာ သူမ နည်းနည်းတော့ စဉ်းစား နားလည် ပါသည်။

'နင်ကလဲ့ပြီး ဘယ်သူ့ကိုမှ ငါမချစ်ဘူး သော်'
'မဟုတ်သေးဘူး ပိုးဖြူ'

ပြောသင့်သည့်စကားမှန်း သိလျက် မပြောရက်သည့် ားတွေ ရင်နှင့်အပြည့်။

အချစ်နှင့်ဘဝဆိုတာကို သူမက ဘယ်လို စိတ်ကူးယဉ်ေ
သည်မသိ။

'ဝေ လည်ကြောင်ပတ် မဖြေနဲ့၊ အောင်ကျော်ဦးက နင့်ကို
လက်ထပ်မှာလား'

'အဲဒါတွေ ငါမစဉ်းစားရသေးဘူး'

'ဘာ'

'ကြည့်စမ်း၊ ပေါ့ပျက်လိုက်တဲ့မိန်းမ။

'ပိုးဖြူ'

ပေါက်ကွဲစွာ အော်ပစ်လိုက်တော့ မျက်တောင်တဖျပ်ဖျ
ခတ်ရင်း တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် သူမ ကြ
သည်။

နင် ဘယ်လိုမိန်းမလဲဟင်၊ စေတနာနဲ့ မတန်တဲ့ မိန်းမ
ပိုက်ဆံမျက်နှာပဲကြည့်တဲ့ မိန်းမလို့တော့ပြီ၊ နင့်ကို ငါဘာတစ်
မှ မပြောချင်တော့ဘူး ပိုးဖြူ၊ နင့်ဘာသာ ဖြစ်ချင်သလိုသ
ဖြစ်တော့၊ နွားဝင်အောင် ဆုံးမလဲ ကျွဲပါးစောင်းတီး
သစ္စာမရှိတဲ့ မိန်းမ၊ သိက္ခာမရှိတဲ့ မိန်းမ ပိုက်ဆံအတွက်
ရှိသမျှသိက္ခာ ရောင်းစားမယ့် မိန်းမ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ငါ့ကို ဘာမှလာမပြောနဲ့၊ အဲဒီ
မိန်းမမျိုးကိုမှ လက်ထပ်ဖို့ နင်စိတ်ကူးရဲတယ်ဆိုရင် နင်
လို့ပဲ'

'ဟြော်'

မေးကြောတွေ တင်းခနဲ။ ဒေါသတွေလည်း ဖျဉ်းခနဲ
သည်မိန်းမနှင့် နောက်ထပ် အချိန် တစ်စက္ကန့်တော
မျက်နှာချင်းဆိုင်ဖို့မကောင်းတော့ပါ။ ကိုယ့်ဘက်က ထား
သမျှ သံယောဇဉ်၊ စေတနာ၊ အကြင်နာအားလုံး အားလုံ



ဘယ်လောက် နှမြောစရာ ကောင်းသလဲ။

ဘယ်လောက် ယူကျုံးမရဖြစ်စရာ ကောင်းသလဲ။

သူမမျက်နှာ ကြေကွဲနေသလား၊ နာကျင်နေသလား
ငိုယိုနေသလား၊ မသိချင်တော့ပါ။ ဘာကိုဘာမှ မသိချင်
တော့ပါ။

## အခန်း [ ၄ ]

အုတ်လှေကားထစ်တွေကို တစ်လှမ်းချင်း ဆင်းခဲ့သည်။

နက်မှောင်သော ကတ္တရာလမ်းမကြီးသည် စကြဝဠာ ဟင်းလင်းပြင်ကြီးတစ်ခုလို ကြီးမား ကျယ်ပြန့်နေသည်။

အာရုံထဲမှာ ဘာကိုမှမမြင်။

စကားသံတွေကိုသာ အဖန်ဖန်အထပ်ထပ် ကြားသည်။

စေတနာကို စော်ကားတဲ့မိန်းမ....

စေတနာကို စော်ကားတဲ့မိန်းမ....

စိတ်ထဲက တဖွဖွရေရွတ်ရင်း ပလက်ဖောင်း ကျောက်ပြားတွေကို ခပ်ကြမ်းကြမ်း ဖိနင်းပစ်သည်။



အကောင်းဆုံးဖြစ်စေဖို့ ချစ်သူစိတ်တိုင်းကျစေဖို့ ကြိုးစား ထားခဲ့သမျှလည်း မရေရာသည့် အနာဂတ်တစ်ခုနှင့်အတူ အရာမထင် ဖြစ်ခဲ့ရပြီ။

ယောကျ်ားတစ်ယောက်၏ ရှိသင့်ရှိအပ်သည့် မာနတရား အားလုံးကို လျှော့ချထားပြီး ချစ်သူအလိုကျဖြစ်စေဖို့ ဖြည့် ဆည်းခဲ့သမျှလည်း ရင်ထဲကနှလုံးသား တစ်စစီ ကြေမွခဲ့ခြင်း နှင့်အတူ မျောလွင့်ပါးလျားခဲ့ပြီ။

တစ်ယောက်တည်း နာကြည်းခံပြင်းစွာ အောက်တစ်ချက် ပြင်းပြင်း ခေါက်မိသည်။

ဘတ်စ်စကားမှတ်တိုင်က လူအချို့ လှည့်ကြည့်ပြီး ပြုံးသူ ပြုံးကြသည်။

လူရယ်စရာဖြစ်ရသည်ထက်ပိုပြီး ခံရခက်သည့် ဒဏ်ရာ က်ချက်များစွာနှင့် ပတ်ဝန်းကျင်ကို လုံးလုံးလျားလျား မေ့လျော့နေမိသည်။

မျက်ရည်တွေကို သတိမရချင်တော့။

လောကကြီးတစ်ခုလုံးကို ခဏဖြစ်ဖြစ် မေ့ထားလိုက် ချင်သည်။

သည့်ထက်နာကြည်းစရာ ရှုက်စရာကောင်းသည့် အချိန် ာလမျိုး မရှိနိုင်တော့ဘူးဟု ထင်ချင်စရာပေမယ့် အမြစ် ွယ်နေသည့် သံယောဇဉ်တန်းကို ချက်ချင်းဖြတ်တောက် ဖို့တော့ ခဲယဉ်းလှသည်။

မုန်းတီးစက်ဆုပ်ချင်စရာနော်....

မုန်းလိုက်စမ်းပါလား။

ခါးခါးသီးသီး မုန်းစစ်လိုက်စမ်းပါလား။

မိန်းမတစ်ယောက်အပေါ် ချစ်မြတ်နိုးခြင်းသည် ဘယ်
အခြေအနေ ဘယ်လိုအကြောင်းဖြစ်ချက်မျိုးကြောင့် ဆန့်ကျ
စွာ ပြောင်းလဲတတ်သည် မသိ။

ဘယ်လိုပြဒဏ်မျိုးကြောင့် လျော့ပါးလွင့်ပြယ်ရသ လဲ
မသိ။

ကိုယ့်နှလုံးသားကို ကိုယ် ဘာသာ ဆန်းစစ်ကြည့်
ကြောက်သည်။ ရှက်သည်။

နှုတ်ခမ်းဆိုးဆေး ခရမ်းပြာရောင်နှင့် မျက်နှာသည် အာ
မှာ ဖျောက်ဖျက်မရနိုင်အောင်ရှိဆဲ။

မျက်ရည်ဝိုင်းရစ်သော အပြာရောင် မျက်ခွံအောက်
မျက်ဝန်းတစ်စုံသည်လည်း စိတ်နှလုံးကို တရိရိနှမ်းနယ်အော
နှိပ်စက်နေဆဲပင်။

လွမ်းမိလျှင် နာစရာနှင့် ဖြေနိုင်ပေမယ့် နာကြည်
နေလျက် မေ့ဖို့ကျတော့ ခက်သည်တဲ့လေ။

....⦿....

အခန်း [ ၁ ]

ညနေခင်း လေပြည်သည်ပင် ကြမ်းတမ်းနေသည်ဟု ထင်
သည်။

မျက်ရည်စက်တွေ လေအရှိန်ဖြင့် လွင့်ခြောက်သွားလေ
သည်။

တိုးလျှည့်သက်သော ခြေသံတွေ တိတ်တခိုး မျှော်လင့်
နေမိသည်လည်း ရောက်မလာနိုင်တော့။

လိမ္မော်ရောင်ဆည်းဆာသည် နေ့တစ်နေ့ကို တဖြည်းဖြည်း
တ်ဆက်တွက်သွားနေ၏။

အုပ်စုဖွဲ့ ပျံသန်းသွားသော ငှက်ကလေးများက သူ
အိမ်ပြန်ဖို့ သတိပေးနေသလိုပင်။

အိမ်ကို

မဟုတ်ပါဘူးလေ။

ပိုးဖြူ အိမ်မှမပြန်နိုင်တာ။

[သစ္စာမရှိတဲ့ မိန်းမ၊ သိက္ခာမရှိတဲ့ မိန်းမ]

ဆိုးရွားကြမ်းတမ်းသော စကား လုံး များ က ပိုး
အတွက်တဲ့လေ။

တကယ်တမ်းကျတော့နှလုံးသားက တင်းမခံနိုင်ဘဲ ကြေ
ခဲ့ရသည်။

သံယောဇဉ်ဆိုသည့် ကြိုးတစ်ချောင်း၏ အခိုင်အခံ
သတိမထားမိခင်ကတော့ နှလုံးသားဆိုတာကို အရေး ဂရု
ခဲ့တာ အမှန်ပင်။

ဘဝတစ်သက်တာအတွက် ရွေးချယ်ပိုင်ခွင့် အပြည့်အ
ရှိပြီးသားဆိုသည့် ဝါဒကိုပဲ တရားသေပင် ဆုပ်ကိုင်ထာ
သည်။

ခန္ဓာကိုယ် အတွင်းတစ်နေရာမှာ သိုသိပ်ဝှက်ကွယ်နေသ
တစ်စုံတစ်ရာက ခုချိန်မှာ ရင်ခွင်တစ်ခုလုံး ပြည့်ကျပ်နေအော
လောင်မြိုက်စေတော့သည်။

မြက်ပင်များနှင့် ထိကပ်နေသော ခြေအစုံက လေး
လွန်းသည်။

ရွေ့လျား မရတော့ဟုထင်၏။

သူ့အိမ်အပြန်လမ်းဆီ မျှော်ကြည့်မိသည်။

အငွေ့အသက်မျှပင် မကျန်ရစ်သော အရိပ်တစ်ခုကို မှ
ရော်မိသည်။



နူးညံ့သော ကြင်နာခြင်းဖြင့်သာ အစဉ်ပြည့်လျှမ်းနေတတ်
သော မျက်ဝန်းတစ်စုံ၏ အပြောင်းအလဲက ပိုးဖြူ သွေးပျက်
စရာ ကောင်းလှသည်။

'ကိုယ်....ဆိုးတာပါ။

ကိုယ် သိပ်ကိုဆိုးတာပါ သော်ရယ်။

အရေးရာကို မရှောင့်ရဲလွယ်သည်က သူမ၏ အားနည်းချက်
ဟု နားလည်သည်။

အဲသည်အားနည်းချက်ကို ပြုပြင်ဖို့ ကြိုးစားသားယူဆဲ၊
ညို့ငင်ဖမ်းစားနိုင်သောပတ်ဝန်းကျင်၏ ကွန်ရက်တွေအောက်
မှာ အလွယ်တကူ ယစ်မူးသွားမိပြန်တော့သည်။

အိမ်ပြန်ဖို့သင့်ပြီလား။

ပိုးဖြူကို ကြိုဆိုနေမဲ့ နွေးထွေးသည့် ရင်ခွင်ကို ခြေစုံ
ကန်ခဲ့မိပြီ ဟူသော နောင်တအသိကဲ အလွန့်တရာမှနောက်ကျ
ခဲ့ပြီ။

သော်ဟာ စိတ်ပြေလွယ်တဲ့ ကောင်လေး တစ်ယောက်
ပါလေ။

ကန့်လန့်ပေါင်တစ်လျှောက် ခပ်သွက်သွက်လျှောက်ပြန်ခဲ့သည်။

နက်ဖြန်တော့ အိမ်ပြန်ရမည်။

သူနှင့် ဘယ်တုန်းကမှရန်မဖြစ်ခဲ့သလို ကိုယ်ကစပြီး စကား
တွေ တတွတ်တွတ် ပြောရမည်။

ပြီးတော့ မဟော်ဂနီပင်တွေ ရှိရာ လေးမျက်နှာ ပေတီ
ဟော်ဘက် လမ်းလျှောက်ကြမည်။

ဇေတီဘက်ရှေ့မှောက်မှာ သူ့အပေါ် တည်ကြည်ခိုင်မာ
သည့် သစ္စာတရားဖြင့် တစ်သက်တာ ချစ်မြတ်နိုးပါမည့်
အကြောင်း..

တိုင်တည်းဦးနှိမ်ရမည်။
သည်လိုဆိုလျှင်
သူကတော့ ပြုံးနေမှာပါလေ။

....⊙....

အခန်း [ ၉ ]

အခန်းဆောင်ရှေ့မှာ ကားအဖြူကို မြင်လိုက်ရစဉ်မှာ စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားပြန်တော့သည်။

ပိုးဖြူဆိုသော မိန်းကလေး၏ ယိုင်နဲ့ပြိုလဲဖို့ လွယ်ကူလှသော စိတ်ဓာတ်တွေကို ဘယ်လိုသံကြိုးမျိုးနှင့်မျှား ချုပ်နှောင်ထားရမည် မသိတတ်နိုင်ပါ။

'ဘယ်ကပြန်လာတာလဲ'

သူမနောက်ဘက် ဘယ်အချိန်ကရောက်နေမှန်း မသိသော ကိုအောင်ကျော်ဦးကို ဝမ်းသာအယ်လဲ နှုတ်မဆက်နိုင်တော့လောက်အောင် တွေဝေငေးငိုင်နေမိသည်။

'အင်းလျားက'

'အီးဗင်းနှင်းရှိုး ကြည့်မယ်ဆို'

'ပြောဖူးလို့လား'

ဟိုတလောက ပြောထားတယ်လေ၊ အပြန်ကျ ဈေးပွဲ
တော် ဝင်ကြည့်မလား၊ ရယ်ဒီမိတ်တွေ ကီလိုစတွေ ဈေး
သက်သာတယ်တဲ့'

'ဟုတ်တယ်၊ သဥ္ဇာ့ကိုပါ ခေါ်လိုက်မယ်နော်'

ဟော....

ဘယ်လိုဖြစ်ရပြန်တာလဲ မိပိုး။

ယောက်နှင့်ဆိုသျှင် သည်လို လိုရာပြည့်စေပြီး စိတ်လွတ်လပ်
ရသည့် အခွင့်အရေးမျိုး ရနိုင်မှာမဟုတ်ဘူးလေ။

မနက်ဖြန့်တော့ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ပြန်မှပါ။

အိမ်ပြန်ကိုပြန်ရမှာ။

....◎....

အခန်း [ ၁၀ ]

'တက်လဲတက်နိုင်တဲ့မိန်းမ၊ ခုပဲ တစ်ယောက်နဲ့တွဲပြီး ပြန်
သွားတယ်၊ နောက်တစ်ယောက်က လာစောင့်နေတယ်'

'တိုးတိုးပြောစမ်းပါ ဒေါ်သဥ္ဇာရယ်'

'နှင်လိုက်သွားမလို့လား'

'ရုပ်ရှင်သွားကြည့်မယ်၊ နှင်လဲလိုက်ခဲ့လေ'

သဥ္ဇာက ရှုံ့မဲ့နဲ့လေချွန်လျက် ခေါင်းယမ်းရင်း....

'ငါမလိုက်နိုင်ဘူး၊ ဒီနေ့ ကိုကိုလာမယ်လို့ ဖုန်းဆက်ထား
တယ်'

ဟု ပြောသည်။

'နှင်လဲမလိုက်နဲ့ဟာ၊ မိုးချုပ်သွားလိမ့်မယ်'

'ဟယ်'

ခေါင်းညိတ်ရင်း စဉ်းစားနေစဉ်မှာ....

'သဥ္ဇာရေ၊ တယ်လီဖုန်း'

ဟု လှမ်းအော်လိုက်သံကြောင့် သဥ္ဇာ ကမန်းကတန်း အခန်းထဲသို့ ထွက်သွားသည်။

...⊛...

အခန်း [ ၁၁ ]

အုတ်စည်းရိုးတိုင်ပေါ် မီးအိမ်ကလေး တင်ထားပုံကအစ ကဗျာဆန်လှပေသည်။

ပြတင်းပေါက်တွေက မီးခိုးရောင် မှန်ပြားများဖြင့် အတွင်းကို မမြင်နိုင်အောင် ကာရံထားပြီး ဇာတန်းအကွက် ဖော်ထားသည်ကြောင့် ဒီဇိုင်းဆန်းသစ်သည်။

ဝရန်တာ အောက်ဘက်မှာ သံကိုင်းခံထားသည့် ပေါ်တီကို အပေါ်စားဟဲလေးရှိနေပြီး မီးလုံးလှုလှုလေး လင်းလက်နေသည်။

ဝရန်တာ၏ တစ်ဘက်ကိုတော့ အပွင့်ကြွေပြားများ ကပ်လျက် တောက်ပနေသည်။

ကားအဝင် ကွန်ကရစ်လမ်းကလေး တစ်ဖက်တစ်ချက်မှာ ပန်းအိုးပန်းပင်တွေ အမျိုးစုံလင်စွာ ရှိသည်။

ဘယ်လောက် စိတ်ကူးယဉ်စရာ ကောင်းလိုက်သလဲ။

သည်လို ဒီဇိုင်းလှလှ တိုက်အိမ်တစ်လုံးပိုင်ဖို့ ဘယ်တော့များမှ မျှော်လင့် နိုင်မည်လဲ။ တစ်သက်တာအတွက်တောင် မလွယ်ကူပါဘူးလေ။

'ဝင်လေ'

'လှလိုက်တာနော် ဦးကျော်'

'မနေချင်ဘူးလား'

'နေချင်တာပေါ့'

ရင်ထဲက လိုအင်ဆန္ဒနှင့် အမှန်မင်။

လူတစ်ယောက်၏ဘဝမှာ ဘာအရေးကြီးဆုံးလဲ။

မိန်းမတစ်ယောက်ရဲ့ အနာဂတ်မှာ ဘယ်အရာက အရေးပါဆုံးလဲ။

သည်မေးခွန်းတွေကို ဖြေဆိုဖို့အတွက် သူမ၏ ဦးနှောက်က အလုပ်မလုပ်နိုင်ပါ။

အလင်းကာ မှန်တံခါးများကို တွန်းဖွင့်လိုက်သည့်အခါ မှာတော့ ပရိဘောဂအသစ်များ၏ ပေါလစ်အနံ့ကိုရသည်။

ကနုတ်ပန်းခက်များ ဖော်ထားသည့် ဧည့်ခန်း၏ ခံ့ညား ထည်ဝါမှုကပင် သူမကို အံ့ဩတကြီး၊ မက်မောတကြီးဖြစ်ရ အောင် ညို့ယူထားနိုင်ပြီ။

'ဒီလိုနေရာမျိုးမှာ ဒီလိုအိမ်တစ်လုံးရှိနေတာ အံ့ဩစရာ ကြီးနော်'



'ဘာဖြစ်လို့လဲ ပိုးဖြူရဲ့'

'အများအားဖြင့်တော့ ဒီဘက်မှာက ဝန်ထမ်းတွေ လက်လုပ်လက်စားတွေ နေကြတာမဟုတ်လား'

'ဘယ်ဟုတ်မလဲ ပိုးဖြူရဲ့၊ နောက်ဆို ဒီနေရာက တအား ကားလာတော့မှာ၊ အခုတောင် ဒီနေရာမှာ မြေကွက် ယ်ပြီး ငွေမြှုပ်ထားကြတဲ့သူတွေ တစ်ပုံကြီး'

'ဦးကျော်ကရော ပြန်ရောင်းမှာလား'

ဦးအောင်ကျော်ဦးက ဆိုဖာဆက်တီပေါ် ခွေ့ခနဲ ဝင် ထိုင်လိုက်ပြီး လားကိုစ် စပို့ရှပ်အင်္ကျီအိတ်ထဲက စီးကရက် ဗူးကို ဆွဲထုတ်ယူသည်။

'အစကတော့ ကိုယ့်မိသားစုအတွက်ပါပဲ၊ ဒါပေမယ့် တို့တွေက ဒီမှာမနေချင်ဘူးတဲ့ လ'

လက်ဖျားတွေ အေးစက်သွားသည်။

မြို့တစ်ခုထဲ အတင်းဝင်တိုးချင်သည့် ငါးတစ်ကောင် အတွက် မြို့ထောင်သူမှာ အပြစ်မရှိပါ။

ဦးအောင်ကျော်ဦး၏ ဂုဏ်သရေအတွက် သူမက ဘာများ အထောက်အပံ့ ပြုနိုင်ပါသလဲ။

စီးပွားရေးလုပ်ငန်းများစွာကို ဦးစီးနေသည့် အသက် လေးဆယ်နီးပါး လူတစ်ယောက်မှာ သူတာဝန်ယူ အရိပ် မိုးပေးထားရသည့် မိသားစုတစ်စု ရှိနေသည်ဆိုတာကို မျက် ကွယ်ပြု မသိဟန်ဆောင်ထား၍ ဖြစ်မှာတဲ့လား။

အရှိကိုအရှိအတိုင်း လက်ခံနိုင်ဖို့ ပိုးဖြူက ချိုမှုန်း ခြောက်လန့် ပြန်သည်။

'ပြန်ကြစို့လား ဦးကျော်'

'ပြန်မလို့လား ပိုးဖြူ၊ သိပ်မိုးချုပ်နေပြီဆို'

ပြောတော့ ပြောမိသည်ထင်သည်။ သို့ပေမယ့် သည်လို အခြေအနေမျိုး ဖြစ်လာဖို့တော့ မရည်ရွယ်ခဲ့ပါဘူးလေ
'ဒီမှာအိပ်လေ၊ ဦးကျော်. မနက် လာခေါ်မှာပေါ့'
'ကျေးဇူးတင်ပါတယ် ဦးကျော်၊ ဒါပေမယ့် ....'
ကျွန်းပွတ်လုံးတိုင်များနှင့် တစ်ဆစ်ချိုးလှေကား....
ညှော်ခန်းအကာယ်တည့်တည့်က လုပ်ပေးသော မီးဖိုခန်းဆိုင်း။
ပြေနှင်းလိုက်တိုင်း ညက်ညောနူးညံ့လှသည့် နိုင်ငံခြားဖြစ် ရှမ့်ပိုင်းကော်ဇောရဲ့ အတွေ့။
သည်အိမ်ကလေးဟာ ပိုးဖြူအတွက်ဆိုလျှင်....
'ပိုးဖြူ တစ်ယောက်တည်းလဲ ဒီမှာ မအိပ်ရဲပါဘူး'
ဒါဟာ မြူဆွယ်ဖြားယောင်းသည့် စကားတစ်ခွန်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သည့်ထက်ပိုပြီး သန့်စင်ကောင်းမွန်သည့် နည်းလမ်းတွေ ရှိနေပါလိမ့်ဦးမည်။ သို့ပေမယ့် သည်လောက်တော့ မမြန်ဆန်နိုင်ဘူး မဟုတ်လား။
သည်အိမ်ကလေးကို ပိုင်ချင်မိသည်။
ပြီးတော့ အောက်ပသစ်လွင်သည့် အဝတ်အစားများ။
ဒီဇိုင်းဆန်းပြားပြီး တန်ဖိုးကြီးသည့် လက်ဝတ်ရတနာများ။
နောက်ဆုံးနံပါတ် ဇိမ်ခံကား။
အဲဒါတွေအားလုံး သူမတစ်ယောက်တည်း အရှမ်းအစ နှင့်တော့ မရနိုင်ဘူးထင်ပါရဲ့။
ဒေသ်....
အောက်ဖရော့။
မြည့်ဆည်းပေးနိုင်မှာပဲလား။
အလက်ရှူသံတွေ မြန်ဆန် ကြမ်းတမ်းလာသည်။



ဓွပ်စွဲစကားတွေက လှိုင်းတံပိုးသံတွေလို နားထဲ ဘဝုန်းဝုန်း ရိုက်ခတ်လာနေ၏။
နာကြည်းရိပ် သမ်းသော မျက်နှာတစ်ခုကို အာရုံထဲမှာ မြင်သည်။
ကျဉ်းမြောင်း ရှည်မျောသော မျက်ဝန်း တစ်စုံထဲမှာ ပိုးဖြူအတွက် သိယောဇဉ် အငွေ့အသက်ဆိုတာကို ရှာမတွေ့နိုင်တော့သလို ထင်၏။

'ဘာတွေ စဉ်းစားနေတာလဲ ငြိမ်လှချည်လား'

ရုတ်ခြည်းပင် သူမရယ်မောပစ်လိုက်သည်။

'ခြောင်...အိမ်ကလေးကို သဘောကျနေလို့ပါ ဦးကျော်'

'ပိုးဖြူကြိုက်ရင် ပိုးဖြူ ဒီမှာနေဖို့ ကိုယ်ခွင့်ပြုမှာပေါ့'

'တကယ်လား'

မျက်စောင်းဝင့်လျက် မေးသည့်အခါ ဦးအောင်ကျော် ဦးက စီးကရက် မီးခိုးများကြားမှ လှပစွာ သိမ်မွေ့စွာ ပြုံးလျက် ခေါင်းညိတ်သည်။
'ဒါပေမယ့် အိမ်လခတော့ပေးရမှာပေါ့'
'အင်'
နှစ်ယောက်သား မျက်လုံးချင်းဆုံမိသည်။
ရယ်သံတွေ၊ မှန်တံခါးများ ကာရံထားသည့် နံရံတွေဆီ လွင့်စဉ် ရိုက်ခတ်လျက် ပဲ့တင်လာ၏။
အမှန်တရားတွေ ရှားပါးနေသည့် လောကကြီးထဲမှာ အမှားအယွင်းတွေကတော့ များစွာ ရှိနေပေလိမ့်မည်။

အဲသည့် အမှားအယွင်းတွေအတွက် အကြောင်းပြချက် တစ်ခုစီ ရှိနေမည်ဆိုလျှင် သူမ မှားလည်း အကြောင်းပြချက် တစ်ခုမက ရှိနေနိုင်သည် ဖြစ်၏။

အချစ်ဆိုတာ အရေးမပါပါဘူးလေ....နော်။

....❀....

အခန်း [ ၁၂ ]

သိမ့်က မျက်လုံး မှေးစင်းလျက် ပိုးဖြူကို ငေးငေးရီရီ ကြည့်သည်။

သိမ့် နားမလည်နိုင်ပါဘူးလေဟု ကိုယ့်ဘာသာဖြေသိမ့်တွေးလျက် ကိုယ့်ဘက်က ယုံကြည်ထားသည့် အမှန်တရားကို ချပြဖို့ နည်းနည်းအားလျော့သွား၏။

သိမ့်က သိမ်မွေ့ရိုးစင်းသူ ဖြစ်သည်။

ကက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်လျက် နှုတ်ခမ်းဆိုးဆေးကိုပင် ညီအောင် မဆိုးတတ်သူ ဖြစ်သည်။

ခုလည်း နှစ်နှစ်ပ ဂန်ဂေါလိုချည်နှင့် ဘီရှပ်ပွပွတစ်ကော ဝတ်ပြီး ဆံပင်ကို ဖြစ်သလိုစည်းနှောင်လျက် ပိုးဖြူထံ ရောက်လာခဲ့သည်။

အထက်တန်းကျောင်းတုန်းကတော့ သိမ့်သည် ပိုးဖြူတို့အုပ်စုထဲမှာ အထူးချွန်ဆုံးဖြစ်၏။

နှစ်စဉ် နှစ်တိုင်း ပညာရည်ချွန်ဆု ပေးပွဲ အခမ်းအနားတက်ရတတ်သည့် သိမ့်သိမ့်ကို ပိုးဖြူက ဘယ်တုန်းကမှ အားမကျခဲ့ချေ။

'မိပိုးရယ်....လုပ်စရာအလုပ် ဒီလောက်ခေါင်းပါးပဲ ရှားသလား'

'ရှားတယ်ဟ'

သိမ့် သိသိသာသာ မျက်မှောင်ကြုတ်သွားလျက်....

'မဟုတ်သေးပါဘူး'

ဟု ခေါင်းယမ်းပြောသည်။

'ဟုတ်တယ် သိမ့်၊ ကုမ္ပဏီတွေက ခေါ်တဲ့အလုပ်တွေကတွဲရမှု၊ ပြီးတော့ ဂျပန်လို၊ တရုတ်လို၊ အင်္ဂလိပ်လို၊ စကားပြောတတ်ရမယ်၊ ကွန်ပျူတာကာတ်ရမယ်၊ လုပ်ငန်း အတွေ့အကြုံရှိရမယ် ဘာညာ၊ ငါမှာအဲဒါတွေ မတတ်ဘဲ။

'နောက်ပြီး လစာကလဲ အသွန်ဆုံးမှ ငါးထောင်ရတာ၊ အခု အလုပ်က လစာ ရှစ်ထောင်အပြင် အပိုဆုကြေးတွေ၊ ပန်းကုံးဖိုးတွေ ဘာတွေရတယ်၊ ပြီးတော့ အိမ်တိုင်ရာရောက်လာကြိုတယ်၊ လိုက်ပို့တယ်'

'ညသန်းခေါင်လောက်မှ မဟုတ်လား'

'ဒါကတော့ အလုပ်သဘောကိုက....'

'တော်စမ်းပါဟာ'



သိမ့် နှာခေါင်းရှုံ့လိုက်သည့်ဟန်က ပိုးဖြူ နှလုံးအိမ်ကို ဖျပ်ဖျပ် ခါသွားစေသည်။

ကမ္ဘာရာမှာ သူ့ကို ခေါ့ခေါ့ကွဲရှဲ့ဘတ်ကြသည့် အဖော်တွေ မျက်နှာမျိုး။

ရိုးသော့ ရိုးနေပါပြီလေ။

ကိုယ့် ဆုံးဖြတ်ချက်တွေအတွက် ကိုယ်တိုင် တာဝန်ယူရမည်ဆိုလျှင် ရဲရဲကြီး တာဝန်ယူနိုင်သည်။

မျက်နှာမဲ့ စကမ်း အပြုံးမပျက်စတမ်း နေနိုင်သည်။

ပြောကြစမ်းပစေပေါ့။

သို့ပေမယ့် သိမ့်သည် ပိုးဖြူအတွက် မနေ့တစ်နေ့ကမှ ရင်းနှီးခဲ့ရသည့် မျက်နှာတွေနှင့် ဟသီးတခြားစင် ဖြစ်နေသည်။

အမှန်တကယ် သူမအပေါ် စေတနာ ဖြူစင်ခဲ့သူများရှေ့မှာ မထိမဲ့မြင် ပြုံးလိုက်ဖို့တော့ နှုတ်ခမ်းတွေက တွန့်ဆုတ် နေမိသည်။

'နှင့်မှာဦးနှောက်မရှိတော့ဘူးလား မိပိုး၊ နင်ဒီအလုပ်ကို လုပ်ကိုမလုပ်သင့်ဘူး'

'ပရိုးသော်ဘူးလို့ နင်ပြောချင်တာလား၊ ဒီအလုပ်နဲ့ မိဘကို လုပ်ကျွေးနေတဲ့သူတွေ၊ ကျောင်းစရိတ် ရှာနေတဲ့သူတွေ တစ်ပုံကြီး'

ဒါက သူမပြောနေကျ ရေရွတ်နေကျ ပုံပြင်တစ်ပုဒ်။

သိမ့်ကတော့ အလွယ်တကူလက်မခံပါ။ မျိုးသော်ဆိုလျှင်လည်း အလွယ်တကူ လက်ခံလိမ့်မည်မထင်ပါ။

သွားစမ်း....

ဘာကြောင့်များ သူ့ကို သတိရနေမိသလဲ။

သန့်စင်လှပသည့် သိမ့်မျက်နှာကို မော့ကြည့် လိုက်
သည်။ ပိုးဖြူရှေ့မှာ ခပ်ညစ်ညစ် ကော်ဖီရည်တစ်ခွက်။ ဖ
ဝေးဝေးဆီက ပင်လုံးကျွတ် ရဲရဲနီနေသည့် ဝိန်ပန်းပင်ကြီး
သိမ့်ကငေးမောနေသည်။

ဝိန်ပန်းနီတွေပွင့်ဖို့ အရွက်စိမ်းတွေကြွေဝေရတာ သဘာ
တစ်ခု။ သည်လိုပဲပေါ့လေ။

ကောဓိုင်းတွေ ပိုပြီးစည်ကားလာသည်။ လက်ဖက်ရည
ဓိုင်း များစွာထဲမှာ ပိုးဖြူကို ရင်းနှီးသိကျွမ်းနေမည့်မျက်လုံ
များစွာ ရှိနေမှာ။

'ပိုးဖြူ၊ ငါပြောမယ်၊ လုပ်သင့်တဲ့ အခြေအနေတစ်
ကြောင့် မလွဲသာလို့လုပ်ရပါတယ်ဆိုတဲ့ အကြောင်းပြချက်
မျိုး နင် သူစိမ်းတွေကို သွားပြော၊ ငါ့ကိုလာမပြောနဲ့။

'နောက်ပြီး တခြားသူတွေအကြောင်းလဲ ငါ စိတ်မဝင်
စားဘူး၊ နင့်မှာ အဲဒီအလုပ်မျိုးလုပ်ရလောက်အောင် အခြေ
အနေ မဲ့နေသလား၊ နင့်ကို ဘယ်သူက အလုပ်လုပ်ခိုင်း
လိုလဲ'

'ဒါ....အခြေအနေမဲ့တွေမှ လုပ်တဲ့အလုပ်မျိုးမှ မဟုတ်
တာဘဲ သိမ့်ရယ်၊ ပြီးတော့ အဲဒီအလုပ်လုပ်တဲ့သူတိုင်း ပျက်
စီး တာမှ မဟုတ်ဘဲ'

'အေး၊ အဲဒီစကားကို နင် မပျက်စီးခင်ဘဲ ပြောနိုင်မယ်'

သိမ့်သည် မာကျောပြတ်တောင်းသည်ကို သည်တစ်ခါပဲ
ပိုးဖြူ မြင်ဖူးသည်။ သူတစ်ပါးကို အလွန်ဘရာ အားနာ
တတ်သူအဖြစ် - အထက်တန်းကျောင်းမှာကတည်းက သိ
အမှတ်ပြုခံရသူမှာ သိမ့်သိမ့်ကိုဖြစ်၏။



အလှအပမက်ပြီး မူယာများလွန်းသည်မှာ နာမည်ကြီးသူ
ကတော့ ငွေပိုးဖြူပဲဖြစ်သည်ပေါ့။

'ငါကတော့ နင့်အိမ်ကို ပြောပြရမှာပဲ'

'ငါ အိမ်ကိုအသိပေးထားပြီးပါပြီ'

မဲ့ပြုံးတစ်ချက်ဖြင့် ခပ်တင်းတင်းပြောလိုက်တော့ သိမ့်
ဒုတိယအကြိမ် နှာခေါင်းရှုံ့သွားပြန်သည်။

ပိုးဖြူကို သည်လို ခြိမ်းခြောက်လို့တော့ ဘယ်ရမလဲ။
ပိုးဖြူက ယုန်သူငယ်တစ်ကောင်မှမဟုတ်တာ သူငယ်ချင်းရဲ့။

'မျိုးသော်ကိုရော'

ပေါလစ်ရှ်ရောင်စားပွဲမျက်နှာပြင်ကို လက်သည်းရှည်ဖြင့်
တဒေါက်ဒေါက် ခေါက်ရင်း သိမ့်စကားကို မကြားဟန်
ဆောင်နေလိုက်သည်။ ဖြေစရာအဖြေမှမရှိဘဲ။

'မျိုးသော်ကို နင် မေ့ထားလိုက်ပြီလားမိပိုး၊ ငါပြောရဲ
တယ်၊ မျိုးသော်ထက်ပိုပြီး နင့်အပေါ် ကောင်းနိုင်တဲ့သူ မရှိ
ဘူး။

'နောက်လဲရှိမှာမဟုတ်ဘူး၊ မျိုးသော် နင့်အပေါ် ဘယ်
လောက် သံယောဇဉ်ကြီးတယ်၊ ဘယ်လောက် အလိုလိုက်
တယ်ဆိုတာ နင်အသိဆုံးနေမှာပါ၊ ခုလဲ သူ တော်တော်
စိတ်ထိခိုက်နေတယ်'

'မိန်းမတစ်ယောက်ရဲ့ အနာဂတ်အတွက် အချစ်ဆိုတာကို
ချည်း မျက်စိမှိတ်အားကိုးလို့မရဘူးလေ သိမ့်ရဲ့'

ကျွတ်ခနဲ စုတ်သတ်ညည်းတွားလိုက်သည့်သိမ့်ကို မျက်လုံး
ချင်းဆုံဖို့ မကြိုးစားရဲတော့ပါ။

'နင်ကဘာတွေလိုချင်နေတာလဲ၊ ဘယ်လောက်ထိ လိုချင်
တာလဲ၊ အလိုရမ္မက်တွေ အဓိတာမသတ်နိုင်တော့ဘူးလား

ကော်ရှပ်ရယ်၊ အခု မျိုးသော်က နင့်အတွက် နင်နေချင်တဲ့ ပုံစံမျိုး တိုက်တစ်လုံးဆောက်နေတယ်၊ အဲဒါ နင်သိရဲ့လား'

'တိုက်တစ်လုံး'

အရောင်လက်သွားမည့် ပိုးဖြူမျက်ဝန်းတွေကို သိမ့်က စက်ဆုပ်စွာ ကြည့်လျက်....

'ဟုတ်တယ်'

ဟု ပြောသည်။

'မြို့အဝင် မင်္ဂလာလမ်းထဲမှာ၊ သူ့ စိတ်ကူးတွေက နင်လိုချင်တဲ့ နင်ကြိုက်တတ်တဲ့ဒီဇိုင်းမျိုး ကွက်တိဝင်နေတာပဲ၊ မျိုးသော်လိုလူတစ်ယောက်ကို ရည်းစားတော်ရတာ နင် ကံကောင်းပါတယ် မိပိုးရယ်၊ သူ နင့်ကို ဘယ်လောက် မြတ်နိုးတယ်ဆိုတာကို နင်အသိအမှတ်ပြုသင့်ပါတယ်၊ ရက်စက်တာရင့်မှာ သိချင်းဆိုတဲ့ ပိုးဖြူကိုလဲ သူကနားလည်ခွင့်လွှတ်နေမှာပါပဲ၊ အချိန်မနှောင်းခင် နင်အိမ်ပြန်ပါတော့'

မျက်နှာနှင့် စားပွဲမျက်နှာပြင် ထိလုမတတ် လည်တိုင်ကျိုးကျသွား၏။

[ငါ့စေတနာနဲ့ သံယောဇဉ်ကို သဘောပေါက်သင့်ပါတယ်။နင့် အလှဆုံး အကောင်းဆုံး ဖြစ်နေတာကိုပဲ ငါမြင်ချင်ခဲ့တာ]

ကျွန်းကွက်ရာများ ဝေဝါးမှိန်ဖျော့လာသည်။

အဝေးပြေး ကားလမ်းမရှည်အေးက စေတီတော်သည် ပြုက်ပြုက်ထင်ထင် နီးကပ်လာသလို ထင်၏။



ခိုညည်းသံတွေ ဆက်ရက်ဆူသံတွေ ကြားလာရသလိုပင်။ လက်ဖမိုးလေးကိုဗင် မွေးကြူခွင့် မပိုင်ခဲ့သည့် ချစ်သူ။

အခွင့်အရေးတစ်မှန်တစ်စ သူမထံကမရပါဘဲ ပေးဆပ်ခြင်း သက်သက်ဖြင့်သာ လိုက်လျောနားလည်ခဲ့သူ။

အဲသည် ချစ်ခြင်းတွေအတွက်တော့ အနည်းငယ်မျှသာယမရှိခဲ့ပါပေ။

သူ့ဘက်က ပေးနိုင်ခဲ့သည့်အတိုင်းအတာ တစ်ဝက်မျှပင် ကိုယ့်ဘက်က မတုံ့ပြန်နိုင်ခဲ့ဘူးဆိုတာ သူ သေချာသိလျှင် ထိခိုက် ကြေကွဲလိမ့်မည်။

ပြီးတော့ ပိုးဖြူကို တစ်သက်လုံးနာကြည်းနေလိမ့်မည်ထင်သည်။

နိုင်ငံခြားတေးသွားတွေ ပိုပြီး ဆူညံလာသည်။

ကျလုတည်းတည်း မျက်ရည်စက်တွေကို မျက်တောင်များဖြင့် တဖျပ်ဖျပ် ခါထုတ်ပစ်လိုက်ရင်း နှုတ်ခမ်းတင်းတင်းစေ့လျက် ညင်သာစွာ ခေါင်းယမ်းလိုက်၏။

သိမ့်က ပိုးဖြူကို စိတ်မသက်သာစွာ ငေးကြည့်နေသည်။

'မဖြစ်တော့ဘူး သိမ့်ရယ်'

'ဘာကိုလဲ'

'အချိန်က နှောင်းနေပြီ'

လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာအပ်ချလိုက်၏။ မသဲမကွဲ ညည်းတွားရေရွတ်သံ ကြားရ၏။

နက်ရှိုင်းသော၊ အလင်းရောင်မဲ့သော ကျင်းတစ်ခု
မှာ။

....၁....

အခန်း [ ၁၃ ]

ကာရာအိုကေ တီးလုံးသံတွေ ဖုံးလွှမ်း ဆူညံနေသည့် အသိုက်အဝန်း တစ်ခု။

ရောင်စုံဆလိုက်မီးများ၊ မီးပွင့်များအလယ်မှာ တီးလုံးသံနှင့် စည်းချက်ညီညီ လှုပ်ရှားယိမ်းနွဲ့နေသည့် သဏ္ဍာန် တစ်ခု....။

စားပွဲဝိုင်းတွေမှာ စားကြသောက်ကြပျော်ပါး မူးယစ်ကြသူတွေ ရှိသလို၊ မျက်နှာချင်းဆိုင် ခေါင်းချင်းရိုက်ပြီးတိုင်ပင်ဆွေးနွေးကြသူများလည်း ရှိသည်။

သည့်ထက် ညဉ့်နက်လာလျှင်တော့ စင်မြင့်ပေါ်တက်ပြီး ကကြခုန်ကြ၊ ယစ်မူး ပေါက်ကွဲကြ။

တူညီဝတ်စုံ ဝတ်ထားသော မိန်းကလေးတွေကြားထဲမှာ အင်္ကျီလည်ပင်းကျယ်ကျယ်နှင့် ခန္ဓာကိုယ်အတိုင်းသား ပေါ်လွင်အောင် ခပ်ကျပ်ကျပ်ဝတ်ရသည့် စပို့ရှပ်မျိုးနှင့် ဂျင်းဘောင်းဘီတို့နှင့် မိန်းကလေးများလည်း ရှိသည်။

မြို့ပြ ယဉ်ကျေးမှုသည် လျင်မြန်စွာ ပြောင်းလဲလှုပ်ရှားလာပြီး မြို့ပြမှာ နေထိုင်သည့် အထက်တန်းလွှာဟုအမည်တပ်ကြသည့် လူတန်းစား အချို့အတွက်၊ ငွေကို ရေသွန်သလို ဖြုန်းတီးပစ်ဖို့အခြေအနေအကြောင်းတရားတွေလုံလောက်စွာ ရှိနေပြီ။

ပျော်စရာကောင်းသည်ကတော့ အမှန်ပင်။

စိတ်လွတ်လက်လွတ်အပျော်။

စည်းလွတ်ဝါးလွတ် အပျော်။

သတိလက်လွတ် ပျော်ကြသည်မို့ စောင့်စည်းစရာ ဂုဏ်ခြေသိက္ခာတော့ ဘာတစ်ခုမှမရှိ။

အမြင်အာရုံထဲမှာ ပျားပန်းခပ်ရှုတ်ထွေးလျက်အသံတွေကလည်း ပေါက်ကွဲဆူညံနေသည်။

ပိုးဖြူတို့နားနေရာ အခန်းငယ်ကလေးထဲမှာတော့ ခိုးခိုးခစ်ခစ် ရယ်သံတွေ။

အော်ဟစ်သီချင်းဆိုသံတွေသာ မလွှင့်တစ်ချက် လွှင့်တစ်ချက် ကြားရတတ်သည်။

မိတ်ကပ်ရောင်စုံ အပတ်အစားရောင်စုံတွေ ကြားမှာ အလှပြိုင်နေကြသော မျက်နှာတွေပေါ်မှာ လန်းဆတ်မြူးကြွခြင်းတွေသာ ရှိနေသည်။



အံ့သြစရာတော့ ကောင်းသားနော်။

ဘဝဆိုတာကို ခံစားတတ်ပုံချင်း မတူညီကြတာလည်းဖြစ်မည်။

ပိုးဖြူတို့လို ပိုးဖလံတွေကတော့ မီးအနားမှာသာ ပျော်သည်။

မီးတောက် မီးလျှံနှင့်သာ ကစားချင်သည်။

ရေအလျဉ်လိုသာ ခပ်ငြိမ့်ငြိမ့်စီးဆင်းနေရမည့်ဘဝမျိုးကိုတော့ ညည်းငွေ့ချင်သည်။

နောင်တဆိုတာကတော့ ရသည့်အခါ ရလိုက်၊ မေ့သည့်အခါ မေ့လိုက်။

ငိုသည့်အခါ ငိုလိုက်။

ပျော်သည့်အခါ ပျော်လိုက်။

မှန်ရှေ့မှာရပ်လျက် ကိုယ့်မျက်နှာကို ကျေနပ်ပီတိစိတ်ဖြင့် ကြည့်သည်။

ကြွေသားရောင်လို တောက်ပနေသော မျက်နှာ စ်ခုပေါ်မှာ အလှတရားသာ ပေါ်လွင်ထင်ရှားနေ၏။

ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်လျက် လူအများရှေ့မှာ ရပ်ရသည့်အခါ စိတ်ထဲမှာ ဝင့်ဝါသလို ခံစားကျေနပ်သည်။

လက်ခုပ်သံ လက်ခေါက်မှုတ်သံ ဝမ်းစ်မိုးအသံတွေကို ကြားရတိုင်း နှလုံးသားက တသိမ့်သိမ့် လှုပ်ရှားရသည်။

ဟစ်သက်ဘာ အဓိလာဆိုတာကိုတော့ မစဉ်းစားချင်။

မနက်ဖြန်ဆိုတာကိုလည်း မတွေးချင်။

အလျှူမီနီယံ ပေါင်နှင့် မီးခိုးရောင်မှန်ချပ်တွေ ကာရံထားသော....

လှပသော မီးပန်းဆိုင်းတွေ ချိတ်ဆွဲထားသော....

မွေးပွဲစကော်ဇော၊ ရှမ္ပိန်ဆိုဖာဆက်တီ၊ အဖိုးတန်ပရိဘောဂများစွာ တန်ဆာဆင်ထားသော ဂိုက်လှလှကလေးထဲမှာ နေခွင့်ရလျှင်တော့ တစ်သက်တာအတွက် လုံလောက်စွာ အေးချမ်းနိုင်လိမ့်မည် ထင်သည်။

နောက်ထပ် ခံစားခွင့် တချို့တလေလည်း ပါဝင်မှာပေါ့လေ။

ငွေပိုးဖြူအတွက် ဘဝဆိုတာ ပိုက်ဆံပဲ ဖြစ်သည်။

ပျော်ဖို့။

ပြီးတော့ မော်ဖို့ကြွားဖို့။လှပဖို့၊ မှန်ထဲမှာ အရုပ်ကလေးတစ်ရုပ်လို လှနေတာကို မြင်ရလျှင် စိတ်ချမ်းမြေ့ရသည်။

အဲလိုလှနေဖို့အတွက် ပိုက်ဆံလိုသည်။

နောက်ပြီး တောက်ပဝင့်ထည်သည့် အလှအပနှင့် လိုက်ဖက်မည့် အဆောင်အယောင် လိုသည်။ အဲသည် အဆောင်အယောင်ကို အသိအမှတ်ပြုမည့် အသိုက်အဝန်းလိုသည်။

'ဒီနေ့ သိပ်ပြီးအခြေအနေ မကောင်းဘူး၊ ပန်းကုံးလဲ မရသေးဘူး၊ အိမ်ပြန် ပိုက်ဆံတောင် ပါပါ့မလားမသိဘူး'

ညည်းညူသံတွေ ကြားလာရသည်။

'ငွေပိုးဖြူကတော့ အမှိကောင်းတွေ့ထားပြီး ထောတာပေါ့'

ဟု ရိသဲ့သဲ့ ပြောတတ်သူတွေ ရှိသည်။

သူမကတော့ အပြုံးမပျက် နှုတ်ဆိတ်နေတတ်မြဲ။

ဟင်းလင်းပြင်တစ်ခုလို နှလုံးအိမ်မှာ သေးသေးဖွဲ့ဖွဲ့က အစ ဘာကိုမျှမခံစားတတ်ချင်တော့။



ကာရာအိုကေ သီချင်းသည်လေး ဘဝမှာလည်း ပျော်ပိုင်။

နောက်ထပ် ဘယ်လိုပုံစံပြောင်းပြောင်း၊ ပိုက်ဆံရှိနေလျှင် ာကကြီးက စိုပြည်လှပတတ်သည် မဟုတ်လား။

မာတို့ မွန်တို့လို စိန်နားကပ် တစ်ရန်လောက် ပန်နိုင်ချင်သည်။ နောက်ဆုံးနံပါတ်ကားတစ်စီး ပိုင်ချင်သည်။ ခြံ ယ်ဝန်း အိမ်ကြီးတစ်လုံး ပိုင်ချင်သည်။

ငွေပိုးဖြူ၏ အနာဂတ်တစ်ခုလုံးပဖို့ ဘယ်လိုကြိုးစား ားထုတ်မှုမျိုးမဆို တရားမျှတသည် ဖြစ်၏။

.... ....

## အခန်း [ ၁၄ ]

'ဦးကျော်ပတ်ဝန်းကျင်မှာ ကောင်မလေး ချောချော တွေ့ ပေါပါတယ်၊ ပိုးဖြူကို ဦးကျော် အလွယ်တကူခွာနိုင် သွားပဲ ဦးကျော်၊ ပိုးဖြူဘက်က ရင်းနှီးရမယ့် အတိုင်းအတာ ကိုလဲ ထည့်တွက်ဦး၊ မလိုက်လျောချင်လို့ မဟုတ်ပါဘူး၊ ဦးကျော်နဲ့ပိုးဖြူကြားမှာ နားလည်မှုရှိပြီးသားပဲ၊ ဦးကျော် ဘက်က ပိုးဖြူဆန္ဒအတိုင်း သဘောမတူနိုင်သေးသရွေ့ ဒီအလုပ်ကို မထွက်နိုင်သေးဘူး၊ ပိုးဖြူအတွက် ဘာအာမခံ ချက်မှ မရှိဘဲ'



ဦးအောင်ကျော်ဦး၏ ပါးလုပ်လုပ် နှုတ်ခမ်းတစ်စုံ လှုပ် ားလာသည်။

သူကတော့ အင်မတန်မှ စကားပြောကောင်းသူ ဖြစ်၏။

အင်မတန်မှလည်း လူကြီးလူကောင်း ဆန်ချင်သူ ဖြစ် ည်။

သူ့ အပြောအဆို အနေအထိုင်က သိပ်ကိုသိမ်မွေ့နူးညံ့ ည်။

'သူတစ်ပါးကို ကြင်နာညှာတာတတ်သူ' ဟု ထင်မြင်လာ အောင် သေသပ်ပိရိစွာ ဟန်ဆောင်တတ်သူ ဖြစ်သည်။

'ပိုးဖြူ လိုချင်တဲ့အရာတွေအားလုံး ပေးထားသား'

'ဘာတွေလဲ'

'အိမ်တစ်လုံး၊ ကားတစ်စီး'

'အဲဒါတွေဟာ ဦးကျော်ပစ္စည်းတွေပဲ'

'ဦးကျော်ပစ္စည်းက ပိုးဖြူပစ္စည်းပဲပေါ့'

လည်တိုင်ကို လှန်ချပြီး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက် သည်။

သူ မျက်နှာပျက်မသွားပါ။

မူးအီစေသည့် ပေါလစ်ရှ်ရနံ့ မျိုးရတတ်သည့် ဟောသည် အခန်းကလေးကို ပိုးဖြူ အင်မတန် စွဲလမ်းနှစ်သက်မှန်း သူ သေချာ သိနေပြီလေ။

'ဘယ်ဟုတ်မလဲ ဦးကျော်ရဲ့၊ ဦးကျော် လူလည်မကျနဲ့'

'ကိုယ်အသက်ရှင်နေသရွေ့ ပိုးဖြူအနားမှာ ကိုယ်ရှိနေ ာပဲလေ၊ ပိုးဖြူ ဟောဒီ အိမ်ကလေးမှာနေ၊ ပိုးဖြူ ခင်းသွားရင် လီပ်ဗာက်နဲ့သွား၊ ပိုးဖြူအတွက် အဖော်

တစ်ယောက် ခေါ်ထားပေးမယ်၊ မီးဖိုချောင်ဝင်စရာမလို ဘူး၊ ပိုးဖြူလိုချင်တာ အကုန်ရနေမှာမဲ့။

'ဒါပေမယ့် သိချင်းမဆိုရတော့ဘူး၊ ပိုးဖြူဟာ ဦးကျော် တစ်ယောက်တည်းအတွက် ဖြစ်ရမယ်၊ တခြားကောင်တွေ လက်ဆွဲလား ထိလား ကိုင်လား ကိုယ်မမြင်ချင်ဘူး၊ ငွေပိုး ဖြူဟာ အောင်ကျော်ဦး တစ်ယောက်တည်းအတွက် ဖြစ်ရ မယ်'

တကယ်တော့ အဲသည် ကမ်းလှမ်းချက်တွေက ပိုး ဖြူ၏ စိတ်ဓာတ်တွေကို အရည်ပျော်စေခဲ့ပြီး ဖြစ်သည်။

ကြည့်စမ်း....

သည်လို အနောက်တိုင်းဆန်ဆန် စမတ်ကျသော အိမ် ကလေးတစ်လုံး သူ အရူးအမူး လိုချင်ခဲ့တာကြာပြီ။

ပြီးတော့ ကျောင်းကို ကိုယ်တိုင်ကားမောင်းပြီး တက်ရ မည်တဲ့။

နေ့ချင်းညချင်း ခုလို အခွင့်အရေးမျိုးတွေ ရလာဖို့အတွက် သူမဘက်ကတော့ တစ်ခုခုရင်းနှီးရမည်ပေါ့။

အိမ်ထောင်ပြုသည်ဆိုတာ ရေးကြီးခွင့်ကျယ် ကိစ္စတစ်ခု မဟုတ်ဘူးဟု ပြောလျှင် မိန်းကလေးတန်မဲ့ ရိုင်းစိုင်းလွန်းသည် ဟု အများက မှတ်ချက်ပြုကြမည်။

တကယ်တော့လည်းနော်....

'ပိုးဖြူ သူ့ကို လက်ထပ်နိုင်မလား'

'ငွေပိုးဖြူ'

သူမ၏ ဆံမျှင်များထဲလက်ချောင်းများထိုးသွင်းဖွပစ်လိုက် ရင်း....



'ညည်းလေးက ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင် တာလား'

ဟု သူ ပြောင်ပြောင်တင်းတင်းပင် ပြောလေ၏။

ပိုးဖြူ မဖြေနိုင်ပါ။

မဖြေချင်ပါ။

ဘယ်သူ့ကိုမှ လက်မထပ်ဘဲ ပိုက်ဆံတွေပေါပေါရမည်ဆို လျှင်တော့ အောင်ကျော်ဦးဆိုသည့် လူတစ်ယောက်ကို သူမ ယောင်ယမ်း လှည့်ကြည့်ဖြစ်လိမ့်မည်မထင်ပါ။

'အဲသိုမပြောပါနဲ့ ဦးကျော်ရယ်'

သူက မျက်နှာကြက်ဆီ မော့ကြည့်လျက် တိုးတိုးဖွဖွ ရယ် မောလေ၏။

'ပိုးဖြူကို ဦးကျော် ဘယ်လောက်ချစ်တယ်ဆိုတာပိုးဖြူ သိလျက်သားနဲ့'

ယင်အင်း....

မပြောနဲ့။

အချစ်ဆိုတဲ့စကားကို မပြောပါနဲ့ ဦးကျော်။

အောင်ကျော်ဦးနဲ့ ငွေပိုးဖြူရဲ့ကြားထဲမှာ အချစ်မရှိပါ ဘူး။

အပေးအယူသာ ရှိတာပါ။

'ဟောဒီ မြေကွက်ကို ပိုးဖြူနာမည်နဲ့လွှဲပေး'

'ညည်းလေးဟာ အရွယ်နဲ့မလိုက်အောင် လောဘကြီးလှ ချည်လား'

'ဟုတ်တယ်လေ၊ပိုးဖြူရဲ့ အနာဂတ်တစ်ခုလုံး ဦးကျော်ကို အပိုင်ပေးရမှာ၊ပြီးတော့လူကဲ့ရဲ့ခံရဦးမယ်၊ဦးကျော်ရဲ့မယား ကြီး သိရင်....'

သူက သူမ၏ လက်ယာဘက် လက်သူကြွယ်ကို အရည်လဲ့နေသည့် ပတ္တမြားလက်စွပ်တစ်ကွင်း စွပ်ပေးလိုက်ခြင်းဖြင့် ပိုးဖြူ၏ ကရားရေလွှတ်စကားသံတွေကိုရပ်တန့်လိုက်စေတော့သည်။

'ပိုးဖြူကို ဦးကျော်လက်မထပ်နိုင်တော့ကလဲ့ရင် ကျန်တာတွေအားလုံး ပိုးဖြူ စိတ်တိုင်းကျဖြစ်စေရမယ်၊ ပိုးဖြူစိတ်ချမ်းသာစေရမယ်'

တော်လောက်ပါပြီ ဦးအောင်ကျော်ဦးရယ်။

ရှင်က ပိုပြောကောင်းလွန်းတယ်။

....◎....

## အခန်း [ ၁၅ ]

အိမ်ပြန်ရာလမ်းသည် ထွက်ခွာလာစဉ်ကလိုခြေလမ်းတွေကို မသွက်လက်စေတော့။

အချိန်ကာလ တိုတိုအတွင်းမှာ ပြောင်းလဲမှုတွေရှိနေလည်း အများအားဖြင့်တော့ မြင်နေတွေ့နေကျအတိုင်းနေရာဟောင်းတွေက ပုံစံမယွင်းဘဲ ရှိနေဆဲပင်။

ကားဂိတ်က ဆင်းပြီးလျှင် သော်သော်တို့ ဈေးပိုင်းကိုဖြတ်ကျော်ပြီးမှ ပိုးဖြူတို့ရပ်ကွက်သို့ ရောက်သည်။

ရန်ကုန်မြို့နှင့်ကွာချင်တိုင်းကွာနေသောခြောက်သယောင်းသည့် မြို့ငယ်ကလေး၏ အတွင်းပိုင်းကို ပိုးဖြူ တစ်ယောက်တည်း လမ်းလျှောက်ဝင်ခဲ့သည်။

နေရောင်ကွယ်ပြီးချိန်မို့ ပိုးဖြူကို နှုတ်ဆက်မည့်သူ
ပါ။

လမ်းသွယ်ကလေးထဲမှာ လမ်းလျှောက်နေတတ်သူ
ယောက်စ နှစ်ယောက်စပင် မမြင်ရပါ။

ဟိုးအလျှင် နှစ်တွေကတော့ သည်လမ်းကလေးတွေ
ကျောင်းဆင်းချိန်တိုင်း သော်နှင့်အတူ ဖြတ်သန်းလျှော
နေကျ။

သော့ စက်ဘီး ဘဲလ်သံကို ခွဲခြား မှတ်မိနေတတ်သည
ပိုးဖြူကို သော်က အံ့သြချီးမွမ်းလျှင် ရင်ထဲက ကြည်နူးရတ
သည်။

ငွေပိုးဖြူ၏ ချစ်သူကောင်လေးသည် သူမ စိတ်ချမ်းသ
စေဖို့ စက္ကန့်တိုင်းမှာ ကြိုးစားနေခဲ့သည်ဆိုတာတော့အမြ
ကြည်နေမိသည့် အမှန်တရားတစ်ခုပါပဲ။

ပြီးခဲ့သည့်နေ့ရက်တွေကို နှုတ်ဆက်ရတော့မည်။
သော်ရေ....

သစ္စာဖျက်မတစ်ယောက်အဖြစ် လိုပ်ပြာမသန့်ခဲ့သူမို့ ခ
လွှတ်ဖို့ရယ်လို့ မတောင်းဆိုဝံ့ပါကွယ်။

မြေမှုန့်တွေ ခြေဖမိုးပေါ် ကပ်တင်လာသည်။ ကိုယ့်ဇာတ
မြို့၏ အရိပ်အာဝါသအောက်မှာ ပိုးဖြူ၏ တပ်မက်လိုချ
ခြင်း စိတ်ဇောတွေ အရောင်ဖျော့ငြိမ်းချမ်းနေ၏။

တစ်ချိန်တည်းမှာပင် ထိန်ထိန်ညီးသော လျှပ်စစ်မီးရော
အောက်က မြို့ပြကိုလည်း လွမ်းဆွတ်သတိရနေခဲ့၏။

လူတွေရဲ့ ဆန္ဒတွေ မက်မောခြင်းတွေက ဘယ်တော့
လျော့ပါးသွားနိုင်မည် မထင်ပါလေ။



ပိုးဖြူကတော့ လူသားတွေထဲက အလိုဆန္ဒကြီးလှသော
လူသားတစ်ယောက်ပေါ့။

စိတ်ရဲ့ စေစားရာကို အလိုလိုက်ရင်း ဦးတည်ရာပျောက်ဆုံး
နေသည့် ရေမျောကမ်းတင် တစ်ယောက်ပေါ့။

ဆင်ဝင်ပီးရောင်နှင့် ရေနံချေးဝနေသည့် ကျွန်းတိုင်များ
ကို လှမ်းမြင်ရချိန်မှာမှ မောပန်းရကောင်း သိလာ၏။

'မေမေရေ' ဟု အော်ဟစ်ခေါ်ချင်လာမိသည်။

ကိုယ့်ကိုကိုယ် ကျီးမှန်းဒေါင်းမှန်း ခွဲခြားမသိတတ်သည့်
အမျိုးဖျက်မဟု အသိုက်အဝန်းအလယ်မှာ ကဲ့ရဲ့ပြစ်တင်ခံရမည်
ကိုလည်း သိလျက်

အိမ်ကို ပြန်လာခဲ့သည်။

မိုက်မဲရူးသွပ်စွာ အိမ်ကို ပြန်ချင်မိသည်။

....❶....

## အခန်း [ ၁၆ ]

မျက်ရည်စများနှင့် မေမေ့ကို မြင်ရပြန်တော့ သူ့မစိတ်တွေ တွေဝေယိမ်းယိုင်လာပြန်သည်။

သံယောဇဉ်ဖြင့် ငြိတွယ်ရစ်ပတ်ထားသော မျက်နှာများစွာက ပိုးဖြူကို တစ်မျိုးပြီးတစ်မျိုး တစ်နည်းပြီး တစ်နည်း ဖွဲ့နှောင် နှိပ်စက်နေ၏။

သို့ပေမယ့် ငွေပိုးဖြူက အဲနှောင်အဖွဲ့ကို ကြောက်တတ်သည်။

လွတ်လပ်ခြင်းကိုသာ ရှူးမှူးကိုးကွယ်လိုသည်။



နောက်ဆုံးတော့ သူ့မစိတ်ကို ပင်ပန်း ညစ်ညူးစေမည့် စကားလုံးများကြောင့်၊ ရှုန်းကန်ထွက်ပြေးဖို့ ကြိုးစားမိပြန်တာပါပဲ။

ပိုးဖြူက အဝေဖန်ခံရမှာကို ကြောက်သည်။

စေတနာ စကားဆိုတာတွေကိုလည်း မျက်ကွယ် ပြုချင်သည်။

တကယ်တော့ အပြစ်တင်နေကြတာပဲ မဟုတ်ဘူးလား။

မမကြီး၏မျက်နှာက အဆိုးရွားဆုံး နံရံ တစ်ခုပင်။

'အဓိပ္ပာယ်မရှိတာတွေကို လျှောက်လုပ်မနေနဲ့ မိပိုး၊ နင် သူများတန်းတူ ဝတ်နိုင်စားနိုင်နေတာပဲ၊ ရနိုင်တာထက် ပိုမလိုချင်နဲ့၊ ကိုယ့်အခြေအနေကို ကိုယ်သိမှပေါ့၊ ငါတို့လဲ တက္ကသိုလ်တက်လာတာပဲ၊ နင့်လို လူကြီးမိဘတွေကို စိတ်ဒုက္ခမပေးဘူး'

နှုတ်ခမ်းတွေက စေ့စေ့ပိတ်ထားပေမယ့် စိတ်ထဲကတော့ စကားများစွာ ဆိုနေသည်။

မမကြီး၏သြဇာကို ဘယ်သူမှ လွန်ဆန်ရဲကြသည် မဟုတ်လည်း သူ့မကတော့ လွန်ဆန်ဖို့ ကြိုးစားမြဲပင်။

ပိုးဖြူက မမကြီး သောင်းရိပ်အောက်က အပင်တစ်ပင်မှ မဟုတ်ဘဲ။

သူ့သြဇာကိုနာခံဖို့ မလိုအပ်ဘူးထင်သည်။

ကိုယ့်ဘဝ ကိုယ်ထူထောင်ကြေး ဆိုလျှင် ဘယ်သူ့အထောက်အကူ၊ ဝင်ရောက်စွက်ဖက်မှုမျိုးမှ မလိုအပ်ဘဲ။

သူမလည်း ထူထောင်နိုင်ပါသည်။

'ပိုးဘယ်မှာစိတ်ဒုက္ခပေးလို့လဲ၊ ခုလဲ ပိုးရတဲ့လစာနဲ့ မေမေ့ကို လာကန်တော့တာ'

'ညည်းအလုပ်က ရတဲ့လစာကို မေမေ ဘယ်လို မျှိုလိုက်မှာလဲ ပိုးဖြူရယ်၊ ညည်းအလုပ်ကြီးက လူအထင်အမြင်သေးခံပြီး အရှက်မရှိ လုပ်ရတဲ့အလုပ်ပဲ'

'ဟာ....မေမေကလဲ ဒီခေတ်ကြီးထဲမှာ ဒီလိုအလုပ်မျိုးကို တောင် အဆက်အသွယ်ရှိမှ၊ ပြီးတော့ ဒါရိုးရိုးသားသား ပိုက်ဆံရှာတာပဲ'

မေမေ မျက်နှာလွှဲသွားသည်။

မေမေ့ကို ပိုးဖြူ အမြဲတမ်း စောဒကတက်နေကျပင်၊ ပြီးတော့ မေမေ့ စိတ် ကျေနပ်အောင်ချော့ဖို့လည်း ပိုးဖြူက အမြဲ အဆင်သင့်ဖြစ်နေကျ။

'ဒါ....ရိုးရိုးသားသားလား၊ ညည်းဝတ်တဲ့ အဝတ်အစားကိုက တစ်ဝက်ဖော် တစ်ဝက်ဖုံး၊ မြန်မာမတစ်ယောက်နဲ့ များ တူသေးရဲ့လား၊ ဟိုနိုင်ငံအတန်းက ဟာမတွေအတိုင်းပါပဲ'

'အဝတ်အစားကို မဝေဖန်ပါနဲ့ မမကြီး၊ ဒါ သူ့ခေတ်နဲ့ ယှဉ်ပြီး ဖြစ်လာတဲ့ ရေစီးကြောင်းပဲ'

'ဩော်....ဒါဆို လူလယ်ကောင်မှာ လက်လာဆွဲတာ၊ ပါးလာနမ်းတာ၊ ခါးလာဖက်တာရော၊ ခေတ်ရေစီးကြောင်းပဲလား၊ ပြောစမ်းပါဦး၊ ခေတ်ရေစီးကြောင်း ဆိုတိုင်း ငါတို့က လက်ခံရမှာလား၊ နင်တို့ရေစီးကြောင်းက မြန်မာမတွေ ပျက်စီးမယ့် ရေစီးကြောင်းကြီးကို ငါတို့က လက်ခံရမှာလား။

'နင်တို့ရေစီးကြောင်းက မြန်မာတွေ ပျက်စီးမယ့် ရေစီးကြောင်းကြီးကို ငါတို့က ဘေးက လက်ခုပ်တီးရမှာလား၊



ပြောစမ်းပါဦး၊ ဒီမှာ မိပိုး၊ အပျော်အပါးဆိုတာလဲ တော်ရုံသဖြင့်ပဲ ကောင်းတယ်နော်။

'အဆင့်ရှိ ကျောင်းသူတစ်ယောက်ရဲ့ ဂုဏ်နဲ့လျော်ညီအောင် ပျော်တာပါးတာကို လက်ခံတယ်၊ နင့်ဟာက ကျောင်းသူတစ်ယောက်ရဲ့ ဂုဏ်အဆင့်အတန်းနဲ့ မညီတော့ဘူး'

'မမကြီးလဲ တော်ရုံသဖြင့်ပဲ ကောင်းမယ်၊ လူတစ်ယောက်ရဲ့ သိက္ခာနဲ့ လွတ်လပ်ခွင့်ကို သိမ်ပြီးတော့ စော်ကားလွန်းတယ်'

'ဟဲ့....ငါက နင့်အစ်မ၊ ငါ့မှာ ပြောဖို့ အခွင့်အရေးရှိတယ်၊ ငါတို့ မြန်မာထုံးစံမိသားစုထဲမှာ ဒီလိုပဲ အစဉ်အဆက် ဆုံးမ ထိန်းသိမ်းလာကြတာ'

ညီအစ်မနှစ်ဦး၏ စကားရည်လုပွဲကို ဘယ်သူကမှ မထိန်းသိမ်း နိုင်ကြပါ။

မဖျောင်းဖျနိုင်ကြပါ။

နောက်ဆုံးတော့ခံနိုင်ရည်မရှိတော့သည့် ပိုးဖြူပဲ မျက်ရည်ကျရပြန်သည်။

'ညီမလေးရယ်....အားလုံးက ညည်းကို သိက္ခာရှိတဲ့ ဂုဏ်ရှိတဲ့ တင့်တင့်တယ်တယ် မိန်းကလေးတစ်ယောက် ဖြစ်စေချင်လို့ ဆုံးမနေကြတာပါကွယ်၊ အဲဒီအလုပ်ကိုလဲ ဆက်မလုပ်ပါနဲ့တော့၊ မြန်မာမိန်းကလေး တစ်ယောက်နဲ့ မသင့်လျော်ပါဘူး။

'နောက်ပြီး လူလဲ မလေးစားဘူး၊ ငါ့ညီမ ဘယ်လောက်ပဲ ထိန်းထိန်းသိမ်းသိမ်းနဲ့ ကိုယ့်ဘက် မှန်အောင်နေပေမယ့် အဲဒီလို အများစုအတန်းအစားထဲ ရောသွင်းပြီး မကောင်းမြင်အပြောအဆိုခံရမှာကိုလဲ စဉ်းစားပါဦး၊ မမနီ သဘောက

တော့ အဲဒီအလုပ်ကို ထွက်ပြီး ကျောင်းပဲ ပုံမှန်ဆက်တက်ရ ဒါမှမဟုတ် အဝေးသင် ပြောင်းလျှောက်ပြီး အိမ်မှာပဲ ပြန် နေပါလား။ သော်သော်လဲ ညီမလေးကို သူ့မိဘတွေနဲ့ လာပြီး တောင်းရမ်းချင်နေပြီ။

'ဟာ....မဖြစ်ပါဘူး'

လွှတ်ခနဲ ပြောလိုက်မိသည့် စကားအဆုံးမှာ အားလုံး မျက်ဝန်းဟွေ့က ပို ဖြူထံ စုပြုံရောက်လာကြသည်။

မေ့မေ အိခနဲ ကျိတ်ရှိုက်သံကြား၏။ မမကြီးကတော့ ခပ်စူးစူးတစ်ချက် ကြည့်လျက် မျက်နှာလွှဲသွားတော့သည်။ တောင်းပန်ဘိုးလျှိုးနေသော မျက်လုံးအောက်မှာ ပင့်သက် ကိုသာ ရှိုက်တော့သည်။

ဟောသည်အရပ်က ပိုးဖြူ အပြီးအပိုင်ထွက်ခွာတော့မည်ဆိုတာကို သူတို့အားလုံး ကြိုတင်ရိပ်မိဟန်မတူပါ။

အင်းလေ ..

ပြောဖို့မှမဝံ့ရဲခဲ့တဲ။

ကိုယ့်မှာအပြစ်ရှိသည်ဆိုတာကိုတော့ ဝန်ခံရလိမ့်မည်။

မှားယွင်းခဲ့သူတစ်ယောက်အဖြစ်....

ဘကယ်ဘာမ်းကျတော့ သတ္တိအင်အားတွေက ဘယ်ဆီ ပျောက်လွင့်ရောက်သည်မသိ။

... ၆ ...

အခန်း [ ၁၇

'ဘာဖြစ်လို့လဲကွယ်၊ မျိုးသော်ကညီမလေးကို အနွံတာ ခံတာ သည်းခံစိတ်ရှည်တာ ညည်းလဲအသိပဲမဟုတ်ဘူးလား သူ့ထက်ပိုပြီး ဘယ်သူကများ ကောင်းနိုင်ဦးမှာလဲ'

'နောက်ပြီး နှစ်ဦးသဘောတူ ကြည်ဖြူခဲ့ကြတာပဲလေ ဘယ်သူကမှ အဟင်းစေ့စပ်နေကြတာမဟုတ်ဘူး။

'ကျောင်းပြီးရင် လက်ထပ်ဖို့ဆိုတာလဲ ညည်းကိုယ်တိုင် သဘောတူခဲ့ကြတာပဲ'

'မျိုးသော်လေးဟာ ကိုယ့်ဆွေလိုမျိုးလို တစ်ယောက်အကြောင်း တစ်ယောက်သိပြီး နေခဲ့ကြတာပါ ပိုးဖြူရယ်၊ ကြိုးစားမှုရှိတာ ... ရိုးသားတာသာ၊ သမီးအဖေပါလဲ အတော်သည်းညည်းခံရှာတယ်။

'နောက်ပြီး ကိုယ့်အရပ် ကိုယ့်ဒေသနဲ့ မကွဲမကွာနေရမယ်၊ မေမေတို့ကတော့ ဒေါ်သော့်ကိုပဲ သဘောကျတယ် ပိုးဖြူ၊ စိတ်တွေမထွေပြားချင်နဲ့၊ ခုမှသိရတဲ့သူစိမ်းယောကျ်ားတွေကို မယုံစားလိုက်နဲ့'

လယ်ကွင်းတွေဆီကဖြတ်သန်းလာသော လေရူးသည် စိမ့်စိမ့် အေးအေးရှိလှ၏။ ပိတောက်ပင် အကိုင်း အခက် အရွက်တွေကြားက ရှန်းလဲ့စွာဖြာကျလာသော လစန္ဒာ၏ အလင်းရောင်ကြောင့် အိမ်ရှေ့ခြံဝင်း ပြောင်ရှင်းနေသော မြေတလင်းသည် ထိုင်ချင့်စဖွယ် တွေးချင် ငေးချင်စဖွယ် ဖြစ်နေ၏။

စိတ်အေးချမ်းဖွယ် ညတစ်ညဖြစ်သော်လည်း ရင်ထဲမှာ လှိုက်ပူနေသည့် သောကမီးတောက်တွေကတော့ ကိုယ်တိုင်ပင် မမြင်မသိ မချင့်ချိန်နိုင်လောက်အောင် ပြင်းထန်လှသည်။

စိတ်ညစ်ညူးနေသလားဆိုတာပင် မသိပါ။ အတွေးတွေ နောက်ကျိရှုပ်ထွေးနေသည်ကတော့ အမှန်ပင်။

သည်အချိန်ဆို သူနှစ်ခြိုက်စွာအိပ်မောကျနေလေသလား။

မျိုးသော်နှင့်ပိုးဖြူအကြားမှာ ပြန်မြင်ယောင်တမ်းဆွတ်၊ လွမ်းမောရမည့်အချိန်ဆိုတာမျိုး သိပ်ပြီး မရှိခဲ့ပါ။



သူပတို့နှစ်ဦး၏ တွေ့ဆုံချိန်များသည် နှင်းခဲပွင့်တွေလို ငြိမ်းချမ်းခဲ့သည်ဖြင်လှုက် ကြမ်းတမ်းသော အရှိုင်း ...သော ရင်ခုန်သံများနှင့် မညစ်နွမ်းစေခဲ့။

...ပြန်သတိရမည်ဆိုလျှင်တော့ ဆွတ်ပျံ့ကြည်နူးဖွယ်ရာသော ...ချိန် တချို့တလေသာရှိသည်။

လေးမျက်နှာစေတီဘက် လမ်းလျှောက်ဖြစ်သည့် ညနေ...ကွေ....

စက်ဘီးအတူစီးရင်း စကားနိုင်လုခဲ့ကြရသည့် ကျောင်း...ချိန်တွေ....

ကျောင်းပိတ်ရက် သကြန်ရက်တွေ....

ရွှားရွှားပေါ်ပေါ် တစ်ခါတစ်ရံမှာတော့ ဟောသည် ခြံဝင်းထဲ အတူထိုင်ပြီး စကားလက်ဆုံကျဖူးသည်။

ပိုးဖြူသည် မျိုးသော်ဟူသော ငယ်ချစ် တစ်ယောက်အတွက်များတော့ ဘယ်တုန်းကမှ စိတ်ပင်ပန်းသည်၊ စိတ်ညစ်ညူးသည် မရှိရစဖူးပါ။

သော်....

မိုက်မဲလှတဲ့ အလိုဆန္ဒကြီးတဲ့၊ မရောင့်ရဲနိုင်တဲ့၊ ပကာသနကို ခုံမင်တဲ့....

အဲဒီလို ဝိသေသတွေနဲ့ မိန်းကလေးတစ်ယောက်အတွက် အားတက်သရော ဖြည့်ဆည်းပေးနိုင်ဖို့ မကြိုးစားပါနဲ့တော့ ကွယ်။

အဲဒီမိန်းကလေးက နင့်ရဲ့ တန်ဖိုးကြီးလှတဲ့ မြတ်နိုးခြင်းတွေနဲ့ ထိုက်တန်သူ မဟုတ်တော့ပါဘူး။

....◎....

အခန်း [ ၁၈ ]

အပြင်ဘက်မှာတော့ တစိမ့်စိမ့်အေးသည့် ရာသီ ဖြစ်သည်။

ခရစ္စမတ်ပွဲတော် နီးလာသည့်အခါ ပိုးဖြူတို့လို သီချင်းဆိုသည့် မိန်းကလေးတွေအတွက် ရာသီကောင်း ဖြစ်သည်။

ရက်စ်တောရင့်တွေမှာ ဘာကြောင့်မှန်းမသိ လူပိုစည်ကား လာသည်။

ရာသီအေးကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

နောက်ပြီး မြန်မာဗုဒ္ဓဘာသာဝင် ဖြစ်လျက် ဘိုဆန်ချင်တတ်သူများကြောင့်လည်း ဖြစ်နိုင်သည်။

ခြင်လုံဆန်ခါ တံခါးအတွင်းဘက်က မိန်းမများက တော့ ပေါင်တိုမိနီစကတ်နှင့်လည်း တစ်မျိုး ဖြစ်၏။

ငှပ်ကျယ်သာသာ ယက်ပြတ်အင်္ကျီနှင့်လည်း တစ်မျိုး ဖြစ်၏။

ချင်းတဲမှာလည်း မီးဘောက်လေးတွေ ကိုးသိစီ ရှိကြလိမ့်မည်။

'ငွေပိုးဖြူရေ ကိုယ့်အလှည့် မင်းဝင်လိုက်စမ်းပါ၊ ကိုယ့်ညှော်သည်တွေရောက်လာလို့ ကိုယ်အပြင်သွားလိုက်ဦးမယ်'

'ဒီညတော့ ပန်းကုံးမရလဲ အကြောင်းမဟုတ်တော့ အူးပေါ့လေ'

ဂျင်း[နှိ]ဘောင်းဘီရှည် ခပ်ကျပ်ကျပ်နှင့် အမျိုးသမီးက မျက်ခုံးကိုပင့်လျက် နှုတ်ခမ်းကို လှုပ်စွာမဲ့လျက် ရယ်မောလေသည်။

ပိုးဖြူ၏ပတ်ဝန်းကျင်တွင် အလှတရားများဖြင့်သာ ပြည့်နှက် စုပေါင်းထားသော ဝန်းကျင်ဖြစ်သည်ဟု သူမက ယခုတိုင် ယုံကြည်နေမြဲပင်။

'ဒီလိုပေါ့ကွာ၊ မင်းတို့လို အခြေမခိုင်တော့လဲ အခြေအနေအရ လှုပ်ရှားရတာပေါ့၊ ဒီမှာ စိတ်ကူးမလွဲနဲ့ ပိုးရေ၊ မင်း ဦးလေးကြီးက မိုက်တယ်နော်၊ ဒီဇိုင်းကလဲ အသန့်စား၊ ရေလဲ လျှံရှိတင်မကဘူး၊ ချောင်းတော့ မြောင်းတွေတောင် ဖြစ်လောက်ပြီ၊ အပိုင်သာချည်ထား၊ ရှင့်ကိုတော့ သူ တော်တော်ကြွေနေပုံပဲ'

'စိတ်ကူးတော့ မလွဲပါဘူးကွယ်၊ ဒါပေမယ့် ကျွန်မ ကြောက်တယ်'



'ဘာကြောက်စရာရှိလဲ၊ ကိုယ် ဘက်ပါနေပြီပဲဟာ၊ ဒီခေတ်ကြီးထဲမှာ ဒုတိယဆုက ပထမဆုထက် ပိုကောင်းတယ်နော်'

ရယ်စရာလိုလို အတည်လိုလို စကားတွေ သူမအနားမှာ တွန်ဟိုင်း ပြည့်နှက်နေဟတ်သည်။

လူတိုင်း၏မျက်ဝန်းများကို ဝေတနာလား၊ ကရုဏာလား သူမ မခွဲခြားတတ်ပါ။

ငွေပိုးဖြူကို အရေးပေးယူရှိလှသည့် အသိုက်အဝန်းထဲမှာ နေပျော်စရာကောင်းသည်ကတော့ အမှန်ပါပဲ။

'ကြွရောက် သုံးဆောင်ကြတဲ့ လူကြီးမင်းများအတွက် ချိုသောသီချင်းများနဲ့ ကျေနပ်ပျော်ရွှင်စေမယ့် အလှည့်ကျကတော့...'

'ငွေပိုးဖြူ ဖြစ်ပါတယ်'

ဟော...။

သူမအမည် ခေါ်သံကြားပြီ။

လက်ခုပ်သံများရဖို့ မျှော်လင့်နိုင်မည်လား။

အနုပညာဆိုတာကိုတော့ သည်နေရာမျိုးမှာ စကားလုံးလှလှ သုံးဖို့ပင် မကောင်းပါ။

သီချင်းသည်ဆိုသူတွေက ဖြည့်ဆည်းပေးရခြင်း သက်သက်။

အနုပညာသက်သက်ကို ခံစားချင်သူများ သည်နေရာမှာ မရှိပါ။

အနောက်တိုင်းဂီတနှင့် ယှက်နွယ်ထားသည့် အပြင်အဆင် အမြူးအကြွ တေးက သွေးတွေ ပွက်ပွက်ဆူအောင်တော့ နှိုးတီးပေးနိုင်သည်။

ခွာမြင့်ဖိနပ်ဖြင့် ခပ်မှန်မှန်လျှောက်လာသော ကိုယ့်ခြေသံကို ပြန်ကြားရသည်။

စားပွဲဝိုင်းတွေမှာ ရယ်ပွဲဖွဲ့နေသော စကားလက်ဆုံကျနေသော သူမထံ အငမ်းမရစိုက်ကြည့်နေသော လူကြီးမင်းများ အားလုံးကို နှုတ်ဆက်ဂါရဝပြုပြီး မိုက်ခရိုဖုန်းကို လက်ဖြင့် ဆုပ်ကိုင်သည်။

စည်းချက်ကျကျ ခြေတစ်ဖက်ကို လှုပ်ရှားရင်း အာရုံကို တစ်နေရာကည်း စူးစိုက်ထားလိုက်သည်။

....ဓ....

အခန်း [ ၁၉ ]

မွေးပွကော်ဇောရှည်အဆုံး ဝင်ပေါက်ဆီ တစ်ချက်ဝေ့ဝဲကြည့်မိသည်။

နက်ခ်တိုင်နှင့် သက္ကလတ်ဘောင်းဘီရှည်နှင့် ညှိုကြို ဝတ်စုံဆင်ယင်ထားသော လူတစ်ယောက်။

ပြီးတော့ ညှိုကြိုနှင့် စကားအချေအတင်ပြောနေသည့် အရပ်ရှည်ရှည် အပြာရောင်ပုဆိုးကွက်စိပ်တိုတို၊ ရှမ်းလက်ရှည် အဖြူရောင်နှင့်။

ပြီးတော့ လွယ်အိတ်တစ်လုံးကို လွယ်လျက်....။

မြတ်ဘုရား။

သံစဉ်စာသားတွေ အရောရောအထွေးထွေး၊ အယော
ယောင် အမှားမှား။

အိပ်မက်တစ်ခုပဲ ဖြစ်ပါစေတော့။

သူမနှလုံးသားတွေက ဒရမ်ရိုက်ချက်တွေလို ခပ်ပြင်းပြ
မြည်ဟည်း ခုန်လှုပ်နေတော့သည်။

.....

## အခန်း [ ၂၀ ]

ငွေပိုးဖြူ

မယုံနိုင်စရာပါပဲ။

သူ့မျက်စိရှေ့မှောက်မှာ ရှိနေသူကတော့ မျိုးသော်ရဲ့ အချစ်ခံရဆုံး ငယ်ချစ်ဦး။

အင်္ကျီဖြူလုံချည်စိမ်းနှင့် သန့်စင် ငြိမ်းချမ်းသော အလှကို မျက်ကွယ်ပြုခဲ့ရပြီးသည့် နောက်ပိုင်း။

အနေဝေးခဲ့သော ကာလတွေနောက်ပိုင်း စိတ်ထိခိုက်စရာ၊ ယူကျုံးမရဖြစ်စရာ အကောင်းဆုံး မြင်ကွင်းတစ်ခု။

ကြည့်စမ်းပါဦး။

သူမမှာ သည်မျှ အရှက်တရားနှင့် ကျွန်ုပ်ကြိုးကြာသိကျွမ်းမဲ့လို့ မည် မထင်ခဲ့။

ခန္ဓာကိုယ်တစ်ခုလုံး ထင်ရှားမြင်သာအောင် ဝတ်ထားသော နိုင်လွန်စပို့ရှပ်က လည်ပင်းကျယ်ကျယ်။

လည်တိုင်မှာ ငွေရောင်တလက်လက် တောက်ပနေသော လည်ပတ်တစ်ခု။

မိနီစကတ် တိုတိုက ပေါင်တံနှင့် ခြေသလုံးများ၏ စိုပြည်ဝင်းဝါသော နုဂိုနေ အသားအရေကို ပိုပြီးသိသာ ထင်ရှားလေသည်သာမက....

စတိတ်ချ်အောက်ဘက်မှာ သူ့ကိုအလှကို ယစ်မူးစွာသုံး နေကြသည့် ဂုဏ်သရေရှိ လူကြီးလူကောင်း အပေါင်းတို့၏ စိတ်ကို လှုပ်လှုပ်ခတ်ခတ်ဖြစ်လာအောင် ဆွဲဆောင်ထားနိုင် သည်။

မြင်နေကျ ဆေးရောင်စုံမျက်နှာကတော့ အရောင်မှိန် ဖျော့ဖျော့။

လင်းတစ်လှည့် မလင်းတစ်လှည့်ရှိသော မီးပန်းဆိုင်းများ အောက်မှာ ပို၍ပင် လှပနေပါသည်။

သူမ၏ အစွမ်းကုန် သိမ်းကျုံးညှို့ငင်ထားသော အလှ တရားအောက်မှာ မိန်းမော၊ သို့မဟုတ် မြူးတူးနေကြသည့် ပုရိသအပေါင်း၏ အခိုးအငွေ့လျှံနေသော မျက်လုံးတွေ အလယ်မှာ သူမက ပျော်မွေ့စွာ သာယာစွာ ရယ်မော နေလေသည် ထင်ရဲ့။

မိပိုးရယ်။

မျက်လုံးအစုံတွေကို ထိုးဖောက်ပစ်ချင်လှသည်။



လက်သီး ကျစ်ကျစ်ဆုပ်ရင်း မေးကြောတွေ တင်းေ အောင် အံကြိတ်ထားရင်း မွေးပွကော်ဇော ခင်းထားသည့် င်းလမ်းမတစ်လျှောက် အပြေးတစ်ပိုင်း လျှောက်သွားနေမိ သည်။

ဆင်ခြင်တုံတရားနှင့် မထိန်းသိမ်းနိုင်ခင်မှာ ရောင်စုံ မီးတွေက တဖျပ်ဖျပ်လင်းလက်နေသည့် စင်မြင့်ရှေ့သို့ ခန္ဓာ ကိုယ်ကို သယ်ဆောင် သွားနေမိပြီ။

လည်ချောင်းတစ်လျှောက် အက်ဆစ်ရည်တွေ စီးဆင်း နေသလို ထင်သည်။

ခရောင်းမြေပြင်လို နှုတ်ခမ်းသားတွေ သွေ့ခြောက် အက် ကွဲနေသည်။

ရင်ထဲမီးတောင်တစ်လုံး ပေါက်ကွဲပြီး ချော်ရည် ချော် မြုပ်တွေထဲ နှလုံးသား နစ်မြုပ်ကျွမ်းမြိုက်နေသည်။

စင်မြင့်ရှေ့က လှေကားထစ်တွေကို ဘယ်လို လှမ်းတက် သွားသည် မသိလိုက်။

မြိုးမြိုးမြက်မြက် အရောင်လက်နေသည့် စက္ကူပန်းကုံး တွေကြားမှ သွေးပျက်ချောက်ချားနေသည့် မျက်နှာလှလှ ကို ဝိုးတဝါး မြင်နေရသည်။

ဝုန်းဒိုင်းကြဲနေသည့် တီးလုံးသံအောက်မှ....

သော်

ဟု လျှပ်စစ်လိုင်းတစ်ခုလို ရှိတ်ခတ်လာသည့် အက်ကွဲ ကွဲ ခေါ်သံကို ကြားသည်။

မျက်စိကျိန်းစရာ စက္ကူပန်းကုံးတွေကို လက်သဲမှာ ခစ်ပြီး ဆောင်ဆဲပစ်လိုက်သည်။

သူမ ခန္ဓာကိုယ်တစ်ခုလုံး ရင်ခွင်ထဲ ယိမ်းယိုင်ကျလာ
သည်။

ရှတ်ရှတ်သဲသဲ အော်သဆူညံသွေကို လျစ်လျူရှုလျက်
သူမ၏ လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲပြီး
လှေကားထစ်တွေကို ဆင်းလိုက်သည်။

အနားမှာလူဘချို့ စုအုံလာသည်ကိုလည်း သိသိမှတ်မှတ်
မရှိလှ။

ရှုပ်ထွေးလှသော အရိပ်တွေကို ဦးနှောက်ထဲမှ ခွဲခြားသိနိုင်
စွမ်းမရှိတော့လောက်အောင်ပင် စိတ်တွေက ခန္ဓာကိုယ်နှင့်
ပူးတို့ခွာတွဲဖြစ်နေသည်။

'ဟင့်အင်း....မလုပ်နဲ့၊ သူ့ကို ဘာမှမလုပ်ပါနဲ့'

ဒါ....မိုးဖိုး အသံလား။

အရှက်မရှိတဲ့မိန်းမ။ သိက္ခာမရှိမိန်းမ။

အသေသတ်ပစ်ချင်တယ်။

နင့်ကိုသတ်ပစ်ချင်တယ်ပိုးဖြူ။

'သော်....နင်ဘယ်လိုလုပ်ဘာလဲ၊ နင့်ကို ဝိုင်းသမလိုက်သိ
မယ်၊ နင်တော်တော့်ကို တစ်ဇွတ်ထိုးနိုင်ပါလား'

'တော်စမ်း၊ ငါဘယ်ကောင်မှ မကြောက်ဘူး နားလ
လား၊ ဘယ်သူ့မှမကြောက်လို့ ဒီနေရာကို တစ်ယောက်ထဲ
လာတာ၊ နင့်လိုမိန်းမတစ်ယောက်ကိုလဲ ဘယ်သူကမှ အမှု
ခံပြီး ကူမှာ မဟုတ်ဘူး အပျက်မ'

'သော် နင် တော်တော် ရိုင်းပါလား'

'အံမယ် နင်ကများ ငါ့ကို ပြောရတယ်ရှိသေးတ
အရှက်မရှိတဲ့မိန်းမ'



ဘယ်တုန်းကမှ နာကျင်စေဖို့ မရွယ်ခဲ့ဖူးသည့်
မိန်းကလေး၏ ဆံပင်တွေကို လက်ဖဝါး ကြမ်းကြမ်းပူသောင်
တအား ဆောင့်ဆွဲပစ်လိုက်မိတော့သည်။

မြင့်နိုင်

....◎....

သူမ
သည်။

အခန်း [ ၂၁ ]

ညသည် သည်ဘက်ခြမ်းမှာတော့ သေ့ခြောက်အေးစက်သည်။

အုရောင်မဲ့၏။

ခြောက်ချားဖွယ် ဖြစ်၏။

လျှပ်စစ်မီးရောင်တွေ မရှိ။

ဂီတသံတွေ မရှိ။

လက်ခုပ်သံတွေ အားပေးသံတွေ မရှိ။

ပကတိ ငြိမ်ဆိတ် မှောင်မိုက်နေ၏။



ကတ္တရာလမ်းမသည်လည်း ကစ်နေတာ ပင်ပန်းပူသောင်ခဲ့ရသမျှ အနားယူအိပ်စက်နေသည် ထင်ရ၏။

ကြယ်စုံသော ကောင်းကင်ကို ထင်ထင်ရှားရှား မြင်နိုင်သည်။

ဖုံးကွယ်ထားသည့် အမိုးအကာနံရံတွေ မရှိ။

လေပြင်းတိုက်ခတ်တိုင်း သစ်ရွက်များ၏ ငိုညည်းသံကိုလည်း ကြားရတတ်သည်။

တင်ခါတစ်ရံမှာတော့ တစ္ဆေတစ်ကောင်လို ဘွားခနဲပေါ်လာတတ်သော ကားမီးရောင်ကို မြင်ရသည်။

သံခဲကျောက်ခဲလို အေးစက် မာကျောနေသော လက်ဝါးများဖြင့် မျက်နှာကို ကြမ်းကြမ်းပွတ်လိုက်သည်။

မျက်လုံးတွေ ကျိန်းစပ်နေလည်း အိပ်ရေးပျက်ခြင်းကြောင့် မဟုတ်တာတော့ သေချာလှ၏။

စိုထိုင်းထိုင်း မျက်ရည်စတွေ မျက်တောင်တွေပေါ်မှာ ခြောက်သွေ့မသွားတတ်သေး။

'ပိုးဖြူ'

တိုးညင်သော ရှိုက်သံတစ်ခု ပျံ့လွင့်လာသည်။

'နင် ဘယ်လိုဘဝပဲရောက်ရောက် နင့်ကိုငါချစ်နေတုန်းပဲ၊ နင်ပျော်အောင် နင်စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးမယ်ဆိုတဲ့ ငါ့ရည်ရွယ်ချက်လဲ ဘယ်တော့မှ မပျောက်ဘူး၊ ခူနင့်ကိုငါလာခေါ်တာ၊ နင့်ကို ငါလက်ထပ်မယ်'

ဝန်းကျင်ကဲ ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

သူမ၏ အသက်ရှူသံကို ကြားနေရသလို သူ့ပင့်သက်ရှိုက်သံကိုလည်း ပိုးဖြူကြားနိုင်မှာပါ။

ညာမှာ ကျက်စားနေသော သတ္တဝါငယ်များ၏ အသံ ခပ်တိုးတိုးကိုတော့ ကြားရသည်။

ဖရိုဖရဲနှင့် ဖွာကြဲနေသော သူမ၏ဆံပင်တွေကို လက်ဖဝါးဖြင့် ဖိချရှင်းလင်းပေးနေ မိသည် ဆိုကာကို ပြန်တွေးမိကြောင်း ရင့်မှာယူကျုံးမရ။

'နှင့်ကို ငါ လက်မထပ်နိုင်ဘူး'

'ဘာကြောင့်'

'လက်မထပ်ချင်လို့ပေါ့၊ ငါလိုချင်တဲ့ပုံစံမျိုး ငါနေချင်တဲ့ ပုံစံမျိုး နင်မှမထားနိုင်ဘဲ၊ ပြီးတော့ ငါက ရန်ကုန်မှာပဲ နေချင်တာ'

'ငါကြိုးစားနေတာပဲ ပိုးဖြူ၊ နင်နေချင်တယ်ဆိုရင် ငါရန်ကုန်မှာ ထားပေးမှာပေါ့'

ခေါင်းပေါ်အုပ်ထားသော သူ့လက်ဖမိုးကို အသာဖယ်ရှားပစ်ရင်း သူမ လေးလေးကန်ကန် ခေါင်းယမ်းလေ၏။

'နင် ငါ့ကိုမချစ်ဘူးလား'

နှလုံးအိမ်က ဆတ်ခနဲနာသည်။

နှုတ်ခမ်းတွေ ရှက်ရွံ့ သွား၏။

မမေးချင်ပါဘဲ မေးမိရသည့်စကား။

မကြားချင်ပါဘဲ ကြားရမည့် အဖြေစကား။

သူမထံက စကားတစ်ခွန်းကြားရဖို့ စက္ကန့်မိနစ်တွေ ရှည်ကြာလှသည်ဟု ထင်မိ၏။

'ငါ ကူမှုကာ ပိုင်ရှင်တစ်ယောက်နဲ့ လက်ထပ်တော့မှာ'

ဆောင်းလေပြည်ထက် သူမစကားက အေးစက်၏။

'အောင်ကျော်ဦးဆိုတဲ့ လူနဲ့လား'

'ဟုတ်တယ်'



'သူက နင့်ကို လက်ထပ်မယ်တဲ့လား၊ နင့်လိုမိန်းမကို လက်ထပ်မယ်တဲ့လား'

လပြည့်အလင်းရောင်အောက် လက်ခနဲ တောက်သွားသော အပြုံးရိပ်ကို မြင်ရသည်။

'အင်းပေါ့၊ လက်ထပ်မှာပေါ့၊ တိုက်တစ်လုံး နောက်ဆုံးပေါ်ကားတစ်စီး၊ လက်ဝတ်လက်စား အပြည့်အစုံ၊ ပြီးတော့ ငါ့အတွက် ကျောင်းစရိတ်'

'အဲဒီလူက လူပျိုလား'

သူမနှုတ်ခမ်းတွေ တင်းတင်းစေ့လျက်ပင်။

ကိုယ့်ထက်ပိုပြီး သူမကို ဖြည့်ဆည်းပေးနိုင်မည့်သူဆိုလျှင် ကြေကွဲလျက်က ကျေနပ်ရမည်။

သို့ပေမယ့်လည်း အဲသည်ဖြည့်ဆည်းခြင်းတွေက ဖြူစင်သည့် မျှော်လင့်ခြင်းတွေ ပြည့်နှက်နေသော လိုအင်တွေအတွက်သာ ဖြစ်ကြောင်း သူကောင်းကောင်းသိနေသလောက် ပိုးဖြူကတော့ နားလည်တတ်ဟန် မတူပါ။

မျိုးသေခ်ဆိုသည့် လူတစ်ယောက်ကရော မမျှော်လင့်တတ်သူလား။

သူမထံက ချစ်ခြင်းနှင့်သံယောဇဉ်ကိုသာ မျှော်လင့်တတ်ခဲ့ကြောင်း ရိုးသားစွာ ဝန်ခံနိုင်ပါသည်။

'နင်ပြန်ရမှာနဲ့ နင်ပေးလိုက်ရမှာနဲ့တန်မတန် ပြန်စဉ်းစားဦး ပိုးဖြူ'

'အောင်ခတ်ထားတဲ့ စည်းမျဉ်းတွေ ဥပဒေသတွေကို ငါ စိတ်မဝင်စားဘူး သော်၊ လူတွေ ဘာအတွက် ရုန်းကန် လှုပ်ရှားနေကြတာလဲ၊ အမိက ကတော့ ပိုက်ဆံပဲ မဟုတ်လား၊ ပိုက်ဆံရဖို့ တစ်နည်းအားဖြင့် ပြောရရင် ပိုက်ဆံနဲ့ဖလှယ်ပြီး

မြင့်သကကော်မြင့်ဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား၊ ငါလဲ ငါ့ဘဝတိုးတက်ဖို့ ရင်းနှီးသင့်တာကို ရင်းနှီးရမှာပဲ’

‘နင်ရင်းနှီးရမှာက နင့်ရဲ့သိက္ခာ နင့်ရဲ့ဘဝလေ အဘန်းမရဲ့၊ ငွေနဲ့ပတ်သက်ရင် ဘာကိုမှမမြင်နိုင်ဘူး၊ နဖာကန်းနေပြီ’

ကျယ်လောင်သော အသံလှိုင်းသည် လေထုကို တစ်ဆင့်ပြီး တစ်ဆင့် ရိုက်ခတ်သွားသည်။

မချိုတင်ကဲ ကြွေကွဲဆို့နင့်ခြင်းတွေလည်း ရင်ထဲပြည့်သိပ် တင်းကျပ်လျက် လှိုင်းများလို တဒုန်းဒုန်း ပုတ်ခတ်လှုပ်ရှား နေ၏။

ဘယ်လိုကြောင့်များ သည်မျှမိုက်မဲရသည်လဲ။

‘ဟုတ်တယ် ဟုတ်တယ်၊ နင်ငါ့ကိုလာပြီး တရားမပြနဲ့ တော့’

သူမ၏ မိုက်ရူးရဲဒေါသက ပိုပြီးပြင်းထန်နေ၏။

ခန္ဓာကိုယ် အစိတ်အပိုင်းတွေ တစ်စစီ ပြုတ်ထွက်ကုန် အောင် ဆွဲဆောင့်လှုပ်ယမ်းပစ်လိုက်ချင်သည်။

ငယ်စဉ်ကတည်းက ရင်းနှီးလာခဲ့ရသည့် ကာလ တစ်လျှောက် ပိုးကောင်ကလေးလို တယုတယ မြတ်နိုး တန်ဖိုးထားခဲ့ခြင်းတွေကို အရုပ်ဆိုး အကျည်းတန်စေအောင် သူမ၏ စကားလုံး ကြမ်းကြမ်းတွေက ဖျက်ဆီးပစ်လိုက်နိုင် သည်။

သူမမျက်ဝန်းတွေက ဘာကြောင့်များ နူးညံ့လှပနေရ သေးလဲ။

‘နင့်ကို နောင်တမရစေချင်လို့၊ နင့်ဘဝကို မညစ်နွမ်း စေချင်လို့၊ အဖတ်ဆယ်နေတာ မိပိုး၊ ငါ့ရင်ထဲက စေတနာ ကို နင် ကိုးကွယ်နေတဲ့ အရေခြုံကျားတွေနဲ့ တန်းလာမညှိနဲ့၊



ငါခံယူထားတဲ့ လူ့ဘဝထဲက အနှစ်သာရကတော့ ကိုယ်ကျင့် တရားပဲ။

‘ခု နင့်ကိုယ်နင် ပြန်ကြည့်စမ်း၊ ဘယ်လောက်ပဲ တန်ဖိုး ကြီးတဲ့ အဝတ်အစားတွေ ဖြစ်ဖြစ်၊ သိက္ခာမရှိတဲ့ အဲဒီအဆင် အပြင်မျိုးကို ဘယ်သူကမှ မလေးစားဘူး။

‘ဘယ်သူမှလဲ အထင်မကြီးဘူး၊ လူဆိုတာ တစ်ယောက် တည်း နေလို့မရဘူး မိပိုး၊ ကိုယ်တိုင် အကျင့်သိက္ခာ မတည် ကြည်ဘဲ ဂုဏ်သရေရှိ အဝန်းအဝိုင်းထဲကို ဝင်ချင်လို့မရဘူး၊ နင့်သိက္ခာနဲ့တန်းတူ အကျင့်ပျက်အသိုင်းအဝိုင်းကပဲ နင့်ကို လက်ခံမယ်’

‘ဒါတွေဟာ ပညတ်ချက်တွေသက်သက်ပါသော်၊ ဘယ်သူ မှ လုံးဝဥဿုံ အကျင့်သီလ ဖြူစင်နိုင်ကြတာ မဟုတ်ပါဘူး၊ နောက်ဆုံးတော့ လူဟာ လူပါပဲ’

‘နင် ထော်တော် ခေါင်းမာပါလား ပိုးဖြူရယ်’

ကားစက်ဖွင့်းပေါ် စိတ်ပျက်လက်ပျက် ဘက်လက်လှန် ချလိုက်သည်။

ကြိုးပမ်းမှုတွေက ကြယ်ကလေးတစ်ပွင့်၏ အလင်းမျှပင် အရောမထင်လာခဲ့။

သူမနှလုံးသားကို ဘယ်လိုညစ်ညမ်း မှုန်မှိုင်းသည့် အရိပ် ငွေ့တွေ ဖုံးလွှမ်းထားပါလိမ့်။

‘နင်ငါ့ကို မေ့တော့မယ်ပေါ့’

နောက်ဆုံးပဲ။

ဒါဟာ နောက်ဆုံး မျှော်လင့်ချက်ပါပဲ။

နှစ်ဦးသားကြား သံယောဇဉ်ဆိုတာကို အားကိုးတကြီး ပြုမိသည်။ ခုချိန်မှာတော့ တဖြည်းဖြည်း အားပျော့လာခဲ့

ပြီ။ ခပ်တည်းတည်းသာ ကျန်တော့သော ကြိုးတစ်ချောင်းကို သူမဘက်က အလွယ်ကကူ ဖြတ်တောက်သွားနိုင်သည် ဆိုတာ သိလျက် မျှော်လင့်နေမိသေးတာတော့ ရှုးနှမ်းသော အတွေး တစ်ခုပင်။

တကယ်ဆို အပြစ်ရှိသူကသာ အနလျော့ပေး ခေါင်းလျှို ရတာမျိုး။

မျိုးသော်မှာတော့ ဘယ်လိုဝဋ်ကြွေးတွေကြောင့်လဲမသိ။

ခုချိန်ထိ သူမကို နာကြည်းဖို့မတတ်နိုင်သည်က ဝဋ်ကြွေး ကြောင့် မဟုတ်လျှင် ရှုးနှမ်းခြင်းသက်သက်လား။

ဒါမှမဟုတ် ကိုယ့်ဘက်က ခိုင်ကျည်လှသည့် သစ္စာတရား နှင့် သံယောဇဉ်ကြောင့်လား။

'သော်'

ခေါ်သံက တိုးတိမ်လှသည်။

သူမ ကောင်းကင်ကို မော့ကြည့်လျက် အိပ်မက်ထဲမှာ ကယောင်ကတမ်း လမ်းလျှောက်နေသူ တစ်ယောက်လို မျက်တောင်မခတ်ဘဲ ငြိမ်သက်စူးစိုက်နေ၏။

'နင်ငါ့ကို ဘာကြောင့်လက်ထပ်ချင်တာလဲ'

'ချစ်လို့'

သည်အဖြေကို ဖြေဖို့ ဥာဏ်စားချိန် မလိုအပ်ပါ။

ဒါ သူ့ဘက်က ထာဝရမှန်ကန်နေမည့် သစ္စာတရား....။

'နင်ကတော့ ငါ့ကို မချစ်ဘူး၊ ငါ့ထက်ငွေကိုပိုချစ်တယ်၊ နင့်ကိုယ်နင်ထက်တောင် ငွေကိုပိုချစ်တယ်၊ နင့်ကိုယ်နင်မှ မကာယ်တင်ရင် နင့်ကို ဘယ်သူမှ မကာယ်တင်နိုင်တော့ဘူး ပိုးဖြူ၊ တစ်ချိန်ချိန်မှာတော့ နင်အကြီးအကျယ် ဒေနာဝေ တွေ ရလာလိမ့်မယ်၊ သိပ်ပြီး နောက်ကျတဲ့ တစ်ချိန်ချိန်



ပေါ့၊ ခုချိန်ငါတတ်နိုင်တာကတော့ နင့်ကိုမဖြစ်ဖြစ်တဲ့နည်း လက်ထပ်ဖို့ပဲ'

'ငါအရှုပ်မဟုတ်တဲ့တော့ဘူးသော်ရဲ့'

'အေးလေ၊ အပျိုစင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာကို လဲ နင်က အလေးအနက်ထားမှာမှ မဟုတ်တာ'

သူမ ဟက်ခနဲ ရယ်မောလေသည်။

'ခုခေတ်ကြီးထဲမှာ အဲဒါကြီးက အသုံးမှမတဲ့တော သော်ရဲ့၊ နင်ငါ့ကို ဆွဲတင်ဖို့မကြိုးစားပါနဲ့တော့ ငါက ရေဝဲင်းထဲခုန်ချပြီးနေပြီ၊ နင့်ကိုလဲ လက် နိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ငါ့ခန္ဓာ တစ်ယောက်ကို ရောင်းပြီးနေပြီ'

— ကြည့်ခမ်း။

မျက်နှာပြင်တစ်ခုလုံး ပူနွေးပြီး ဆံပင်မွေးတွေ ခန့် မွေးညင်းခပါက်တွေထဲ ဓာတ်လိုက်သလို ကျဉ်တက်ရှိန်း သွားသည်။

ဒါဟာ သူမအတွက် အဆန်းတကြယ် မဖြစ်လောက်ဘူး တဲ့လား။

သည်စကားမျိုးပြောဖို့ သူမရဲ့သိက္ခာတရားတွေ ဘယ် အတိုင်းအတာအထိ ဆုံးရှုံးလျော့ရဲခဲ့ပြီဆိုတာကို တွေးပင် မကြည့်ချင်တော့ပါ။

'သူ့ဆီက ငါ့တစ်သက် မကြောင့်မကြ နေနိုင်မယ့် စည် စိမ်တွေ အလျော်အစားရမယ်၊ အချစ်ဆိုတဲ့အကြောင်း ငါ့ကို မမေးပါနဲ့တော့ သော်'

ပက်လက်အိပ်နေရာက ဝုန်းခနဲ ခုန်ထပစ်လိုက်သည်။

လှသလောက် အရှက်ကင်းမဲ့လှသော မိန်းမတစ်ယောက်၏ ရွှန်းလဲ့တောက်ပသော မျက်လုံးများကို မီးတောက်မီးလျှံများ ဟုန်းခနဲ လောင်မြိုက် စေနိုင်လောက်အောင် ပူပြင်းသော မျက်ဝန်းများဖြင့် စူးစူးကန်ထန် စိုက်ကြည့်နေမိရင်း ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းလျက် သတိလက်လွတ် မေ့မြောနေတော့သည်။

'တော်'

ကြော

ဒါမှတ်ပြုံးကျယ်လာသော သူပ၏ သူငယ်အိမ်ထဲမှာနှင့် သံယောဇမဲ့သော အံ့ဩထိတ်လန့်ခြင်းတွေကို မြင်နေရ

'သော်

ဖေ သော်....နင်ငါ့ကို အဲလိုမကြည့်နဲ့'

ပါးစူးစူးအော်ဟစ်သံက အိပ်ခက်မက်နေသူကို လှုပ်နှိုးလိုက်သလို ရင်ခုန်သံတွေက ကချစပ်မြန်ဆန်လာပြီး သွေးဆူပေါက်ကွဲစေတော့သည်။

'ရှုံစရာကောင်းလိုက်တဲ့ မိန်းမ'

ရှက်ရွံ့ခြင်း၊ နာကျင်ခြင်း၊ ကြေကွဲထိခိုက်ခြင်းနှင့်ဒေါသတရားတွေ ရောပြွန်းပေါင်းစပ်နေသော ခံစားမှုအလုံးအရင်းသည် ခန္ဓာကိုယ်အတွင်းဘက် သွေးကြောများထဲ ပျံ့နှံ့ စီးဆင်းလျက် ဒဏ်ရာဆိုးတစ်ခုလို နှလုံးအိမ်ကို ဖိစီးညှဉ်းပန်းနေတော့သည်

လက်ချောင်းတွေ မာကျောတောင့်တင်းလျက် နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေ၏။

'နင် ငါ့ကိုသတ်မလို့လား'



အေးစက်ခြင်း တစ်ဝက်တစ်ပျက်နှင့် သွေးပျက်ချောက်ချား နေသော စကားသံ၏အဆုံးမှာ မျက်လွှာတွေကို လေးလံစွာ ဖိချလိုက်မိတော့သည်။

'ကားပေါ်တက်'

'သော်'

'နင့်ကို ငါပြန်လိုက်ပို့မလို့ပါ'

အခန်း [ ၂၂ ]

ခြံဝင်းရှေ့ သံပန်းတံခါးကို ကန့်ဖွင့်လိုက်သည်။

အစိမ်းရောင်ဝပ်ဖျော့ဖျော့သုတ်ပြီး ကြွေပြားလေးတော[...] တွေ ကပ်ထားသော တစ်ထပ်တိုက်ကလေး၏ မျက်နှာ[...] သည် မျိုးသော်ကို နွမ်းလျသော အပြုံးဖြင့် ကြိုဆို[...] သည်။

ခမ်းနားသော အဆောင်အယောင်တွေ မရှိပြောသော[...] လည်း သူ့စိတ်ကူးတွေကို စေတနာအပြည့်ဖြင့် မွမ်းမံ[...] ထားသည့် အဆောက်အအုံလေးက လှပပြီး နေချင့်စဖွယ်[...] ဖြစ်ပါသည်။



သို့ပေမယ့်....

သည်အိမ်ကလေးကို လက်ဆောင်အဖြစ် ပေးဆက် အပ်နှင်း ခံရမည့် အရှင်သခင်က ရင်ကိုခြေစုံကန်ပြီး မြေးထွက်ပျောက်ကွယ်သွားခဲ့ပြီ။

ပြန်တွေးမိတိုင်း နှလုံးအိမ်တစ်ခုလုံး ဆို့ကျပ် ပြည့်သိပ်သျက် ခံရခက်လောက်အောင် ဝေဒနာဆိုးတွေက အချိန်တိုင်း ဖိစီးနှိပ်စက် ပြန်သည်။

အိမ်ရှေ့ကျွန်းတံခါးမကို ဖွင့်လိုက်တော့ ဟင်းလင်းလွှတ်ဟာနေသော ရင်ခွင်တစ်ခုလို ပေါလစ်ရောင် ပြောင်လက်ရှင်းလင်းသော အသစ်စက်စက်အိမ်ကလေးက အရိပ်ဟောင်းတွေကို သတိရ တွေဝေစေပြန်၏။

တမ်းတမိသည်လို့တော့ မဆိုချင်ပါ။

တမ်းတလွမ်းဆွတ် နေရလောက်အောင်လည်း သူမဘက်က ငဲ့ညှာရကောင်းသည် မထင်ခဲ့ဘူးမဟုတ်လား။

ချစ်ခြင်းမေတ္တာဆိုတာကိုသတိမရချင်သည့်မိန်းကလေး....

သံယောဇဉ်ဆိုတာကို မငဲ့ညှာတတ်သည့် မိန်းကလေး။

သစ္စာတရားဆိုတာကိုတော့ သိသိမှတ်မှတ်ပင် မရှိတော့ဘူးထင်သည်။

သည်လိုမိန်းကလေးတစ်ယောက်ကို လွမ်းရင်း၊ တမ်းတရင်း ခံစားငိုကြွေးရင်း တွေ့စေရမည့် အချိန်ဆိုတာကတော့ နှမြောစရာကောင်းလှသည်။

ဘနာဂတ်ဆိုတာကိုတော့ ကိုယ်တစ်ယောက်တည်း ဆိုလည်း သေချာလျှောက်ရမည့်လမ်း။

နှလုံးသားဒဏ်ရာထင်လည်းသူ့ အတိုင်းပင် ရှိပါစေတော့။

ပကတိအတိုင်း "မဖြစ်နိုင်တော့ပေမယ့် ခံနိုင်ရည်ရှိ သလောက် အတိုင်းအတာကာလ တစ်ခုအတွင်းမှာ ပြေပျောက် လွင့်ပြယ်သွားလိမ့်မည်။

စေတနာစကား ကရုဏာ ထားတွေကို မျက်ကွယ်ပြုခဲ့သည့် မိန်းကလေးအတွက်ကိုသာ ဘိတ်တခိုး စိုးထိတ်မိသည်။

သူမရဲ့....

အိမ်အပြန်လမ်းကလေး ဆူးခြောင့်ကင်းပါစေလို့။

....◎....

[ နှင်ငါ့ကို မေ့တော့မယ်ပေါ့ ]

သည်စကားက နှလုံးသား၏ အနားစွန်းတွေကို တရိရိ လှီးဖြတ်ပစ်သည့် ထက်ရှသော ဓားတစ်ချောင်းပင်။

မျက်ရည်စက်တွေ ခန်းခြောက်သွားပြီးသည့် အခါမှာ သူမ ရယ်မောဖို့ အဆင်သင့်ဖြစ်နေတော့သည်။

လောကကြီးထဲမှာမျက်ရည်တွေက ရှုံးစရာအကောင်း ဆုံး။

တကယ်တမ်း သူနာကြည်းသွားပြီ ဆိုပြန်တော့ ရင်ခွင်ထဲက တစ်စုံတစ်ရာ ဆွဲနုတ်ခံရသလို ဟာင်းလင်းပြင်ကျယ်ခဲ့ သလိုလို ပေါ်လာတော့သည်။

ရယ်မောခြင်းတွေ အသက်ကင်းမဲ့ ခြောက်ကပ်နေသည်ကို သူမတစ်ယောက်တည်းသာ သိနိုင်ပါသည်။



သို့ပေမယ့်လည်း ငိုကြွေးဖို့ ကြောက်လန့် တတ်သော မိန်းကလေးတစ်ယောက် အဆက်မပြတ် ရယ်မောနေမိတော့ သည်။

သော်ရယ်....

နှင့်ရဲ့ထုထည်ကြီးမားး သိပ်သည်းလှတဲ့ ချစ်ခြင်းတွေ အတွက် ငါ့ဘက်က ညီမျှတဲ့ တုံ့ပြန်မှုကို မပေးနိုင်ခဲ့တော့၊ ငါလိပ်ပြာမသန့်ဘူး။

နှင့်ရဲ့ ကျယ်ပြန့်လှခြင်းတဲ့ မေတ္တာရိပ်အောက်က ခြေလှမ်း ပျံ့သန်းခွင့် ပေးပါနော်။

နှင့်ကိုငါမေ့ပါရစေ။

နှင့်ကိုငါ မေ့ပါရစေ သော်ရယ်။

ကြိုးကြာငှက်တို့ အိမ်အပြန်

# အပိုင်း ( ၄ )

## အခန်း [ ၂ ]

ရွှန်းစားခန်း တစ်ခုလိုပင် ငွေပိုးဖြူ၏ တစ်ဆစ်ချိုးဘဝ အမေက စိုပြည်လှပသည်။

ဖိတ်ဖိတ်တောက် ခမ်းနားထည်ဝါသော အဆောက်အအုံ တစ်ခု၏ အရှင်သခင်အဖြစ်....

သူမဘဝကို သူမ ကျေနပ်နေရလျှင် ဘယ်တုန်းကမှမမက်ခဲ့ဖူးသော အဆန်းတကြယ် မွေ့လျော်စရာ အိပ်မက်ကမ္ဘာထဲမှာ သူမသည် လောကကြီး တစ်ခုလုံးကို မေ့လျော့လျက် ရှိ၏။

သူမ၏ ခင်ပွန်းဟု အနီးပတ်ဝန်းကျင်က သိကြသော ဦးအောင်ကျော်ဦးက သူမထံ ရောက်သည့်အခါ တစ်ပတ် ခုနစ်ရက်ကြာအောင် ရောက်နေတတ်ပြီး တစ်ခါတစ်ရံ လည်း လနှင့်ချီ၍ ပေါ်မလာတတ်ပြန်ချေ။

အဲသည်အခါမှာ မျက်စိဒေါက်ထောက်ကြည့်နေကြသော ပတ်ဝန်းကျင်ကို အကြောင်းပြ ရှင်းပြဖို့အတွက် မရှိနိုင်သည့် အကြောင်းပြချက်တွေကို တစ်မျိုးပြီး တစ်မျိုး ရှာကြံရ ပြန်၏။

ငွေပိုးဖြူတစ်ယောက်တည်း အတွက်ဆိုလျှင်တော့ ဘာ အကြောင်းလဲ။

သူရောက်လာချင်သည့်အချိန် ရောက်လာနိုင်သည်။

ရောက်မလာလျှင်လည်း သူမက သိပ်ပြီး ဝမ်းနည်း အားငယ်တတ်သည်မှ မဟုတ်ဘဲ။

သူမတို့နှစ်ဦးကြားမှာ ပင့်ကူမျှင် တစ်မျှင်စာ သာသာ အနှောင်အဖွဲ့မျိုးသာရှိပြီး အဲသည် အနှောင်အဖွဲ့ကလည်း ရုပ်ဝတ္ထုပစ္စည်းများနှင့် ပတ်သက်သည့် အနှောင်အဖွဲ့မျိုးသာ ဖြစ်သည်။

တစ်ပတ်တစ်ခါ ဈေးလည်ရခြင်း၊ ကားတစ်စီးနှင့် ရုပ်ရှင်ကြည့် ကျောင်းသွား၊ ယောကျ်ားလေး အပေါင်းအသင်းများကြား ရယ်မောစရာတွေ နားထောင်ခြင်းမျိုးကိုသာ စိတ်အားထက်သန်တတ်သော ပိုးဖြူသည် နားများကို ပိတ်လျက်၊ မျက်ဝန်းများကို မှိတ်လျက် အတွေးအခေါ်၊ ခံယူချက်ချင်းတူသော ပတ်ဝန်းကျင် ကျဉ်းကျဉ်းကလေးထဲမှာ ပျော်မွေ့နေတော့သည်။



သိပ်ပြီး စိတ်ဓာတ်တွေ ယိုင်နဲ့ပျော့ညံ့လာသည့် တစ်ခါ တစ်ရံမှာတော့ သော်ကို သတိရတတ်သည်။

ချစ်ခြင်းဆိုသည်ကို တကယ်ပဲ မေ့ထားလိုက်ပြီလားဟု ကိုယ့်ကိုကိုယ် မေးခွန်းထုတ်ရင်း ဘယ်သူမှ ထားမြစ်ခွင့်မရှိသည့် စိတ်ကူးကမ္ဘာထဲမှာ ချစ်သူကို ခဏတာမျှ အလည်ဖိတ်ခေါ်လျက် တောင်းပန်စကားဖွော ပြောဖြစ်၏။

သိပ်ပြီး မွှတ်သိပ်လာသည့် ကာလတိုကလေး အတွင်းမှာ ဆိုလျှင်တော့ မိုက်ဆံအိတ်အတွင်းပိုင်းမှာ ဘယ်သူမှ မမြင်အောင် ဝှက်ထားသည့် ဓာတ်ပုံ တစ်ပုံကို ထုတ်ယူကြည့်လိုက်သည်။

သူငယ်ချင်းများ အလယ်က အရပ်ရှည်ရှည် မြင့်ပြီး ပေါ်လွင်လှသော သော်သော်သည် အဖြစ်ကင်းစင်လျက် ခွင့်လွှတ်တတ်သော မျက်ဝန်းများဖြင့် ပိုးဖြူကို စိုက်ကြည့်နေတတ်ပြီ။

ညီညာသေးငယ်သော သွားတန်းကလေး ပေါ်အောင် ရယ်မောနေလေသည်။

ချစ်သူက သူမ၏ပါးပြင်ကို တစ်ခါမျှ မနမ်းဘူးပါ။

သူမ၏ လက်ဖဝါးကို ဆုပ်ကိုင်ရုံဖြင့် သူမတို့နှစ်ဦးသားကြား သံယောဇဉ်တွေ ခိုင်ကျည်ခဲ့တာ နှစ်ကာလတွေ အတော်ကြာခဲ့ပြီ မဟုတ်လား။

ခုတိုင်လည်း သူမတို့နှစ်ဦးကြားမှာ နှောင်ငင်ခြင်း ကြိုး တစ်ချောင်း ရှိနေသေးသည်ဟု သူမကတော့ ခိုင်ခိုင်မာမာ ယုံကြည်ထားသည်။

သို့ပမယ့် ....

နှစ်ဦးသားကြား ကွာဟချက်တွေကမှ မဆိုးနိုင်သော ကောင်းကင်ပြင်ကျယ်ကြီးသို့။

သူမကတော့ ဘဝမုဲ့ဘာကို အချစ်နှင့် ရောထွေးပစ်ဖို့ စိတ်မကူးမိပါ။

ငွေပိုးဖြူ၏ဘဝသည် သူမ လိုချင်သည့် အတိုင်းအဘာ အားလုံး ပြည့်စုံနေသည့် အကြောင့်ကြကင်းသော ဘဝ ဖြစ်ရမည်။

ကျော်ရုပ်ကလေး တစ်ရုပ်လို အစဉ် လှပနေရမည်။

ပြီးတော့ လူကုံထံ အသိုက်အဝန်း၏ လိုအပ်သော အသုံးအဆောင်များ အမွှမ်းအမံများအားလုံး သူမထံမှာ ရှိနေရမည်။

ပြီးတော့ အားလုံးက ငွေပိုးဖြူကို ငေးမော အားကျရမည်။

ချီးမွမ်းအံ့သြရမည်။

လူသားဆန်လှစွာသော အကောင်းဆုံး အလှမွန်သမျှကို သူမထံမှာ ရှိနေစေချင်သည်။

ငွေပိုးဖြူ၏ အမွှားအယွင်းဆိုသည်ကိုတော့ တတ်နိုင်သမျှ တွန်းလှန်ချင်သည်။

ကာဆီးချင်သည်။

ဖုံးကွယ်ချင်သည်။

တကယ်တမ်းမှာ သတ္တိနည်းလှကြောင်း သူမ သိရှိလိုက်ရချိန်က သော် ပြောခဲ့သလိုပင် အတော်ကို အချိန်နှောင်းခဲ့ပါပြီ။

သူမက မျက်စိမှိတ် မိုက်မဲတတ်သူတစ်ယောက်မို့ နောင်တဆိုတာကို မိုက်ရူးရဲဆန်စွာပင် ခေါင်းခါ၍ ငြင်းပယ်ခဲ့မိသည်။

ဒါပေမယ့်....



ဘယ်လောက်ကြာကြာ ငြင်းပယ်နိုင်မှာလဲ။

အမှန်တရားသည် ငွေပိုးဖြူ မြင်သာအောင် နေ့ညမဆိုင်း
တဲ့ ရောက်ရှိလာခဲ့သည်။

## အခန်း [ ၂ ]

'ဟာ....ဘေဘောစ် ဒီနေ့တော့ ကားအသစ်နဲ့ပါလား'

တောင်ပိန္နပင် အရိပ်အောက် ကားရပ်လိုက်စဉ် ကားတံခါးအနီးသို့ မာတစ်ယောက် ဒိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခဲ့သည်။

'အေဒ်းကွာ၊ဦးကျော်က ဒီနေ့ ကားလဲယူသွားလို့၊အတန်းထဲမှာ ရှင်တို့ကို မတွေ့လို့ ကျုပ် ဒီလိုက်လာတာ၊မွန်ရော'

'မွန် ခုပဲ ကိုမင်းနဲ့ ပါသွားလေရဲ့'

ကားမှန်တင်အပြီး ကားတံခါးဖွင့်ဆင်းသည်။



အင်းလျားသည် သေသပ်လှပသော ဆိုင်ခန်းများဖြင့်
ည်ကားနေပြီ။

အရာရာတိုင်းကို သပ်သပ်ရပ်ရပ်မြင်ရသော်လည်း တစ်ခါ
တစ်ရံမှာ သဘာဝအတိုင်း အရှိုင်းဆန်မှုကို သူမက ပို၍
စ်သက်မိ၏။

'ဘာစားမလဲ'

တံခါးသော့ခတ်နေစဉ်မှာပင် ဇင်မာက မေးသည်။

'ထမင်းကြော်ပဲစားမယ်၊ရှင်ရော စားပြီးပြီလား'

'အင်း....ပြီးပြီဆိုပါတော့'

သံမြေဖုံဖုံကို လျှောက်လာကြစဉ်မှာ ရင်ထဲ မတင်
ကျ ဖြစ်နေသည့် မေးခွန်းတစ်ခု မာ့ကို မေးဖြစ်၏။

'ခုတစ်လော မွန် ကျုပ်ကို သိပ်ပြီး မျက်နှာချင်းမဆိုင်
း၊ရှင်လဲ သတိထားမိမယ်ထင်တာ၊ဘာကြောင့်လဲ မသိဘူး
နော်'

မာက သူမ၏စကားကို အလေးမထားသလိုပင် ခပ်ပေါ့
ပါ့ရယ်သည်။

'ရှင်နဲ့ဦးကျော်ကိစ္စ နေမှာပေါ့'

'ဘာဖြစ်လို့လဲ'

ထိုင်နေကျဆိုင်မှာ ကျောင်းသားကျောင်းသူ တစ်ယောက်
တစ်ယောက်မှမရှိအောင် ရှင်းလင်းနေသည်။

မာက ကျောပိုးသားရေ လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်
က်၏။

ပြီး....ဖော်မီကာ ကပ်ထားသော စားပွဲမျက်နှာပြင်ကို
က်သည်းရှည်ဖြင့် တဒေါက်ဒေါက်ခေါက်လျက်စားပွဲထိုးကို
ခါပြီး မှာသည်။

'ဒါကတော့ကွယ် ရှင်းပါတယ်၊ကိုမင်းနဲ့ ပတ်သက်ပြီ ကိုအောင်ကျော်ဦးရဲ့ မိသားစုနဲ့ သူက ရင်းနှီးနေရပြီ မဟုတ် လား၊ ဒီတော့ သိသွားရင် မျက်နှာပူစရာ ကောင်းတာ ပေါ့၊ သူ့ကိုလဲ ငြိုငြင်မယ်လေ၊ကိုမင်းကလဲ ကိုအောင်ကျော် ဦးလို လူမျိုးနဲ့ ဘယ်မိတ်ပျက်ချင်ပါ့မလဲ၊ နောက်ပြီး သူ့ မိန်းမဘက်က တကယ့်ဟိုက်ကလပ်စ်တွေ၊ကုဏ်ရှိသရေရှိအသိုင်း အဝိုင်းတွေ ရှင်သိတယ် မဟုတ်လား'

'ဩော်....ဒီလိုလား'

သူမ၏ နှုတ်ခမ်းအမဲ့ကို ဇင်မာက စိုက်လျက် ငေးကြည့်နေ သည်။

ငွေပိုးဖြူ၏ အတွင်းရေးကို သိကြသည့် ပတ်ဝန်းကျင် ကျဉ်းကျဉ်းကလေးက ငွေပိုးဖြူကို ဘယ်လိုအသိအမှတ်ပြုကြ သည်ဆိုတာကို နားလည်နေရပြီး အဲသည်အချက်ကတော့ သူမကိုယ်သူမ လိမ်ညာမရသော ငွေပိုးဖြူ၏ နှစ်နာဆုံးရှုံးချမှု ပင် ဖြစ်သည်။

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့တွေ ရှင့်ကိုခင်ပါတယ်ပိုး၊ သူငယ် ချင်းဆိုတာကတော့ စာရင်းဖျက်ချင်လို့မရပါဘူး၊ မခေါ် မပြောဘဲသာ နေလို့ရချင်ရမယ်လေ၊မှန်က ရှင့်ကို အခင်မ တော့ မပျက်ပါဘူး၊ဒါပေမယ့် ကိုမင်းရှေ့မှာတော့'

'တော်ပါကွယ်၊ အခေါ်အပြောမရှိပဲ ကျုပ်ကတော့ ဂရုမစိုက်ပါဘူး'

'ဒါပေမယ့် မကြိုက်မှန်း သိသိနဲ့ပဲ ပြောရမှာပဲပိုး၊ မျိုး ကော့်လိုလူတစ်ယောက် ရှိနေလျက်နဲ့ ရှင် ဒီလိုလုပ် လိုက်တာ တော့ သိပ်အရုပ်ဆိုးလွန်းတယ်၊ နောက်ပြီး အဲဒီလူဟာလူတ လွတ်သပ်ယပ်ဆိုရင် မပြောပါဘူး၊အိမ်ထောင်နဲ့ မိသားစုနဲ့



အခြေခိုင်နေတဲ့ လူတစ်ယောက်နဲ့ ရှင် ဒီလိုနေရတာ သတ္တိ ကောင်းတယ်လို့တော့ ကိုယ်မပြောချင်ဘူး'

'ဒီမယ် မာ၊ဒီအကြောင်းတွေ ပြောဖို့က သိပ်နောက်ကျ နေပြီ'

မာ့မျက်နှာတစ်ခုလုံး ရဲခနဲ ဖြစ်သွားသည်။

'မာ ရှင့်ကို မပြောခဲ့လို့လား၊ရှင် အောင်ကျော်ဦးဆီမှာ အလုပ်လုပ်မယ်ဆိုကတည်းက မာ ကတိပေးခဲ့သားပဲ မဟုတ် ဘူးလား၊အောင်ကျော်ဦးက သူ့ကုမ္ပဏီမှာ အရည်အချင်း မမီလို့ မခန့်နိုင်သေးဘူးဆိုကတည်းက ရှင် သူ့ကို အနိုင်ကပ်ပြီ လိုက်ဖို့ကောင်းတာ၊ရက်စက်တော့ရှင့်မှာ သိချင်းဆိုဖို့ သူပြော ပေးတာကို ရှင်ပဲ ကျေကျေနပ်နပ် လက်ခံခဲ့တယ်လေ၊ အဲဒီ တုန်းကလဲ ရှင့်ကို ဒီအလုပ်မလုပ်ပါနဲ့၊ လူအထင်သေးမယ်လို့ ကျုပ်တို့နှစ်ယောက် ဝိုင်းပြောခဲ့သားပဲ မဟုတ်လား'

'အေးလေ...ကျုပ်က လခ ကောင်းကောင်း ရချင်တာ ကိုး'

'ခုတော့ရော'

'ခုလဲ ကျေကျေနပ်နပ်ပါပဲ၊ ကိုယ့်ဘဝကိုယ် ပျော်နေ သားပဲ၊ကားတစ်စီးရယ် တိုက်တစ်လုံးရယ်၊ ပြီးတော့ ပိုက်ဆံ ရယ်'

'အင်း...ဒါနဲ့ပဲ ရှင် ဒုက္ခရောက်မယ်၊ဒီမယ်ပိုး၊ ကိုယ်သာ ဆိုရင့်တော့ တစ်အိမ်လုံး ရွှေချပေးမယ်ဆိုရင်တောင် ဒီမောလိ တော့ မလုပ်ဘူးကွာ'

သူမ ပါးစပ်အဟောင်းသားဖြင့် ဇင်မာ့ကို ထိတ်လန့် တကြား ကြည့်လိုက်မိသည်။

ကောင်းချီး ဩဘာသံတွေကို မမျှော်လင့်ပေမယ့် ခုလို သူငယ်ချင်း တစ်ယောက်က မြောင်ကျကျဝေဖန်တာမျိုးကိုတော့ သူမ ကြိုတင်မျှော်လင့်မထားမိခဲ့တာ အမှန်ပင်။

ဘယ်သူ့ကိုမှ အရေးစိုက်စရာမလိုဘူးဟူသော မှားယွင်းသည့် အစွန်းရောက် မာနတရားဖြင့်သာ ကိုယ့်ကိုကိုယ်ကာကွယ်မထားခဲ့ဘူးဆိုလျှင်တော့ သည်နေရာမှာတင်မျက်ရည်ပေါက် ကျပြီး သူမ အရှုံးပေး ထွက်ပြေးသွားရလိမ့်မည်။

ဒါမှမဟုတ် အကြီးအကျယ်ပေါက်ကွဲ ဒေါသဖြစ်မိလိမ့်မည်။

'ကိုယ်တို့ဆီမှာ တစ်သက်မှာ တစ်ခါပဲ အိမ်ထောင်ပြုရမယ်၊မိန်းမတစ်ယောက် ပိုလက်ထပ်ရမယ်လို့ ဥပဒေမှမရှိတာမှာရဲ့'

ဟု သူမ ခပ်ပြောင်ပြောင် ပြောလိုက်မိသည်။

'ဒါပေမယ့် မင်းဟာ အငယ်အနှောင်း မဟုတ်လား၊ အောင်ကျော်ဦးနဲ့ မင်း လက်မှမထပ်ဘဲ အတူနေတယ်ဆိုတဲ့ ကိစ္စကဘယ်နိုင်ငံဥပဒေမှ လင်မယားအဖြစ် အကျုံးမဝင်ဘူး ကွ၊နောက်ပြီးကျုပ်တို့ ဗုဒ္ဓဘာသာနိုင်ငံမှာတစ်လင်တစ်မယား စနစ်ကိုပဲ လူ့ကျင့်ဝတ် လူ့သိက္ခာအဖြစ် အလေးထားကြတာပဲ၊ရှင် ကိုယ့်ဘဝကိုယ် အဟုတ်ကြီးထင်မနေနဲ့၊ အောင်ကျော်ဦးမှာရှင့်လို ဘုရားမဝင်ဘဲမိန်းမပေါင်းဘယ်နှစ်ယောက် ရှိသလဲဆိုတာလဲ စုံစမ်းကြည့်ဦး'

'မာ'

သည်တစ်ခါမှာတော့ သူမ မဲ့ပြုံးမပြုံးနိုင်တော့ပါ။

သူမ၏ မာနတရားက ထိခိုက်ခံရဖန်များတော့ တစ်စစီ ကွဲကြေကုန်တော့မည်။



သူမ၏ မျက်စိရှေ့မှောက် ရောက်လာသည့် အငွေ့တထောင်းထောင်း ထမင်းကြော်ပန်းကန်ဖြင့် မာ့မျက်နှာကို ပစ်ပေါက်ချင်လှသည်။

မာကတော့ မချိုမချဉ် ပြုံးနေလျက် မုန့်ဟင်းပန်းကန်ကို ဆွဲယူပြီး သစ်သားတူနှစ်ချောင်းကိုအပတ်ဖြင့်သန့်စင်နေလေသည်။

'ရှင် ဘော်တော် စိတ်ဆင်းရဲသွားသလားပဲ၊ ဆောရီး လို့ ကျုပ် မပြောင်းပန်နိုင်ဘူး၊ ပတ်ဝန်းကျင်ရဲ့ ပြစ်တင်သံတွေ ရှင့်ကို ရိုက်ခတ်မလာခင် ကျုပ်ကရှင့်ကို ခံနိုင်ရည် ရှိအောင် ပြောပေးထားတာ။

'ဒီလောကမှာ ခံနိုင်ရည်မရှိရင်တော့ ရှင်လက်ရှိဘဝမှာ ရေရှည်ရပ်တည်ဖို့ မလွယ်ဘူး၊ ကျုပ်ကတော့ ရှင် ကျုပ်ကို နှုတ်ဆက်နေသရွေ့ သူငယ်ချင်းအဖြစ် အသိအမှတ် ပြုထားမှာပါ'

'တောက်'

မာက သူမကို မျက်လုံးပင့်ကြည့်ပြီး မုန့်တီကို ပုံစံမပျက် စားနေလေသည်။

ဘယ်လိုစကားလုံးမျိုးဖြင့် တုံ့ပြန် ရန်ထောင်မည်လဲ။

သူမ၏ လက်ရှိအခြေအနေကို အမှန်အတိုင်း ထောက်ပြရုံဖြင့် မာ့ကို စော်ကားသူဟု စွပ်စွဲ ရန်တွေ့ရပါမည်လား။

တစ်ယောက်တစ်ခွန်း အချေအတင် စကားနိုင်လုဖို့ကိုတော့ ပိုးဖြူ ကျောက်လှသည်။

ပြီးတော့ ရန်ဖြစ်လျှင် သူမက အလွယ်တကူ မျက်ရည်ကျတတ်သူ ဖြစ်သည်။

ခုပင် မျက်ဝန်းတွေ ပူနွေး စိုစွတ်လာပြီ။

ဆိုင်ရှေက ဖြတ်သွားသော ကျောင်းသားအုပ်စု၏ ရယ်သံသည် ဘူမကို လှောင်ပြောင် နေသလိုပင် ထင်သည်။

ငြင်းရှသော နေရောင်အောက်မှာတဖိတ်ဖိတ်လက်နေသည့် ကာရိနာကားအဖြူကို လှမ်းမြင်ရစဉ်မှာတော့ လက်ရှိဘဝကိုပဲ မိန်းမူး တွယ်ဖက်လျက် နေချင်စိတ်ဖြင့် ရှက်စိတ်၊ နာကျင်ခံပြင်းစိတ်တွေ အလွယ်တကူ ထွက်ပြေး လွင့်ပျောက်သွားပြန်တော့သည်။

ဘာဖြစ်လဲ။

လူဖြစ်လာပြီးမှတော့ ရခဲ့တဲ့ ဘဝတစ်ခု ပြည့်စုံအောင် နေ့ပျော်အောင် ကြိုးစားရမှာပဲ မဟုတ်လား။

လူတစ်ယောက်ကို လူတစ်ယောက်က လက်မှတ်တစ်ခုနဲ့ တစ်သက်လုံးအတွက် အပိုင်ချုပ်နှောင် ထားနိုင်တယ်ဆိုကာတော့ ရယ်စရာကောင်းလှပါတယ်လေ။

ကြည့်ပါလား။

အောင်ကျော်ဦးဆိုတဲ့သူကို သူ့ဇနီးက ဘယ်မှာ ချုပ်နှောင်ထားနိုင်လို့လဲ။

အလကား

ကြိုးတွေရှုပ်တယ်။

....ဝ....

အခန်း [ ၄ ]

နဂိုနက်သော မျက်ခုံးပေါ်က ပေါင်ဒါမှုန့်တွေကို သနပ်ခါး ခြစ်တံနှင့် ဖွဖွခြစ်လိုက်သည်။

မှန်ထဲမှာ လန်းဆန်းနုပျိုသော မျက်နှာတစ်ခု။

ကန့်တော်ပန်း ပေါင်ကွပ်ထားသော ဘဲဥပုံ သဏ္ဍာန် မှန်ချပ်ကြီးသည် ဂန္ထဝင်ပန်းချီကား တစ်ခုကို လှစ်ပြထားသလိုလိုဟု ကိုယ့်ကိုကိုယ် စိတ်ကြီးဝင်မိသေးသည်။

အဖိုးတန် အဝတ်အထည်၊ ခိုင်ငံခြားဖြစ် ဘန်ဖိုးကြီး အလှကုန် ပစ္စည်းများကြောင့်ပဲဖြစ်ခဲ၊ ပိုးဖြူ ပင်ကိုအလှ

ကြောင့်ဖြစ်ခဲ၊ ကြေးမုံ ထဲမှာ အလှဆုံးမြင်နေရသည့် ပုံရိပ်ကို ကြည့်မဝ ရှုမငြီးအောင် အခါခါ ကြည့်သည်။

ဘယ်သူတွေ ဘယ်လိုပဲ အပြစ်တင်တင် 'ငွေပိုးဖြူက သိပ်လှတာပဲ' ဆိုတာမျိုးကိုတော့ မကွယ်မဝှက် ချီးမွမ်းရမည် မဟုတ်လား။

'မြင်လှချည်လား ပိုးဖြူရယ်၊ မှန်ထဲပေါက်ထွက်သွားပါဦးမယ်'

နှစ်ယောက်အိပ် ကျွန်းခုတင်ကြီးပေါ်က အသံကြားမှ ပင် အနားမှာ လူတစ်ယောက် ရှိနေသည်ဟု အသိဝင်သည်။

မှန်ထဲမှာ အရိပ်ထင်လာသည့် အပြုံးက ဝင့်ဝင့်စားစား ရှိန်းရှိန်းပေ။

'မြင်ရသာပေါ့ ဦးကျော်၊ ပိုးဖြူ အမြဲလှနေမှ ဦးကျော် ပိုးဖြူ့အနားမှာ အမြဲနေမှာပေါ့'

'ဒီလိုလဲ မဟုတ်ပါဘူးလေ'

'မညာပါနဲ့ ဦးကျော်ရာ၊ ပိုးဖြူက ကိုယ့်အဝကိုယ် သိပါတယ်'

'ကြည့်...ခက်နေပါပြီ၊ ဒီကောင်မလေး'

ဦးအောင်ကျော်ဦးက သိမ်မွေ့စွာ ရယ်မောလျက် သူမကို မျက်တောင်မခတ် ငေးကြည့်နေသည်။

ခမ်းခမ်းကြွကြွ စိမ်းမျှားနှင့် နီစွေးစွေး နှုတ်ခမ်းနှစ်လွှာသည် မိန်းကလေးများကို ရင်ခုန်မှုယ်ဖြစ် အောင် ညှို့ငင်နိုင်ပါလိမ့်မည်။

သို့ပေမယ့်လည်း ဦးအောင်ကျော်ဦးသည် အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး တည်ကြည်သူ၊ မိသားစုဘဝကို အလေးအနက်ထားသူဟု သူ့အသိုက်အဝန်းမှာ နာမည်ကြီးသည်။



စီးပွားရေးမှာ အာရုံစူးစိုက်တတ်ပြီး အပေါင်းအသင်း ဆက်ဆံရေးကျတော့ လိုက်လျောညီထွေ ရှိတတ်သည်ဟု နာမည်ကောင်း ရပြန်သည်။

ဂုဏ်သရေရှိအသက်တန်းလွှာအသိုင်းအဝိုင်းမှာ ဦးအောင် ကျော်ဦးသည် သိုးရေခြုံထားသော ဝံပုလွေတစ်ကောင်၏ သိပ်သည်းမှုမျိုးဖြင့် လူချီးမွမ်းခံရအောင်နေတတ်၏။

လူအထင်ကြီးအောင် ပြောတတ်၏။

ထို့ကြောင့်လည်း ငွေပိုးဖြူကို လူမြင်ကွင်းမှာ အတူ ယှဉ်တွဲလျက် ဘယ်တုန်းကမှ မမြင်မတွေ့ရတတ်။

သိပ်သိလျက် ရင်းနှီးချိန်တွေ ကြာလာတော့ ကျွမ်းကျွမ်းကျက် ကျက်ချင်၏။

အလိုဆန္ဒဆိုသည်ကို ဖေးဖယ်ပြီး နူးညံ့သော သိမ်မွေ့တတ်သော ယုယကြင်နာမှုကိုသာ လူသားတစ်ဦးပီသစွာ ပြန်ဖြန့်သည်။

အထူးကျန်ခြင်းဆိုတာ ခံနိုင်ရည်အတိုင်းအတာ တစ်ခုခု တော့ ရှိသည်ပဲ။

ဘယ်အတိုင်းအတာ ဘယ်ကာလအထိ ခံနိုင်ရည်ရှိမည်ဆို တာကို တစ်ခါတစ်ရံမှာ ချောက်ချောက်ချားချား တွေးမိ တတ်၏။

ဦးအောင်ကျော်ဦးနှင့်ဇနီးဆိုသောဖိတ်စာများကို အမှတ် မထင် မြင်မိလျှင် နှလုံးအိမ်က နာကျင်ထတ်စ ပြုပေသည်။

ဒေါ်နန္ဒာဝင်း ဆိုသောနေရာမှာ ဒေါ်ငွေပိုးဖြူရယ်လို့ တော့ ဘယ်တော့မှ ဖြစ်မလာနိုင်ဘူးထင်သည်။

'ဒီတစ်ပတ် စနေလာမှာလား ဦးကျော်၊ တစ်မှုခု လုပ် စားကြရအောင်လေ'

'အာ....မဖြစ်ဘူးကွ'

'ဘာဖြစ်လို့တုံး'

'ဒီနေ့နေ့က သမီးကြီးပုံ့ပုံ့ရဲ့မွေးနေ့၊ ကိုယ်တို့ မဟာစည် ရိပ်သာမှာ အလှူလုပ်မလို့'

မှန်ထဲကမျက်နှာဝင်းပပ ချက်ချင်းမဲ၍ ညိုညစ်ပုပ်မည်း သွားသည်။

'ဦးကျော်၊ ပိုးဖြူကို လက်ထပ်သင့်တယ်လို့ မထင်ဘူး လား'

မဆီမဆိုင်မေးခွန်းတစ်ခုကို ဘယ်လိုမှ မျှော်လင့်မထား သည့်အကြောင့် သူ့မျက်နှာ ကြောင်အမ်းသွားသည်။

'ဘယ်လိုကြောင့်လဲ ပိုးဖြူရယ်၊ လက်မှတ်တွေ စာချုပ် တွေ ကိုယ်တို့အတွက် အဓိပ္ပာယ်သက်သက်ပဲ မဟုတ်ဘူးလား၊ ပိုးဖြူ့ယောက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ နေ နိုင်ကြသားပဲ'

သူ့စကားက ပိုးဖြူကို အားတုံ့အားနာ ဖြစ်နေသည့် ကဘော့ အမှန်ပင်။

'ဘယ်တူမလဲဦးကျော်၊ ခု ဦးကျော်ကို ပိုးဖြူမှ မပိုင်ရ တာ'

သူက ခေါင်းအုံးပေါ် ခေါင်းကို လှန်ချထားပြီး အားပါးတရ ရယ်မောလေသည်။

ပိုးဖြူ၏စကားကို အလေးအနက်ထား စဉ်းစားဖို့ သူ့မှာ လာဝန်မရှိဘူးလား။

'ပိုးဖြူလဲ ဦးအောင်ကျော်ဦးရဲ့ တရားဝင်ဇနီး တစ် ယောက် ဖြစ်ချင်တယ်၊ ပြီးတော့ ဒေါ်နန္ဒာဝင်းလို သား တွေ သမီးတွေနဲ့ မိသားစုတစ်ခုဖြစ်ချင်တယ်၊ ကျန်တဲ့ အခွင့်



အရေးတွေ ပိုးဖြူမတောင်းဆိုပါဘူး ကိုကိုရယ်၊ ကိုကို့ကို ပိုးဖြူ ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်ရချင်တယ်။

'နောက်ပြီး ကိုကိုနဲ့အတူ ဘုရားဖူးချင်တယ်၊ ရုပ်ရှင်အတူ ကြည့်ချင်တယ်'

အရူးတစ်ယောက်လို တတွတ်တွတ်ရေရွတ်နေသည့် စကား သံတွေကို သူက မျက်နှာကြက်ဆီ ငေးမောရင်း ငြိမ်သက် နားထောင်နေ၏။

သူ အံ့ဩနေလေသလားမသိ။

ဒါမှမဟုတ် တစ်ခုခုငြင်းဆန်လိုက်ဖို့ အကြောင်းပြချက် တွေ ရှာကြံနေလေသလား။

သူမကတော့ဖြင့် သည်အခွင့်အရေးကို နောက်မဆုတ် တောင်း ရချင်သည်။

သည်မျှ အခွင့်အရေးလောက်ကိုဖြင့် သူမ ထိုက်ထိုက် တန်တန် ရသင့်ပါ၏။

သည်အခါ ပတ်ဝန်းကျင်ကို သူမ စိန်ခေါ်နိုင်လိမ့်မည်။ နောက်....ဒေါ်နန္ဒာဝင်းကို စိန်ခေါ်နိုင်လိမ့်မည်။

'ပိုးဘက်က ပေးဆပ်ခဲ့သမျှတွေ ကိုကို့ကို ချစ်လွန်းလို့ ဆိုတာကို ကိုကိုနားလည်ငဲ့ညှာသင့်ပါတယ်'

လှပသော နှုတ်ခမ်းလွှာများကြားက စကားလုံးများ အစီအရီခုန်ထွက်လာကြသည်။

ဦးအောင်ကျော်ဦးက ခုထိ တွေဝေငြိမ်သက်နေဆဲပင်။ တစ်ဆင့်ပြီးတစ်ဆင့် ခိုင်မာသော ပိုင်နိုင်သော အခွင့်အရေး တွေ ရရှိဖို့အတွက် ကြိုးစားနိုင်လိမ့်မည်ဟု ကိုယ့်ကိုကိုယ် ယုံ ကြည် နေသည်။

ဘဝဆိုတာတိုက်ပွဲဆိုသောဆောင်ပုဒ်ကို မကြာခဏ ကြား ဖူးခဲ့၏။

....◎....

အခန်း [ ၄ ]

ဦးအောင်ကျော်ဦးဟူသောအမည်နာမလေးမှာ ငွေပိုးဖြူ ဟူသော စာလုံးသုံးလုံးကိုယှဉ်တွဲမြင်ရပြီဆိုလျှင်တော့ ဒနောက် ထပ် ဘယ်လိုအခွင့်အရေးကိုမှ ဦးအောင်ကျော်ဦးထံက သူမ တောင်းခံနေစရာမလိုတော့။

အင်း....

မြတ်နိုးခံရသည့် မိန်းမတစ်ယောက်ဘဝကို စိတ်ကူးယဉ် ကြည့်မိလျှင်တော့ ခပ်ဒရေးရေးသာ ထင်သည်။

အချစ်ဆိုတာကို သူမက လှောင်ပြောင်ခဲ့ဖူးသည်လေ။

ချယ်စရာတစ်ခုလို အထင်သေးစွာ လျှော့တွက်ခဲ့ဖူးသည်လေ။

'ပိုးဖြူရယ်'

ညည်းညူ ရေရွတ်သံ ဟုတ်မဟုတ် သူမ သေချာမသိပါ။

ဘေးတစ်စောင်း မြင်နေရသော မျက်နှာတစ်ခုပေါ်မှာ စိတ်ရှုပ်ထွေးခြင်းများဖြင့် အိုစာနေသည် ထင်ရ၏။

'ဦးကျော်ဘက်က ဘာတွေအခက်အခဲရှိနေသလဲဟင်'

'လက်ထပ်ဖို့ဆိုတာကလွဲပြီး ကျန်တာ အကုန် ကိုယ် လိုက်လျောနိုင်တယ်'

ခန္ဓာကိုယ်ကို မတ်ထားရာမှ လျှော့ချပစ်လိုက်မိသည်။

ဦးအောင်ကျော်ဦးကို ပိုင်နိုင်စွာ ချုပ်ကိုင်ဖို့ ကြိုးစားအားထုတ်ခဲ့သမျှ အလဟဿဖြစ်ရတော့မည်လား။

သူမကိုယ်သူမလည်း ဟိုအလျင်ကယုံကြည်ချက်တွေ လျော့နည်းခဲ့ပြီထင်သည်။

ဦးအောင်ကျော်ဦးကတော့ ငွေပိုးဖြူထံက လိုချင်သမျှ အကုန်ရခဲ့ပြီ။

ပိုးဖြူကတော့ ရှိသမျှ အလိုဆန္ဒတွေ အတောမသတ်၊ အရှိန်မသေနိုင်သေးသည်လား မသိ။

'ပိုးဖြူကို ဦးကျော်ရဲ့ ဇနီးတစ်ယောက်လို အသိအမှတ်မပြုချင်ဘာလား'

ခုတင်ပေါ်မှာ ဘေးတစ်စောင်း လှည့်လာပြီး သူက မှန်တင်ခုံရှေ့မှာထိုင်နေသော ပိုးဖြူ၏ လက်ကောက်ဝတ်ကို လှမ်းဆွဲသည်။



နူးညံ့ပြီး ကြင်နာတတ်ဟန်ရှိသော သူ့မျက်ဝန်းများကို ပထမဆုံးအကြိမ်အဖြစ် သူမ ရွံမုန်းမိသည်။

'ဒီမယ် ပိုးကလေး'

ခုတင်စွန်းတစ်ဖက်မှာ ဝင်ထိုင်ရင်း နှုတ်ခမ်းဖူ မျက်နှာ ပုပ်လျှက် နှုတ်ဆိတ်နေလိုက်သည်။

'မင်းက ကိုယ့်ရဲ့ဇနီး ဖြစ်ချင်လို့လား၊ တကယ်တော့ မင်းက ဂုဏ်သရေရှိ လူတစ်ယောက်ရဲ့ပွဲတက်မယား ဖြစ်သင့်တာပါကွယ်'

အကြားအာရုံထဲ အော်ဂလီဆန်လောက်အောင်ခါးသက်သွားသည်။

'ဒီလောက်တောင် စေတနာထားမနေပါနဲ့ ဦးကျော်၊ အချိန်က ဒီလိုစကားတွေပြောဖို့ နောက်ကျနေပါပြီ၊ ဦးကျော်သာ ပိုးဖြူအပေါ် စေတနာမှန်ခဲ့ရင် ခုလိုအခြေအနေမျိုးတောင် ရောက်မလာဘူး။

'ပိုးဖြူ ဒီဘဝကိုရောက်ရတာ ဦးကျော်ကြောင့်ပဲ၊ ဦးကျော်ပဲ တွန်းပို့ခဲ့တာ မဟုတ်လား'

'ဟာ....စွပ်စွဲချက်တွေက များလှချည်လား၊ ပိုးဖြူပဲကျေနပ်လက်ခံခဲ့တာလေ၊ ပြန်စဉ်းစားစမ်း၊ ဒီတိုက်ကလေးထဲမှာ ပထမဆုံးအိပ်တဲ့ညက ပိုးဖြူ ပြောခဲ့တာလေ။

'ဦးကျော်အတွက်ဆို ပတ်ဝန်းကျင်ကို ရင်ဆိုင်မယ်ဆို၊ ဘယ်သူတွေ ဘယ်လိုပြောပြောဆို'

ကြည့်စမ်း။

သူ့အပြုံးက ညစ်ကျယ်ကျယ်နဲ့။

'ဟုတ်တယ်လေ၊ ဟုတ်တယ်လေ၊ ဒါကတော့ ကျုပ်က ဦးလေးကြီးကို ချစ်တာကိုး'

သူမမျက်နှာပြင်တစ်ခုလုံး ပူနွေး ရှက်အမ်းသွားသည့်မှာ ချစ်စိတ်ကြောင့် မဟုတ်မှန်း သူမကိုယ်တိုင်ပဲ သိသည်။

## အခန်း [ ၇ ]

ဦးအောင်ကျော်ဦးကို ချစ်မိလေသလားဆိုတာ တကယ်တော့ စဉ်းစားစရာမလိုသည့် မေးခွန်းတစ်ခုပင် ဖြစ်သည်။

သို့ပေမယ့်လည်း ဦးကျော်ကတော့ ပိုးဖြူကို ချစ်စေချင်သည်။

ကြင်နာစေချင်သည်။ ယုယလိုက်လျောစေချင်သည်။

သေဘ်ာသာသိခဲ့ရင်တော့ သိပ်အတ္တကြီးတာပဲဟု မကျေမနပ် ပြောလိမ့်ဦးမည်။

သားဇမ်း။ သည်အချိန်မှာ ဘာကြောင့်များ သူ့ကို သတိရနေမိသလဲ။

အားနာစရာပါကွယ်။

'ကိုယ်ကလဲ ပိုးကလေးကို ချစ်တာပါပဲ'

'ဒါဆို လက်ထပ်မယ်'

'ကချိက်မှာလား အင်းလျားလိတ်မှာလား'

'နောက်မနေနဲ့ ဦးကျော်၊ ပိုးဖြူ တကယ်ပြောနေတာ'

သူက ဘာကိုမှ မကြောင့်ကြတတ်သလို ရယ်နေပြန်ပါသည်။

သည်နေ့အဖို့တော့ သူမလိုချင်သည့် အဖြေတစ်ခု ကြားကိုကြားရမှဖြစ်မည်။

'သူငယ်ချင်းတွေကအစ ပိုးဖြူကိုပြောကြတယ် ဦးကျော်၊ ပိုးဖြူက ဦးကျော်ကိုချစ်လို့ ဦးကျော်ထားရာမှာနေပေးမယ်၊ သူတို့ကတော့ အဲလိုမထင်ကြဘူး၊ ပိုးဖြူက ဦးကျော်ရဲ့ အပျော်မယားတဲ့၊ အဲလိုအပျော်မယားတွေ ဦးကျော်မှာ ဘယ်နှစ်ယောက်ရှိမှန်းမှ မသိတာတဲ့'

'ဟာ'

မျက်နှာ အပျက်ပျက်အယွင်းယွင်းဖြင့် သူ အာထိတ်ကလန့်အော်လိုက်သည်။

နောက်ပြီး စိတ်ပျက်လက်ပျက် ရေရွတ် ညည်းတွားနေသူတစ်ယောက်ပုံစံမျိုးဖြင့်....

'မဟုတ်ပါဘူးကွာ'

ဟု ခပ်တိုးတိုး ပြောနေလေသည်။

'ပိုးကလေးတစ်ယောက်တည်းကလွဲပြီး ကိုယ့်မှာ တခြားသံယောဇဉ်အပိုတွေ မရှိပါဘူးကွယ်၊ နောက်ပြီး ကိုယ်ဟာပိုးကို အပျော်စည်းစိမ် ခံစားရုံသက်သက် ချစ်ခဲ့တာ မဟုတ်မှန်းလဲ ညည်းကိုယ်တိုင် သိနိုင်တာပဲ မဟုတ်ဘူးလား။



'ပိုးဖြူကို တစ်သက်လုံးစောင့်ရှောက်သွားဖို့ စိတ်ဆုံးဖြတ်ထားပြီးသား၊ ဦးကျော်ရှိနေသရွေ့ ပိုးဖြူရဲ့ အနာဂတ်ကို ပိုးဖြူစိတ်ချထား၊ ပိုးဖြူ ဘယ်တော့မှ ပစ်စလက်ခတ် မဖြစ်စေရဘူး၊ ပိုးဖြူ ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး။

'တစ်ခုပဲ၊ အခိုင်အမာရှိနေပြီးသား မိသားစုတစ်ခုကိုတော့ ဖြိုခွဲဖို့စိတ်ကူး ဦးကျော်မှာ လုံးဝမရှိဘူး၊ သူတို့အတွက်လဲ ကိုယ့်မှာတာဝန်ရှိတယ်၊ နောက်ပြီး သမီးတွေကလဲ လိမ္မာတယ်၊ ကိုယ့်ကိုလဲ သိပ်ချစ်ကြတယ်'

'သမီးတွေ သံယောဇဉ်သက်သက်ပဲလား ဦးကျော်ရဲ့'

သူမ၏အမေးစကားကို ဦးကျော်ကမထောက်ရိပြုံးပြီး နှုတ်ဆိတ်နေသည်ကတော့ အခံရအခက်ဆုံးပင်။

တကယ်တော့လည်း ဒေါ်နန္ဒာဝင်းကို ဦးအောင်ကျော်ဦးနှင့် ဆက်စပ်ပြီး အမြဲတွေးနေမိသည်က ပိုးဖြူအတွက် ကိုယ်တိုင် ဖန်တီးနေမိသည့်အရှုံးတစ်ခုပါပဲလေ။

မေ့ထားလို့လည်း ရစတမ်းလားနော်။

သူ့မျက်လုံးတွေက အရိပ်တွေကို နားမလည်ထတ်လျှင်လည်း ကောင်းမည်။

မြတ်နိုးခံရသည့် မိန်းမသားတစ်ဦးဘဝမှာ တကယ်တမ်းပိုင်ဆိုင်အနိုင်ယူသူက ငွေပိုးဖြူလား။ ဒေါ်နန္ဒာဝင်းလား။

'သိပ်ပြီး ဦးနှောက်စားမနေနဲ့စမ်းပါနဲ့ကွာ၊ ဒီနေ့ညစာအိုရီယင့် [နှ] တယ်လ်ဟောက်မှာ သွားစားကြမယ်လေ၊ အဝတ်အစားလဲ'

'ဦးကျော်'

ကျွတ်ခနဲ စုတ်သတ်လိုက်သံကြားသည်။
စိတ်မရှည်နိုင်သည့် လေသံ။
'ပိုးဖြူကို တစ်ခုခု ဝေဖန်စမ်းပါ'
'ဗျာ'
မထင်မှတ်ထားသည့် စကားကြောင့် သူ အံ့သြတကြီး ..ာမေးမိတ်ပြူသည်။

'ပိုးဖြူရဲ့ဘဝကို ဦးကျော် ဘယ်လိုပြောမလဲ'

'မသိဘူး'

'လူတစ်ယောက်ရဲ့ ဘဝမှာ ဘာအရေးကြီးဆုံးလဲ ဦးကျော်'

နှုတ်ခမ်းတွေ တိတိပပစေ့ထားလျက် သူခပ်လေးလေး ခေါင်းယမ်းနေသည်။

'မသိဘူး အောင်ကျော်ဦးရဲ့ဘဝမှာတော့ ပိုက်ဆံပဲ'

'ငွေပိုးဖြူရဲ့ဘဝကတော့ ဦးအောင်ကျော်ဦးပဲ'

'ဒါဆို ရော်မေတြ သဘောအရဆိုရင် ငွေပိုးဖြူအကဲစ် အိကဲ့လ်တူ မန်းနီးပေါ့၊ ဟုတ်လား'

'ကြည့်စမ်း၊ လူကိုများ စော်စော်ကားကား'

သူက ဟက်ဟက်ပက်ပက် ရယ်မောရင်း ခုတင်ပေါ်လှိမ့် ချလိုက်သည်။

ပတ်ဝန်းကျင်၏ မျက်လုံးတွေ ပါးစပ်တွေကို အခိုက် ..တန့်အတွင်း သူမ မေ့လျော့သွားပြန်လေသည်။



လူတစ်ယောက်ဟာ သူယုံကြည်ရာကို မလက်တာမ်း ဆုပ် ကိုင်ထားဖို့ အခွင့်အရေးရှိနိုင်သည် မဟုတ်လားနော်။

....◎....

အခန်း[ ၆ ]

'ဒါ....ကျွန်တော့်ရဲ့ အတွင်းရေးမှူးလေ ငွေပိုးဖြူတဲ့'
အသိအမှတ်ပြုသော မျက်ဝန်းများက စက်ရှုပ်ဆန်သည် ပြောရမလား။ ဝတ္တရားကျေရုံ ပြောရမည်လား၊ အချို့က....

'ဟုတ်ကဲ့'

ဟု ခေါင်းညိတ်ရုံမျှ သာမန်အသိအမှတ်ပြုပြီး အချို့က လည်း....

'ကိုအောင်ကျော်ဦးက လူရွေးသိပ်တော်တာပဲဗျာ'
ဟု အကြည့်တစ်မျိုးဖြင့် ပြောကြသည်။



ငွေပိုးဖြူ၏ အလှအပကိုတော့ ဘယ်သူကမှ အသိအမှတ်မပြုဘဲ မနေနိုင်မှန်း ဦးအောင်ကျော်ဦးကိုယ်တိုင်က နားလည်ကျေနပ်ဟန်ရှိ၏။

စီးပွားရေးသမားများ၏ စီးပွားရေးဆန်ဆန် အကြည့်များ အောက်မှာ သူမသည် တန်ဖိုးတစ်ခုခုသင့်ထားသည့် အရုပ်တစ်ရုပ်နှယ်ပင်။

မေးရိုးတွေ ညောင်းလောက်အောင် လူတွေကို ပြုံးပြရသည့် အလုပ်တစ်ခုဖြင့် ပင်ပင်ပန်းပန်း ရှိလှသည်။

ဂုဏ်သရေရှိအသိုက်အဝန်း၊ ဒါမှမဟုတ် ပြည့်စုံ အထက်တန်းကျသည့် လူကုထံတို၏ ညှော်ခံပွဲမှန်သမျကို ဝင့်ဝင့်ထည်ထည် တက်ရောက်ချင်လှသည့် ငွေပိုးဖြူသည် အခုတော့လည်း လူတွေမျက်လုံးဒဏ်ကို လွတ်အောင် ဘယ်လိုမှ ရှောင်ရှား မရ ဖြစ်နေပြန်သည်။

ထမင်းစားပွဲမှာ တကယ်တော့ သူမသည် လူပိုသက်သက်ဖြစ်၏။

သူတို့ပြောသမျှ ဆိုသမျှ လုပ်ငန်းအကြောင်းအရာတွေကို သူမ တစ်စက်ကလေးမျှပင် နားမလည်ပါ။

နိုင်ငံတကာ ငွေကြေးဈေးကွက်နှင့် ပစ္စည်း အရောင်းအဝယ်တွေအကြောင်း။

ကုမ္ပဏီတွေ ညစ်ကွက်တွေကို တုံ့ပြန်ဖို့အကြောင်း။

အင်း....ပျင်းစရာကြီးပါပဲ။

'ငွေပိုးဖြူ'

ဖြုန်းခနဲ နားနားကပ်ပြီး လေသံဖြင့် ခေါ်လိုက်သည့် ကြောင့် ကြက်သီးမွေးညင်းထလောက်အောင် သူမ လန့်ဖျပ်သွားသည်။

'မတွေ့တာကြာပြီ'

ဘယ်မှာလဲ၊ ဘယ်သူလဲ။

လှည့်ကြည့်လိုက်တော့ ရင်းနှီးဖူးသလိုလို မျက်နှာတစ်ခု။ အိုယာကြောင့် ဖော့သွပ်သွပ် ပွယောင်းယောင်းမျက်နှာနှင့် မျက်ဝန်းတွေက ရီဝေဝေ။

'မမှတ်မိတော့ဘူးလား'

ဘယ်လောက်ပဲ တန်ဖိုးကြီးသည့် နိုင်ငံခြားဖြစ် အကောင်းစားဖြစ်ပစေ၊ အရက်နံ့ကိုတော့ အရက်နံ့ဟုပဲ သူမနားလည်သည်။

'အင်း'

'ဘာကိစ္စရှိပါသလဲ ကိုယ့်ညီ'

မျက်နှာဖုံးတစ်ခုအောက်က ဦးကျော်၏ နူးညံ့ချိုသာသော စကားတစ်ခွန်းကို သူမ သိပ်သဘောကျသွားမိလေသည်။

'ဘာ...အမ်ကိုကြီး'

'ဒါ ကိုယ့်အတွင်းရေးမှူး ငွေပိုးဖြူတဲ့'

သူတို့နှစ်ဦးက ရင်းနှီးပြီးသားထင်ပါရဲ့။

သူတို့တွေရဲ့ စိတ်ရင်းဘေးကို မြင်ရသူတို့ရင်ကိုခွဲပြီး မြင်ကြည့်လို့ရလျှင် ကြည့်ချင်သည်။

ယဉ်ကျေး ပျူငှာလှသည့် အသက်တန်းကျသည့် လူတစ်ယောက်ဖြစ်ဖို့ အရာရာကို မျိုသိပ်နိုင်စွမ်း ရှိရမည်ဟု သူတို့အားလုံး ခံယူထားပုံရ၏။

စိတ်ထဲကတော့ ကျိတ်ပြီးရယ်ချင်လှသည်။

ခန်းမကြီးတစ်ခုလုံး ပြည့်လုနီးပါး ရှိမည့် သူ့အာရုံနှင့် သူ...



သူ့အသိုက်အဝန်းနှင့်သူ စားကောင်းသောက်ဖွယ်များဖြင့် စိတ်အလိုပြည့်နေကြသူတွေ အားလုံး ပျော်ရွှင်နေကြသည်လား။

ဟန်ဆောင်နေကြသည်လား။

သူမ မသိနိုင်ပါ။

'ဟုတ်လား....ငွေပိုးဖြူက အစ်ကိုကြီး စက္ကရီတေရီလား'

'ဟုတ်ပါတယ်'

'ကော်ဖီသောက်ဖို့ ဖိတ်ချင်လို့ပါ၊ ငွေပိုးဖြူ ကျွန်တော်နဲ့အတူ ကော်ဖီတစ်ခွက်လောက် သောက်ရင်း စကားလေးဘာလေး ပြောရအောင်လား'

အငွေ့တွေ ထောင်းထောင်းထနေသလို ထင်ရသည့် လိုသူ၏ မျက်လုံးများထဲ သူမ ဒေါသတကြီးဖြင့် စိုက်ကြည့်လိုက်သည်။

ဦးအောင်ကျော်ဦး၏ အရှိန်အဝါအောက်မှာ သူမ၏အဝကောင်းစွာ လုံခြုံမြင့်မားလိမ့်မည်ဟု မျှော်လင့်ထားတာတွေ ပြိုကွဲပျက်စီးရတော့မည်လား။

ခုလို အချိန်အခါမျိုးမှာအလင်းအမြင်းသေးသလိုလို ကြည့်တတ်သည့် မျက်လုံးတွေကို ဒေါသတကြီး တုံ့ပြန်ဖို့ အခွင့်အရေးတွေ အပြည့်အဝ ရှိနေပြီဟု သူမကိုယ်သူမ ထင်နေမိသည်။

'ရပါတယ်'

မြတ်စွာဘုရား....

ဆန်ဖိုနီးယား စီးကရက်ကို နှုတ်ခမ်းမှာတေ့လျက် သူမ ဘက် နည်းနည်းလေးမှ လှည့်မကြည့်ဘဲပြောလိုက်သည့် လူကြီး သူကောင်း၏ ခေါင်းတစ်စောင်း မျက်နှာကို ဖျတ်ခနဲ လှည့် ကြည့်ရင်း သူမနှုတ်ခမ်းတွေ တဆတ်ဆတ် တွန့်လာသည်။

'သူ့ သဘောပါ'

ငွေပိုးဖြူဟာ အောင်ကျော်ဦး တစ်ယောက်တည်းအတွက် ဖြစ်ရမယ်ဆို ဦးကျော်ရဲ့။

'မင်း သဘောက ဘယ်လိုလဲ၊ ဘော့စ်ကတော့ ခွင့်ပြု ပြီးပြီ'

မထ ိတရီအကြည့်က မုန်းတီးစပ်ဆုပ်ဖွယ်ပင်။

သည်လိုဆိုတော့ သူမ ငြင်းလိုက်ဖို့ကောင်းသည်မေါ့။

ငွေပိုးဖြူကို သည့်ထက်ပိုပြီး အသိအမှတ်ပြုဖို့ကောင်းသည် ဆိုတာကို ဦးအောင်ကျော်ဦး နားလည် သဘောပေါက်စေ ချင်သည်။

'ကောင်းပြီလေ'

မဆိုင်းမတွပင် တုံ့ပြန်လိုက်သည်။

'ခဏတော့လိုက်တာပေါ့၊ ရှင့်စားပွဲက ဘယ်မှာလဲ'

'ဟိုဘက်ထောင့်မှာပါ'

စားပွဲပေါ်တင်ထားသော စပါးကြီးမြွေ သားရေပိုက်ဆံ အိတ်ကို ဆတ်ခနဲကောက်ယူပြီး သူမထိုင်ရာမှ ထလိုက်သည် အထိ ဦးအောင်ကျော်ဦးက သူမဘက် လှည့်ကြည့် တားဆီး ပိတ်ပင်ခြင်း အလျှင်းမရှိ။

တစ်ဖက်က စကားအဆက်ပြတ်သွားမှာကို သူ အငေ- စိုးရိမ်ကြီးနေပုံရသည်။



သူ မော့မကြည့်ခင် ဘယ်သူမှမမြင်အောင် နှာခေါင်း ရှုံ့လိုက်မိပြီးမှ သူမ လှံဖစ္စာပြုံးလိုက်သည်။

'အိပ်စ်ကျူမီဘော့စ်'

....◌....

အခန်း [ ၇ ]

'ရှင် ကျွန်မအသားကို လာမထိပါနဲ့၊ တာဝန်ချိန်လဲကုန်ပြီ ရှင် အိမ်ပြန်ဖို့ကောင်းပြီ'

သူ အဆက်မပြတ် ရယ်မောနေတာက အသည်းယားဖို့ ကောင်းလှသည်။

သူ့ရင်ဘတ်ကို လက်သည်းရှည်များဖြင့် ကုပ်ခြစ်ပစ်ချင်လှသည်။

'ဘာဖြစ်နေတာလဲ ငွေပိုးဖြူရယ်'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ရှင့်ကို စည်းကျော်လာမှာစိုးလို့ သတိပေးနေတာ၊ အတွင်းရေးမှူး တစ်ယောက်ကို ရှင့်ရဲ့ အလုပ်သမား တစ်ယောက်လိုပဲ ဆက်ဆံ



…င့်တယ် မဟုတ်လား၊ ဒီထက်ပိုပြီး အရေးမပေးသင့်ဘူး …ဟုတ်လား'

'ရုံးချိန်မှာတော့ မင်းဟာ ကိုယ့်ရဲ့အတွင်းရေးမှူးပေါ့၊ …ချိန်မှာတော့ မင်းဟာ ကိုယ့်ရဲ့မယားပဲ'

…ဘာပြောတယ်'

'မဟုတ်ဘူးလား၊ ကိုယ်သိပ်ပင်ပန်းနေတယ် ပိုးကလေး၊ ကိုယ့်ကို သိပ်ပြီး ကကြိုးကကြောင်မလုပ်နဲ့၊ လာရီမနေနဲ့၊ ဘာကို မကျေနပ်ဘူးလဲ တည့်တည့်ပြော'

ကုတ်အင်္ကျီရှည်ကို ချွတ်ပြီး အင်္ကျီချိတ်မှာ သူ ချိတ်နေသည်။

ပါးအပ်ပြီး ဖက်ထားဖူးသည့် သူ့ကျောပြင်ကို ဓားတစ်ချောင်းဖြင့် ခပ်နက်နက် စိုက်သွင်းချင်လှ၏။

ဘာကိုမကျေနပ်မှန်း ကိုယ့်ကိုကိုယ် ရေရေရာရာမသိ၊ သူ့ကို မကျေနပ်မိတာတော့ အမှန်ပင်။

ဘာကြောင့်လဲဟု မေးတာကိုတော့ အဖြေရခက်လှပေသည်။

ထုံးဖွဲ့ထားသော ဆံပင်တွေကို ဖြေလျှော့ပစ်လိုက်တော့ အပေါ်အတန် ခေါင်းပေါ့သွားသည်။

မှန်ထဲမှာ မြင်နေရသော မျက်ဝန်းတွေ စိုလက်နေတာကို အံ့သြစွာ စူးစိုက်ကြည့်နေမိသေး၏။

မျက်ရည်ကျဖို့တော့ မရည်ရွယ်ခဲ့ဘူးလေ။

'သိပ်ကျေနပ်တာပေါ့ ဦးကျော်ရဲ့၊ ဦးအောင်ကျော်ဦးရဲ့ အတွင်းရေးမှူး ဆိုတဲ့ ဂုဏ်ဒြပ်ကို သိပ်ကျေနပ်တာပေါ့၊ …ပါတယ်၊ ဦးအောင်ကျော်ဦးရဲ့ မယားတော့ မဖြစ်ချင်

'ရစလားကွ၊ မင်းလိုချင်တာတွေကို ငါပေးခဲ့ပြီးပြီပဲ၊ ငါ လိုချင်တာလဲ မင်းပြန်ပေးရမှာပေါ့၊ကိုယ့်ဘက်ချည်းပဲလိုချ လို့တော့ ဘယ်ရမလဲ'

စွပ်ကျယ်အင်္ကျီဖြူအောက်မှာ တင်းရင်းနေသော သူ့ရင် ဘတ် တစ်ခုလုံး ဒေါသကြီးစွာ လှုပ်ရှားနေသည်။

အယ်လ်ကိုဟော အငွေ့တွေ လွှမ်းနေသော သူ့မျက်လုံး တွေထဲမှာ နူးညွှံသော ကြင်နာခြင်းတွေ ရှိမနေပါ။

အမှန်တရားဆိုတာကို ခပ်ပါးပါး အကာအကွယ်တစ်ခု ဖြင့် ဖုံးအုပ်ထားရသောအချိန်တွေ လွန်ခဲ့ပြီ။

ငွေမိုးဖြူကို သူ ဘာအတွက် လိုအပ်သည်ဆိုတာခုလိုအချိန် မျိုးမှာမှ ပေါ်လွင် ထင်ရှားလာခဲ့သည်။

ဒါပေမယ့်လည်း ဒါဟာကြို တင်နားလည်ထားနှင့်သော အရှိန်အတိုင်း အခြေအနေပဲလေ။

'ကျွန်မက ဘာကိုလိုချင်လို့လဲ'

လေးလံလှသော ခန္ဓာကိုယ်ကြီး ခုတင်ပေါ် ပစ်ကျသွား သည်။

'ဦးကျော်ကရော ဘာကိုလိုချင်တာလဲ'

'ဟိတ်....အပိုတွေ မေးမနေနဲ့'

'အမယ်လေး'

လက်မောင်းကို ဆောင့်ဆွဲခံလိုက်ရသည့်အတွက်ရုတ်တရက် ခုတင်ပေါ် ယိုင်လဲကျသွားပြီး နာကျင်မှုကြောင့်ညည်းတွား အောင်ဟစ်လို့ မိသည်။

သူက ကြမ်းတမ်းစွာပင် သူ့ကို ရင်ခွင်ထဲ ...းဖို ကြိ ...ကာဆ စားနေ၏။



'ဦးကျော်နော်....ပိုးဖြူကို အဲလို အကြမ်းပတမ်း မလုပ် နဲ့....'

'နင်က ရှုန်းနေတာကိုး၊နင်က ဘာဖြစ်လို့ ရှုန်းနေရတာ လဲ'

'ရှင် ပြန်တော့'

'ပြန်စရာမလိုဘူး၊ဒါ ငါ့အိမ်၊နင်က ငါ့မိန်းမ၊ ဒီအိမ်မှာ ငါ ကြိုက်တဲ့ပုံစံနဲ့ ကြိုက်သလိုနေနိုင်တယ်၊နင် မကျေနပ်ရင် မပေါင်းနဲ့၊အိမ်ပေါ်က ဆင်း'

'ဆင်းမယ် ...ဆင်းမယ်'

ကယောင်ကတမ်း အော်ဟစ်ပြီး သန်မာလှသော သူ့ လက်ချောင်းတွေကြားက ရုန်းထွက်လိုက်၏။

မျက်ရည်တွေ ဘယ်ကဘယ်လို စီးကျလာသည် မသိတော့။ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။

သူမ အမ်္ကျီမောဆုံး....

အလိုချင်ဆုံး....

အားလုံး....အားလုံး....စွန့်လွှတ်ခဲ့ရဲသည်လား။

ဗီရိုခြေရင်းမှာ သူမ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိတော့ သည်။

....◉....

အခန်း [ ၈ ]

ပိတ်ထားသောတံခါးတစ်ချပ် ပွင့်လာပြီးဆံမျှင်တွေဖရိုဖရဲနှင့် အိပ်မှုန်စုံမွှား မျက်နှာတစ်ခု ခပ်ဖျော့ဖျော့အလင်းအောက်မှာ ပေါ်လာသည်။

'မိုပိုး'

မမြင်ယှသေးခသာ လက်ချောင်းများဆီ အားကိုးတကြီးရှမ်းဆဖမ်းဆုပ်မိ၏။

'သိမ့်'

'ဘယ်လိုဖြစ်လာတာလဲ၊ညကြီးမင်းကြီး'

'ငါ ဒီမှာ ညအိပ်ချင်တယ်၊ဖြစ်မလား'

သိမ့် ခဏတွေဝေသွားလျက်....

'အဆောင်ရှင် အန်တီ့ကို ပြောပေးမယ်'



ဟု ဆုတ်ဆိုင်းဆိုင်းပြောသည်။

'ကျေးဇူးပဲဟာ'

လေလံပင်ပန်းလှသောဝန်ထုပ်ဝန်ပိုးကြီးဖိစီးနှိပ်စက်လျက်ဟားခနဲ့ ခေါင်းမော့ ပင့်သက်ရှိုက်မိသည်။

....၆....

'ငါ သူ့ဆီက လိုချင်တာတွေများ များလာသလားမသိဘူး'

'သိပ်ဟုတ်တာပေါ့'

လေးချောင်းထောက်ခေါက်စားပွဲလေးပေါ်မှ ကျောင်းစာအုပ်များကို မိတ်ရင်းမှ သိမ့် ဖြေသည်။

အဆောင်တစ်ခုလုံး အိပ်မောကျနေပြီး သူမတို့နှစ်ဦး၏တိုးတိုးကျိတ်ကျိတ် စကားပြောသံသာ ပျံ့လွင့်နေ၏။

သိမ့်နှင့် မဆုံဖြစ်တာကြာပြီ။

ဦးအောင်ကျော်ဦး၏ တိုက်သစ်ကလေးဆီ ပိုးဖြူပြောင်းသွားပြီး သိမ့်လည်း ကြို့ကုန်းထဲကအပြင်ဆောင်သို့ပြောင်းရွှေ့နေပြီးသည့် နောက်ပိုင်းမှာ လုံးလုံးလျားလျားနီးပါးမတွေ့ဖြစ်ကြတော့။

သိမ့်အနေဆောင်လိပ်စာသာ ပိုးဖြူထံမှာရှိနေပြီး ပိုးဖြူ၏နေရာသစ်ကိုတော့ သိမ့်ကလည်း မမေး။ပိုးဖြူကလည်းလိပ်စာပေးဖို့ ဆန္ဒမရှိခဲ့။

သိမ့်ကို အတတ်နိုင်ဆုံး မျက်နှာချင်းမဆိုင်ဖြစ်အောင် နေချင်သည့်ဆန္ဒတွေ ခုတော့ မပြည့်ဝခဲ့။ တကယ်တမ်းကျတော့ ပိုးဖြူ၏ ခြေလှမ်း ဦးတည်စရာမြေက ကျဉ်းမြောင်းလွန်းလှသည်ပဲ။

'နင့်အစား ငါ စိတ်မောတယ်မိပိုး'

သိမ့်စကားသံက တကယ်ပဲ နွမ်းလျသံ....

'ငါကတော့ အဲဒီ စိတ်မောစရာတွေကြားမှာပဲ ပျော်နေ...တ်လား၊ နင်လိုချင်တာတွေသာရရင် နင်ကတော့ ...ဘဝဖြစ်ဖြစ် နေမှာပဲ မဟုတ်လား၊ နင့်ကိုတော့ ငါ...ဟယ်၊ပိုက်ဆံဆိုတာ မက်လောက်စရာကောင်းမှန်းတော့ ငါသိပါတယ်၊ဒါပေမယ့် နင်ကတော့ လွန်လွန်းတယ်၊ ဘဝတစ်ခုလုံးနဲ့ ရင်းပြီး....'

သိမ့်ဆီက သည်လိုစကားတွေ ကြားရမည်ဆိုတာတော့ မျှော်လင့်ပြီးသားပင်။

'စတုန်းကတော့ ပိုက်ဆံတစ်ခုတည်းအတွက်ပဲ သိမ့်ရဲ့'

'ခုတော့ရော'

'ခုတော့'

သူမ ဘယ်လိုစကားဆက်ရမည် မသိပါ။

ကိုယ့်နှလုံးသားကိုလည်း ကိုယ်တိုင်နားမလည်နိုင်ဘူးထင်သည်။

ဦးအောင်ကျော်ဦးအပေါ် ဘယ်လို သံယောဇဉ်မျိုးဖြင့် ငြိတွယ်မိခဲ့သည်လဲ။

ခုတင်ပေါ် ပက်လက်အိပ်နေသော ပိုးဖြူမျက်နှာကို သိမ့်က စီးမိုး ကြည့်နေသည်။



ပိုး...ူ မျက်ဝန်းတွေထဲမှာ အဖြေတစ်ခုခု ရှာတွေ့လေ...လား။

သနပ်ခါးရောင် ဖွေးနေဆဲဖြစ်သော သိမ့်၏မျက်နှာ...ကြည့်ကြည့်သည် သောကရိပ်ကင်းလျက် ပကတိ လန်းဆန်း...နသည်။

'ဦးကျော်ဆီက သူ့ရဲ့ ပိုင်ဆိုင်သမျှကို မက်မောခဲ့တာလဲ...စ်စိတ်တစ်ပိုင်းပေါ့၊ ခုတော့ဦးကျော်ကိုလဲ ငါဆုံးရှုံးရမှာ...ကြောက်လာတယ်'

သိမ့်က ခပ်တိုးတိုး ခပ်သာသာ ရယ်မောလေသည်။

'မဟုတ်သေးပါဘူး မိပိုးရယ်'

ဖြည်းဖြည်း ခေါင်းယမ်းလျက်....

'ဦးအောင်ကျော်ဦးကို နင် ချစ်တယ်လို့ ထင်နေတာလား' ဟု သိမ့်က မေးသည်။

အဲသည် အမေးစကားက တွေဝေမှိုင်းမိနေသော သူမ၏...တ်အတွေးတွေကို လှုပ်နှိုးလိုက်သည်။

သတိကင်းလွတ် မေ့မြောနေသော လူတစ်ယောက် သတိ...ပြန်လည်လာသလို အတွေးစတွေကို တစ်စချင်း ကောက်ယူ...ဆက်စပ်နေမိသည်။

[ရွှေဝါရောင်ကောင်းလိုက်တဲ့ မိန်းမ]

ဟင့်အင်း။ သတိမရဘူး။ သူ့ကို သတိမရချင်ဘူးကွယ်။

[နင် ဘယ်လိုဘဝပဲရောက်ရောက် နင့်ကို ငါချစ်နေ...တုန်းပဲ]

ရင်နင့်စေသော စကားသံများက နားနားကပ်ပြော...သလို နွေးထွေး လန်းဆန်းလျက် ရှိဆဲပင်။

ချစ်ခြင်း၏ အရှည်အလျား အတိုင်းအဆကို သူမ မျှော်ကြည့်ဖို့ မတတ်နိုင်ခဲ့။

ရင်ထဲမှာ တိမ်မြုပ်နေခဲ့သည့် ချစ်ခြင်းကို သူမကိုယ်တိုင် ပြန်ပြီး မဆန်းစစ်ချင်ဘဲ မေ့လျော့ ထားခဲ့တာ ကြာပြီ။

သော်....

ခွင့်လွှတ်ပါ သော်ရယ်။

'ငါထင်တာ ပြောမယ်နော်၊ အတူနေတော့ သံယောဇဉ်ဆိုတာတော့ ရှိမှာပဲ၊ ဒါပေမယ့် အဲဒီ သံယောဇဉ်ထက် ဦးအောင်မကျော်ဦးရဲ့ အရှိန်အဝါနဲ့ သူ့ရဲ့မိသားစုဘဝကို အပိုင်လိုချင်တဲ့စိတ်က နင့်မှာ ပိုများမယ်။

'ခု နင့်အနေအထားက ဦးအောင်ကျော်ဦးရဲ့ ပိုင်ဆိုင်သမျှကို ခြယ်လှယ်စီမံ လို့ရတဲ့ အနေအထား မဟုတ်တော့ သူ့မိန်းမနေရာကို နင်ရချင်မှာပေါ့။

'နောက်ပြီး နင်က တော်ရုံရောင့်ရဲနိုင်တဲ့ မိန်းမမှ မဟုတ်ဘဲ၊ တစ်ခုရပြီးရင် နောက်တစ်ခု ထပ်လိုချင်နေမှာပဲ၊ ခုလဲ ဦးအောင်ကျော်ဦးကို နင်ချစ်တာမှ မဟုတ်ဘဲ၊ ဦးအောင်ကျော်ဦးက နင့်ကို ဂရုစိုက်စေချင်တာ၊နေရာပေးစေချင်တာ၊ ဦးအောင်ကျော်ဦးရဲ့ အရှိန်အဝါကိုပါ နင်ကရချင်တာ'

လှုပ်ရှားနေသော သိမ့်နှုတ်ခမ်းတွေကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။

'မရဘူးပိုးရဲ၊ မှားနေတာ၊ နင်ရွေးခဲ့တဲ့လမ်းကိုက မှားနေကာ၊ မှန်တဲ့လမ်းတွေ အများကြီးရွေးစရာရှိလျက်သားနဲ့ နင်က လမ်းအမှားကြီး လိုက်သွားတာကိုး'

'သိမ့်ရယ်'

'နင့်ဘဝကို နင့်ဟာသာ ပြန်အဖတ်ဆယ်မှ'



'ခု ငါက ဘာဖြစ်နေလို့လဲ'

ကျစ်ခနဲ စိတ်ပျက်စွာ သွားကျစ်သံဖြင့် ညည်းညူလိုက်သည့် သိမ့်ထံမှ မျက်နှာလွှဲလျက် မျက်နှာကြ[illegible]ဆီ ငေးကြည့်နေလိုက်မိသည်။

အမှန်တရားသည် ငွေပိုးဖြူနှင့် ဝေးကွာနေဆဲပင်။

သိမြင်ဖို့ဉာဏ်မမှီသည်လား၊ သိလျက်နှင့် ခေါင်းမာမိုက်မဲချင်သည်လား။

'မိပိုး....နင့်ခေါင်းမမာချင်နဲ့၊နင်ဘာဖြစ်နေလဲ သိချင်ရင် ဦးအောင်ကျော်ဦးရဲ့ ဆွေမျိုးအသိုက်အဝန်းထဲ ဝင်ကြည့်ပါလား'

လေပူတစ်ချက် ခပ်မှုဉ်းမှုဉ်းထုတ်ပစ်ရင်း မျက်လွှာတွေ ပိတ်ထားလိုက်သည်။

နားတွေကိုပါ ပိတ်ထားချင်လှသည်။

ကိုယ့်ကိုကိုယ် လိမ်ညာမရတာ ဆိုးလှပါလား။

'ဘယ်နေရာမဆို လူ့ပတ်ဝန်းကျင် လူ့အသိုက်အဝန်းက သက်မ်းဘားတဲ့ စည်းကမ်းတွေကို ကျော်လာရင် လက်ညှိုးထိုးမေးငေါ့ကြမှာပဲ၊

'နိုင်ငံတိုင်းမှာ အတင်းအဖျင်းစကားဆိုတာ ရှိတယ်၊အဲဒီလို အပြောမခံချင်ရင် အပြောမခံရအောင်နေဖို့ပဲ၊ ကိုယ့်ကိုကိုယ် မှန်တယ်ထင်ပြီး အများအမြင်မှာ မှားနေတဲ့ကိစ္စကြီးကို အမှန်လုပ်ချင်လို့တော့ မရဘူး၊

'နင့်ဟာသာ ဦးအောင်ကျော်ဦးရဲ့ ဇနီးလို့ခံယူထားပေမယ့် လူတွေက ဦးအောင်ကျော်ဦးရဲ့ဇနီးကို သိနေကြတာပဲ။

'ငါပြောချင်တာကတော့ နင်လိမ္မာဖို့ပဲပါးနပ်ဖို့ပဲ၊ခုပုံစံအတိုင်း ဆက်သွားရင်တော့ ဦးအောင်ကျော်ဦးကနင့်ကို ကန်ထုတ်မှာပဲ။

နင့်မှာ သူ့အတွက် ဘာမှ ထောက်ထားစရာ ငွေညာရေး အနှောင်အဖွဲ့တွေ ရှိမနေဘူး၊ အဲတော့ နင် သူ့ရဲ့အရှိန်အဝါတွေ စည်းစိမ်တွေကို မက်မောနေသေးတယ်ဆိုရင်...'

သိမ့်က စကားသံကိုထိန်းပြီး ရှုတ်တရက် ရပ်ပစ်လိုက်သည်။

ပြီးတော့ ခုတင်တန်းပေါ်က ခြင်ထောင်ကိုဆွဲချပြီး ခါလိုက်သည်။

'မီးပိတ်တော့မယ် အိပ်မှ၊ နက်ဖြန်လဲ ငါတို့ လက်တွေ့စာမေးပွဲရှိတယ်'

သိမ့် ဆက်ပြီး မပြောဖြစ်လိုက်သည့် စကားလုံး အခွန်းပေါင်း များစွာကို စိတ်ထဲက တန်းစီ ကြားယောင်နေမိသည်။

မပြောဖြစ်လည်း သိလိုက်ပါရဲ့။

မီးရောင်မှိန်ပြီး ဖျတ်ခနဲပိတ်သွားသည်။ မှောင်အတိကျသွားသော ဝန်းကျင်မှာ အသက်ရှူဖို့ လေထုမှ ရှိပါရဲ့လားဟု တွေးရင်း အသက်ရှူကျပ်လာမိ၏။

'သိမ့်'

ပြန်မထူးသော်လည်း သိမ့် အိပ်မပျော်နိုင်သေးမှန်း သိနေသည်။

တစ်ယောက်အိပ် ခုတင်လေးပေါ်မှာ ကိုယ်ငွေ့ဖြင့် နွေးလျက် နှစ်ယောက်သား လှောင်အိုက်နေသည်။



နှစ်ယောက်အိပ် ကျွန်းခုတင်ကြီးကို သတိမရမိဖို့ အတော်ကြိုးစားထိန်းချုပ်နေရသည်။

'သော်... အိမ်ထောင်ကျပြီလား၊ နောက်ထပ် ရည်းစားတွေ ဘာတွေ ရနေပြီလား'

အသက်ရှူသံပြင်းပြင်း ကြားရသည်။

'အဲဒါ နင်နဲ့ဘာဆိုင်လဲ'

အသံတိုးတိုးဖြင့် သူမ ရယ်လိုက်မိသည်။

...◎...

အခန်း [ ၉ ]

'ပြန်မလာတော့ဘူးလားလို့ ဦးကျော် စိတ်ပူလိုက်ရတာကွာ၊ ဘယ်လိုင်ရှာရမှန်းလဲ မသိဘူး၊ ဇင်မာတို့ဆီလဲရောက်ယာ်၊ သခြားနေရာတွေတော့ ကိုယ်ကဲ မသိဘူးလေ၊ အိုင်ကိုတော့ မသွားရဲလို့ မသွားဘူး'

'ဘာဖြစ်လို့ မသွားရဲတာလဲ'

'အဲဒီနေရာမှာ ပြန်တွေမှာစိုးလို့ပေါ့'

'တော်ပါ ခုမှ'

'အဲဒီညက ကိုယ်သိပ်မူးနေလို့ပါ ပိုးကာလေးရယ်'



'ပိုးဖြူကတော့ မမေ့ဘူး သိလား၊ ကိုကို ပိုးဖြူကို သိပ်စိမ်းကားတယ်၊ သိပ်ရက်စက်တယ်၊ ကစ်ညလုံး ငိုနေရတယ်'

လှပသော ဖန်မီးအိမ်ကလေးထဲက ညအိပ် မီးလုံးအရောင်က အိပ်ခန်းတစ်ခုလုံးကို ခပ်ဖျော့ဖျော့ ပြန့်ကြက် လွှမ်းခြုံထားသည်။

အလျှုမိနိုပာမ် အရောင်တောက်နေသော မှန်တင်ခုံက ပြန်လာသော အလင်းရောင်သည် သန့်ပြန့် ခန့်ညားသော လူတစ်ယောက်၏ မျက်နှာကို ပို၍ တောက်ပသန့်စင်နေစေ၏။

သူ့ကို ငွေပိုးဖြူ၏ ခင်ပွန်းအဖြစ် သူမကိုယ်တိုင် အသိအမှတ်ပြု ထားသလို သူမ၏ပတ်ဝန်းကျင် သူ့ပတ်ဝန်းကျင်က အသိအမှတ်ပြု ခံရချင်သည်။

သည်လိုဆိုလျှင် ငွေပိုးဖြူ၏ အနာဂတ်လမ်းသည် ခိုင်မာဖြောင့်ဖြူးလိမ့်မည်လား။

သူ့အရှိန်အဝါတွေအောက်က ရုန်းထွက်ဖို့ မဖြစ်နိုင်ဘူးဆိုတာတော့ ပိုးဖြူ၏အမှန်တရားပင် ဖြစ်သည်။

အဲသည်အရှိန်အဝါတွေအတွက်ပဲ သူမဘဝကို မျက်စိစုံမှိတ်ပြီး သူ့ကို ပုံအပ်ခဲ့သည် မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ် ဦးအောင်ကျော်ဦး၏ ဇနီးတစ်ယောက်ဖြစ်လာဖို့တော့ အချိန်ရှိသေး၍ ကြိုးစားနေရပေသည်။

'ဦးကျော်'

'ဗျာ'

'ဦးကျော်နဲ့အတူ အမြဲနေရတဲ့ ကမ္ဘာလေးတစ်ခု ရချင်လိုက်တာ၊ ဦးကျော်ကို ဘယ်သူ့ကိုမှ မျှမပေးချင်တော့ဘူး

မိန်းမတစ်ယောက်နဲ့ ခွဲခဲ့ပြီး ချစ်နေရတဲ့ဘဝမျိုးနဲ့ မနေချင်တော့ဘူး၊ ဦးကျော်ရဲ့အချစ်တွေကို ပိုးတစ်ယောက်ဘည်း ရချင်ဘယ်၊ ဦးကျော်နဲ့ မိသားစုကလေးတစ်ခု ဖြစ်ချင်တယ်'

'ကိုယ်ပိုးကလေးကို လက်ဆောင်ပေးစရာရှိတယ်'

ဟင်အင်း....

ငြင်းပစ်လိုက်စမ်း။

အဲသည်ပစ္စည်းတွေကို မမက်မော မလိုချင်တော့ဘူးလို့။

'ကိုယ် ဒီနေ့ဘယ်ရောက်ခဲ့တယ် ထင်သလဲ'

ခေါင်းအုံးအောက်မှ ဆွဲထုတ်လိုက်သော ကတ္တီပါဘူးနီနီလေးကို ကြည့်လျက်က ပြောလက်စ စကားကို ဆက်ပြောနိုင်ဖို့ သူမ ကြိုးစားနေမိသေး၏။

'ပိုးဖြူပြောတာကို နားထောင်စမ်းပါ ဦးကျော်ရယ်'

'ဖက်စပ်အရောင်းပြခန်းမှာ ဒါလေးတွေ့လို့ ပိုးကလေးရဲ့လည်တိုင်မှာဆို သိပ်လှမှာပဲဆိုပြီး....'

တဖျပ်ဖျပ် အရောင်လက်နေသည့် ခရမ်းပြာရောင် လည်ဆွဲဖော့စတာဘီယာ ရှိနံ့သင်းသော နှုတ်ခမ်းတစ်စုံ....

နူးညံ့ရီဝေသော မျက်ဝန်းတစ်စုံ ...

'ဦးကျော်ကို ချစ်တယ်'

'ကိုယ်လဲ ပိုးကလေးကို သိပ်ချစ်ပါတယ်ကွယ်'

'မဟုတ်ဘူး မဟုတ်ဘူး'

မှန်ထဲမှာ ခရမ်းပြာရောင် လည်ဆွဲဖြင့် သိပ်ကိုလှပနေမည့် အရိပ်တစ်ခုကို မြင်သည်။

'ပိုးချစ်တာက....'



လည်တိုင်ဆီမှ အေးစက်ခြင်းသည် သွေးကြောတွေထဲကတစ်ဆင့် နှလုံးအိမ်ဆီအထိ စီးဆင်းသွားသလား ထင်မိသည်။

'သိပ်လှတာပဲ ပိုးဖြူ၊ မှန်ထဲမှာကြည့်စမ်း'

'ဦးကျော်ဆီက မြတ်နိုးခြင်းတွေကိုပဲ ပိုးရချင်တာပါ'

'အလိုဆန္ဒများစွာဖြင့် ရစ်ပတ်ချုပ်နှောင်ခြင်း ခံရသောမိန်းကလေးတစ်ဦးသည် အဲသည် မောဟ အကျဉ်းထောင်ထဲမှာ တစ်သက်တာ မွေ့လျော်နေနိုင်လိမ့်မည်လား။

လည်တိုင်နောက်ဘက် ဆံအေမြင်းတွေဆီ ထွက်သက်လေတစ်ခု နွေးခနဲ ထိတွေ့သည်။

စကားသံတိုးတိုးကိုလည်း ကြားရသည်။

'ရမှာပေါ့ ပိုးကလေးရယ်'

....

မွေးပွကော်ဇော်ခင်းထားသော မင်းလမ်းမကြီး တစ်လျှောက် တစ်လက်မအမြင့် ခွာအထူဖိနပ်ဖြင့် နင်းလျှောက်ဝင်လာခဲ့သည်။

လေအေးစက်ကြောင့် အပြင်နှင့်ကွာဟသွားသော ဆုသိက နှစ်ခြိုက်ဖွယ်ပင် ဖြစ်၏။

အပြင်ဘက် နေ့အရှိန်ကို ကာရံထားသော ခန်းဆီးစများ၏ ထည်ဝါမှုကို ငေးမောရင်း၊ ငြိမ့်ညောင်းပြီး မြန်မာဆန်လှသော ဂီတကိုခံစားရင်း ခန်းမဆီ ရောက်မှန်းမသိ ရောက်လာခဲ့၏။

ခြေချင်းဝတ်မျှ ရှုပ်ထွေးနေသော ညှော်ပရိသတ်များ၏ အကြည့် အတော်များများ ငွေပိုးဖြူထံ ရောက်ရှိလာကြသည်။

ငွေဆုငွေ တဖိတ်ဖိတ်လက်နေသော မင်းသမီးလေး တစ်ပါး ရုတ်ခြည်း ပိုယ်ထင်ပြလေသလားဟု အများက ထင်ရလောက်အောင်ပင် ငွေပိုးဖြူ၏ အလှက ခန်းမတစ်ခုလုံးကို လွှမ်းခြုံ သိမ်းပိုက် နိုင်ခဲ့သည်ဟု သူမကိုယ်သူမ ယုံကြည်ပါသည်။

ရင်နှီးပြီးသော မျက်နှာများ မရင်းနှီးသေးသော မျက်နှာများ အားလုံးကို ဝင့်ဝင့်စားစား စီးမိုးကြည့်လိုက်ပြီးမှ လေ့ကားထစ်ဆီ ခြေချလိုက်သည်။

မီးပန်းဆိုင်း၏ အလင်းရောင်အောက်မှာ ဆေးရောင်စုံ မျက်နှာ အတော်များများကို မြင်ရသည်။

ဖောင့်စားပွဲတစ်လုံးမှာ လိမ္မော်ရောင် ဇာဝတ်စုံဖြင့် ဇင်မာ့ကို မြင်သည်။

ကျောင်းဆဲက ရင်းနှီးပြီးသား အပေါင်းအသင်းများက သူမကို ရယ်ပြုံး နှုတ်ဆက်ကြပေမယ့် သူတို့စားပွဲမှာ နေထိုင်ပေးဖို့ကိုတော့ တွန့်ဆုတ်ချင်ဟန် ရှိသည်။

'လာလေ မိုး'

'တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ကွာ'

'ဒီနေ့ ရှင် သိပ်လှတာပဲ'



'အလျှင်နေ့တွေကတော့ မလှဘူးပေါ့လေ'

ဇင်မာက နှာခေါင်းရှုံ့ ရယ်မောရင်း....

'သိပ်စိတ်ညစ်ရတယ်'

ဟု မလိုတမာပြောလာသည်။

'ဒီနေ့ပိုကိုလှနေတယ်လို့ ပြောတာပါ'

'လှကိုလှရမယ်လေ၊ ဒီနေ့ ကိုယ့် သူငယ်ချင်းရဲ့ မင်္ဂလာပွဲဆိုတော့'

'မင်းလူကြီးကို ကြွားချင်တယ် မဟုတ်လား၊ မင်း သိပ်လှကြောင်း'

'ဘာရယ်'

လည်တိုင်ကိုမော့၊ မျက်တောင် ခပ်စင်းစင်းထားလျက်...

'ဦးအောင်ကျော်ဦးတို့စုံတွဲ ဒီကိုလာပသယ်လေ၊ မင်း သတိမရဘူးလား'

လျှပ်စစ်ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသူလို သူမ တစ်ကိုယ်လုံး ကျဉ်တက်သွားသည်။

မှန့်ထံက မင်္ဂလာဖိတ်စာကို လက်ခံ ရချိန်မှာ သည်အကြောင်းကို ဘာကြောင့်များ မစဉ်းစားမိခဲ့ပါလိမ့်။

တစ်ချိန်လုံး မေ့လျော့နေခဲ့သည့် အကြောင်းအရာတစ်ခု ခေါင်းထဲ ရောက်ရှိလာခဲ့သည့်အချိန်က အရာအားလုံး ပြင်မရအောင် ပြီးဆုံးခဲ့ပြီးပြီ။

ဒါပေမယ့် နေဦး။ ဘာဖြစ်သလဲ မင်္ဂလာဖိတ်စာ လက်ခံရသူတိုင်းသည် မင်္ဂလာပွဲကိုတက်ရောက်ခွင့်ရှိသည်ပဲ။

ဧည့်ခန်းဝင်းက ငွေပိုးဖြူ၏ နှုတ်ခမ်းလှုပ်ရှားပုံကိုယူဉ်နိုင်မှာတဲ့လား။ ဦးအောင်ကျော်ဦးကိုယ်တိုင် သူမကို အံ့သြတကြီးငေးမောစေရမည်။

ငွေရောင်လွှနေသော ဝတ်စုံပေါ်မှာ အရည်လဲ့နေသော ပုလဲနှင့် မြသီဆက်ထားသည့် လက်ဝတ်ရတနာကို ဆင်မြန်းလျက် အစွမ်းကုန် ပြေပြစ်လှပစွာခြယ်သထားသည့် ငွေပိုးဖြူ၏ ရုပ်ပုံလွှာကို မှန်ထဲမှာ အထပ်ထပ်အခါခါ ကြည့်ခဲ့ပြီးပြီ။

'အင်း ...ချင်ခုန်စရာပဲ'

နှုတ်ခမ်းဘွန့်ရှုံ့ပြုံးလျက် မောင့်ကိုပြောလိုက်မိသည်။

'တကယ်ရင်ခုန်နေတယ်လား'

'ဒေါ်နန္ဒာဝင်းကို တစ်ခါမှ မမြင်ဖူးဘူး'

'ရှင့်လောက်မလှ ဘဲဟော့ သေချာပါတယ်'

သူမ ကျေနပ်စွာ ပြုံးလိုက်သည်။ ခန်းမအောင်ဝေါက်မှာ ပရိသတ်တွေ ဘူည ရှုပ်ထွေးနေသည်။

'ပွဲထုတ်တော့မယ်'

ဟု သက်ပတ်နာရီကိုငုံ့ကြည့်ရင်း သူမ ပြောမိစဉ်၊ ဇင်မော့ထံမှ အာမေဋိတ်သံကို ကြားရသည်။

ဇင်မော့မျက်လုံးတွေ ဦးတည်ရာဆီ လည်တိုင်ကိုလှည့်ပြီး ကြည့်လိုက်မိ၏။

စည်းချက်မှန်နေသော ရင်ခုန်သံတွေ ရှုတ်တရက် ရပ်သွားသလို ထင်လိုက်မိသည်။

'အဲဒါ ဒေါ်နန္ဒာဝင်းပဲ ပိုး'



အခန်း [ ၁၀ ]

ဦးအောင်ကျော်ဦး၏ လက်မောင်းကို စိန်ရောင်တဖျပ်ဖျပ် လက်နေသော လက်ချောင်းများဖြင့် ချိတ်တွဲသွားသော အမျိုးသမီး တစ်ဦး။

ပန်းရောင်ဖျော့ဖျော့ ပွင့်ဖောက်ဇာအင်္ကျီ၊ လွန်း တစ်ထောင် ချိတ်ပန်းရင့်အဖြူ။ လည်တိုင်မှာ တစ်တန်းသွားစိန်သည်တို့က မျက်စိကျိန်းလောက်အောင် အရောင်တွေလက်လို့။

အဲသည် စိန်ရောင်တွေအလယ်မှာ စတော်ဘယ်ရီနှုတ်ခမ်းများ တင်းတင်းစေ့လျက် ပညာတတ်အမျိုးသမီးတစ်ဦး၏

ထက်မြက်ပြင်းရှသော မာနတရားများ မှမ်းခြယ်ထားသော သိပ်ပြီးအချိုးအစားမကျလှသည့် မျက်နှာတစ်ခု။

မျက်လုံးမြူးဝိုင်းဝိုင်း၊ မဒေါ်တာဒေါ်နှာတံ၊ နှုတ်ခမ်းထူအာမ်းအမ်းများနှင့် အဲသည်အမျိုးသမီးအနားမှာ ထားရဝမ်းသာ နှုတ်ဆက်သံတော့ ဝိုင်းလည်စည်ကားနေခဲ့သည်။

နန္ဒာ...မနန္ဒာ၊ ဒေါ်နန္ဒာဝင်းစသော အမည်နာမသည် ငွေပိုးဖြူတို့အနားအထိ အဆက်မပြတ် လက်ဆင့်သယ်ဆောင်လာသလား ထင်မှတ်ရ၏။

ထိုအမျိုးသမီး၏ အပြုံးကပါးလျားတွန့်တိုလွန်းလှသည်။

သည်လိုမိန်းမတစ်ယောက်ထံက သူမ ဘာကိုမဆို အရယူနိုင်ဖို့ ကောင်းလှသည်ကွယ်။

သို့ပေမယ့်လည်း ထိုအမျိုးသမီး၏နံဘေးက နံ့သာရောင်တိုက်ပုံအင်္ကျီ၊ ပိုးယောပုဆိုး ကြေးဝါရောင်ဖြင့် သပ်ရပ်ခန့်ညားလှသည့်လူတစ်ဦးကတော့ သူ့ဇနီးအတွက် ရှင်လန်းအားရစွာ ဂုဏ်ယူနေသယောင်။

သူ့နံဘေးမှာရှိနေသည့် မိန်းမတစ်ယောက်အတွက် ကျေနပ်နေသယောင်။

သူမနှုတ်ခမ်းပါးက တွန့်ကုပ်ကျလျက် အရုပ်ဆိုးနေမည်လား။

'ကျွန်တော့်ဇနီးပါ'

ဟု မိတ်ဆက်စကားဆိုလျက် လူတချို့နှင့် နှုတ်ဆက်နေသော ဦးကျော်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်းမေးကြောတွေတင်းပြီး နာကျင်လာအောင် အံကြိတ်ထားမိသည်။

'အစ်ကိုကြီး ဒီနေ့သိပ်ခန့်နေပါလား'



'ဒါပေါ့၊ ကိုယ့်ဇနီးရဲ့အဆင်အပြင်လေ'

'မမနန္ဒာတို့ကတော့နော်၊ သိပ်တော်တာပဲ၊ အစ်ကိုကြီးကို အမြဲအရိပ်ကြည့်နေတာ'

'ဒါကတော့မှန်လိုပေါ့ဗျာ၊ ကိုယ်ကအရိပ်လို အမြဲကြည့်နေတော့ သူကလဲပြန်ပြီး အရိပ်ကြည့်နေတော့တာပေါ့'

'မောင်ကလဲ'

ခပ်နွဲ့နွဲ့နှင့်ရှုံ့ကင်ငင်ပြောလိုက်သော စကားသံတစ်ခု နားထဲကန့်လန့်ဖြတ်ဝင်သွားသည်။

အလိုက်သိစွာ မျက်နှာလွှဲနေသည့် ဇင်မာ့ကို စိတ်ထဲက ကျိတ်ပြီး ကျေးဇူးစကားဆိုမိ၏။

မျက်နှာပေါ်ကကြွက်သားတွေ လျော့ကျ အင်အားကုန်ခန်းလာသည်။

နားထဲမှာ နန္ဒာဟူသော အမည်နာမတစ်ခုက ဗုံးတစ်လုံးလို ဆူညံပေါက်ကွဲနေ၏။

'ကျွန်တော့်ဇနီးလေ၊ ဒေါ်နန္ဒာဝင်း'

သိလိုက်စမ်းပါတော့ ငွေပိုးဖြူရယ်။

သိလိုက်စမ်းပါတော့။

'ခု ကျွန်တော်ဆိုမယ့်သီချင်းက...'

'နေရာ ဖြစ်ပါတယ်'

မင်းသမီးမကြီးကို ကျောခိုင်းထားလိုက်မိတော့သည်။

....(၅)....

လှမ်းလိုက်သည့် ခြေလှမ်းတိုင်းသည် ပိုးဖြူကို ကမ္ဘာ မြေကြီးထဲ နစ်မြုပ်ကျ ဝင်သွားစေသလိုပင်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ပျော့အိသောသဘာဝအနား ဖျတ်ခနဲ ဖျတ်ခနဲ လှုပ်ရှားသွားသည်။

လူတချို့၏မျက်လုံးများထဲမှာ ချီးမွမ်းစကားတွေ ရှိနိုင် ပေမယ့် အချို့လူတွေကတော့ လှောင်ပြောင် သရော်သော အကြည့်များဖြင့် သူမကိုကြည့်ကြလိမ့်မည်။

ဂရုမစိုက်ချင်ပါ။

အဲသည်အကြည့်တွေကို ခလုတ်တိုက်မိသော ခဲတစ်လုံးမျှ ပင် ဂရုမစိုက်ချင်ပါ။

လောကကြီး၏ ကျဉ်းမြောင်းသော နံရံများအတွင်းပိုင်း မှာ ပိတ်ခလှောင်မွန်းကျပ်ရင်းရန်စောင်နေဘတ်သည့်တိရစ္ဆာန် တစ်ကောင်လို သူမ မဖြစ်ချင်ပါ။

သို့ပေမယ့်လည်း နေ့ရာတစ်ခုခုတော့ အဘည်တကျရချင် သည်။

အဲသည်နေရာကလည်း ပိုးဖြူ၏ လိုအင်ဆန္ဒတော့ အားလုံး ကြည့်ဝိုနေသော တစ်နေရာဖြစ်ရမည်။

....◎....

အခန်း [ ၁၁ ]

ရေစိုနေသည့် ဆံပင်တွေကို မျက်နှာသုတ်ပဝါဖြင့် ခေါင်း မှာ အုပ်ပေါင်းထားလိုက်ပြီး ခြေသည်းရှည်တွေကို တံစဉ်းဖြင့် စိတ်ရှည်လက်ရှည် တိုက်နေသည့် အခိုက်အတန့်မှာ လျှပ်စစ် ဘဲလ်သံကို ကြားရသည်။

အဖော်ခေါ်ထားသည့် မိန်းကလေး၏ ခြေသံတရှပ်ရှပ်ကို လည်း ကြားရသည်။

တစ်ဆက်တည်းပင် အိမ်ရှေ့ဧည့်ခန်းအဝမှ....

'မမရေ ဧည့်သည်'ရှင့်

ဟု အော်လိုက်သံကြားသည်။

အထူးအဆန်းဖြစ်လျက် ထိုင်ရာမှထပြီး ကမန်းကတန်း အင်္ကျီကောက်ဝတ်လိုက်၏။

ညွှိသည်ဟူသော ဝေါဟာရက သူမကို ကယောင်ချောက်ချား ဖြစ်စေသည်။

အံ့ထိတ်တလန့် ဖြစ်စေသည်။

သည်အိမ်မှာ ညွှိသည်ဟူသော အသံကို ဦးကျော်ဂိုနေသည့် တစ်ခါတစ်ရံမှာသာ ကြားရဖူးပြီး ပိုးဖြူထံ လာတတ်သည့် ညွှိသည်ဟူ၍ လုံးလုံးလျားလျားမရှိ။

သူမ၏ သွေ့ခြောက်သော အချိန်များကို ကက်ဆက်ဖွင့်ရင်း၊ ဗီဒီယိုကြည့်ရင်း၊ အခဖော်မိန်းကလေးနှင့် လေ့ရာ လေးပါး စကားပြောခြင်းဖြင့်သာ အချိန်ကုန်စေရသည်။

အများအားဖြင့်တော့ အိမ်သော့ခတ်ပြီး ရုပ်ရှင်ကြည့် ဈေးသည်၊ ကျောင်းသွား စသဖြင့် သူမပိုင်ဆိုင်သောအချိန်တွေ ကုန်ဆုံးသွားခဲ့သည်။

ပရမ်းပတာ ခုန်နေသည့်ရင်ကို မျက်နှာသုတ်ပဝါဖြင့် ဆံပင်ရေစိုကို သုတ်လိုက်၊ အကာအံ့ကွယ်ယူရင်း ညွှိခန်းဆီ ထွက်လာခဲ့သည်။

ညွှိခန်းမှာ သူမအလာကို မိုးတိုးမတ်တတ် စောင့်နေသော ညွှိသည်နှစ်ဦး၏ မျက်နှာဒတွက အေးစက်စက်။

'ဟယ်'

ဝမ်းသာလိုက်သဲ့စွာ ပြုံးရယ်လိုက်သည့်အပြုံးတွေ တစ်ဝက် တစ်ပျက်မှာတင် ရပ်တန့်သွားသည်။

'ရှင်တို့ ဘယ်လိုမျက်စိလည်လာတာလဲ'

'ဒီပဲတမင်'

'ဝမ်းသာလိုက်တာဟယ်၊ ကျောင်းပိတ်ရက်ကရှည်တော့ ကျုပ် ပျင်းလိုက်တာ သေလုရောပဲ'



မွန်နှင့် ဇင်မာက ဆိုဖာဆက်တီပေါ် မတုန်မလှုပ်ထိုင်ရင်း ပိုးဖြူကို ငေးစိုက်ကြည့်နေသည်။

သည်အိမ်ကိုရောက်လာသည့် ပိုးဖြူ၏ညွှိသည်နှစ်ယောက်ကို ဘယ်လိုကြိုဆိုရမှန်း မသိအောင် အကြီးအကျယ် အံ့ဩနေခဲ့သည်။

အကယ်ဆိုတော့ သည်အိမ်ကို သူမ၏ညွှိသည် ဘယ်တုန်းကမှ မလာစဖူး ပိုးဖြူ၏ သူငယ်ချင်းတွေကလည်း သည်အိမ်ကို အကယ်အပတ် လာဖို့ ဘယ်တုန်းကမှ စကားမှစဖူး။

'ရှင်တစ်ယောက်တည်းလား'

ဟက်ဟက်ပက်ပက် ရယ်မောရင်း....

'တစ်ယောက်တည်းပါကွယ်'

ဟု ပြန်ဖြေသည်။

မောဟကိုမေးချင်မှန်း ဘယ်လို အစပြုရမှန်း သူမ [illegible] ကောင်းစွာ နားလည်နိုင်သည်ပဲ။

သူမအကြောင်းကာ အစွမ်းကုန် လိုက်လှဲပျော်ရွှင်နေသလောက် သူတို့မျက်နှာတွေကတော့ အေးတိအေးစက်ပင်။ ဒါမှမဟုတ် တစ်ခုခုတစ်ခုကိုများ ဖုံးသွားသလား။

'ဦးကျော် [illegible] ဘူးလား'

'ကြာပြီ၊ တစ်ပတ်လောက်ရှိပြီ၊ ခရီးထွက်သွားသလား မသိဘူး၊ ဘာမှအကြောင်းမကြားဘူး၊ ငါကဲ့ [illegible] ကိုမျှော်နေတာ၊ ပိုက်ဆံပြတ်တော့မယ်'

'ဒီလိုပဲသွားလေ့ရှိသလား'

မျက်မှောင်ကြုတ်ပြီး မွန်ကမေးသည်။

'အင်း.. အခုဖြစ်လို့လဲ'

လုံးဝမရိပ်မိရလောက်အောင်တော့ သူမက နလပိန်းတုံး တစ်ယောက် မဟုတ်ပါ။

အားရဝမ်းသာ ဖြစ်နေသည့် သူမ၏ သတိလက်လွတ် အမူအရာတွေကို ရုပ်သိမ်းပြီး ကျောက်စိမ်းရောင် ဆိုဖာ ဆက်တီပေါ် လေးလေးကန်ကန် ထိုင်ချလိုက်သည်။

'ဘာအဆက်အသွယ်မှ မရှိဘဲ ဒီလို အကြာကြီးထွက်သွားတော့ ကိုအောင်ကျော်ဦး တစ်ခုခုဖြစ်ရင် နင်ဘယ်သိနိုင်တော့မလဲ'

မှန်မျက်လုံးတွေထဲ ထိုးဖောက်ကြည့်လိုက်မိသည်။

အေးစက်စက် စိုထိုင်းနေသော ဆံပင်တွေ ချက်ချင်းပင် ပွမွန်းလာသလိုထင်၏။

နှလုံးအိမ် တလှုပ်လှုပ်တုန်ပြီး မောပန်းလာသည်။

'ဦးကျော် ဘာဖြစ်လို့လဲ'

မှန်က ဇင်မာ့ထံ အဖြေသည့်သလို လှမ်းကြည့်သည်။

လက်ချောင်းတွေ တဆတ်ဆတ်တုန်ယင်လာပြီးခေါင်းတွေမူးနောက်နေသည်။

ကံကြမ္မာသည် ငွေပိုးဖြူကို ကလူကျီစယ်စရာလိုထင်သည်လား မသိ။

ဘယ်လိုအပြောင်းအလဲကိုမှ ခံနိုင်ရည်မရှိကြောင်း သူမကိုယ်သူမ သိနေသည်။

အချိန်အတော်ကြာအောင် စကားသံ တိတ်ဆိတ်နေသည်။

ပိုးဖြူအတွက် ပြောစရာစကား တစ်စုံတစ်ရာရှိနေကြောင်း သေချာသိနေပြီးသည့်နောက်မှာ စောင့်ဆိုင်းနေဖို့ စိတ်မရှည်နိုင်တော့။



'ပြောစမ်းပါ ဦးကျော် ဘာဖြစ်လို့လဲ'

မှန်နှုတ်ခမ်းတွေ ဆတ်ခနဲလှုပ်သွား၏။

'ကိုအောင်ကျော်ဦး ဆေးရုံမှာ'

'ဘာ'

'ဦးနှောက်သွေးကြော ပြတ်သွားတာ၊ သတိမလည်'

'အခြေအနေက လုံးဝမကောင်းတော့ဘူး ပိုး'

အရုပ်တစ်ရုပ်လို တစ်ကိုယ်လုံး တောင့်တင်းအေးစက်ပြီး သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းကုန်သည်။

မယုံနိုင်စရာ အဖြစ်အပျက်ဆိုသော်လည်းယုံကြည်လောက်စရာ ပြောသူတွေက ပြောလာခဲ့ပြီ။

မှန်သည်မှားသည် ဝေဖန်ဆန်းစစ်ဖို့ အင်အားတွေလည်းမရှိတော့။

ခံနိုင်ရည် နည်းပါးတတ်လွန်းသည့် မိန်းကလေး တစ်ယောက်အတွက် သည်လိုအဖြစ်ဆိုးမျိုးကို တမင်ဖန်တီးပေးခဲ့လေသလား။

'ပိုးကလေး'

ခေါ်သံတစ်ခု နီးကပ်စွာကြားသည်။

'ဆေးရုံမှာ'

ဘာလုပ်ရမလဲ။

ဘာလုပ်သင့်သလဲ။

'ငါ လိုက်သွားမယ်'

ဝုန်းခနဲ ထိုင်ရာမှထလိုက်စဉ် လက်ကောက်ဝတ်ကိုဆောင့်ဆွဲခံလိုက်ရသည့်အရှိန်ကြောင့် သူမတစ်ကိုယ်လုံး နောက်ဘက်ဆက်တီပေါ် ထိုင်လဲကျသွားသည်။

'နင်လိုက်သွားလို့ မဖြစ်ဘူးလေ၊ မဆေးရုံမှာ မမနွှာတို့ ရှိတယ်'

'ရှိရှိစေပါ'

အရာသည့်သပ်ကြိမ်တော့ ရင်ထဲက ဖော်ဂလီဆန်လောက် ပေါ်ပေါင် ခါးသက်သွားသည်။

ကျေးဇူးပြုပြီး နန္ဒာဝင်းဆိုတဲ့နာမည်ကို မကြားပါရစေနဲ့....။

ပိုးဖုယ်ချာတေး ခေါင်းငုံ့အားယား စဉ်းစားလိုက်စမ်းပါ'

'ဘျိန့်လှည်သူတို့ ရင်ထိုင်နိုင်ဖူးကြားတော့ဘူး ပိုးဖြူ၊ ကိုအောင်ကျော်ဦး မရှိတော့ဘူးဆိုရင် နင့်ဘက်ကအရှုံးချည်းပဲ....'

ဟုတ်ခင်း....

မကြားပါရစေနဲ့

မပြောကြပါနဲ့။

ပြုလဲနေသော ခန္ဓာကိုယ်ကို ထိန်းမထားပြီး ကျလုတည်းတည်း မျက်ရည်စတွေကို မျက်တောင်များဖြင့် ထိန်းချုပ်လိုက်သည်။

ရင်ထဲက မီးတောက်အစဲမှုကို ဘယ်သူမှ မမြင်နိုင်ခဲ့ ကိုယ့်တသား ငြိမ်းသင့်ဖို့ ကြိုးစားသော်သည်း မရ။

မျက်ရည်ချော်ပြုပ်တွေလို ပွက်ပွက်ထနေသော အပူတွေက ခန္ဓာကိုယ်တစ်ခုလုံး ပြန့်ကျသွားတော့ မသတ်ပင်။

မိုဟယ်အားကိုးရ နှမဲတစ်ခု ပြိုကျသွားခဲ့ပြီ။ ဒါကိုပိုးဖြူ လက်ခံနိုင်ရမည်။



ခံနိုင်ရည်ရှိစွာ လက်ခံရမည်။တစ်ဆက်တည်းငွေပိုးဖြူ၏ အနာဂတ်ဆိုတာကိုလည်း... ။

'ငါ ဘာလုပ်ရမလဲ'

ကိုယ့် ကိုကိုယ်ပဲ မေးမိသလား။

အာရုံထဲ ဝိုးတဝါးမြင်နေရသည့် အရိပ်တွေကိုပဲ တိုင်တည်၍ မေးမိသလား။

ရင်ထဲ လိုက်ပြီး လောင်မြိုက်နေသည့် အပူမီးတောက်က ဆေးရုံခေါင်မှာ ရှိနေသည့် ဦးအောင်ကျော်ဦးအတွက်လား။

ကြေကွဲလောင်မြိုက်ခြင်းလား။

ကြောက်ရွံ့ ထိတ်လန့်ခြင်းလား။

ကိုယ်တိုင်ခံစားနေရသည့် ခံစားမှုလှိုင်းတံပိုးတို့ကို ဝေခွဲခြင်းငှာ မစွမ်းသာခဲ့။

မျက်ရည်တွေ ကျမလာနိုင်တော့တာကို ကိုယ့်ဘာသာ အံ့သြဆဲ။

နှလုံးသားကတော့ အေးခက်ထုံထိုင်းနေခဲ့၏။

'ပိုးဖြူ'

သူ့ခေါ်သံက ဆတ်ခနဲ ခေါင်းမတ်သွားစေ၏။

'ငါပြောချင်တာ သိပ်တယ်လို့မှ မအောက်မေ့နဲ့'

နှုတ်ခမ်း တင်းတင်းစေ့ ဖစ်လိုက်၏။

နာခံပျော်ရာဝကား မဟုတ်မှန်း ကြိုတင်သိလျက်မင် ကြောက်ရွံ့နေမိသေးသည်။

သို့သော်လည်း သူမ ဟန်ဆောင် နေနိုင်ခဲ့သားပဲ။

ဘဝတစ်လျှောက်လုံး ပီပြင်သောသဘာ ဟန်ဆောင်နိုင်ခဲ့သားပဲ မဟုတ်လား။

အကျည်းတန်စွာ မဲ့ရွဲ့ ပြုံးလိုက်မိသည်။

'လုံးဝပဲ'

ငြိမ်သက်နေသော အိမ်ဧည့်ခန်းထဲမှာ သက်ပြင်းရှိုက်သံက လွှမ်းမိုးသွားသည်။

'နင်က ဘာတွေ မျှော်လင့်ထားလို့လဲ ပိုးဖြူ'

'ဒီအိမ်က ငါ့အိမ်ပဲ၊ ဦးကျော် ငါ့ကို ပေးခဲ့တာ၊ ဦးကျော်ရဲ့ ဇနီးတစ်ယောက်အနေနဲ့ ဒီအိမ်ကို ငါပိုင်ဆိုင်ခွင့်ရှိတယ်'

မွန်က မျက်နှာလွှဲသွားသည်။

'ဘယ်မလဲ အထောက်အထား'

ဇင်မာ့ မေးခွန်းက သူမ၏အားနည်းချက်ကို ပိုင်ပိုင်နိုင်နိုင် ထောက်ပြနိုင်ခဲ့သည်၊

ငွေပိုးဖြူကတော့ ဦးညွှတ်လိုက်ဖို့ ဝေးပါသေးရဲ့။

ဦးကျော် အသက်ရှင်လျက် ရှိနေသရွေ့ သူမ၏ မျှော်လင့်ချက်တွေကို ဆုပ်ကိုင် ထားဦးမည်။

[ဦးကျော် ရှိနေသရွေ့၊ ပိုးဖြူရဲ့ အနာဂတ်ကို စိတ်ချထား] လို့ သူကိုယ်တိုင် ပြောခဲ့ဖူးသည်။

ဦးအောင်ကျော်ဦး၏ ဇနီးတစ်ယောက် ဖြစ်ကြောင်း ဒေါ်နန္ဒာဝင်း၏ အသိုက်အဝန်းကို သိစေရမည်။

ဦးအောင်ကျော်ဦး၏ ပိုင်ဆိုင်သမျှကို ငွေပိုးဖြူလည်း အကျိုးခံစားခွင့် တစ်စိတ်တစ်ပိုင်းရှိကြောင်း သူတို့ သိစေရမည်။

'ငါ ဆေးရုံကိုသွားမယ်'

'ဘယ်ဖြစ်မလဲ ပိုးဖြူရယ်'



'သိပ်ဖြစ်တာပေါ့၊ သူတို့အားလုံး ငါ့ကိုသိဖို့လိုတယ်လေ၊ ဦးကျော်ရဲ့ နောက်ဆုံးအချိန်မှာ ငါ့ကို အသိအမှတ်ပြုတဲ့ စကားတစ်ခွန်းရဖို့ သိပ်အရေးကြီးတယ်'

မွန်ဆတ်ခနဲထိုင်ရာမှထသည်။ မြေဟောက်တစ်ကောင်၏ ပါးပြင်းထ မာန်ဖီလိုက်သည့်ဟန်ကို မြင်လိုက်ရသလိုပင်...

'နင်ဟာ တော်တော် ကိုယ်ချင်းစာစိတ် ခေါင်းပါးတဲ့ မိန်းမ၊ တော်တော် ယုတ်ကန်းတဲ့မိန်းမ၊ သူ့ဘာစ်ပါးမိသားစု ခေါင်းမီးတောက်နေတဲ့အချိန်မှာ နင်က ပွဲခင်းထဲ ဖျော်ဖို့ ကြံစည်နေသေးတယ်၊ တော်တော် အောက်တန်းကျတဲ့ မိန်းမ...။

'လာ ပြန်ကြစို့မာ၊ သူ့လိုမိန်းမမျိုးကို တရားချဖို့ ကြိုးစား မနေနဲ့'

မွန်ဆွဲခေါ်ရာနောက် ဇင်မာ ဆုတ်ကန်ကန် ပါသွားသည့် အချိန်အထိ သူမ ပြုံးလျက်ပင် ရှိနေသေးသည်။

နှုတ်ခမ်းတွေကတော့အားလျော့ကွေးညွတ်ကျချင်လာ၏။

'ဒေါ်နန္ဒာဝင်းဟာ ရှေ့နေတစ်ယောက်ဆိုတာ နင်မသိသေးဘူးထင်တယ်ပိုး'

တံခါးဝက လှမ်းမေအော်လိုက်သော ဇင်မာ့ စကားသံအဆုံးမှာ မွေးပွမကော်ဇောခင်း ကြမ်းပြင်ပေါ် သူမ အရှုံးကြီးပြတ် လဲကျသွားတော့သည်။

....

မြို့သစ်အိမ်မှာ သူမတို့အချေအတင်ဖြင့်ခုန်နေဆဲ အချိန်မှာပင် ဦးအောင်ကျော်ဦး ဆုံးပါးခဲ့သည်။

ပိုးဖြူဆေးရုံကိုရောက်တော့ ဘယ်သူမှ ရှိမနေတော့ပါ။

ဟာကယ်ကို တစ်ဦးတစ်ယောက်မျှ ရှိမနေတော့ပါ။

ဦးကျော်သည် သူ့ဘဝဆုံးနိုင်လောက်သည့် ဝေဒနာတစ်ခု ခံစားခဲ့ရသည်ဟူသော အသိကလေးပင် သိခွင့်မရလိုက်ဘဲ သူ့ခင်ပွန်းလို့ ခေါ်သော မိသားစုကိုပင် နှုတ်ဆက်ခွင့်မရလိုက်ဘဲ၊ လူ့လောကကြီး အဆောတလျင် ထွက်ခွာသွားခဲ့သည်။

ပိုးဖြူ ဆေးရုံသို့ရောက်ချိန်မှာတော့ ကြာခဲ့သူသခင် အဆောင်ခန်းထဲမှာ ဦးကျော် အိပ်စက်အနားယူနေခဲ့ပြီဖြစ်၏။

မက်စပ်လှုပ်ငန်းများ၌ အစုရှယ်ယာဝင် ဖြစ်သော ဦးအောင်ကျော်ဦး ဆုံးပါးသွားခဲ့သည့်သတင်းက ပတ်ဝန်းကျင်သို့ ရေလှိုင်းများ ရိုက်ခတ်သလို တစ်ဆင့်ပြီးတစ်ဆင့် ရိုက်ခတ်သွားခဲ့သော်လည်း ဦးအောင်ကျော်ဦး ပိုင်ဆိုင်သော လှပခံ့ညားလှသည့် တိုက်သစ်ကလေးဆီကိုတော့ ဘယ်သူ တစ်ဦးတစ်ယောက်မျှ ရောက်မလာခဲ့ပါ။

ယုတ်စွအဆုံး ငွေပိုးဖြူကို သိနေနှင့်ပြီးသည့် ဦးအောင်ကျော်ဦး၏ အပေါင်းအသင်းတချို့ကပင် ရောက်မလာခဲ့ပါ။

သူမကတော့ သူမကို ဦးကျော် လာနှုတ်ဆက်လိမ့်မည်ဟု ရှူးနှမ်းမိုက်မဲစွာ တွေးထင်လျက် စောင့်နေမိသေးသည်။

ဦးကျော်၏ နောက်ဆုံးခရီးမှာ နှုတ်ခမ်း တင်းတင်းစေ့ လျက်အနက်ရောင်ဝတ်စုံဖြင့်ကျက်မှန်တစ်လက်ကိုတပ်ပြီး ပရိသတ်



ပို့ဆောင်နှုတ်ဆက်ခွင့် ရခဲ့ခြင်းအတွက် တမလွန်က ဦးအောင်ကျော်ဦးကို အားတုံ့အားနာ တောင်းပန်ခဲ့ရသေးသည်။

သူမကအောသိနေပြီး သူမကိုသိနေပုံမရသည့် ဒေါ်နန္ဒာဝင်းက ကျေးဇူးတင်ပါတယ်ဟု တခြားသူများနှင့်ရောပြီး သူမကိုနှုတ်ဆက်သည့်အခါနှုလုံးသားထဲ အောင့်သက်ခါးသီးလာလျက် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်ခဲ့ရသည်။

တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ငွေပိုးဖြူဟူသော မိန်းမ တစ်ယောက်ကို ဒေါ်နန္ဒာဝင်း သိသွားရပါလိမ့်မည်။

မီးသဂြိုဟ်စက်၏ ခေါင်းတိုင်ထိပ်မှ လွင့်တက်လာသော ဦးအောင်ကျော်ဦးတစ်ဖြစ်လဲ မီးခိုးပြာများနှင့်အတူ ငွေပိုးဖြူ၏ အဝသည်လည်း လေထဲမှာ တရွေ့ရွေ့ ကလိမ်ပြီး မျောပါပျောက်ဆုံး သွားလေတော့မည်လား။

မှန်ရွှေ့မှာ မရပ်ခဲ့တာလည်း ကြာပြီ။

အာ ဝင်းရောင်မဲ့ ဟင်းလင်းပြင်တစ်ခုသည်း၌ အာရုံ တာမျှ မမြင်ရဘဲ မျက်ကန်း မှန်းဆလျှောက်နေမိသူ တစ်ယောက်လို စိတ်တွေချောက်ချားပြီး ဦးတည်ရာမဲ့ မျောလွင့်နေခဲ့သည်။

လျှပ်စစ်ဘဲလ်သံများက သူမခရင်ကို မကြာခဏဝင်ဆောင့် တတ်၏။

ခြေသံတွေကြားတိုင်း အသက်ရှူရပ်မတတ် မှန်းကျပ်လာ တတ်သည်။

သူတွေကလည်း ကာယောင်ချောက်ချား အိပ်မက်တွေ အရှည်အကြာကြီး ဖြတ်သန်းနေတတ်ပြန်၏။

သည့်အပြောင်းအလဲက တကယ့်ကို မယုံနိုင်စရာပါဘဲ။

မျက်ရည်များကို မုန်းတီးလှသော ငွေပိုးမြူသည် စက္ကန့်တိုင်းမှာ မျက်ရည်များနှင့် ရင်းနှီးနေရလျက်၊ ဘယ်လိုအကြောင်းအရာ.ဘယ်လိုအခြေအနေမျိုးကမှ သူမစိတ်တွေကို ပုံမှန်အခြေအနေနီးပါး တည်ငြိမ်လာအောင် မစွမ်းဆောင်နိုင်ခဲ့တဲ ဘယ်လိုအဆုံးအဖြတ်မျိုးမှ မြွေးချယ်နိုင်ခဲ့ဘဲ တွေဝေမှိုင်းရီနေခဲ့သည်။

သူမဘဝ၏ နံရံတစ်ချပ် လဲပြိုသွားခဲ့ပြီ။

ရက်စက်လိုက်တာ ဦးကျော်ရယ်။

ရက်စက်လိုက်တာ ကံကြမ္မာရယ်။

ဘာကိုများ ပိုင်ခွင့်ရလိုက်သလဲ....

နောက်ဆုံး ဦးကျော်မျက်နှာကို နှုတ်ဆက် ဦးညွှတ်ဖို့တောင် အခွင့်အရေး မရနိုင်တဲ့အဖြစ်။

လူမြင်ကွင်းမှာ မျက်ရည်တစ်ပေါက်မကျအောင် ထိန်းချုပ်ရတဲ့အဖြစ်။

သူမ နှစ်သက် မက်မောလှသည့် တိုက်အိမ်လှလှကလေးထဲမှာ အိပ်မက်ဆိုးများဖြင့် ထွေးလုံးရစ်ပတ်လျက် အချိန်တိုင်း နေ့တိုင်း ကြေကွဲ ချောက်ချားနေခဲ့ရသည့် ကာလတွေက ငရဲတမျှ လောင်မြိုက် ပူပြင်းနေခဲ့သည်။

သည်လိုဆို စွန့်ထားခဲ့တော့လေ။

ထွက်ပြေးလိုက်စမ်း....

ညဥ့်ငှက်ဆိုးများ၏ အော်မြည်သံကိုကြားသည်။

ခြေသံများ မြန်ဆန်စွာ နီးကပ်လာနေသည်ထင်၏။

မာကျော ခက်ထန်လှသော မျက်လုံးတစ်စုံ အနီးဆုံး ရောက်လာသည်။



[အိမ်ပေါ်ကဆင်းစမ်း 'အမြှောင်မ။ နင်က ခုချိန်ထိ ဒီအိမ်ပေါ်မှာ မောင်ရှာဖွေထားတဲ့ စည်းစိမ်တွေနဲ့ ဇိမ်ကျနေတုန်းလား။]

ဒါ ဟိုမိန်းမပဲ။

ဒေါ်နန္ဒာဝင်းအသံပဲ။

မဟုတ်ဘူး။ အိပ်မက်....အိပ်မက် မက်နေတာ။

ခုတင်ပေါ်မှ ပြေးဆင်း၊ အခန်းတံခါးကို ဆောင့်ပိတ်ပြီး အကျယ်လောင်ဆုံး အော်ဟစ် ငိုပစ်လိုက်သည်။

ခုချိန်မှာ ပိန်းပိတ်နေသော အမှောင်ထုက ထွက်ပေါက်တစ်ခုကိုသာ ရချင်၏။

....◎....

အခန်း ( ၁၂ )

စီးကရက်မီးခိုးငွေ့ တွေ လွင့်တက်သွားရာဆီ မော့ပြီး ငေးကြည့်မိသည်။

ဆွည့် ပေါက်ကွဲသော သီချင်းသံများကြားမှာ တွယ်ရာမဲ့သော စိတ်သည် မျှော်ချင်ရာ မျှောလွင့်နေ၏။

နက်ဖြန့်ဆိုတာကို သတိမရချင်။

ခြေနှစ်ဖက်ပေါ် ခိုင်ခိုင်ရပ်နိုင်ဖို့ လမ်းဟောင်းတစ်ခုကို ဖြတ်ပြန်လျှောက်ရမည်လား။

မှောင်အတိကျနေသော လောကထဲ ခြေလှမ်းရဲရဲ လှမ်းဖို့ အင်အားသတ္တိတော့ မရနိုင်သေး။

မက်မော ဖက်တွယ်ထားချင်သည့် ချစ်ဝတ္ထုပစ္စည်းများ အားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း စွန့်လွှတ်ပြီးသည်



နောက်မှာ စိတ်ဓာတ်လည်း ကာစဉ်ကလျားနှင့် ဘယ်ထိလှမ်း တွယ်ရမှန်း မသိနိုင်တော့။

ဒုက္ခ... ဆိုသောကို နားမလည်တတ်ခဲ့သည့် မျက်နှာ တစ်ယောက်။

ဒုက္ခဆိုတာကို ဘဝနဲ့ ရင်ဆိုင်တွေ့လိုက်ရပြီးသည့် အခါ မှာတော့ လောကကြီးထဲ ချောက်ချားခြင်း၊ နာကျင်ခြင်း၊ ကြောက်လန့်ခြင်း၊ အထီးကျန်ခြင်း စသည့် ဝေဒနာဆိုး အမျိုးမျိုးကို မျှဝေယူမည့်သူမရှိ။

ပြက်ပြက်ထင်ထင် ခံစား နားလည်လိုက်ရတော့သည်။

ဒီနောင်တဆိုသည့်စကားကို မပြောသင့်မှန်း၊ မတွေးသင့် မှန်း သိသည်။

ခုချိန်ထိ မိုက်မဲခဲ့တာဟု ကိုယ့်ကိုကိုယ် အပြစ်တင်ဖို့ မဝံ့မရဲ ဖြစ်မိဆဲ။

လူတွေရဲ့ အပြစ်တင်စကားတွေကိုလည်း ခံယူဖို့ ကြောက် လန့် တကြား ရှိဆဲ။

စပ်မြွှေပေါ်မှာ အနီရောင် အပြာရောင် မီးလုံးရောင်စုံ တွေ ဖိတ်လျှံ လင်းလက်နေသည်။

သီချင်းတစ်ပုဒ် ပြီးဆုံးသွားတိုင်း ဘယ်သူမှမသိသော ရင်ထဲမှာလျှက် ကျန်ရစ်ခဲ့၏။

အမှောင်မှာပင် သူမ၏ လက်ဖြန့်တတ်ဆက်ပြီး ကိုယ်ပိုင်အား အမျိုးမျိုးပေါ် လိုက်ပါသွားတတ်ကြသည့် မိန်းကလေးတွေ ကို အားတင်း မြှူးမြှူဖို့ ကြိုးစားရင်း ငွေပိုးဖြူ၏ မာနဂုဏ် ဆိုတာကို ရိုက်ခါးမိစ ပြုလာသည်။

နောက်ထပ် ကာလအရှည်အကြာကြီး လျှောက်ရဦးမည့် လမ်းပေါ်မှာ လှောင်သံ၊ ရယ်သံ၊ ဝေဖန်ကဲ့ရဲ့သံများအကြား

ခိုင်ခိုင်မတ်မတ်ခတ် ဆက်ပြီး ေ ြူ ေ ွားနိုင်ပါ့မလားဟု စဉ်းစားမိလာသည်။

နောက်ပြီး နာရီလက်တံတွေ ရွေ့လျားသွားသည်နှင့်အမျှ ပြောင်းလဲလာသော သူမ၏ လိုအင်ဆန္ဒများထဲမှာ အာသာ ငမ်းငမ်းတပ်မက်လာမိသည့် မြတ်နိုးခံရခြင်း....

ဘယ်တော့မှ မရနိုင်တော့ဘူးဆိုတာ တွေးမိတိုင်း နှလုံးအိမ် အပြည့် ဆို့ကျပ် ကြေကွဲလာမိသည်။

သူမက စော်ကားပြက်ရယ်ပြုခဲ့သူရယ်လို့ အမှတ်အသားခံခဲ့ရပြီကိုး။

စင်မြင့်ပေါ်မှာ ဆူဆူညံညံ အသံတွေ ကြားရပြန်သည်။

အရောင်တလက်လက် စက္ကူပန်းကုံးတွေ လည်တိုင်မှာ လက်မှာ ခါးမှာ ရစ်ပတ်ယှက် မြူးကြွသွက်လက်စွာ ကခုန်နေသည့် မိန်းကလေးတစ်ယောက်။

အနားမှာ ဆယ်ကျော်သက် ချာတိတ်လေးသုံးယောက်။

သည်မြင်ကွင်းတွေက တက်ကြွလွတ်လပ်သည့် ခေတ်ရေစီးကြောင်းကို ကိုယ်စားပြု ထင်ဟပ်နေခဲ့တာဟု သူမကိုယ်တိုင် ခြေကန်ငြင်းခုံခဲ့ဖူးသည်။

ပျော်ရွှင်ခြင်းဆိုတာကို အခိုပ္ပာယ်ဖွင့်ဖို့ ခုချိန်မှာပိုးဖြူ မတတ်နိုင်ခဲ့တော့။

သည်နေရာ သည်ဝန်းကျင်ဟာ ငွေပိုးဖြူအတွက် အစွမ်းကုန် လွတ်လပ်ပျော်ရွှင်ခြင်းကို ပေးစွမ်းနိုင်သည်ဟု တစ်ချိန်က သူမကိုယ်တိုင် ခံယူနားလည်ခဲ့သည်လေ။

ခုတော့....

ဘယ်မလဲ အပျော်။

[အနားမှာ ဘယ်သူရှိသလဲ၊ အနားမှာ ဘယ်သူရှိလဲ]



သီချင်းသံကို ကြားရတော့ မျက်ရည်သီဝေ့သည်ကြားက ပြုံးမိသည်။

ဘယ်သူမှ မရှိပါဘူးကွယ်။

ငွေပိုးဖြူအနားမှာ ဘယ်သူမှမရှိပါဘူး။

အဆောင်ပြန်သည့်နေ့က သဉ္ဇာမျက်လုံးရင့်ရင့်စိမ်းစိမ်းတွေကို နားလည်ရသည်။

အဆောင်ရှင်အမျိုးသမီးက....

'ညီမနေရာ တစ်ယောက်ဝင်သွားပြီကွယ့်၊ နေရာလွတ် မရှိတော့ဘူး'

ယဉ်ကျေးလိမ္မာစွာ ငြင်းပယ်လိုက်စဉ်မှာ ပိုးဖြူကို စိုက်ကြည့်နေသည့် သဉ္ဇာမျက်ဝန်းထဲ စိတ်သက်သာရာရသွားသည့် အရိပ်ကို မြင်သည်။

စိတ်အထင်ဖြစ်မှာပါဟု ဖြေသိမ့်တွေး၍မရ။

မျက်မြင်ကြုံလာရတော့ ထောင်းခနဲ ဒေါသထွက်မိသေးသည်။

သို့သော်လည်း တုံ့ပြန်ခွင့်မရှိ။

ကိုယ့်ဘက်က အားနည်းချက်အတွက် တစ်ဖက်သားကို ရန်တွေ့ဖြူစူဖို့ ကိုယ့်မှာ အခွင့်အရေးမရှိပြီပဲ။

လူအများက အားတုံ့အားနာ ဖြစ်ရလောက်အောင် အဆောင်အယောင် အရှိန်အဝါတွေလည်း ဘာဆိုဘာမျှ မရှိတော့ ဟန်ဆောင်အပြုံးနှင့် ဖော်ရွေခဲ့သူများကပင် ပြောင်ပြောင်တင်းတင်း မမြင်ဟန်ဆောင်သွားကြပြီ။ ဒိုတော့လည်း....

နားနေခန်း၏ တံခါးဝဆီမှာ စကားပြောသံတချို့ကြားရသည်။

ဒုရင်းဘက်တ်ပေါ် မှိုလျက် မျက်ခွံတွေမှိတ်ထားလိုက်သည်။

လူတွေ မျက်လုံးအစုံပေါင်းများစွာကို ရင်ဆိုင်ဖို့ အင်အားမရှိ။

ခြေသံတွေက တဖြည်းဖြည်း နီးကပ်လာ၏။

'မိပိုး'

'ညီမလေး'

ခေါ်သံအကြားမှာ ဒုရင်းဘက်တ်ပေါ်က ဝုန်းခနဲ ခုန်ထမိပြီး ဖြစ်နေတော့သည်။

အခန်း [ ၁၃ ]

'ညီမလေး မက်မောတဲ့ အဆောင်အယောင်တွေရုပ်ဝတ္ထုပစ္စည်းတွေဆိုတာ ပကာသနအတွက် အသုံးချတဲ့အရာတွေသက်သက်၊ဘာအနှစ်သာရမှ မရှိတဲ့လူ့ဘဝရဲ့ အရေခွံ ချည်းပဲလို့ သဘောပေါက် နားလည်ဖို့ကောင်းတယ်၊နက်နက်ရှိုင်းရှိုင်း နားမလည်နိုင်သေးဘူးဆိုရင်တောင် ခိုလိုဖရိုဖရဲ ကစဉ့်ကလျားနဲ့ ဘဝတစ်ခုကိုနက်သထက်နက် မှောင်သထက်မှောင်သွားအောင် တွန်းပို့မယ့်အစား နည်းမှန်လမ်းမှန်နဲ့အသစ်ပြန်ပြီး လှူထောင်ဖို့ ကြိုးစားပါကွယ်၊မစူးတော့ဘူး ဆိုပြီးဆက်မနှစ်လိုက်ဖို့တော့ မမကြီးတောင်းပန်ပါရစေ၊ မိသားစုနဲ့အတူပြန်ပြီး အလျင်ကလို ပျော်ပျော်ရွှင်ရွှင် နေကြရအောင်၊ တို့ပတ်ဝန်းကျင်မှာတော့ ညီမလေးကို နှင်းပယ်မယ့် ဖိမယ့် သူတွေ

မရှိဘူး၊ အားပေးမယ့် သူတွေပဲရှိတယ်၊ ဖေးမမယ့် သူတွေပဲ ရှိတယ်'

'ဟုတ်ပါတယ် သူငယ်ချင်းရယ်၊ ဆက်ပြီး မိုက်ဖို့ဆိုတာကို မတွေးပါနဲ့တော့၊ စိတ်ထဲမှာ မှိုမှန်တယ်လို့ သိလာတဲ့အမှန်တရားကို ရဲရဲဝံ့ဝံ့ ဝန်ခံလိုက်၊ အဲဒီအတွက် ဘယ်သူကမှ အပြစ်မတင်ဘူး၊ အခု နင်ကိုယ်တိုင် ခံစား နားလည်လာခဲ့ပြီးပြီ မဟုတ်လား၊ နင့်မှာ အချိန်တွေ အများကြီး ရှိသေးတယ်၊ နင်လိုချင်တဲ့အရာမှန်သမျှ နည်းမှန်လမ်းမှန်နဲ့ ကြိုးစားယူလို့ရသေးတယ်၊ လူမသေမချင်း ဘဝဆိုတာ မသေပါဘူးဟာ၊ နင့်မှာ ကြိုးစားဖို့ အခွင့်အရေးတွေ၊ အချိန်တွေ၊ အခွင့်အရေးတွေ အများကြီး ရှိသေးတယ်၊ တစ်ချိန်ကျရင် နင် ဆုံးရှုံးခဲ့ရသမျှ ပြန်ရလာမှာပေါ့၊ ဘာကိုမှ တွေးကြောက်မနေနဲ့၊ မှားနေတဲ့လမ်းကို မှားမှန်းသိလျက်နဲ့ ဆက်လျှောက်နေရင်တော့ နှစ်သထက် နှစ်ပြီး နောက်ဆုံးနင်လိုချင်သမျှ အကြိမ်ကြိမ်အခါခါ ဆုံးရှုံးရတော့မှာပဲ။

'လောကကြီးထဲမှာ လူမသေခင်က ပုပ်စော်နံနေတဲ့လူတွေ အများကြီးရှိတယ် မိပိုး၊ အဲဒီလူတွေထဲမှာ နင်မပါချင်စမ်းနဲ့'

'မြို့ကို ပြန်လိုက်ခဲ့ပါ ညီမလေးရယ်၊ ပထမ တစ်ကြိမ်ကလို အသိနောက်ကျလို့ ယူကျုံးမရဖြစ်ရတဲ့ ခံစားမှုမျိုးနဲ့ ဘို့ မိသားစုကို မနှိပ်စက်ပါနဲ့တော့၊ မေမေလဲ ညည်းစိတ်နဲ့ပဲ သေလုမျောပါး ဖြစ်နေပြီ'

'တကယ်တော့ ဒီလောက်ပြောနေရဖို့ မဟုတ်ပါဘူးလေ၊ နင် သိလျက်သားနဲ့ ခေါင်းမာနေတာဆိုရင်တော့ ဝမ်းနည်းစရာပဲ'



စကားသံတွေက နီးလာလိုက် ဝေးသွားလိုက်။ ပုံရိပ်တွေလည်း ပေါ်လာလိုက် ပျောက်သွားလိုက်။

ရင်ထဲက နှစ်နှစ်ကာကာ နားလည်လိုက်သည့် အသိကို ဝန်ခံလိုက်ဖို့ဝန်လေးရသည့်အဖြစ်တွေကို ဘယ်သူမှ နားမလည်နိုင်။

သက်ပြင်း အကြိမ်ကြိမ်ရှိုက်ပြီး မျက်လွှာတွေကို အတင်းမှိတ်ထားမိသည်။

နှုတ်ခမ်းတွေ လေးလံစွာ စေ့ပိတ်နေ၏။

ခန္ဓာကိုယ်တစ်ခုလုံးလည်း အရိုးအဆစ်တွေ ပြုတ်ထွက်နေသလို လျော့ရဲရဲနှင့် သယ်ဆောင်လှုပ်ရှားမရချင်တော့။

'ငါ ပြန်မလိုက်ပါရစေနဲ့ သိမ့်ရယ်—

'ဘာဖြစ်လို့လဲ'

အမေးစကားသံ ပြိုင်တူ ထွက်လာသည်။

'သော် ကို ငါ ရင်မဆိုင်ရဲဘူး'

ကြိုးကြာငှက်တို့ အိမ်အပြန်

# အပိုင်း ( ၅ )

အခန်း [ ၁ ]

ပဟော်ရနီပင် ခြေရင်းမှာ ယှဉ်ရပ်ထားသော စက်ဘီး နှစ်စီးသည် ဟိုးအလျှင်က ပုံရိပ်ဟောင်းတွေကို လှစ်ပြ ဖော်ကျူးနေသလိုပင်။

မနေ့တစ်နေ့ကလို ရှင်ထဲမှာ ကျမ်းဝင်ဆဲ ရင်းနှီးဆဲ ဖြစ်ဖြစ်သော အငွေ့အသက် တစ်ခုကို ဝေးလွင့်သွားအောင်ပင် လွင့်ပစ်လိုက်ဖို့ မဘတ်နိုင်ခဲ့ဘာ မဆိုးလွန်းဘူးလားကွယ်။

ပြန်ပြီး မကြွားရဲ။

ပြန်ပြီး မတွေးရဲခဲ့တာ။

ဘာကြောင့်ဟု အကြောင်းပြချက် မရှာကြည့်ရဲ။

သံယောဇဉ်ဆိုတာကို မေ့ပစ်ဖို့ဆိုတာ အလွယ်တကူမဖြစ်နိုင်ဘဲ။

သို့ပေမယ့် နာကြည်းခဲ့သည်။

မေ့ချင်ခဲ့သည်။

နောက်တစ်သက် ပြန်ပြီး မဆုံပါရစေနဲ့ဟု ဆုတောင်းချင်ခဲ့သည်။

အတိုင်းအဆမဲ့စွာ ချစ်ခဲ့ရသလောက် နက်နက်ရှိုင်းရှိုင်း နာကြည်းခဲ့ရသည်။

နောက်ပြီး ဝမ်းနည်းနာကျင်ခဲ့ရသည်။

ဒါဆို သတိမရဘဲ နေနိုင်ပြီလားဆိုတော့လည်း....

'သူ နှင့်ကိုမမေ့သေးဘူး မျိုးသော်'

'ငါကတော့ သူ့ကိုမေ့ချင်တယ်'

ရယ်သံလွင်လွင် ကြားရသည်။

'မေ့တော့မမေ့ဘူး မဟုတ်လား'

စေတီတော်၏ အထက်အမြင့် ထီးတော် ငှက်မြက်နားတိုင်ဆီ မော့ကြည့်ရင်း နှုတ်ဆိတ်နေလိုက်သည်။

ဝန်ခံခြင်းဟူသော သဘောအစိပ္ပာယ် နားလည် အယူလွဲလေမည်လား မသိ။

သည်နေရာကို မရောက်လာဖြစ်ခဲ့တာ ကြာပြီ။

ခြေဦးမလှည့်ဖြစ်တာ ကြာပြီ။

ခြေဦး မလှည့်တော့ဘူးဟုလည်း ဆုံးဖြတ်ချက်လားခဲ့ဖူးသည်။

သိမ့် ရောက်လာပြီး....

'မြို့ဦးစေတီဘက် သွားရအောင်'



ဆိုတော့ စိတ်ထဲ အထူးအဆန်းလို ထင်မိသေး၏။

ဘာကြောင့် မငြင်းလိုက်မိမှန်း ကိုယ့်ကိုကိုယ်မသိ။

သည်ရောက်ပြန်တော့ ရှပ်ရှင် ဇာတ်ကားဟောင်း တစ်ခု ပြန်ကြည့်ရသလို စကားသံတွေ ပြန်ကြားသည်။

ပုံရိပ်တွေ ဝိုးတဝါးပြန်မြင်သည်။

'သူ မမေ့ဘူးဆိုတာက တခြားသူတစ်ယောက် ရင်ခွင်ထဲမှာ စည်းစိမ်တွေအပြည့်နဲ့ အပျော်ကြီးပျော်နေပြီး ဖြုန်းခနဲ အိပ်မက်ကလန့်နိုးမှ သတိရလာတာမျိုးပါ၊ သောကဒုက္ခဆိုတာကို ကြုံလာမှ စွဲမိစွဲရာ စွဲတာမျိုး'

'ဘူကလဲ အဲလိုပဲပြောတယ်'

'ဘာ'

သိမ့်က ဒေါသကြီးရန်ကောဟု သူ့ကို မော့ကြည့်ပြီး ရယ်ပြန်သည်။

'နှင် အဲလိုထင်မှာ ပြောမှာကို သူသိနေတယ် သော်ရဲ'

'မဟုတ်လို့လား'

'ဘာပဲဖြစ်ဖြစ်လေ၊ တို့မှာ တာဝန်ရှိတယ် မဟုတ်လားသော်၊ ငိုးဖြူ လမ်းကောင်းလမ်းမှန်ပေါ်မှာ ခိုင်ခိုင် မတ်မတ် လျှောက်နိုင်ဖို့ ဖေးမပေးရမှာက တို့တွေရဲ့ ဝတ္တရားမဟုတ်လား၊ တို့ဟာ ငယ်ငယ်ကလေးတည်းက ပေါင်းလာတဲ့ ငယ်ပေါင်းတွေပါဟယ်'

'ငါ့ကို အဲဒီစကားတွေ လာပြောမနေနဲ့ သိမ့်'

အော်ပစ်လိုက်တော့ သိမ့်မျက်နှာမှာ ညှိုးမှိုင်းသွားလေသည်။

မပြောသင့်မှန်း သိလျက် ဘေးမှာတစ်ယောက်တည်းရှိနေသူ သိမ့်ကိုပဲ ပိုပြီးပြောဖြစ်ရပြန်သည်။

'တခြားသူတွေကောင်းတယ်၊ ချစ်တနာထားတယ်၊ သံယောဇဉ် ရှိတယ်ဆိုတာထက် အဆဆစ်ပုံ အဆတစ်ထောင် ငါက သူ့အပေါ် ကောင်းခဲ့တယ်၊ ချစ်တနာထားခဲ့တယ်၊ နင့်ကိုတော့ ငါ အားနာပါတယ်၊ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး ငါ့ကို ဘာမှလာမပြောနဲ့။

'ငါ သူ့အတွက် ဘယ်လောက်ထိ ဖြည့်စွမ်းပေးခဲ့သလဲ၊ အဲဒါတွေကို သူက တန်ဖိုးမထားဘူး၊ နားမလည်ဘူး၊ နောက်ဆုံး အသိအမှတ်ပြုဖို့တောင် ဝန်လေးခဲ့တာ။

'ခုတော့ ကုန်ပြီ၊ ငါ့ဘက်က ပေးနိုင်သမျှ ကုန်ပြီ သိမ့်'

'ဟုတ်ပါပြီ မျိုးသော်၊ ငါနားလည်ပါတယ်၊ နားလည်လို့လဲ နင့်ကို ဘောင်းပန်နေတာပေါ့၊ ပိုးဖြူအပေါ်မှာ နင့်လောက် ဘယ်သူမှ မကောင်းနိုင်ဘူးလို့ သိနေလို့လဲ ဒီစကားတွေကို ပြောနေရတာပေါ့။

'မျိုးသော်ရယ်… နင့်ဘက်က နည်းနည်းလေးပဲလျှော့လိုက်ဖို့ပါ၊ အလျှင်က သူငယ်ချင်းတစ်ယောက်လို အဆက်အဆံမျိုးနဲ့ သူ့ကိုခွင့်လွှတ်နားလည်ပေးဖို့၊ လိုက် လျော ငဲ့ညှာ ဖို့ အဲဒါလေးပါပဲ၊ သူ အခု သိပ်ပြီး စိတ်ဓာတ်တွေကျနေတယ် သော်'

အုတ်လှေကားရင်းမှာ ထိုင်ချလိုက်ပြီး လယ်ကွင်းတွေပေါ် အုပ်ဖွဲ့ ပျံသန်းသွားသော ဗျိုင်းဖြူတို့ဆီငေးကြည့်မိသည်။

လေတိုးသံနှင့်အတူ သိမ့်စကားသံတွေ နားစည်ကို တဝုန်းဝုန်း ရိုက်ခတ်လာနေ၏။

'ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတစ်ယောက် ပိုင်းပြီး ပံ့ပိုးကူညီတဲ့ သဘောပါပဲ၊ သူနားလည်နေပါပြီ၊ နင့်ရဲ့ချစ်တနာ



တွေ သဘောထားကြီးပြီး အနစ်နာခံခဲ့တာတွေကို သူ တဖွဖွ ပြောမဆုံးပါဘူး။

....◎....

## အခန်း [ ၂ ]

'ခုတော့ ကမ်းမမြင်ရတဲ့ ပင်လယ်ကြီးထဲ လက်ပစ်ကူးနေရသလိုပဲ၊ သူ ဘာကိုဆုပ်ကိုင်ရမှန်းမသိ၊ ဘယ်သူ့ကို အားကိုးရမှန်းမသိ ဖြစ်နေတယ်၊ သူ့ကို ဖေးမကူညီပါဦး မောင်ရယ်၊ ငယ်သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး ဖြစ်ဖြစ်'

'တော်ပါတော့ သိမ့်ရယ်'

နောက်ထပ် သိမ့်စကားသံကို မကြားရတော့ပါ။

ရှက်ခြောက်ကြေတစ်ရွက်ကို ညှာတံမှ လှည့်ပတ်ကစားနေရင်း သိမ့်အတွက် လောလောဆယ် စိတ်ကျေနပ်စရာစကားတစ်ခွန်းတလေ ရှာကြံမိသည်။

မတွေ့။



မပြောချင်။

ဘယ်လိုမှ ခေါင်းမညိတ်လိုက်ချင်။

ကိုယ့်ဘက်က ဘယ်ရွေ့ဘယ်မျှ ကြိတ်မှိတ်ခံစားခံစားခဲ့ရသည်ဆိုတာ ဘယ်သူက ကိုယ်ချင်းစာနိုင်မှာတဲ့လဲ။

'သိမ့်ရယ်....ငါ့ကိုနင် ကိုယ်ချင်းမစာနိုင်ပါဘူး'

သဲမှုန်တွေ လေပွေတွေနှင့်အတူ လွင့်တက်လာသည်။

ရင်ထဲကအပူသည် ကခုလမ်းမပေါ်က တံလျှပ်တွေလို တရှိန်ရှိန်တလက်လက်။

လိုက်ခနဲ ဆို့တက်လာသည့် ဝမ်းနည်းကြေကွဲမှုက ဘာအတွက်ရယ်ကြောင့် မသိ။

'ငါ သူ့ကို ဘဝနဲ့ရင်းပြီးချစ်ခဲ့တာ၊ ငါကြိုးစားခဲ့သမျှ ငါပေးဆပ်ခဲ့သမျှ အချစ်တွေ စေတနာတွေကို သူစော်ကားခဲ့တယ်၊ ဒါပေမယ့် ငါခွင့်လွှတ်ခဲ့ပါတယ်၊ တစ်ကြိမ်တည်း မဟုတ်ဘူး၊ အကြိမ်ကြိမ်၊ အကြိမ်ကြိမ်'

လည်ချောင်းတွေထဲအက်ကွဲပြည့်သိပ်လာသည်က ကြေကွဲခြင်းတွေလားမသိ။

ချစ်သူအတွက် ပူပင်စိုးရိမ်စိတ်တွေကြောင့် အိပ်ပျက်ခဲ့ရသည့် ညတွေ။

ပြန်ရောက်လာနိုး မျှော်လင့်စိတ်စောခဲ့ရသည့်နေ့တွေ။

ရည်ရွယ်မျှော်လင့်ခဲ့သမျှ ကမ်းစပ်က သဲအိမ်တစ်ခုလို ရေလှိုင်းတွေထဲ ပြိုကွဲလွင့်စဉ်သွားခဲ့သည်ကို စောင့်ကြည့်ရင်း အံကြိတ်အားယူ ကြေကွဲပူဆွေးခဲ့ရသည့်ရက်တွေ၊ နာရီတွေ စက္ကန့်တွေ။

ဘယ်လိုဖြတ်သန်း လွန်မြောက်ခဲ့သည်ဆိုတာ သူမကတော့ ...ည့်မဟုတ်ပါ။

သိမ့်ထံက စကားတစ်ခွန်းမျှပင် မကြားရတော့။

မျိုးသော်ဆိုသည့် လူတစ်ယောက်မရှိလျှင်လည်း ငွေမိုး ဖြူ့ရဲ့ဘဝကတော့ ဆက်လက်ရှင်သန်နေမှာပါပဲ။

ဘယ်လိုပုံစံမျိုးနှင့် ဖြစ်ဖြစ်ပေါ့လေ။

နှစ်ဦးသား သက်မဲ့အရုပ်တွေလို ငြိမ်သက် တွေဝေနေမိကြသည်။

အဝေးပြေး ကားလမ်းမဆီမှာ အီဗူဇူးကားတစ်စီး ညည်းညူသံဖြင့် မောင်းနှင်လာသည်။

ရိုးပြတ်တွေသာ ကျန်သော လယ်ကွင်းပြင်ကျယ်သည် ခြောက်သယောင်းနေ၏။

ရင်ထဲမှာ ပုံတင်ထပ်သော စကားတွေ ကိုယ်စီရှိနေကြမည် ဆိုတာ ဖွင့်မပြောဘဲ သိကြသည်။

သိမ့်က အလျှင်ထရပ်ပြီး စက်ဘီးသော့ကို ဖွင့်သည်။

ဘုတ်လေ့ကားရင်းဆီမှ လေးကန်စွာ ထဖြစ်၏။

မျက်နှာချင်းဆိုင်လမ်းမှာ ဆုံဖြစ်ခဲ့လျှင် ပြုံးပြလိုက်ရမလား၊ သည်မျှလောက် လိုက်လျောနိုင်မည် ဆိုလျှင်တောင် ကိုယ့်ကိုယ်ကို မချင့်မရဲ ဖြစ်မိလိမ့်မည်။

နှလုံးသားကတော့ ခုတိုင်ငြိမ်သက်နေဆဲဟု ယုံသည်။

'မျိုးသော်'

ပြန်မထူးဘဲ သိမ့်လှည့်အကြည့်ကို စောင့်နေသည်။

'သူပြန်လာလိမ့်မယ်'

'ဘယ်ကိုလဲ'

'ဒီကိုပေါ့'

မင့်သက်မျှဉ်းမျှဉ်း ရှိုက်ဖြစ်သည်။



'ဒါပေမယ့် ဟာ နင်မလာစေချင်မှန်း သူသိရင်တော့ လာမှာ မဟုတ်ပါဘူး'

'မလာစေချင်ဘူးလို့ ငါ မပြောပါဘူး'

သိမ့်က မျက်နှာလွှဲသွားသည်။

သိမ့် ပြုံးနေလိမ့်မည်ထင်၏။

'အမှန်အတိုင်း ဝန်ခံပါသော်၊ ဘယောဇဉ်ဆိုတာ ကြိုးတစ်ချောင်းလို အလွယ်တကူပြတ်လို့ရနိုင်တာမျိုး မှမဟုတ်တဲ့'

သည့်တစ်ခါတော့ မျိုးသော် ဖက်ဖက်ပက်ပက် ရယ်ပစ်လိုက်မိသည်။

သည်စကားလုံးမျိုးနှင့် မျိုးသော်ကို နှိပ်စက်ကလူပြုဖို့ မသင့်မှန်း သိမ့် မတွေးမိဘူးထင်ပါရဲ့။

စက်ဘီးသော့ကိုဖွင့်ပြီး မြေနီလမ်းတစ်လျှောက် တွန်းယူခဲ့သည်။

ပြန်ဖြေစရာ စကားမရှိ။

နောက်ထပ်ပြောစရာစကားလည်း မကျန်တော့။

ဘိုပ်မကွာလှမ်းလှသော ကာလငယ်တစ်ခုမှ သူမနှင့် မျိုးသော် မျက်နှာချင်း ဆိုင်ဖြစ်ဦးမှာပါ။

'ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူပြန်လာမယ်ဆိုရင် ဝမ်းသာပါတယ်'

'ဒါပေါ့ သော်ရယ်၊ တို့ဝမ်းသာရမှာပေါ့'

ကတ္တရာလမ်းမကြီးပေါ် ရောက်လာသည်။

ဟိုတုန်းက ခြေရာများစွာ ခုတိုင်ထင်ကျန်ရစ်ဆဲလို့ စိတ်ထဲထင်မိသည်မို့ မြို့ဦးစေတီတော်အခင် လမ်းကလေးဆီ ...က်လှည့် ပြန်မကြည့်ရဲ။

'ငါ အိမ်ဘက်သွားကြည့်လိုက်ဦးမယ် သိမ့်'

'မင်္ဂလာလမ်းထဲလား'

'အေး၊ နင်လိုက်ဦးမလား'

'ဟင့်အင်း၊ ငါပြန်တော့မယ်'

သိမ့်က လက်ပြနှုတ်ဆက်ပြီး စက်ဘီးကို နင်းသွားသည်။

နေပူထဲမှာ နွမ်းကြေနေသော နှလုံးသားတစ်စုံသာ သူနှင့်အတူ ရပ်လျက်ကျန်ရစ်ခဲ့၏။

....◎....

အခန်း[ ၃ ]

တံခါးပိတ်ထားသော တိုက်ပုကလေးရှေ့မှာရပ်ပြီး စက်ဘီးကို ဒေါက်ထောက်လျက် ခြံတံခါးကို တွန်းဖွင့်သည်။

သစ်မြသစ်ဆဲဖြစ်သော စိတ်ကူးထဲက အိမ်ကလေးသည် ခုထိ ထီးတည်း ရှိနေဆဲ။

အိမ်ရှေ့တံခါးသည်လည်း ပေါလစ်မှုန်ရောင် ပြောင်လက်နေဆဲ။

လျှောဘိုးကွက်ခင်းထားသောကြမ်းပြင်သည်လည်း အတက်အဆင်း နင်းသွားမည့်သူ မရှိဘဲ ဖုန်တွေကပ်တင်နေဆဲ။

ကိုယ်ပေးစွမ်းနိုင်သလောက် အတိုင်းအတာအထိ အကျုန်ပေးဆပ်ခဲ့သည်။

ခွင့်လွှတ်နိုင်သမျှ အဆုံးအထိ ခွင့်လွှတ်ခဲ့ပြီးပြီ။
မိပိုးရယ်....
နှင်မှုမထိုက်တန်ခဲ့ဘဲ။
ငါ့ခံစားနာတွေကို နှင်မှုလက်ခံမယူခဲ့ဘဲ။

....◎....

'သော်....အိမ်ဘက်လာခဲ့ပါဦးလား'

ချေးခြင်းတောင်း လက်မှာကိုင်လျက် မမနီကို ဆိုင်ရှေ့လမ်းပေါ်မှာ မြင်ရသည်။

'ကျွန်တော် မအားသေးလို့ မမနီ'

'မင်းသူငယ်ချင်း ပြန်ရောက်နေတယ်လေ'

ဆိုင်ဘေးဘက် လှေကားရင်းမှ ရပ်ကြည့်နေသော မေမေ့မျက်ဝန်းတွေကို စိတ်က အလိုလိုသိနေသည်။

'ဟုတ်ကဲ့...ကြားပါတယ် မမနီ'

'အားတဲ့အခါ ဝင်ခဲ့ဦးပေါ့'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

ပျက်လုလုဆဲဆဲမျက်နှာကို အနိုင်နိုင်ထိန်းရင်း ပြုံးလျက်နှုတ်ဆက် ထွက်သွားသော မမနီကို မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။

စိတ်အစဉ်က ခန္ဓာကိုယ်နှင့် ပူးတုံခွာတုံ။ သွေးလည်ပတ်စီးဆင်းမှုတွေ မြန်ဆန်ပြီး မောပန်းလာ၏။



တစ်နေ့နေ့တော့....
ပြန်ပြီး ဆုံကြရဦးမည်ပေါ့။
မြုံးပြဖို့ ဝန်လေးနေခဲ့လျှင် အပြစ်တင်စကား ဆိုမည်လား မိုးဖြူ။

ကမ္ဘာကြီး လုံးဝန်းနေသည်က သူ့သဘာဝမို့ မျက်နှာချင်း ဆိုင်ဖို့အရေးကို ဝန်တာကြီးလေး ပင်ပန်းစရာဟု ထင်ဖို့ မကောင်းပါ။

....◎....

နှစ်ပေမီးချောင်းရောင်အောက်မှာ သတင်းစာကို မျက်မှန်နှင့် ထိလုမတတ် ကြည့်နေသော မေမေ့ကို ဖေဖေက....

'အဲဒါကြောင့် မင်းမျက်စိမှုန်တာပေါ့'

ဟု လှမ်းပြီး ငေါက်ငမ်းသည်။

ခေါက်ဆွဲခြောက် ပုံးအလွတ်တွေကို အခန်းထောင့်မှာ စီထပ်ရင်း မေမေ့ထံ လှည့်အကြည့်မှာ မေမေက လက်ယပ်ပြီး လှမ်းခေါ်သည်။

'ပြောစရာရှိတာတော့ ပြောရဦးမယ်ကွယ်'

ဟု အဆက်အစပ်ကင်းမဲ့စွာ စကားဦး သမ်း၏။

ဖေဖေက မျိုးသော်ကို တစိုက်မတ်မတ် လိုက်ကြည့်နေ၏။

မေမေထိုင်နေသည့် သင်ဖြူး အစွန်းကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေ ထိုင်ချလိုက်သည်။

'အားရဲ့အိမ်ထောင်ရေးကို ဆွေးနွေးဖို့ မဟုတ်ဘူးလို့ ကြိုပြောထားမယ်နော်၊ မိပိုးကလေးနဲ့ ပတ်သက်ပြီးတော့...'

'ဟာ... မေမေ'

'နေစမ်းပါဦး၊ ဆုံးအောင်နားထောင်ဦး၊ စိတ်လိုက်မာန်ပါ မပြောမီ မဆုံးဖြတ်မိအောင် မေမေ ပြောပါရစေ။

'လမ်းမှားကနေ လမ်းမှန်ကိုရောက်လာတဲ့ လူတစ်ယောက်ကို မကြိုးဆိုဘဲ ရင်ဝကိုခြေနဲ့ဆီးကန်တာမျိုးတော့ မဖြစ်စေချင်ဘူး သားရယ်။

'သားရဲ့ပယောဂကြောင့် သူ လမ်းမှားကို ပြန်ရောက်သွားဦးမယ်ဆိုရင် သားကိုယ်တိုင်လဲ ဖြေနိုင်မှာမဟုတ်ဘူး၊ တတ်နိုင်သလောက် ကူညီဖေးမပြီး လမ်းဖြောင့် လမ်းမှန်ပေါ်ကို တွန်းတင်ပေးဖို့ပဲ သားရယ်'

ဒူးနှစ်လုံးကြား ခေါင်းဝှက်ထားလိုက်ရင်း မေမေ့စကားမှတ္တ ဆုံးအောင်တော့ သည်းခံနားထောင်လိုက်သည်။

'ဟုတ်ကဲ့ပါသား'

ဘုံ ဖေဖေကပါ ထောက်ခံစကား ပြောလာတော့ ဖေဖေနှင့် မေမေ့ သဘောထားကို မအံ့သြဘဲ မနေနိုင်။

ကိုဇော်တို့ အိမ်ထောင်ပြုသွားစဉ်က ဖေဖေနှင့် မေမေ နှမ်ဦးလုံး ဆိုးသည်ကောင်းသည် မဝေဖန်ဘဲ ငြိမ်နှုတ်ပိတ်နေခဲ့ကြသည်။

ပိုးဖြူနှင့်မျိုးသော် ပဋိပက္ခကိုလည်း သိလျက်နှင့် မသိဟန် ဆောင်နေခဲ့သည်။



မင်္ဂလာလမ်းကအိမ်ကို ပိုးဖြူအတွက် ရည်ရွယ်ထားမှန်း သိလျက် ကန့်ကွက်စကား တစ်ခွန်းပင်မဆို။

ဖေဖေနှင့် မေမေက ပိုးဖြူကို သမီးရင်းချာလို ချစ်ခဲ့သော်လည်း ပိုးဖြူအလိုရမ္မက်ကြီးတတ်သည့် စိတ်ကလေးကိုတော့ မနှစ်မြို့နိုင်မှန်း ဟိုးကလျှင်ထဲက ရိပ်မိ နားလည်ခဲ့သည်။

မင်းနဲ့ မျက်နှာချင်းမဆိုင်ရဲလို့ သူ ဒီကို ပြန်မလာချင်ဘူး၊ ဒီမှာမနေချင်ဘူးဆိုရင်၊ ဟိုးအလျှင်ကထက်ဆိုးတဲ့ ဘဝကို သူရောက်တော့မယ်။

'ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီဖေးမမှသာလျှင် မိတ်ဆွေကောင်း ဖြစ်ပေလိမ့် သားရဲ့။

'ဟင့်တောင့် တင့်တယ်ဖြစ်နေတဲ့အချိန်မှ အနားကပ်ချင်တဲ့ သူကိုတော့ သာယာပေါင်းညာစားလို့ ခေါ်တယ်'

ရှယ်စရာလိုလို အသည်လိုလိုနှင့် ဖေဖေက စကားကိုအဆုံးသတ်သည်။

'ကျန်တာကတော့ မင်းသဘောပါကွယ်၊ လောလောဆယ်မှာတော့ သူရောက်လာတာကို အသိအမှတ်ပြုတဲ့ အားပေး နှစ်သိမ့်စကားလေးပြောဖို့ တာဝန်ရှိတယ်သား'

ထိုင်နေရာမှ ခပ်ဖြည်းဖြည်းထပြီး ဝရန်တာဆီ လျှောက်လာခဲ့သည်။

လတစ်ခြမ်းကွေးသည် ထန်းပင်တစ်ပင်၏ ထိပ်ဖျားထက်မှာ တင်နေ၏။

'ကျွန်တော် နောက်တစ်ခါ အစော်ကားမခံနိုင်တော့ဘူး မေမေ'

....◎....

သည်နေရာကို ဘာကြောင့် ရောက်လာမိသည်လဲ၊

တံချပ်ရောင် တဖြောင်ဖြောင် ကလက်လက် ထနေသော ကတ္တရာခင်း ကားလမ်းမရှည်သည် မျက်စိတစ်ဆုံး ရှည်လျားလျက် ကွေ့ကောက်သွယ်တန်းသွား၏။

ဘေးတစ်ဖက်တစ်ချက်စီမှ လယ်ကွင်းပြင်များကတော့ ရိုးပြတ် ငုတ်တိုများ။

မြေပပ်ကြားအက်များ။

အချို့နေရာမှာ ရေတ်ခင်း ပဲခင်းများနှင့် နွေသရုပ်ကို တစ်စိတ်တစ်ပိုင်း လှမ်းပြနေကြသည်။

ကားလမ်းမရှည်၏ နံဘေးတစ်နေရာမှာတော့အုတ်တံတိုင်း ပျက် ကာရံလျက် ဆည်းလည်းသံ တလွင်လွင်နှင့် စေတီတော် တစ်ဆူရှိသည်။

အုတ်တံတိုင်းအပြင်ဘက်က ရှည်မျော အုပ်ဆိုင်းသော မဟော်ဂနီ ပင်ကြီးများ၏ ရောက်မလာတာ ကာလကြာမြင့်ဖြစ်သော ညှိုသည်တစ်ယောက်ကို ဆီးကြို အပြစ်တင်နေသယောင် ရှိ၏။

သစ်ပင်ကြီးများ၏ အေးမြငြိမ်းချမ်းသောအရိပ်အာဝါသက မျိုးသော်အတွက် အတိတ်ဟောင်းတစ်ခု၏ အရိပ်အောက် ပြန်လည် ရောက်ရှိသွားသလို ဆွတ်ပျံ့စေနိုင်သည့် အဓိကရ အမှတ်အသားပင် ဖြစ်သည်။

သည်နေရာမှာ သူတို့ မကြာခဏ ဆုံဖြစ်ခဲ့ကြဘာပေါ့။

သည်နေရာမှာ သံယောဇဉ် စကားတွေ ဆိုဖြစ်ခဲ့ကြတာပေါ့။



သည်နေရာမှာ ဆုံမိတိုင်း ရန်မဖြစ်ရသောနေ့၊ အငြင်းအခုံ မဖြစ်ရသောအကြိမ်လည်း မရှိ။

ခုတော့လည်း လှမ်းစရာလိုလို....

နာစရာလိုလို။

စက်ဘီးကို လမ်းမကြီးက ဖဲ့ဆင်းပြီး မဟော်ဂနီပင်ကြီးတွေ ရှိရာမြေလမ်းအတိုင်း တွန်းယူခဲ့သည်။

သစ်ပင်ရိပ်တွေ အုပ်ဆိုင်း ကွယ်ကာထားသော စေတီတော်၏ အုတ်တံတိုင်း အတွင်းဘက်ကို ရုတ်တရက် မမြင်နိုင်ပါ။

ပင်စည်လုံးပတ်ကြီးသော မဟော်ဂနီပင် အောက်မှာ စက်ဘီးဒေါက်ထောက်ထားလိုက်ပြီး သားရေဖိနပ်ကို ချွတ်လိုက်သည်။

ကျေးငှက်သံတို့ တစာစာညံနေသော ပတ်ဝန်းကျင်မှာ ဆည်းလည်းသံကို ကြည်နူး ဆွတ်ပျံ့ဖွယ် ခပ်မှန်မှန် ကြားနေရသည်။

စိန်ဖူးတော်ဆီ ခေါင်းမော့ ဖူးမျှော်စဉ် ဖြည်းဖြည်းရွေ့လျား မျောလွင့်နေသော တိမ်တိုက်ဖြူဖြူတို့ကို မြင်သည်။

အတောင်ပံဖြန့်ကားပြီး လေဟုန်စီး ပျံဝဲနေသည့် ငှက်မောင်နှံကိုလည်း မြင်သည်။

ကောင်းကင်ပြင်ကျယ်ကြီးထဲ ဦးတည်ရာမဲ့ ပျံသန်း လွတ်လပ်ချင်သည့် ငှက်ငယ်လေးတစ်ကောင် အသိုက်အမြုံရှိရာကို ပြန်ရောက်လာသည့်အတွက် ကောင်းချီးပေး ဝမ်းမြောက်ရမည်ပေါ့။

ပိုးဖြူရေ....

နှလုံးအိမ်ဘိက ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကွယ်လွင့်ပါး သွားမည့် နေ့တစ်နေ့မှာတော့ ဆိုနိုင်ကောင်းရဲ့လို့ပဲ အမှတ်အတေးထားချင်ပါရဲ့။

နာကျင်ဆဲနှလုံးသားမှာ ချစ်ခြင်းဆိုတာဘာလဲ၊ သံယောဇဉ်ဆိုတာတွေ သိုဝှက် ပုန်းခိုနေဆဲလားဆိုတော့ ကိုယ့်ကိုကိုယ်လည်း နားမလည်နိုင်။

မဟာသုမ်တာကိုင်း အုတ်လှေကားထပ်ပေါ် တစ်လှမ်းချင်း တက်ခဲ့သည်။

ချစ်သူ၏ ရယ်မောသံကို နားမှာ ဆက်ဆက်ကြားလာရသလို။

မျိုးသော်ဆိုသည့် လူတစ်ယောက်ဟာ သူမအတွက် သက်သက် လူဖြစ်လာရသည်လို့ ဘင်မိရလောက်အောင်ပင် သူမကို ရူးနှစ် နှင့်သည် ထိ ချစ်ခဲ့ဖူးသည်။

ချစ်ခဲ့ဖူးသည်လေ။

အင်္ဂတေကြမ်းခင်း ပေါက်ပြဲပြီး အုတ်ခဲကျိုးတွေ ပေါ်နေသည့် ကြမ်းပေါ် ခြေဖွဖွပြီးလျှောက်လာခဲ့သည်။

ဘုရားဖူး ရည်ရွယ်ခဲ့သည် မဟုတ်မှန်းတော့ မဝံ့မရဲ ဝန်ခံရမည်။

လယ်ကွင်းပြင်ကို လှမ်းမြင်ရသည့် ရင်ပြင်တော်ဘက်ဆီမှာ ကျောခိုင်းထားသည့် သဏ္ဌာန်တစ်ခု။

လိုင်းတွန့်ဆံပင်ရှည်ကို ငွေရောင်ကလစ်ဖြင့် စုစည်းထား လျက် နက်ပြာရောင် မျှားမျှားပါသည့်ပါတိတ် ထက်အောက်ဆင်တူဝတ်စုံ။

ခပ်သွယ်သွယ် အချိုးကျပြေပြစ်သော ကိုယ်ခန္ဓာ။



ပြီးတော့ ပုလဲရောင်လို ဝင်းမွတ် သော အသားအရောင်။

ခဲမရှုးအောင် ဖွနှင်းသာသည့်ခြေသံကို သူမ ဘယ်လိုကြားနိုင်သည်မသိ။

တစ်စောင်းလှည့်လာသော ပါးပြင်ပေါ်မှာ ဆံနွယ်ခွေတို့ တလှုပ်လှုပ် တဖျပ်ဖျပ် လွင့်နေသည်။

သူမမျက်ဝန်းတွေက ဟိုစဉ်ကလို အောက်ပန့်နဲ့လဲခြင်းတွေ မတွေ့ရတော့။

ပန်းသွေးရောင် နှုတ်ခမ်းတွေ သွေ့ခြောက်ပြီး အက်ရာပင် ထင်နေသလို အရောင်လွင့်ပြယ်ခဲ့ပြီ။

အစဉ်သန့်ဆတ်နေတတ်သည့် ပန်းကလေးတစ်ပွင့် ခေါင်းငိုက် ညှိုးကျနေသည့် ပန်းချီကား တစ်ချပ်ကိုမြင်ရသလိုပင်။

နှလုံးခုန်သံတွေ ဆက်ခနဲ ရပ်တန့်သွားပြီးမှ တလှုပ်လှုပ် လျှင်မြန်စွာ ခုန်လာပြန်သည်။

ခန္ဓာကိုယ် အရေပြားတွေ ရှိမ်းမြပုခန္ဓားပြီး ခန္ဓာကိုယ်ထဲ လျှပ်စစ်လိုင်းတစ်ခုလို စီးဝင်လာသည့် တစ်စုံတစ်ရာကို ဖမ်းဆုပ် ထိန်းချုပ်မရနိုင်ခဲ့။

မျက်လုံးတွေ တစ်နေရာတည်းမှာ စူးစိုက်ပြီး ခန္ဓာကိုယ်က ကျောက်ရုပ်တစ်ရုပ်လို တောင့်မတ်နေသည်။

ရင်ထဲပွက်ပွက်ထနေသည့် ချော်ရည် ချော်မြှုပ်များ ဘယ်ဆီမှ စီးဆင်းမသွားနိုင်ဘဲ တရှိန်ရှိန်တောက်လောင်နေသည်။

ဒါဟာ သိပ်ပြီး ရက်စက်လှတဲ့ တိုက်ဆိုင်မှုတစ်ခုပါလား။

သစ်ရွက်ကြွေသံကလေးကိုပင် ကြားရလောက်အောင် တိတ်ဆိတ်ဝန်းကျင်က ရုတ်တရက် တိတ်ဆိတ်သွားသည်။

လှမ်းကြည့်လိုက်သော မျက်ဝန်းတစ်စုံ၏ နူးညံ့လှသော တောင်းပန်တိုးလျှိုးသည့် အရိပ်အယောင်တွေအောက်မှာ ခံစားမှု မှန်သမျှ ထုံကျဉ်အေးစက်ကုန်သည်။

မဆုံချင်ခဲ့ဘူးလေ။

သည်မျက်ဝန်းတွေကို သိပ်ကြောက်လန့်ခဲ့ရတာပါ။

ခြေဖဝါးကို ကြွကြည့်သည်။ ကိုယ်ကို နောက်လှည့်လိုက်ဖို့ တွန်းရွေ့သည်။

စိုလဲ့ကြည်လက်လာသည့် မျက်ဝန်းတစ်စုံက တဆတ်ဆတ် ခုန်နေသော နှလုံးသားကို တစ်စချင်း ပဲ့ကြွေ အရည်ကျစေနိုင်သည်ဆိုတာကိုသိနားလည်လိုက်မိသည့်အခိုက်အတန့်မှာ သူမ ခြေ့က သံမှန်လေးတစ်မှန်လို ပွင့်ပါးတွက်ပြေးသွားချင်တော့သည်။

ခြေ့က အရိပ်ကို သဲသဲကွဲကွဲ မမြင်ရချင်တော့။

မျက်လုံးထဲမှာ အစိမ်းရောင် အဝါရောင်တွေ ပင်လယ်ပြင်ကြီးလို ပြစ်သွားသည်။

မျက်ဝန်းအိမ်ထဲ ပူနွေးကျိန်းစပ်လာသည်။

မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ရင်း လက်ချောင်းတွေ ကျစ်နေအောင် ဆုပ်ထားလိုက်သည်။

ထွက်သွားရမည်။ သူမ ခြေ့က ထွက်သွားရမည်။

ခပ်ဟဟပွင့်လာသော နှုတ်ခမ်းတစ်စုံသည် ခုချိန်မှာ ဆိုးဆေးရောင်တွေမရှိတော့သည့် ပကတိ ပန်းရောင်ဖျော့ဖျော့ ဖြစ်နေသည်။

မျက်ရည်စက်တွေကြောင့် မျက်နှာပေါ် ဆံမျှင်များ စိုကပ်နေသော မျက်နှာလှလှသည် ဟိုစဉ်ကတော့ တမက်တမော ငေးကြည့်ခဲ့ရဖူးသည့် မျက်နှာဖြစ်သည်။



မရှိုက်မနမ်းရက်အောင် မြတ်နိုး တန်ဖိုးထားခဲ့ရသည့် မျက်နှာ ဖြစ်သည်။

မလွင့်မကြွေအောင် ထိန်းသိမ်းခဲ့ရသည့် ပွင့်ဖတ်တစ်ခု ဖြစ်သည်။

ကိုယ့်ဘက်ကတော့ အတိုင်းအဆမဲ့သော ချစ်ခြင်းတွေ ချည်းသာ ပေးအပ်ခဲ့သည်။

အတတ်နိုင်ဆုံး သန့်စင်ပြီး ကြွေသားလို တောက်ပနေစေချင်သည့် စေတနာတွေချည်းသာ ထားရှိခဲ့သည်။

သူမကတော့....

'တောက်'

လျှာနှင့်သွားကို ခပ်ပြင်းပြင်း ရိုက်လျက် တက်ခေါက်လိုက်သံက ဝန်းကျင်တစ်ခုလုံး ကျယ်လောင် မြည်ဟည်းသွားသည်ဟု စိတ်ထဲထင်လိုက်မိသည်။

ခန္ဓာကိုယ်တစ်ခုလုံး ချာခနဲနေအောင် လှည့်ပစ်လိုက်၏။

အင့်ခနဲရှိုက်သံကြားလိုက်ရစဉ် ဘယ်ဘက် ရင်အုံက သံချွန်တစ်ခုနှင့် ဆောင့်ထိုးခံလိုက်ရသလို စူးရှ နာကျင်သွားသည်။

အောက်နှုတ်ခမ်းကို ဖိကိုက်ထားလျက် ခြေဖဝါးကို အုတ်ခဲကျိုးတွေပေါ် ဖိနင်းချလိုက်သည်။

'သော်'

ဟင့်အင်း....

မကြားချင်ဘူး....

မျက်လုံးတွေက ဘာကြောင့်များ စိုစွတ်လာရသည်တဲ့လဲ

နှုတ်ခမ်းတွေက ဘာကြောင့်များ တဆတ်ဆတ် လှုပ်ရှားနေရသတဲ့လဲ။

နှလုံးခုန်သံတွေ ဘာကြောင့်များ ပိုပြီး ကျယ်လောင်လာရသည်လဲ။

မိုးကြိုးသွားတစ်ခုထက် မြင်းထန်သောသံ။

ဆို့နစ်ကြေကွဲခြင်းတွေ ပြည့်သိပ်နေသော တုန့်ခါလှိုင်းယက်ခုံက မပြင်ရသော မိုးကြိုးလွှားတစ်ခုထက်ပင် ပြင်းရှကျွမ်းမြိုက်စေပြီး နှလုံးသားတည့်တည့်ဆီ လွင့်ကျပေါက်ကွဲခဲ့နိုင်တော့သည်။

သတိလက်လွှတ် ရပ်တန့်သွားသော ခြေအစုံကို လာရာလမ်းဆီ ဦးတည်လိုက်သည်။

လက်သီးဆုပ်တွေ မပြေနိုင်သေး။

မဒယာဂနီပင်အုပ်ဆီက ချိုးငှက်ကူသံကို ကြားရသည်။

ဆည်းလည်းသံက စိတ်ဒဏ်ရာတွေကို အေးငြိမ်း ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်မရတော့။

အုတ်ခဲကျိုးတွေပေါ် လျှောက်ခဲ့သည့် ဖဝါးက နာသည်လား။ နှလုံးသားက နာသည်လား။

'နင်မပြန်ပါနဲ့သော်'

ချွေးမျှားစိုရွှဲနေသည့် ဆံပင်တွေကြားထဲ လက်ချောင်းတွေ ထိုးသွင်းလိုက်သည်။ သူ့အပေါ် အမြဲသြဇာရှိပ် လွှမ်းခဲ့သည့်အသံ။

'ငါပြန်ပါ့မယ်'

အဝတ်စတစ်ခု ပွတ်တိုက်ရွေ့လျားသွားသံ ကြားသည်။ နောက်ဘက်ဆီ လှည့်မကြည့်ဖြစ်။

[သံယောဇဉ်ဆိုတာ ကြိုးတစ်ချောင်းလို အလွယ်တကူ ပြတ်လို့ရနိုင်တာမျိုးမှ မဟုတ်တဲ]



စေတီ့တောင်ကိုပတ်ပြီး သူမ တရွေ့ရွေ့လျှောက်သွားနေသည်။ ခြေရာတွေ အင်္ဂတေကြမ်းခင်းပေါ် စွန်းထင်းကျန်ရစ်ခဲ့သလိုပင်။

သူမခြေသံတွေက နှလုံးအိမ်ကို ဖိနင်း ခြေမွသွားသလို ရှိ၏။ တောင်မှရွေးပွင့်သေးသေးကလေးတွေ ရင်ပြင်ပေါ် လွင့်လျက် ကျလာသည်။

တစ်သက်တာအတွက် နှောင်တ တရားတွေကို ပိုက်ပြီး ပြန်လာခဲ့သလား မိန်းကလေးရယ်။

ခြေဖမိုးပေါ် လွင့်ကျလာသည့် တောင်ရွှေးပွင့်ကြွေတွေကို ငုံ့ကြည့်နေရင်း မျက်ဝန်း တောင် ဆီက မကြာခင် ပျောက်လွင့်သွားတော့မည့် အရိပ်တစ်ခုအတွက် ကြေကွဲဆွတ်ကျင်နေမိပြန်သည်။

နှမြောတမ်းတနေမိပြန်သည်။

နွေးထွေးခုန်လှုပ်လာသည့် ရင်ခွင်က ဘယ်လိုအကြောင်းကြောင့်ဆိုတာကို ဖုံးဖိသိုဝှက်ထားလို့ရမှာတဲ့လား။

မယော်ရေမ်တံတိုင်းအပြင်ဘက် အုတ်လှေကားပေါ် သူမရပ်လိုက်သည်။

ဖြည်းညင်းလေးကန်စွာ ငုံ့ကြည့်လာသည့် မျက်ဝန်းတစ်စုံမှာ မျက်ရည်စတွေ သီသီဝေ့လို့။

ဘာကိုမျှော်လင့်နေသည်လဲ ချစ်သူ။

ရင်ထဲကစေတ္တာတရားကတော့ တစ်သက်မှာ တစ်ယောက်တည်းအတွက် တစ်ကြိမ်တစ်ခါတည်းသာ ပွင့်ခဲ့သည့် ပန်းတစ်ပွင့်ပျော်ပါ။

နောက်ထပ် ဘာအကြောင်းကြောင့်နဲ့မှ ငဲ့ညှာခွင့်လွှတ်စရာမရှိတော့ဘူး ပိုးဖြူ။

တကယ်လို့ခွင့်လွှတ်နိုင်ခဲ့မယ်ဆိုရင်လည်း....

ဒါဟာ အထူအထည် ကြီးကြီးမားမားနဲ့ ခိုင်မြဲခဲ့တဲ့ သံယောဇဉ်ကြောင့်ရယ်လို့ပဲ။

....◎....

'ကောဝ်ရှပ်'

မြေလမ်းပေါ် ချလိုက်သည့်ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ ဝင်းဝင်းမှတ်မှတ်နှင့် သနပ်ခါးရောင်ပြေးနေသည့် ါးပြင်ပေါ် မျက်ရည်ပေါက်တွေ အဆက်မပြတ် လိမ့်ဆင်းလာ၏။

ရယ်သံလား ငိုသံလား မသဲမကွဲ လုံးထွေးရှိုက်သံတစ်ခု ကျေးငှက်သံတွေနှင့်ရောပြီး ကြားလိုက်ရသည်။

လက်သီးဆုပ်ကိုဖြေပြီး ညာသက်ကိုဆန့်ကမ်းပေးလိုက်၏။

သို့ပေမယ့် ပြန်လှမ်းလိုက်သော လက်တစ်စုံက အလှမ်းဝေးနေပါသေးသည်။

....◎....

ကြိုးကြာငှက်တို့ အိမ်အပြန်